
www.burmeseclassic.com

# မောင်ညိုမှိုင်း (သန်လျင်)

# ဦးခြောက်ပေပြည်တော်ပြန်ခန်း

အပါအဝင်

## ဂမ္ဘီရ ဝတ္ထုတိုများ



(သန်လျင်)၊ ထောင်မှူးကြီးသိန်းဝင်း၊ ဇေယျမင်းသျှင်၊ မင်းအောင်ကျော်

အောင်သာမိုး၊ ပြဘုန်းထက်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၄၂၁၂၁၈
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၀၇၀၂၁၁

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၁၊ မေလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ Welfare
အတွင်းဖလင် ။ Quality

ပုံနှိပ်သူ

နော်ဆဲနေမူး (ရှာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၂၀၀ကျပ်

၈၉၅ . ၈၃

ကလောင်စုံ
မောင်ညိုမှိုင်း(သန်လျင်)စီစဉ်သော ဦးခြောက်ပေပြည်တော်ပြန်ခန်း
အပါအဝင် ကမ္ဘာ့ရဝတ္ထုတိုများ/ ကလောင်စုံ -ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၁။

၂၁၇-စာ ၊ ၁၂စင်တီ x ၁၈စင်တီ၊
(၁) မောင်ညိုမှိုင်း(သန်လျင်)စီစဉ်သော ဦးခြောက်ပေပြည်တော်ပြန်ခန်း
အပါအဝင် ကမ္ဘာ့ရဝတ္ထုတိုများ


BURMESE CLASSIC

# မာတိကာ

| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | ဦးခြောက်ပေ ပြည်တော်ပြန်ခန်း<br>မောင်ညိုမှိုင်း (သန်လျင်) | ၁ |
| ၂။ | ကျွန်ုပ်နှင့် ရဝမ်မုဆိုးကြီး ဦးအမ်အင်ဆား<br>ထောင်မှူးကြီးသိန်းဝင်း | ၄၇ |
| ၃။ | သစ္စာလက်တစ်ဆုပ်<br>ဇေယျမင်းသျှင် | ၇၉ |
| ၄။ | ကျွတ်ပါလွတ်ပါ ကိုဗေဒါ<br>မင်းအောင်ရွှေကျော် | ၁၂၈ |
| ၅။ | ဆန်းကြယ်လိုက်မော မိုးကောင်းတော<br>အောင်သာမိုး | ၁၆၄ |
| ၆။ | ချစ်သူ့ခေါ်သံ လိပ်ပြာစေတမန်<br>မြဘုန်းထက် | ၁၈၇ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

❑

ကျွန်ုပ်သည် မဂ္ဂဇင်းအတော်များများမှာ အရှုံးနှင့်စပ်လျဉ်းသည့် ဝတ္ထုတိုများရေးသားခဲ့ဖူး၏။

ဥပမာ . . . လူထူးဆန်းဘတိုက်ပုံ ဦးရာကျော်လိုလူအကြောင်း။ ပြီး . . . ပုံပျက်ပန်းပျက်ရသေ့ကြီးလို ပုဂ္ဂိုလ်မျိုးအကြောင်းအပြင် . . .

ကျွန်ုပ်ငယ်စဉ်တုန်းက ကြုံခဲ့ရသည့် အရှုးဦးပေါက်ကျော် အရူးမဒေါ်သောင်စသည့်ဇာတ်ကောင်များသာမက ဗြိတ္တာရာသီဖွားနန်းအိမ်ကြို့လုံးချင်းရှည်မှ 'ချစ်စု'လို အရူး(စိတ်မနှံ့သူ)အပျိုမလေးများ . . .။





(ရွှေမန်ကျိုးရယ်ခုနစ်ပင် ယဉ်ပါလေစရပ်ကယ်က)ဝတ္ထုထဲက လူပျို့အရူးကလေး မောင်အုတ်ခဲအထိ အရူးဇာတ်ကောင် လူထူးလူဆန်းများစွာတို့အကြောင်း၊ ဂမ္ဘီရဆန်ဆန်ဝတ္ထုများစွာ ရေးခဲ့၏။

ကျွန်ုပ်သည် အရူးဇာတ်ကောင်များနှင့် ဇာတ်တည်နေလို့လားမသိ။ ကျွန်ုပ်ဇာတ်ကောင်အရူးများကို စာဖတ်သူတို့က လွန်စွာစိတ်ဝင်စားကြသည်ကို တုံ့ပြန်ဆွေးနွေးစကားများ မကြာခဏ ကြားရလေ၏။

အချို့က . . . သနားလို့တဲ့ . . .

အချို့က . . . ကြောက်စရာကောင်းလို့တဲ့ . . .

အချို့က . . . လေးစားလွန်းလို့တဲ့ . . .

အချို့သော စာဖတ်သူများကဆိုလျှင် . . . .

လူထူးဆန်း ဘတိုက်ပုံဦးရာကျော်နှင့် ပုံပျက်ပန်းပျက်ရသေ့ကြီးကို လွန်စွာတွေ့လိုကြ၏။

ကျွန်ုပ်ထံဖုန်းဆက်၍ မေးမြန်းကြ၏။ စားရေး၍ အကူအညီတောင်းကြ၏။ နောက်တစ်ဦး ရှိသေး၏။

'ဘရေချမ်းအိုး'

စိန်စီကကြိုး ရေချမ်းအိုးဝတ္ထုရှည်မှ ဇာတ်လိုက်ကြီး ဘရေချမ်းအိုး . . .

စာဖတ်သူအချို့မှာ ကိုယ်ပိုင်အခက်အခဲ ပြဿနာလေးများရှိကြသည်။ ထိုပြဿနာ အခက်အခဲများကို ကျွန်ုပ်၏ဇာတ်လိုက် လူထူးဆန်းအကူအညီနှင့် ဖြေရှင်းပေးစေချင်ကြသည်။

ကျွန်ုပ်၏ဇာတ်လိုက် အဘတို့နှင့်တွေ့ဖို့ကြုံဖို့က သိပ်မလွယ်။ သူတို့က သွားချင်ရာလျှောက်သွား၏။

နေချင်ရာ အရပ်မှာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်ရာ အရပ်မှာအိပ်၏။

အကြောင်းကိစ္စရှိလျှင် ကျွန်ုပ်ကိုယ်တိုင် သူတို့နှင့်တွေ့ဖို့ကို အချိန်ပေး၍ရှာရ၏။ ဈေး၊ သချိုင်း၊ ရေဆိပ်၊ ဘုရား၊ တော၊ တောင်၊ ဂူ၊ တိုက်အိုတိုက်ဆွေးမှသည် နေရာအနှံ့ပေါင်းစုံ လိုက်ရှာမေးမြန်းရ၏။

လိုက်ရှာလို့လည်း တွေ့ချင်မှတွေ့ရ၏။

ရှာရလို့လည်း မောပြီ ... သေပြီနဲ့ တူပါရဲ့ဟုသတ်မှတ်ပြီး မောမောနှင့် အနားယူနေချိန်ရောက်မှ ...

အိမ်ရှေ့မှာ ကားအကောင်းစားနှင့် မောင်မင်းကြီးသားတို့ ကြွရောက်ချင် ကြွရောက်လာ၏။

ဒါမှမဟုတ် ... ချယ်ရီရိုလို အမှိုက်လှည်းစီး၍ အိမ်ရှေ့မှ အော်ခေါ်ချင် အော်ခေါ်နေ၏။

တစ်ခါတစ်ရံ ညဉ့်နက်သန်းခေါင်ရောက်မှ အိမ်ရှေ့တံခါးပုတ်နိုးပြီး ရောက်ချင်ရောက်လာ၏။

ရောက်လာလို့ တွေ့ရလို့ ဝမ်းသာအားရနှင့် အကူအညီတောင်းနေသူများအကြောင်း စကားစမည်မှုကြခါရှိသေး အရေးကြီးလို့ ဟိုနား ခဏဆိုပြီး ထသွားလိုက်သည်မှာ လုံးဝပေါ်မလာတော့။

အဲဒါ တစ်လကြာချင်လည်း ကြာ၏။

တစ်နွေကြာချင်လည်း ကြာ၏။

တစ်နှစ်ကြာချင်လည်း ကြာ၏။

သို့ဖြစ်၍ ကျွန်ုပ်၏ချစ်လှစွာသော စာဖတ်ပရိသတ်တို့အား ကျွန်ုပ်၏ ဖတ်လိုက်ကျော်ကြီးများနှင့် တွေ့ဆုံပေးဖို့ရန် နှုတ်ကတိ မပေးရဲ။





ကြုံကြိုက်မှပဲ ကြုံကြိုက်သလို အခက်အခဲပြဿနာများကို ရှောင်တခင်ဝင်ရောက်ကူညီ ဖြေရှင်းပေးရ၏။ ကျွန်ုပ်၏ ဖတ်လိုက်ကျော်ကြီး လူထူးဆန်းဘဝတိုက်ပုံ ဦးရာကျော်ကို စိတ်ဝင်စားသူစာရင်းတွင် အငြိမ်းစားစက်ရုံမှူးလည်းဖြစ် စာရေးဆရာလည်းဖြစ်သော ...

စာရေးဆရာ မျိုးမြင့်(ကျွန်းချောင်း)လည်း တစ်ဦးအပါအဝင်ဖြစ်လေ၏။

တစ်နေ့သောအခါ သူသည် ကျွန်ုပ်တို့ဇနီးမောင်နှံအား ဘဝတိုက်ပုံဦးရာကျော်ကို အလေးထားပြီး သူကိုယ်တိုင် အညာအရပ်မှာ ကြုံခဲ့ရသည့် စိတ်မနှံ့သူ လူထူးဆန်း အရူးတစ်ယောက်အကြောင်းကို ပြောပြလေ၏။

ကျွန်ုပ်သည် ဖော်ပြပါ အရူးလူထူးကို စိတ်ဝင်စားခဲ့၏။ သို့သော် ကံသည့်အတိုင်း ဝန်ခံရလျှင် ဦးမျိုးမြင့်ပြောပြသည့် အညာအရပ်ဒေသများကို ကျွန်ုပ်မရောက်ဖူး၍ ဒေသမကျွမ်းကျင်ပါ။

သို့ဖြစ်၍ ကျွန်ုပ်နှင့် ထိတွေ့မှုရှိသော အရပ်ဒေသကို ပြောင်းလဲပြီး ၎င်းအရူးလူထူးဆန်းအကြောင်းကို ရသဟန်နှင့် ဖြည့်စွက်ရေးသား ဖော်ပြလိုက်ရပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

❑

လူကြီးရဲ့အမည်ကို ကျွန်ုပ်တို့က 'ကိုခြောက်ပေ'ဟု အလွယ်တကူအမည်ပေး၍ ခေါ်လိုက်ကြ၏။

အကြောင်းမူ လူကြီးရဲ့အရပ်သည် အရပ်ခြောက်ပေသာသာခန့် ရှည်သောကြောင့် ဖြစ်၏။ လွန်စွာဗလကောင်း၏။ ဆံပင်ရှည်၏။ ကြည့်ရသည်မှာ နှဂိုတုန်းက သျှောင်ထုံးထားခဲ့ဟန်ရှိ၏။ ယခု ကျွန်ုပ်တို့မြင်ရသည့်ဆံပင်ပုံစံကား ဆံပင်ဟုပြောရန် လွန်စွာခက်ခဲ၏။

အုန်းဆံခွံစုထားသကဲ့သို့ ကျပ်ပိန်းကြီးဖြစ်ပြီး ထူထပ်ထူပိန်းကာ တောင့်တောင့်ထွေးထွေးကြီးဖြစ်ပြီး ကျောနောက်မှာကျနေ၏။





အုန်းဆီမလိမ်းကျံပဲ နှစ်အတန်ကြာဖြစ်သလို နေခဲ့ပုံရ၏။ အမှုန်အမွှား သန်းကြီးများနှင့် အုတ်နီခဲရောင်ပေါက်နေ၏။

မရိပ်မသင်ဘဲ ပစ်စလက်ခတ်ရှိပုံရသော မုတ်ဆိတ်နှုတ်ခမ်းမွေးများကလည်း မျက်နှာပေါ်မှာ အပြိုင်းအရိုင်း ...

သူသည် နွေနွေ မိုးမိုး ဆောင်းဆောင်း

အကျႌလုံးဝမဝတ်။

ဒူးအထိဖုံးလုံလုရှိသော နံ့ငယ်အဖြူ ညစ်ထေးမည်းညစ်နှင့်နေ၏။ ဝှင်းဝတ်စုံနံ့ငယ်တို့နှင့် မိုးရွာထဲလည်း လျှောက်သွား၏၊ နေပူခြစ်တောက်ထဲလည်း ဖိနပ်မပါ လျှောက်သွား၏။ သူများတွေချမ်းလွန်းလို့ အနွေးထည်အထပ်ထပ်ဝတ်ပြီး ခိုက်ခိုက်တုန်ချမ်းနေချိန်မျိုးမှာ ...

သူက ...

အကျႌကျောပြောင်ကြီးနှင့် နှင်းခါးရိုက်ဆောင်းလမ်းမပေါ်မှာ ပထဝီဖယမန္တန်ကိုအော်ရွတ်ပြီး လျှောက်သွားနေ၏။

သူ့နောက်မှ ခွေးအုပ်ကြီးက လိုက်ပေါင်နေ၏။

ခွေးဆိုးခွေးကြမ်း ဆယ့်လေးငါးကောင်သည် မျက်စိနောက်ဖို့ကောင်းသောသူ့ကို နံဘေးမှ ရှေ့မှနောက်မှခြံရံ၍ အစွယ်တဖွေးဖွေးနှင့် ကိုက်မလိုဟန်နှင့် ဝိုင်းလိုက်ပေါင်နေကြပါသော်လည်း ...

ကိုခြောက်ပေ၏ ကြေးလက်လေးသစ်အသားကို လျှာနှင့်ပင်တို့လို့မရ။

ကိုခြောက်ပေကား မိုးလင်းသည်နှင့် ပထဝီဖယမန္တန်ကို အော်တစ်ရွတ်နေမြဲ။

ထူးဆန်းသည်ကား ... သူ့မျက်လုံးအစုံပဲဖြစ်၏။ အသက်



www.burmeseclassic.com

www.burmeseclassic.com



(၆၀)နားအရွယ်ခန့် ရှိနေသည့်တိုင် သူ့မျက်လုံးနှစ်လုံးသည် ကြည်လင်နေ၏။ ရုပ်ရှည်၏။ တောက်ပဝင်းလက်၏။

သူ့မျက်လုံးကိုကြည့်ပြီး . . .

သူ့ကို စိတ်မနှံ့သူ အရူးပါဟုပြောရန် ခက်လှ၏။ တော်ရုံတန်ရုံလူကို သူစိုက်ကြည့်လိုက်လျှင် မြုံပြီး ကိုယ်ရှိန်တွန့်သွားလေ၏။

တစ်ခါတုန်းကဖြစ်၏။

ဈေးပြန် မိန်းမပျိုလေးတစ်ဦးကို အရက်ခဝ်ထွေထွေနှင့် လူရွယ်သုံးဦးက လိုက်လံနှောင့်ယှက်နေ၏။ မိန်းကလေးရှေ့မှပိတ်၍ ရပ်ပြီး ဆွဲခြင်းကိုကြည့်၍ . . .

"ဈေးက ပြန်လာသလား ညီမလေး . . . အေး ဇေ့"

"ဘာတွေဝယ်လာတုံး ညီမရဲ့ . . . အဟဲ ငှငှဲ"

"လှတယ်နော် . . . အဟတ်"

မိန်းမပျိုလေးက ကြောက်လည်းကြောက်၊ ရှက်လည်းရှက်၍ သူတို့ညာဘက်မှ ရှောင်၍ထွက်လိုက်သည်ကို လက်နှင့်လာ၍ ပိတ်ရပ်ပြီး . . .

"ညီမလေး . . . နာမည် . . . ဘယ် . . . လို . . . ခေါ် . . . ရဲ့ဟင် အင်"

"မသိဘူး . . . ဖယ်နော်"

"အို . . . ဒီလောက်လှတာ ချောတော်လေး . . . နာမည် မသိဘူးဆိုလို့ ဟုတ်ပါ့မလား။ အစ်ကိုကြီးက . . . စိတ် . . . စိတ် . . . ဝင်စားလို့ မေး . . . မေး . . ."

"ဖယ်နော်"

"မဖယ်ဘူး . . . နာမည်လေး . . ."





"အို . . . အို . . . လွှတ် လွှတ် . . ."

"ဘခင် . . . ချက်ပြုတ်ပြီးမှ . . . ချစ်လေကွာ . . အဟတ်"

"ဘခင် . . . စားပြီးမှ . . ဆက် . . . ဆက် . . . လုပ် . . ."

'ဘခင်'ဆိုသူက မိန်းမပျိုလေးရဲ့ ဆွဲခြင်းကိုင်လက်ကို လှမ်းဆွဲပြီး သူ့ရင်ခွင်ရှိရာသို့ လှမ်းဆွဲလိုက်ရာ ဆွဲခြင်းပြုတ်ကျပြီး ဘဲဥများကွဲကုန်၏။ ဆီပုလင်းပွင့်၍ မှောက်ကုန်၏။

အမှုသမားသုံးဦး အော်ဟစ်ရယ်မောပြီး သားစကား မယားစကား ရှန့်ရင်းကြမ်းတမ်းသည်များကို ပြောကြ၏။ မိန်းကလေးကား ကြောက်လွန်း၍ အော်ဟစ်ငိုယို တောင်းပန်နေ၏။

နေရာက လူရှင်းလူပြတ်သည့်နေရာ . . .

အရိပ်အာဝါသကောင်းသည့် ညောင်ပင်ကြီးအောက်မှာ . . .

အရက်ကိုမောင်းသောက် ဆင်ဆိုးဆင်ရိုင်းသုံးကောင်က ဝါးပင်နုပျိုကို နင်းခြေမလို့ အားသွင်းနေချိန် . . .

"ဝုန်း"

"ဟာ"

"ဟ . . . ဟ . . . ဘာကောင်တုံးဟ"

"အမယ်လေး . . . ကယ်ကြပါဦး"

မမျှော်လင့်ဘဲ ညောင်ပင်ပေါ်မှ ဝုန်းဆို မည်းမည်းရှည်ရှည်ကြီးခုန်ချလာလိုက်ရာ သူတို့အားလုံးရှေ့မှာ မတ်ရပ်ကြီး . . .

အရူးလိုလူကြီး . . .

ဦးခြောက်ပေ . . .

ကနဦးတော့ သရဲခုန်ချသည်မှတ်ပြီး ဘခင်တို့သုံးဦး လန့်၍ ကောင်မလေးကို လွှတ်လိုက်သည်။ အရူးကြီး ဦးခြောက်ပေမှန်းသိသွား



www.burmeseclassic.com

www.burmeseclassic.com



တော့မှ လွင့်သွားသောလိပ်ပြာကို အမြန်ပြန်ခေါ်လိုက်ပြီး ဟိန်းဟောက်မာန်ရေပြုကြလေတော့။

"ခြောက်ပေ . . . ခင်ဗျား ဘာလုပ်တာလဲ"

"သေချင်လို့လား ခြောက်ပေ . . . သွား"

"သွားလေ . . . ခု ထွက်သွား . . ."

အရှုဦးခြောက်ပေက သူတို့သုံးဦးကို ဂရုမစိုက်ဘဲ မြေပြင်မှာပြန့်ကျဲနေသည့် ဟင်းချက်စရာများကို တစ်ခုစီလိုက်ကောက်ပြီး ပလတ်စတစ်ဆွဲခြင်းထဲသို့ ထည့်လိုက်ကာ ကြောက်ရွံ့နေသည့် မိန်းကလေးလက်ထဲသို့ထည့်ပေး၍ လက်ဟန်ခြေဟန်နှင့် ပြန်တော့ဟုဆိုလိုက်ရာ . . .

မိန်းကလေးကလည်း အရှုဦးခြောက်ပေ လှမ်းပေးသည့် ဆွဲခြင်းကိုလှမ်းယူပြီး ပြေးရန်ဟန်ပြင်လိုက်စဉ် အမူးသမားဘခင်ဆိုသူက ကောင်မလေးကိုလှမ်းအဆွဲ . . .

"ဖြန်း"

"အား"

"ဗိုး"

"ဗုန်း"

"အမယ်လေးဗျ . . . သေပါပြီဗျ . . . အား . . . အား"

လှမ်းဆွဲမလို့လုပ်နေသည့် အမူးသမားဘခင်ရဲ့ နားအုံကို ဦးခြောက်ပေက လက်ဝါးနှင့်လှမ်းဖျင်းလိုက်ပြီး ကုပ်မှကိုင်မြှောက်၍ လေထဲလွှင့်ပစ်လိုက်ရာ . . .

ဘခင် . . . လေထဲမှာအမိုက်ထုပ် လွှင့်ပစ်ခံရသလိုလွှင့်ပါပြီး လမ်းနံဘေး မြေသားရေမြောင်း ခပ်တိမ်တိမ်ထဲသို့ ခွေးကျကျသွား





လေတော့။

ပြီး ခွေးကျိုးခွေးနာလို နာကျင်စွာ အော်ဟစ်လိုက်တယ်။

"ခြောက်ပေ . . . မင်းက ဒီလိုလား"

"မဆိုင်ဘဲ ဝင်ရှုပ်တဲ့အရူးကို ချကွာ . . . ချ . . . ချ"

"သေဟာ . . . အရူး . . . လူရှုပ်"

"ဖောင်း"

"ဖြောင်း"

"ခွပ်"

"ဂွမ်း"

အမူးသမား လူရမ်းကားနှစ်ဦးဖြစ်သည့် ကျွဲရိုင်းနှင့်ဂျိုးကြီးတို့က အနီးဝါးပိုင်းနှင့် ဦးခြောက်ပေ့ထံသို့ ဝင်ရိုက်တော့။ ဂျိုးကြီးက အုတ်ခဲနှင့် ဝင်ထုတော့။

ဝင်လာသည့်ဝါးပိုင်းကို ဦးခြောက်ပေက ညာလက်ဖျံနှင့် ဆီးခံလိုက်ရာ ဝါးပိုင်းဖြောင်းခနဲကျိုးသွားတော့။

ကျွဲရိုင်းက အုတ်ခဲနှင့်ခုန်၍ ခေါင်းကိုထုတော့။ အုတ်ခဲသည် အရှုဦးခြောက်ပေရဲ့ ခေါင်းကိုထိပြီး မွမွကြေသွားတော့။ ဦးခြောက်ပေဦးခေါင်းမှ သွေးတစ်စက်မကျ . . .

ကျွဲရိုင်းရော ဂျိုးကြီးပါ အံ့အားသင့်သွားတော့။

ဒီမှာ ဦးခြောက်ပေက သူတို့နှစ်ဦးကို ကြည်လင်ရှုးရှုသော မျက်လုံးအစုံနှင့် စိုက်ကြည့်လိုက်သည်။

အကြည့်ခံရသူနှစ်ဦး ကျောထဲမှစိမ့်ပြီး ကြက်သီးဖြန်းဖြန်းသွားစဉ် . . .

ဦးခြောက်ပေက အုတ်ခဲကြီးကိုင်ထားသည့် ဂျိုးကြီးလက်



www.burmeseclassic.com

www.burmeseclassic.com



မှအုတ်ခဲကို ဆတ်ခနဲလှမ်းယူပြီး သူ့ဦးခေါင်းကိုသူ ပြန်ထုပြလိုက်ရာ . . .

"ခွမ်း"

"ဟာ"

"ဟင်"

"ဟား ဟား ဟား ဟား ဟား ဟား"

"အလိုလေးဗျာ"

"ဟား ဟား ဟား ဟား ဟား"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား"

အုတ်ခဲကြီး မွမွကြေ၍ ရင်ဘတ်ပေါ်သို့ အကျိုးအခဲလေးများ ပြုတ်ကျလာခဲ့လေ၏။

ကျွဲရိုင်းနှင့်ကျိုးကြီး မျက်လုံးပြူး၍ အံ့အားသင့်နေစဉ် အရှုးဦးခြောက်ပေသည့် သူတို့နှစ်ဦးရဲ့ မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးလို့ အားရပါးရ အော်ဟစ်ရယ်မောပြီး ခြေလှမ်းကျဲကြီးနှင့် ထွက်သွားလေသည်။

အခန်း (၃)

ထို ပွဲဦးထွက်ဖြစ်စဉ်ကစ၍ ကျွဲရိုင်းတို့ဘခင်တို့ အမူးသမားဆိုင်းကားအုပ်စုက အရူးဦးခြောက်ပေ ကာယသိဒ္ဓိမြောက်နေသည် လျှောက်ပြောကြလေ၏။

"ဓားပိုင်းကျိုးသွားတယ် . . . သူ့လက်မကျိုးဘူးဗျ"

"အုတ်ခဲများဗျာ . . . ဆန်ကာနဲ့တိုက်လို့ရအောင် မှုန့်သွားဦးလူကြီးရ"

"ကာယသိဒ္ဓိ ပြီးရမြောက်ရအောင် ဒီကောင်က အရူးဥစ္စာ လုကသန်ပြီး ခေါင်းကြောမာ၊ ခြေကြောလက်ကြော မာလို့လား သိတာဥစ္စာ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မပြောတတ်ဘူးဗျ။ အုတ်ခဲကြေပြီး သူ့ခေါင်း ဘာမှုမဖြစ်တာတော့ ကျွဲရိုင်းသာမေးကြည့်"

ဦးလူကြီးက ဘခင်တို့သုံးဦးရဲ့မျက်နှာကို စေ့စေ့ကြည့်ပြီး ဇင် ခေါင်း ကျယ်ကိုကျယ်တဲ့ကောင်တွေ။ ပတွေးကို အမှန်းတင်နေကြတာ ဟုဆိုလိုက်လေ၏။

ပြောရလျှင် . . .

ဦးလူကြီးက လက်တွေ့သမားဖြစ်၍ အရှူးဦးခြောက်ပေကို သည်မြို့မှာနေကြသည့်လူတိုင်း သိကြ၏။

ဦးခြောက်ပေ ဘယ်အရပ်သား ဘယ်မြို့သားဆိုသည်ကိုမူ မည် သူမှုမသိ။ အသက်ဘယ်လောက်ရှိသည်ကိုလည်း မေးလို့မရ။

ဦးခြောက်ပေ ဒီမြို့ကလေးကို ရောက်လာသည်မှာ တစ်နှစ် ပါးခန့်ရှိမည်ဟု ထင်ရ၏။

သူသည် ညောင်သုံးပင်သချိုင်းမှာ နေ၏။ ညောင်သုံးပင် သချိုင်းက ဟိုးအဝေးမြို့ပြင်မှာမဟုတ်။ မြို့စွန်မကျ မြို့ဖျားလည်းမဟု မှာဖြစ်၏။

အနီးမှာ ရွာငယ်များရှိ၏။ ညောင်သုံးပင်သချိုင်းက စဏ္ဍာလ ကြီး ဦးပွေးထူနှင့် အလွမ်းသင့်၍ အေးအေးဆေးဆေး နေခွင့်ရနေ၏

ဦးခြောက်ပေသည် မိုးလင်းသည်နှင့် သင်္ချိုင်းကုန်းရှိ ဇရ ဒကာကြီး ဦးပွေးဆင့်အုတ်ဂူပေါ်မှာရပ်ပြီး နေထွက်ရာအရပ်ကို မျှ နာမူ၍ ဘုရားရှိခိုး၏။

ပြီးသော် . . . ပဋ္ဌာန်းဝီဇယမန္တန်ကို ရွတ်၏။ ရှင်သီဝလိဂါထာ ကို ရွတ်၏။ ရွတ်လို့ပြီးသည်နှင့် မြို့ထဲသို့ဝင်၏။ ဈေးကိုဝင်၏။ ဈေး သည်များဆိုင်ရှေ့မှာရပ်၍ လက်ဝါးဖြန့်၏။ အချို့က တစ်ကျပ်ငါး





သနား၍ပေးကြ၏။

အချို့က လက်ခါ၍ နှင်လွှတ်၏။ ပေးလျှင်ယူ၏။

နှင်လွှတ်လျှင် ပြုံးပြုံးပြုံးပြုံးလုပ်၍ နောက်တစ်ဆိုင်မှာ ရပ် ၏။ ဒီလိုနှင့် စားရေးသောက်ရေး အဆင်ပြေ၏။

အချို့က သူ့ကို ခင်မင်လေးစားကြ၏။

လေးစားရခြင်းကား အကြောင်းရှိလေ၏။

မနှင်းရွှေဆိုသူလေးကို အမူးသမားသုံးယောက်ရန်မှ ကယ် ဆိုက်ကူညီလိုက်သည့် သတင်းကလည်း ရပ်ကွက်အတော်များများမှာ ပျံ့သင်းနေ၏။

မနှင်းရွှေမိဘများက အရှူးဦးခြောက်ပေကြီးကို ကျေးဇူးတင် လွန်း၍ ပလေကပ်ပုဆိုးနှင့် ရှပ်အင်္ကျီအဖြူဝယ်ပြီး ပေး၏။

ဦးခြောက်ပေက ဘာမှုမပြော။ မပြောသမှ ဘယ်သူ ဘာမေး မေး စကားလုံးဝကို ပြန်မပြော။

ကျေးဇူးတင်သော မျက်လုံးနှင့်လည်း ပြန်မကြည့်။

ဝမ်းသာလိုက်တာဆိုသော အပြုံးနှင့်လည်း မတုံ့ပြန်။ မနှင်း ရွှေမိဘများပြန်သော် ၎င်းအင်္ကျီနှင့်ပုဆိုးအသစ်ကို စဏ္ဍာလကြီး ဦးပွေး ထူအား ချီးမြှင့်ပေးကမ်းလိုက်သောအခါ . . .

ဦးပွေးထူသည် ဝမ်းသာလွန်း၍ ထ,ကလေ၏။

ကျေးဇူးတင်လွန်း၍ ဦးခြောက်ပေကြီးကို အကြိမ်ကြိမ်အခါခါ ကန်တော့လေ၏။

ဦးပွေးထူသည် ဦးခြောက်ပေဈေးထဲမှ သူများပေးကမ်း၍ရ လာသည့် အသီးအနှံများဖြစ်သော ကြက်သွန်နီ အဖြူ၊ အာလူး၊ ခရမ်း ချဉ်သီး၊ ခရမ်းသီးများကိုချက်၍စားရကား အသွေးအဆံမွှေးပြောင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြီးဟင်းထမင်းကို အရူးလိုလူကြီး ဦးခြောက်ပေအား ဦးဦး
ဖျားဖျား ကျွေးလေ့ရှိ၏။

မကုန်လို့ ကျန်သည့်ဟင်းထမင်းများကို သင်္ချိုင်းခွေးများအား
သဒ္ဓါကြီးစွာစွန့်၏။

ခုလည်း ... အင်္ကျီအသစ်နှင့် ပုဆိုးအသစ်ရပြီ။ ဦးပွေးထု
စိတ်ကူးတစ်ခုရှိ၏။ သူသည် စဏ္ဍာလလူပျိုသိုးကြီးဖြစ်၏။

သူမျက်စိကျနေသည့် မိန်းကလေးတစ်ဦးရှိ၏။ သူမအမည်
ကား မိကြွေစေ့ဖြစ်၏။

မိကြွေစေ့သည် ညာခြေတစ်ဖက် မရှိရှာ။ အမေမုဆိုးမကြ
ဒေါ်ခါးနှင့်အတူနေ၏။ မိခင်ဒေါ်ခါးကလည်း ကိုယ်မကောင်းရှာ။ အဖေ
ပြားရောဂါနှင့် ဟိုရွာဖျားမှာ တဲကလေးထိုး၍ နေရရှာသည်။

အဲဒါ ... ညာခြေတစ်ဖက်မရှိသည့် မိကြွေစေ့က ချိုင်းထောက်
နှင့် ရွာစဉ်ရပ်စဉ်လှည့်၍ သီချင်းဆိုပြီး တောင်းရမ်းကျွေးနေသည်။

မိကြွေစေ့သည် ရုပ်ရည်ကလေး သနားကမားဖြစ်၏။ အသက်
ကား နှစ်ဆယ်ကျော်ပြီ။

သည်မိကြွေစေ့ကို စဏ္ဍာလဦးပွေးဆင့် မျက်စိကျပြီး ပိုးပန်း
ဝင်ထွက်နေသည်မှာ ကြာပါပြီ။ စဏ္ဍာလဖြစ်၍ ဝင်ငွေက ပုံမှန်မ
အသုဘလုပ်ငန်းပေါ်မှ မြေကျရေးကိစ္စ ဆောင်ရွက်ပေးရရင် ... သ
မှန်ကြသည့်ဝင်ငွေလေးရ၏။

အဲဒါငွေလေးစုထား၀-၁ ရှိသည်။

အခု အဝတ်အစားအသစ် တစ်စုံရပြီ။ သည်အဝတ်အစား
သစ်များဝတ်ပြီး မိကြွေစေ့အိမ်ကိုသွားလျှင် ကိုပွေးထု ထိပေါက်လို့လာ
ဟင်လို့ ကြွေစေ့အချစ်ကလေးက မေးလိုက်မည်မှာ ကေန်မလွဲ။

---

စိတ်ကူးသစ်တာပေ



ထို့ကြောင့် ...

အရူးကြီး ဦးခြောက်ပေကို ထိုင်ကန်တော့ရလေ၏။ ကျေးရွာ
ရှင်ကြီးအား ဒီညောင်သုံးပင်သင်္ချိုင်းမှာ သေသည့်တိုင်နေသွားပါဟု
ပဋိညာဉ်စကား ဆိုခဲ့လိုက်၏။

"ဦးခြောက်ပေ သေရေးရော နေရေးရော စားရေးရော ပူစရာ
မလိုဘူး။ ကျုပ်ရှိတယ်"ဟု မကြာခဏ ပြောရ၏။

ပိုက်ဆံရှိသူ အသုဘချသည့်နေ့မျိုးကျလျှင် မသာကျွေး
ဒံပေါက်ထုပ်ရ၏။ ဘီလပ်ရည် အချိုရည်လည်း ရ၏။ ကွမ်း၊ ကွမ်း
သီးရှယ်ရ၏။ အရက်ကောင်းကောင်းလည်း ရ၏၊ သဒ္ဓါကြေးလည်း
မြိုးမြိုးမြက်မြက်ရ၏။

ဒံပေါက်ထုပ်အား ဦးခြောက်ပေကို ကျွေးသော် ဦးခြောက်
ပေက လုံးဝမစား။

အုန်းသီးစိပ်လေး ဘာလေးဆိုလျှင် စား၏။

တစ်ည ...

စဏ္ဍာလကြီး ဦးပွေးထုလည်း သင်္ချိုင်းမှာမရှိ၊ သင်္ချိုင်းခွေး
များလည်း တော်သလင်းလမို့ ရွာထဲဝင်၍ ဦးပွေးထုနှင့်အတူ အပိုးပြိုင်
သွားနေကြ၏။

သင်္ချိုင်းအုတ်ဂူပေါ်မှာ ဦးခြောက်ပေတစ်ယောက်တည်း အိပ်
ပျော်နေ၏။

အချိန်က ညဉ့်ဆယ်နာရီခန့် ...

လူနှစ်ဦး ဓါးရှင်းတုတ်တစ်ချောင်းကိုင်၍ ဦးခြောက်ပေအိပ်
နေရာအုတ်ဂူသို့ အသာချည်းကပ်၍ လာနေကြ၏။ သူတို့ပုံစံက လုံးဝ
မရိုးသား ...။

---

စိတ်ကူးသစ်တာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟိုကြည့် . . . ဒီကြည့်လုပ်ပြီး ဦးခြောက်ပေရဲ့ခေါင်းရင်းဘက်မှာ ရပ်လိုက်ကြသည်။

ဒီမှာနှစ်ဦးသား ငုံကြည့်လိုက်ကြ၏။ ဦးခြောက်ပေကား တခေါခေါနှင့် အိပ်မောကျနေ၏။

တစ်ယောက်က လက်နှိပ်ဓာတ်မီးအသေးလေးနှင့် ဦးခြောက်ပေရဲ့မျက်နှာကို ထိုးပြလိုက်သည်။

ထွေကျပ်ပိန်ဖြစ်နေသော ဆံပင်ရှည်ကျပ်ခဲကြီးက ဦးခြောက်ပေရဲ့မျက်နှာကို အဝတ်ပုံလိုအုပ်နေ၏။

ဒီမှာ ဝါးရင်းတုတ်ကိုင်ထားသူက ဦးခြောက်ပေရဲ့ဦးခေါင်းကို လက်ထဲက ဝါးရင်းတုတ်စုံကိုင်၍ အားကုန်ရိုက်ချလိုက်သည်။

"ဖုန်း"

"ဖောင်း"

"ကျွား"

"ဖောင်း"

"အမယ်လေးဗျ . . . သေပါပြီဗျ"

ဝါးရင်းတုတ်သည် ဆံပင်ကျပ်ပိန်းအုပ်နေသည့် ဦးခြောက်ပေရဲ့ မျက်နှာဦးခေါင်းပေါ်သို့ အရှိန်ပြင်းစွာကျသွားပါသော်လည်း . . .

ဖုန်းခနဲအသံမြည်ပြီး ဝါးရင်းတုတ်ပြန်ခုန်ထွက်လာသည်။ ဒီမှာပဲ အုတ်ဂူပေါ်မှာ အိပ်မောကျနေသည့် အရူးကြီးဦးခြောက်ပေရဲ့ လက်နှစ်ဖက်သည် နံဘေးသို့စပရိန်လို ဆန့်ထွက်လာပြီး ဝါးရင်းတုတ်သမားကိုဆွဲ၍ လွှင့်ပစ်လိုက်ရာ ဝါးရင်းတုတ်သမား ဇလေထဲမှာ ပန်းကန်ပြားလွှင့်သလိုလွှင့်ပြီး နက်ဖြန်နေ့လယ် လူသေမြုပ်ရန်တူးထားသည့် မြေကျင်းထဲသို့ တန်းဝင်ပြုတ်ကျသွားရကား . . .

---

စိတ်ကူးသစ်တာပေ



ကြောက်လန့်တကြားအော်သံများ . . .

နာကျင်စူးရှအော်သံများ . . .

သချိုင်းခွေးများ ဝိုင်းအုံပြေးလာသံများ . . .

သည့်နောက် ငှက်ဆိုးအော်သံ၊ ကျီးကန်းများလန့်အော်သံများနှင့်အတူ သချိုင်းသည် အချိန်မတော်မှာ ပွက်လောရိုက်ဆူညံသွားခဲ့လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

အခန်း (၄)

□

ဦးလူကြီးသည် မှန်ပုံပေါ်ရာများနှင့်အတူ ညာလက်ကိုအပေါ် ကြီးလိုင်းထားသည့် တပည့်ကျော်ကျောက်ကြီးနှင့် မောင်ခြေရာတို့အား မြင်လိုက်ရသောအခါ အံ့အားသင့်နေ၏။

"မင်းတို့ ဘယ်လိုဖြစ်လာကြတာတုံး ကျောက်ကြီး၊ ငါခိုင်း လိုက်တဲ့ကိစ္စ အဆင်ပြေရဲ့လား"

"မြင်တဲ့အတိုင်းပဲ ဦးလူကြီး ... အား ... ကျွတ် ကျွတ်"

"ဘယ်လိုဖြစ်ရတာတုံး ခြေရာ ပြောပါဦး"

"ဦးလူကြီးခိုင်းတဲ့အတိုင်း ဟိုနှစ်ကောင်ပြောသလို အရှ ဦးခြောက်ဆယ ကာယသိဒ္ဓိပြီးမပြီးသိရအောင် ညာလက်သွားရိုက်တာပဲဗျ"





"ရိုက်ရော ရိုက်ဖြစ်ရဲ့လား"

"အသေအချာကို ရိုက်တာပေါ့ဗျာ"

"မင်းတို့က အရှေ့ကိုရိုက်ပြီး ဘာလို့ဒဏ်ရာဒဏ်ချက်တွေနဲ့ ရုတ်ပြုတ်သယ်နေရတာလဲ"

ဒီမှာ ခြေရာနှင့်ကျောက်ကြီးတို့က ညတုန်းက သချိုင်းမှာ ဖြစ်ခဲ့ရသည့် ရင်မောသည့်ဇာတ်ကို ပြန်ပြောပြလိုက်သောအခါ ဦးလူကြီး ဒုတိယအကြိမ် အံ့ဩရပြန်လေ၏။

"သူ့ဆီပင်ထူထူကြောင့် မကွဲတာများလားကွာ"

"အဲဒါဆိုလည်း ဦးလူကြီး ... ခင်ဗျားဘာသာ သက်သေ သွားရိုက်ကြည့်ဗျာ ... ဒီ ... နိမိတ်မရှိ နမောမရှိနဲ့ လူသေမြှုပ် မည့်ကျင်းထဲကို တန်းပြီးလွှင့်ပစ်ခံရတာ၊ ကပ်ချိုးများသတိထားရင် ကျုပ်တို့နှစ်ဦး အရှောင်အတိမ်းမသေသေး ရောက်ဦးမှာ၊ ဒီမှာ ဦးလူကြီး ခင်ဗျားပေးနိုင်းတဲ့ငွေနဲ့ ကျုပ်တို့ခံရတာနဲ့ မကာမိဘူး၊ နောင်ကို ကျုပ်တို့ကို မခိုင်းနဲ့"

ဒီမှာ ခြေရာက ဝင်ရှုပ်ပေးလေ၏။

"ဦးလူကြီး"

"ဘာတုံး ခြေရာရ"

"နေစမ်းပါဦးဗျာ၊ ဒီအရွယ် ကာယသိဒ္ဓိပြီးတော့ရော ခင်ဗျား က ဘာလုပ်မလို့လဲ၊ သမက်တော်မလို့လား"

"ဟာ ... ရှာမိုးမသားတွေနယ်၊ ဘခင်တို့ပြောတာမယုံလို့ စမ်းကြည့်တာပါကွာ၊ ငါက သူများပြောတိုင်းမယုံတာ မင်းတို့အသိပဲ လေကွာ"

"တော်ဗျာ ... အဝေးလည်းမရ အနီးလည်းမရ ဖြစ်တာဘာ



www.burmeseclassic.com

www.burmeseclassic.com



သူနေတဲ့အရှုးကို ခင်ဗျားကြောင့်သာ သွားရိုက်ကြည့်ရတာ။ မတော်လို့များ သူသာသေရင် ကျုပ်တို့ ကြိုးစင်လား၊ အနှစ်နှစ်ဆယ်လားပဲ။ ခင်ဗျား လုံးဝကောင်းကျိုးမပေးတဲ့ လူကြီးဗျာ . . . ဖွီ။ လာ . . . ငပြောသွားမယ်''

''ဟော့ကောင်နှစ်ကောင် . . . နေ . . . နေ . . .''

''တော်''

''အရက်ပိုးလေး ယူသွားကြဦးလေကွာ''

''ဘယ်လောက်လဲဗျ''

''ငါးကျပ်ယူသွားလေကွာ''

''အသုဘကြီး၊ ခင်ဗျားပဲ ငါးကျပ်ဖိုးကို ရေများများရောပြီး ဇာပျံလေးလျက်ဆားအမြည်းနဲ့ သောက်ပြီးသေ''

''ဖွီ . . . သေချင်းဆိုးကြီး . . . မသာလောင်းကြီး''

ပြောရလျှင် ထိုကိစ္စကြောင့် အရှုးဦးခြောက်ပေကြီး ကာယသိဒ္ဓိပြီးသည်ဆိုသည့်စကားက ကျယ်ပြန့်သွားပြန်၏။

# အခန်း (၃)

❑

အရှုးဦးခြောက်ပေကို ရပ်ကွက်သား၊ မြို့သားတို့ ချစ်ရသည့် အကြောင်းရင်းတစ်ခုလည်း မြို့ထဲမှာ ဖြစ်သွားခဲ့ဖူး၏။

ဆိုခဲ့သည့်အတိုင်း . . .

ဦးခြောက်ပေသည် နွေရာသီလိုညမျိုးမှာ မြို့ထဲလျှောက်သွားနေလေ့ရှိ၏။ သူစတည်းချနေသည့် သချိုင်းသို့ ပြန်အိပ်ချင်မှ အိပ်၏။

နွေရာသီလိုညမျိုးနှင့် ဆောင်းရာသီလို ညမျိုးရောက်လျှင် ညဘက်ဥဒဟို လျှောက်သွား၏။

ညဘက်ရောက်လျှင် အလကားနေ သမ္မာန်အ္မွကို ရွတ်နေလေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ သူရွတ်သည့် သမ္ဗုဒ္ဓေဂါထာသည် ခေါက်ရေတစ်ထောင်မက ရှိချင်ရှိနိုင်လေ၏။

ဒီလို သမ္ဗုဒ္ဓေတန်နိုးကြောင့်များ သူနဘယ်သေားမရှိသလို ဖြစ်နေရောသလား။

တစ်ညသန်းခေါင်ယံမှာဖြစ်လေ၏။

လူနှစ်ဦး တိုက်အိမ်နဲ့အုတ်နံရံကိုကျော်ပြီး အပြင်သို့ ခုန်ချလိုက်ကြ၏။

ဒီမှာ . . . ဦးခြောက်ပေနှင့် ကြုံလေ၏။ စကားလုံးဝမပြောသောဦးခြောက်ပေ စကားပြောချင်လာ၏။ သူတို့နှစ်ဦးကလည်း အထုပ်ကြီးကိုယ်စီပိုက်၍ သူ့ကိုဂရုမစိုက်ဟန်နှင့် ရှေ့ကသွားနေ၏။

"ဟော့နှစ်ကောင်"

သူလှမ်းခေါ်လိုက်သည်။ လူနှစ်ဦးက နောက်ပြန်လှည့်ကြည့်ကြပြီး ခပ်သုတ်သုတ်သွားနေ၏။

"ဟော့နှစ်ကောင် . . . ရပ်စမ်းဟေ့"

ဒီမှာပဲ နှစ်ယောက်အနက် တစ်ယောက်သောသူက အထုပ်ကြီးချလိုက်ပြီး ခါးကြားမှဓားမြှောင်ကို ဆွဲထုတ်ကာ ဦးခြောက်ပေရှိရာသို့ ပြေးဝင်လာ၏။

"နေရာတကာ ဝင်ဝင်ရှုပ်ချင်ပါချင်တဲ့ အရူး။ ခင်ဗျားကြီးသေတာပဲကောင်းတယ်။ ကိုင်း . . . သေပေရော့"

လူစိမ်းက အသွား ဖြလက်မခန့်ရှိသော ဓားမြှောင်နှင့် ဒေါသတကြီး ပြေးဝင်အလာ . . .

ကံတရားများ ဆန်းကြယ်ချင်တော့ကြည့် . . .

ဓားနှင့်ရင်ဝကို ပြေးထိုးစိုက်ရန် ပြင်လိုက်စဉ်မှာပဲ ခဲလုံးတစ်





လုံးကိုနှင်းမိပြီး ချော်လဲလေရာ ကံမကောင်းချင်တော့ မှောက်လျက်လဲပြီး ကိုယ့်ဓားနှင့်ကိုယ့်ဝမ်းဗိုက် ထိုးမိပြီး မြေပြင်မှာ လူးလွန့်အော်ဟစ်နေသည်။

ဒီမှာပဲ ဟိုတစ်ယောက်က အထုပ်ပိုက်ပြီးပြေးလေ၏။ သိလိုက်ပြီ . . . ဒါသူခိုး။

"သူခိုးဗျို့ . . . သူခိုး . . . သူခိုး"

"သူခိုး . . . သူ . . . ခိုး"

"သူခိုးဟေ့ . . . သူ . . . ခိုး"

သူခိုးအော်သံကြောင့် ရပ်ကွက်ထဲ လမ်းထဲကလူများ လက်နှိပ်ဓာတ်မီးကိုယ်စီ တုတ်ဓားကိုယ်စီနှင့် ထွက်လာရောက်လာကြ၏။

"သူခိုး . . . သူ . . . ခိုး"

အရူးခြောက်ပေကလည်း ပါးစပ်ကိုလက်ဝါးအုပ်ကာ၍ အော်ဟစ်ရင်း တောင်ပြေးမြောက်ပြေး လုပ်နေသည်။

"ဘယ်မှာလဲကွ သူခိုး"

"သူခိုးမဟုတ်ဘူးဟ၊ အရူးခြောက်ပေ လျှောက်အော်နေတာကွ"

"ဟာ . . . ဒီအရူးနှယ်ကွာ။ လူတွေအိပ်ရေးပျက်အောင် ခုက္ခပေးပုံကွာ"

"သူခိုး . . . သူ . . . ခိုး"

"ဟော့ကောင် . . . ခြောက်ပေ . . . ဘယ်မှာလဲ သူခိုး"

"သူခိုး . . . သူ . . . ခိုး"

"ခြောက်ပေ"

"အင် . . . အမ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာတွေလျှောက်အော်နေတာလဲ"

"သူခိုး ... သူ ... ခိုး"

"ဘယ်မှာလဲ မင်းအမေလင် သူခိုး"

ဒီမှာ အရှူးဦးခြောက်ပေက လမ်းနံ့ဘေးကို လက်ညှိုးထိုးပြ လိုက်ရော ...

"ဟာ"

"ဟ ... ဟ ... ဒီမှာ လူတစ်ယောက် ဓားဒဏ်ရာကြီးနဲ့ ဟ"

"သေနေတာလားဟေ့"

"မသိဘူး"

"ခြောက်ပေ ... မင်း ဓားနဲ့ထိုးလိုက်တာလား"

"ဟင့်အင်း"

"ဒါဖြင့် ဘယ်သူထိုးလို့လဲဟ ... မြန်မြန်ပြောပါကွ"

"သူခိုး ... သူခိုး ..."

"ဒီကောင် သူခိုးလား"

"အင်း"

"ဘယ်အိမ်ကို ခိုးလို့တုံး ခြောက်ပေရ"

ဒီမှာ အရှူးခြောက်ပေက မလှမ်းမကမ်းရှိ တိုက်အိမ်ကြီးကို လက်ညှိုးထိုးပြ၍ အော်ခေါ်ပြီးမေးကြမှ တိုက်အိမ်ကြီး ဖောက်ထွင်း ခိုးယူခံရမှန်း သိကြတော့၏။

ဟိုဒီဝန်းကျင်ရှာကြရင်း ခိုးရာပါပစ္စည်းထုပ်တစ်ခုကို သွား တွေ့ကြ၏။ သို့နှင့် ဓားဒဏ်ရာနှင့်မေ့မြောနေသည့် သူခိုးကို ရဲအကူ အညီနှင့် ဆေးရုံပို့ကြရသည်။

---

စိတ်ကူးသစ်စာစေ



ပြန်သတိရ၍ စစ်မေးလိုက်တော့ ပေါ်တော့သည်။

ဓားဒဏ်ရာနှင့်သူခိုးနာမည်က စိန်လွင်မြကြီး။

သူနှင့်ခိုးဖော်ခိုးဖက်က သော့စိတ်ဖွာလက်ရှည်။ သူတို့ဖော်ချက် နှင့် အားလုံးကိုမိပြီး ကိုယ့်ဓားနှင့်ကိုယ်ထိုးမိရင်း သေမလိုဖြစ်ခဲ့ရသည့် သူခိုးဘဝနှင့်အတူ သေကောင်ပေါင်းလဲအဖြစ်မျိုးမှ ကံဖယ်သဖြင့် လွတ် ခဲ့ရသည်။ အရှူးခြောက်ပေရဲ့ ဘဝအဆန်းကို လူတိုင်းကပြောပြီး အံ့သြ ရလေ၏။

ပြောရင် ယုံပါ့မလားမသိ။

တိုက်ကြီးရှင်သူဌေး ဦးသိန်းဝင်းကား အရှူး ဦးခြောက်ပေ ကြီးကို သူခိုးဖမ်းပေးသည့်အတွက် ကျေးဇူးတင်လွန်း၍ အဝတ်အစား များ၊ ငွေသားများ စားစရာများ လာရောက်ပေးကမ်း၏။

ဦးခြောက်ပေကြီးက အဝတ်အစားမှန်သမျှကို စလ္လာလကြီး ဦးပွေးထူကို ပေးကမ်းလေ၏။

စလ္လာလဦးပွေးထူကား 'ကျေးဇူးရှင်ကြီး ... ကျေးဇူးရှင်ကြီး' ဟု ပါးစပ်ဖျားမှမချ။

ရသမျှ ဝတ်ကောင်းစားလှများကို ထည်လဲဝတ်ဆင်ပြီး မကြွေ စေ့ကိုပိုးရကား ...

နောင်အခါ စလ္လာလဦးပွေးထူနှင့် ခြေတစ်ချောင်းမရှိသော မကြွေစေ့တို့ အကြင်လင်မယားအဖြစ် ညားသည့်ဘဝကိုရောက်သွား ပြီး သားဦးလေးမွေးသောအခါ ဦးခြောက်ပေကျေးဇူးရှင်ကြီးကို ဂုဏ်ပြု သည့်အနေနှင့် မောင်ခြောက်ပေဟု အမည်ပေးသောဟူ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဦးခြောက်ပေသည် ဆိုခဲ့သလို နွေညများ ဆောင်းညများမှာ အရပ်တကာလှည့်၍နေ၏။ သူ့ခြေထောက်ကျသည့်နေရာရောက်လျှင် သမ္ဗုဒ္ဓေ ဂါထာကို အချိန်အတန်ကြာ ရွတ်လေ၏။ တစ်ခါတစ်ရံ အိမ်ခြံတိုင်ကို ဆော်လည်းကောင်း၊ အိမ်ခြံတံခါးဝမှာ ရပ်၍သော်လည်းကောင်း၊ ...

သမ္ဗုဒ္ဓေဂါထာ ရွတ်၏။

အပေတယံဂါထာကို ရွတ်၏။

သို့ကလိုရွတ်နေလျှင် ဟောင်နေသော ခွေးများပင် ချက်ချင်း ငြိမ်ကျသွား၏။ ပြီးလျှင် ... သစ်ခက်လေးတစ်ခက်ကို ခြံဝမှာ ချိတ်





ထားခဲ့လေ၏။

ထူးဆန်းသည်ကား ...

သူ့ သမ္ဗုဒ္ဓေသော်လည်းကောင်း၊ အပေတယံဂါထာသော်လည်းကောင်း၊ ရှင်သီဝလိဂါထာသော်လည်းကောင်း ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သည့်အိမ်သည် များမကြာခင် ထီပေါက်သည်လည်းရှိလေ၏။ အမွေရသည်လည်းရှိ၏။ ဒါမှမဟုတ် ဟိုမှဒီမှ ကံနှင့်ယှဉ်သော ငွေလုံးငွေရင်းများ ဝင်လာရကား ...

နောင်အခါ ... အရူးဦးခြောက်ပေကြီးကို သူတော်ကောင်းအရူးကြီး၊ စိတ်ကောင်းနှလုံးကောင်းရှိသည့် အရူးကြီးဟု ခေါ်ကြလေ၏။

မြို့ကို ကျေးဇူးတင်၍ အချို့သောအိမ်များက ပိုက်ဆံများပေးကြ၏။ အဝတ်အစားများပေးကြ၏။ အိမ်ခေါ်၍ ထမင်းကျွေးကြ၏။

အိမ်ခေါ်ထမင်းကျွေးလျှင် လုံးဝမစား။ အကြွပ်အိပ် (သို့) ဘော်ပေပျာရွက်နှင့် ထုပ်ပေးလိုက်လျှင်မူ လိုလိုလားလား ယူသွားလေ့ရှိ၏။ ဆိုရလျှင် မြို့ပေါ်ရှိ အရူး(စိတ်မနှံ့သူ)များတွင် ဦးခြောက်ပေသည် နွေအရှင်ဆုံးအရူး ဖြစ်လေ၏။

အချို့သော ကလေကချေများ၊ သူခိုးဂျပိုး လူလေလူလွင့်များက ဦးခြောက်ပေရဲ့ပိုက်ဆံများကို သူမရှိခင်ရှာဖွေလေ့ရှိ၏။

ဂူကြီးဂူကြား သစ်ခေါင်းကြီးသစ်ခေါင်းကြား လိုက်ရှာကြ၏။ ဘယ်လိုမှမတွေ့ကြ။ တွေ့ရသည်ကား မြွေဟောက်နှင့် ငန်းတော်ကျားများပဲဖြစ်ရကား ...

ကြာသော် ... ဦးခြောက်ပေရဲ့ပစ္စည်းများကို သူမသိဘဲနှင့် ခိုင်ရဲ မနိုးရဲကြ။ ညဘက် သူကန္တာရိလှည့်သော် သူ့ကိုခေါ်ပြီး မုန့်ပဲ



www.burmeseclassic.com

www.burmeseclassic.com



သရေစာများ ကျွေးကြ၏။ ကျွေးရင်း သိလိုသည်များကို ချော့၍မေးကြ၏။

"ဦးခြောက်ပေ ... ခင်ဗျားအမည်အရင်းက ဘယ်လိုခေါ်တုန်းဗျ"

"သမ္ဗုဒ္ဓေ"

သို့ကလိုမေးလျှင် သမ္ဗုဒ္ဓေဟုဆိုလေ၏။

"ခင်ဗျားအမည်က သမ္ဗုဒ္ဓေ ... ဟုတ်လား"

"အဋ္ဌဝိသဋ္ဌ"

"ဘာဗျ ... ဘာ ... ဘာ"

"ဒွါဒသဋ္ဌ သဟာသကော"

မေးလိုက်တိုင်း သမ္ဗုဒ္ဓေကိုပဲ ရွတ်လေ၏။

"နေပါဦး၊ ရပ်ပါဦးဗျ။ ခင်ဗျား ဘယ်အရပ်သားတုန်းဗျ"

"ပဥ္စသတ သဟာဿာနိ"

"ပုပ္ပါးကလား ... ဟုတ်လား"

"နမာမိ သိရသာမဟံ"

"ထွန်းခင် မေးမနေနဲ့ ဆက်မေးရင် သမ္ဗုဒ္ဓေတင်မကဘူး ပရိတ်ကြီး (၁၁)သုတ်ပါ တစ်ညလုံးရွတ်နေလို့ မေ့မရပဲဖြစ်နေမယ်"

နောက်ဆုံး ဆက်မမေးတော့မှ သမ္ဗုဒ္ဓေဂါထာကိုရပ်ပြီး ရေချ ကြမ်းသောက်ကာ သွားမလိုပြင်လေ၏။ ဒီမှာ ... ကင်းသမားဦးဘ က နောက်သလိုဟန်နှင့် ...

"ဦးခြောက်ပေ"

သူကရပ်၍ လှည့်ကြည့်၏။

"ကျုပ်လည်း အဆောင်လေးဘာလေး ချီးမြှင့်ခဲ့ပါဦးဗျ"





ဦးခြောက်ပေက အဆောင်တောင်းနေသည့် ဦးဘစုကို အတန် ကြာစိုက်ကြည့်နေ၏။ ဒီမှာ ကိုအောင်ရွှေကြီးက ဝင်၍ပြောလိုက်၏။

"ခင်ဗျားဟာက ဘာအဆောင်လဲဗျ ကိုဘစုရ၊ ပီယသိဒ္ဓိလား၊ နေသိဒ္ဓိလား၊ ကာယသိဒ္ဓိလား၊ ကွဲကွဲပြားပြားတောင်းမှပေါ့ဗျ။ တော်ကြာ ဟိုက မြန်မြန်မြွေကိုက်သေမည့် အဆောင်ပေးရင် ခင်ဗျားညောင်သုံးပင် သင်္ချိုင်းမှာ မေ့စက်မပျော်နိုင်ဘူးကွယ် ဖြစ်နေမယ် ... ကိုဘစုရ"

"အော ... ဒါလည်း ဟုတ်သားဟ။ ဘာအဆောင်တောင်းရမှာ"

"ဘစုရ ... မင်းက လူပျိုကြီးဥစ္စာ ပီယဆောင်တောင်းမှပေါ့ ဟ"

"ဟော ... ဟုတ်သားဟ။ ဒီမှာဗျ ... ဦးခြောက်ပေရေ ကျုပ် ကို ပီယသိဒ္ဓိအဆောင်များ ချီးမြှင့်ပါဦး ဦးခြောက်ပေရ။ ကျုပ်မိန်းမ များရရင် ..."

"ဦးခြောက်ပေနဲ့ တစ်ညသိပ်မယ် ပြောလိုက်"

"ဟာ ... ရှာရီးမသား ... ဝင်းမောင်နယ်။ မိန်းမရလို့ ဒီ လူကြီးနဲ့တစ်ညအိပ်ရင် ... ဟာကွာ ... ဟာကွာ ... လုပ်ပါဗျာ ... ဆရာကြီး ဦးခြောက်ပေရ ... အဟဲ ... ဟဲ ... ဟဲ"

အမှန်က အချိန်မပျင်းစေချင်၍ ဦးခြောက်ပေကို ဝိုင်းနောက် နေခြင်းဖြစ်၏။

ဒီမှာ ဦးခြောက်ပေကြီးက အနီးရှိသီဟိုပင်မှ အရွက်တစ်ရွက် ကိုခူးလိုက်ပြီး သစ်ရွက်အနားသားများကို ဆိတ်ဆွဲလိုက်ရာ လူရုပ်ပုံ လေးဖြစ်သွား၏။ လူ့မှမိန်းမကဲ့သို့ တင်ကားကားလေးဟန်မျိုး။

ပြီး ... ၎င်းမိန်းမရုပ်သဏ္ဍာန်သစ်ရွက်ကို ညာလက်ဖဝါးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ပြီး ဂါထာတစ်ပိုဒ်ကိုရွတ်လေ၏။

ဥုံ ... မနုဿပူရိသော ဣတ္ထိ
မဟာလာဘံ ဘဝိဿတိ ...

ဦးခြောက်ပေသည် သစ်ရွက်လူရုပ်ကို ဆုပ်ကိုင်ပြီး ရှင်သီဝလိ ဂါထာမှ မနုဿပူရိသော ဣတ္ထိဟူသည့်အပိုဒ်ကို (၁၀)ကြိမ်ခန့်ရွတ်ပြီး လက်ဝါးရိုက်၍ ဦးဘစုကိုပေးလိုက်ကာ ခြေလှမ်းကျဲကြီးနှင့်ထွက်ခွာ၍သွားလေ၏။

ဦးဘစုကား သစ်ရွက်ရုပ်လေးကိုကိုင်၍ ငိုင်နေ၏။

"ဘစု"

"ဟေ ..."

"အရှုံးစကား၊ သဘင်သည်စကား၊ ကလေးစကားတဲ့၊ ဒီအရှုက ထူးတဲ့အရှုံးပဲကိုယ့်လူ။ မင်းတို့ငါတို့မြင်နေရတဲ့ အရှုံးတွေက ဆဲရေးတိုင်းထွာပြီး ဝတ်လစ်စလစ်ဖြစ်နေကြတာ၊ ဒီဦးခြောက်ပေကြီးက နှံငယ်ပိုင်းဝတ်ထားပေမင့် မဆဲဘူး။ မညစ်ပတ်ဘူး။ ဘုရားတရားစာပဲ ရွတ်နေတဲ့လူကြီး ငါ့လူရေ၊ ဒီတော့ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ သူပေးသွားတဲ့ မင်းအလိုရှိတဲ့ ပီယသိဒ္ဓိအဆောင်ရပြီ ဥစ္စာ"

"ဒီကောင်ကြီးပိုးနေတဲ့ အထည်သည်က ဘယ်သူလဲဟေ့"

ကိုသောင်းညွန့်ဦးက ချွန်လိုက်၏။

"မသန်းချစ်လေကွာ ... အပျိုကြီး"

"အေး ... ဟုတ်တယ်၊ ဒီကောင်လျှောက်ပြန်သံပေ။ ခြေအောဝမ်းရောင်၊ လူတွေ့ခွေးဟောင် ပိုးနေတာကြာပြီဟ"

"ဟိုက အဖက်မလုပ်ပါဘူး ကိုသောင်းရာ"

"မလုပ်ဆို ဘစုအသားက မီးသွေးတုံးကိုးဟ"

---

စိတ်ကူးသစ်စာပေ



"အေးလေ ... ဘယ်လိုပဲဖြစ်ဖြစ်၊ အခု ဂမ္ဘီရဆရာသခင်ကြီး ဦးခြောက်ပေထံက ပီယသိဒ္ဓိသစ်ရွက်အရုပ် အဆောင်ရပြီဥစ္စာ။ ငါ့လူ မောင်ဘစု ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ဒါလေးအားကိုးနဲ့ သွားပိုးမေး"

"သွားရင်လည်း တေဇောဘမ်းဆောင်သွား ဘစု"

"ဘာဖြစ်လို့လဲ ကိုဝင်းမောင်"

"ပါးကျိုးလာလုဖြစ်ရင် လိမ်ရအောင်လေ"

"ဟား ဟား ဟား ဟား"

"အဟီး ဟီး ဟီး ဟီး"

"တုံးမန်းပါ ဆောင်ထားလိုက်ရင် အကောင်းသားကွာ"

"အဟတ် ... အဟတ် ... အဟတ် ... ဗျစ်"

အားလုံးက လူပျိုသိုးကြီး ကိုဘစုကို ဝိုင်းချွန်ကြ၊ မြှောက်ပေးကြ၊ လှောင်ကြ၏။

အကြောင်းကပဲ တိုက်ဆိုင်လို့လား။ ဒါမှမဟုတ် ဖူးစာရေးနတ်မင်းကပဲ ကိုဘစုကိုမျက်စိနောက်လို့ လမ်းဖွင့်ပေးလိုက်သလား ..

ဒီလိုမှမဟုတ်။

ဦးခြောက်ပေ လူထူးအရှုံးကြီးရဲ့ ပီယသိဒ္ဓိ ဂမ္ဘီရသစ်ရွက်အဆောင်ကပဲ သိဒ္ဓိဝင်သွားလို့လားမသိ။

ကိုဘစု ... အထည်သည်အပျိုကြီးကို တစ်ပတ်မြှောက်နေ့မှာ ပြီးပြီးလေ၏။

ဤသတင်းသည် ရပ်ကွက်မှသည် မြို့ထဲသို့တိုင် ပျံ့နှံ့ကျော်စောသွားလေ၏။

ကျိုးကန်းဘဲဥချိုသွားသည်ဟု ဆိုကြ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆင်ရိုးခွေးမျိုသည်ဟု မသန်းချစ်အမျိုးများက အော်ကြ၏။

လူရွယ်များက ဦးဘာစု သေပန်းပွင့်တော့မှာဟု ပြောၾကရယ်ကြသလို လူကြီးပိုင်းက သန်းချစ်ဘဝတော့ အရိုးတခြား၊ အသားတခြား ဖြစ်တော့မှာပဲဟုပြောပြီး စိတ်မကောင်းဖြစ်ကြလေ၏။

နောက်ဆက်တွဲ ထူးခြားချက်ကား . . .

လူပျိုသိုးကြီးကိုဘာစု မိန်းမယူသွားပြီး နောက်နေ့မှစ၍ မြို့ထဲက လူပျိုပေါင်းကြီးများ၊ ကာလသားများ၊ မုဆိုးဖိုများ၊ နှစ်မယား သုံးမယားသေ လူ့မုဆိုးဖိုလင်းတ လူသေမင်းကြီးများသည် အရှုးလိုလူကြီးဦးခြောက်ပေထံ စားစရာသောက်စရာများနှင့် သွားရောက်ပြီး ဝိယသိုနှိုအဆောင်တောင်းကြလေ၏။

ဦးခြောက်ပေကား မည်သူ့ကိုမျှ မပေးတော့။

မေတ္တာသုတ်ကို အုတ်ဂူပေါ်မှာရပ်ရင်း အကျယ်ကြီးရွတ်ကာ အရပ်ရှုပ်မျက်နှာကို မေတ္တာပို့သ၍နေလေသည်။

❁ ❁ ❁

## အခန်း (၇)

❑

ဦးခြောက်ပေ ထူးခြားသည်ကား အမှန်ဖြစ်၏လေ၏။

ပြောလျှင် ယုံချင်မှယုံကြပေလိမ့်မည်။

တစ်ခါသော် . . . အရှုးမဝတုတ် ဇရပ်ပေါ်မှာ မီးဖွားရခက်နေ၏။ အရှုးမဝတုတ်ရဲ့လင် ဘယ်သူလဲ မည်သူမျှမသိ။

အရှုးကျော်ဦးလား . . .

သွက်ချာပါဒ ကြည်တင့်နိုင်လား . . .

ဒါမဟုတ် . . . ဘယ်အရက်သမား၊ အမူးသမား၊ အချောင်သမားလက်ချက်လည်း မည်သူမျှမသိ။

ကောင်မလေးစိတ်မနှံ့ရသည့်ကြားထဲ ကိုယ်ဝန်ရင့်မာကြီးနှင့် ဇရပ်ပေါ်မှာ လူးလိမ့်အော်ဟစ်နေ၏။

---

စိတ်ကူးသစ်တာပေ

www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားလူကောင်းများက သနား၍ ဆေးရုံပို့ရန် ပြောကြ၏။ အရပ်လက်သည် ဒေါ်အေးကျစ်က အရှုမလေးဝတုတ်ကို ချော့မော့၍ ဇရပ်ပေါ်မှာ ဖျာကာပြီးမွေးရန် ကူညီနေ၏။

ဝတုတ်လည်း အသားကုန်အော်ဟစ်နေ၏။ အငြိမ်မနေ၍ ဒေါ်အေးကျစ် ကိုင်ရတွယ်ရခက်နေ၏။ အနီးရှိ မိန်းမသားများ၊ အကူအညီနှင့် မွေးလို့အဆင်ပြေအောင် လုပ်ပေးနေပါသော်လည်း ...

လူကောင်းကိုယ်ဝန်ဆောင် မိန်းမများလို ကိုယ်ဝန်ကိုပြုပြင်ပေးထားခြင်းမရှိ၍ မွေးရခက်နေ၏။ ဒေါ်အေးကျစ် ချွေးပြန်နေသည်။ အချို့က ဆေးရုံပို့ရန် အကြံပြုကြသည်။

ဒီအချိန်မှာပဲ အရှုးခြောက်ပေ ဇရပ်နားရောက်လာပြီး ရပ်ကြည့်နေ၏။ မိန်းမသားအချို့က ဦးခြောက်ပေကို အော်လှတ်ကြ၏။

ဦးခြောက်ပေသည် စိတ်မနံ့သော်လည်း အကင်းပါးသူ လူကဲခတ်မည့်သူဖြစ်လေ၏။

ဒီမှာ သူသဘောပေါက်သွားသည်။ သူ အရှုမဝတုတ်ကို မြင်ဖူးသည်။ အခု ... သင်းကလေး မည်သူနှင့်ရသည်မှန်း မသိသော ကိုယ်ဝန်ကြောင့် သေကောင်ပေါင်းလဲဖြစ်နေသည်ကို မြင်ရသောအခါ ...

ဘယ်သူတွေ ဘာပြောပြော လုံးဝဂရုမစိုက်။

ဇရပ်ပေါ်တက်၍ မီးနေအုပ်စုနှင့် မလှမ်းမကမ်းမှာ ထိုင်ပြီး အင်္ဂုလိမာလသုတ်ကို ခပ်ကျယ်ကျယ် ရွတ်တော့၏။

'ယတောဟံ ဘဂိနိ အရိယာယ

ဇာတိယာ ဇာတော နာဘိဇာနာမိ

သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ။

တေန သစ္စေန သောတ္ထိ တေ ... ဤနမငယ်လေးသည်





ဟောတု ... သောတ္ထိ ... ဂဗ္ဘဿ ...''

သူသည် ရှင်းအင်္ဂုလိမာလသုတ်ကို ပါးစပ်မှအမြှုပ်ထွက်လုနီးပါးရွတ်လေ၏။ မီးနေသူတို့ ဘာမျှမပြောတော့။ ရွတ်ချင်ရွတ်ပစေ။

မကြာခင် ... ကလေးငိုသံ ကြားရတော့သည်။

''မွေးပြီဟေ့''

''ဘာလေးတုံး ဒေါ်ကျစ်''

''ယောက်ျားလေးဟဲ့ ... ချစ်စရာလေးဟဲ့''

အရှုးမဝတုတ်ကား ကလေးငိုသံကြားသော် မျက်လုံးကလယ်ကလယ်နှင့် လိုက်ကြည့်နေ၏။ ကြည့်ရင်း သူ့မျက်နှာပေါ်မှာ အပြုံးပန်းများပွင့်နေ၏။

ဒီမှာပဲ ဒေါ်အေးကျစ်က သမ္မာရင့် ဝမ်းဆွဲလက်သည်ကြီးပီပီ ဦးခြောက်ပေရဲ့ အင်္ဂုလိမာလသုတ် ဂုဏ်တော်ကျေးဇူးကိုသိ၍ ဦးခြောက်ပေကြီးကို ကျေးဇူးစကားပြောရန် ကြည့်လိုက်သောအခါ ...

ဦးခြောက်ပေကြီး မရှိတော့။

နောင်အခါ ဝမ်းဆွဲလက်သည်ကြီး ဒေါ်အေးကျစ်က ပြောလေ၏။

''ဒါ ... ငါတော်လို့ မွေးပေးနိုင်တာ မဟုတ်ဘူးအေ့။ ကလေးက မွေးရခက်နေပြီ။ အသက်လုရမလို ဖြစ်နေတာ။ ကံကောင်းချင်တော့ အရှူးဦးခြောက်ပေကြီးရောက်လာပြီး အင်္ဂုလိမာလသုတ်ကို မနားတမ်းရွတ်လို့ ဝတုတ်ကို မေတ္တာပို့ပေးနေလိုက်တာရယ်။ အဲဒီ အာနိသင်ကြောင့် သင်းကလေး မသေကောင်း မပျောက်ကောင်းဖြစ်ပြီး မွေးနိုင်တာအေရေ့'' ဟူသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

❑

အရှုဦးခြောက်ပေနှင့် စပ်လျဉ်းပြီး ပြောစမှတ်ပြုစရာများ ပိုမို များပြားလာသောအခါ . . .

ထူးထူးဆန်းဆန်းနှင့် ထူးထူးခြားခြားဖြစ်စဉ်များ လုပ်ပြလျှင် အာရုံစိုက်လေ့ရှိကြသည့် သဘာဝအတိုင်း လူအတော်များများက ဦးခြောက်ပေရှိရာသို့ အလေးဂရုပြုလာကြတော့၏။

ငွေကြေးနှင့်လာ၏။

အဝတ်အထည်များနှင့် လာကြ၏။

အစားအသောက်များနှင့် လာကြ၏။





အလှုအပများနှင့် မြူးဆွယ်သလို လုပ်ကြ၏။

သို့နှင့် ပီယသိဒ္ဓိအဆောင်တောင်းသူများ၊ ကာယသိဒ္ဓိအဆောင်တောင်းသူများ၊ နေသိဒ္ဓိအဆောင်တောင်းသူများသည် ကားစက်ဘီး၊ ဆိုင်ကယ်များနှင့် ရောက်လာကြလေ၏။

ဦးခြောက်ပေကား မည်သူ့ကိုမျှစကားမပြော၊ ပေးလည်းမယူ၊ ကျွေးလည်းမစား၊ ခေါ်လည်းမလိုက်၊ အုတ်ဂူကြီးပေါ်မှာ အိပ်ချင်လျှင် အိပ်နေလိုက်၏။

မအိပ်ချင်လျှင် သမ္မုဒ္ဒေ၊ ဒါမှမဟုတ် ပဌာဝီဖယမန္တန်၊ ရှင်သီဝလိဂါထာများကိုသာ အဆက်မပြတ် ရွတ်နေရကား . . .

ကျေးဖူးရှင်ကြီး စကားပြောမည့်အချိန်ကို ဒုက္ခခံ၍ စောင့်ကြကုန်၏။ အချို့ ညအိပ်များပင် စောင့်ကြ၏။

သို့နှင့် . . . ဦးခြောက်ပေကြီးစိတ်ညစ်ပြီး အခြားသချိုင်းသို့ ပြောင်းရွှေ့သွား၏။

ကြာတော့ . . . လောဘသား၊ တဏှာရာဂသား တို့သည် ဦးခြောက်ပေ အရူးဟာ အရူးပါပဲဟုသမုတ်ပြီး ကဲ့ရဲ့စကားများပင် ဆိုလိုက်ကြလေသည်။

တစ်ခုတော့ ရှိသည်။

ဦးခြောက်ပေသည် သူ့ဘာသာစိတ်ဝင်စားလျှင် ကောက်ကာငင်ကာ အကူအညီပေးလေ့ရှိ၏။

တစ်ချို့မှာ . . .

မတိုးနွဲ့ဆိုတဲ့ မိန်းမတစ်ယောက် သူ့ယောက်ျားအသုဘကို လိုက်ပို့ရင်း မြေမြှုပ်အလောင်းမြေပုံပေါ်မှာတက်၍ သတိလစ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အချို့က ယပ်ခတ်ကြ၏။ အချို့က ခြေမလက်မများချိုးကြ၏။ အချို့က ရင်ဝကိုဖိကြ၏။

"အမယ်လေး လှုပ်ကြပါဦး။ မတိုးနွဲ့ သေပြီနဲ့တူရဲ့"

"တိုးနွဲ့ . . . တိုးနွဲ့ . . . သမီး . . . သမီး"

မတိုးနွဲ့ပျောခွေနေ၏။ ခေါ်လို့မရ။ လှုပ်လို့မရ။ ဒီမှာ အရှုး ဦးခြောက်ပေရောက်လာပြီး မိုင်းအုံ့နေသည့်လူအုပ်ကို တွန်းဖယ်လိုက်သည်။

သည့်နောက် ခါးပိုက်ထောင်ထဲက သံပရာသီးတစ်လုံး ထုတ်ယူလိုက်ပြီး ပါးစပ်နှင့်ကိုက်ခွာကာ မတိုးနွဲ့ရဲ့ပါးစပ်ကို သူ့ရဲ့သန်မာသောလက်နှင့် ရအောင်ဖြဲလိုက်ပြီး သံပရာသီးအရည်များကို ညှစ်ချပေးလိုက်သည်။ ပြီး . . . တိုးနွဲ့ရဲ့ဦးခေါင်းကို လက်နှင့်သုံးကြိမ်သပ်ချလိုက်သောအခါ မတိုးနွဲ့ ပါးစပ်ရှုံ့မဲ့ပြီး သတိရလာ၏။

ရလာသည်နှင့် . . .

"အစ်ကိုရေ . . . အစ်ကိုရဲ့ . . . ဟီး . . . ဟီး"

အားရပါးရငိုချလိုက်၏။ တိုးနွဲ့ငိုတော့မှ ဦးခြောက်ပေကြီးက လက်ကျန်သံပရာသီးကို သူ့ပါးစပ်ထဲထည့်ဝါးစားပြီး ဂူပေါ်မှာသွားအိပ်နေလေ၏။

နောင်အခါ . . .

နေမကောင်းသူအချို့သည် သူတို့မျှော်လင့်ချက်နှင့်သူတို့ ဦးခြောက်ပေကြီးထံမှာ ဆေးလာတောင်းကြ၏။

ဦးခြောက်ပေက မျက်စိနောက်လို့ပဲလား။ စိတ်ကျေနပ်အောင်ပဲလားမသိ နီးရာသစ်ပင်မှ သစ်ရွက်တစ်ရွက်ခူးပြီး . . .

"ဉ့် . . . ဆေးဩဇဖြစ်စေ . . . ဝါးစားလိုက်"

---

စိတ်ကူးသစ်စာပေ



ဒီလိုပြောပြီး ပေးလိုက်၏။ သစ်ရွက်ရသူသည် ၎င်းသစ်ရွက်ကို ဝါးစားလိုက်သည်နှင့် အံ့မှယ်ကောင်းလေစွ။

အဖျားအနာရောဂါ၊ ခေါင်းကြီးကိုက်ရောဂါ၊ အိပ်မပျော်သောရောဂါ၊ လန့်ချင်ဖျပ်ချင်သလိုရောဂါများ ယူပစ်လိုက်သလို ပျောက်သွားရကား . . .

ပျောက်စေဆရာကြီးဟု ခေါ်လိုခေါ် . .

အဘဆရာကြီးဟု ခေါ်လိုခေါ် . . .

အဖေကြီးဟု ခေါ်လိုခေါ်နှင့် ဦးခြောက်ပေနှင့်အပြိုင် ရှူးကုန်ကြလေ၏။

ဦးခြောက်ပေဈေးထဲမှာ လာရောက်တောင်းရမ်းလျှင် လိုလိုလားလား ပေးကမ်းကြ၏။

ထိုအခါ ဦးခြောက်ပေကြီးက ဈေးဗန်းကိုကိုင်ပြီး ရှင်သီဝလိဓါတ နောက်ဆုံးအပိုဒ်ကို သူအာရုံရသည့်ဈေးဗန်းအားကိုင်၍ ရွတ်ပေးလိုက်လျှင် . . .

အံ့မှယ်ကောင်းလေစွ။

ထိုနေ့အဖို့ ယင်းဈေးသည် လွှတ်၍ရောင်းကောင်းလာ၏။ သို့သော် . . . ဈေးဗန်းတိုင်းတော့ မကိုင်။ သူ လိုလိုလားလားရှိသည့်ဈေးဗန်းကိုမှ ကိုင်လေ၏။

www.burmeseclassic.com

## အခန်း (၉)

□

တစ်နေ့သောအခါ . . .

ဦးခြောက်ပေ သူ့နှိုက်နေရာ ညောင်သုံးပင်သချိုင်းသို့ ရောက် လာလေ၏။

ထူးခြားလေစွ။

သူသည် စဏ္ဍာလ ဦးပွေးထူကိုခေါ်ပြီး စကားများပြောလေ၏

''ပွေးထူ''

''ခင်ဗျာ . . . ဦးပေ''

''ရော့ . . . ဒါ မင်းဝတ်ဖို့''





သူက အဝတ်အစားအသစ်များကို ဦးပွေးထူအား ပေးလိုက် ရာ၏ ဦးပွေးထူ 'ကျေးဇူးရှင်ကြီး' 'ကျေးဇူးရှင်ကြီး'ဟု အကြိမ်ကြိမ် ရေရွတ်ပြီး ကန်တော့လေ၏။

''ပွေးထူ''

''ခင်ဗျာ . . . ကျေးဇူးရှင်ကြီး''

''ဒီအထုပ် မင်းသိမ်းထား''

''ဒါဘာလဲ ဦးခြောက်ပေ''

''ငွေထုပ်ကွ''

''ဗျာ . . . ငွေထုပ်ဟုတ်လား''

''ဖွင့်ကြည့်လကွာ''

စဏ္ဍာလကြီး ဦးပွေးထူ မယုံ၍ ဖွင့်ကြည့်လိုက်သောအခါ စိတ်ဖြူထုပ်ထဲမှာ ငွေစက္ကူတွေအများကြီး။ ပွေးဘူအံ့ဩနေ၏။ ဒီလို ငွေမျိုးအများကြီး ဒီတစ်ခါပဲမြင်ဖူး၏။

''ဦးခြောက်ပေ ဘယ်ကရလာတာလဲဟင်''

''နှစ်နဲ့ချီပြီး စုထားတာ''

''ကျွပ် . . . ကျွပ် . . . ဒါကို ဘာ . . . ဘာလုပ်ရမှာလဲဗျ''

''နက်ဖြန်ကျရင် လူအချို့ရောက်လာလိမ့်မယ်။ သူတို့ပေးလိုက် အပ်လိုက်ကွ။ ဘုရားတည်၊ ကျောင်းဆောက်ရာမှာ သုံးပေးပါလို့ပြော ကြားလား''

''ဟုတ် . . . ဟုတ်ကဲ့ ခင်ဗျ။ ဒါ . . . ဒါနဲ့ . . . ဦးခြောက်ပေ က ဘယ်သွားမှာမို့လို့လဲဟင်''

''မနက်ဖြန် (၁၂)နာရီထိုးတည့်မှာ ငါခရီးဝေးတစ်ခုသွားမယ်''

''ပြန်မလာတော့ဘူးလားဟင်''



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝ ပြန်မလာတော့ဘူး . . . ဒါပဲ"

"ဗျာ"

ဦးခြောက်ပေသည် စကားတုံးတိပြောပြီး သူထိုင်နေကျ ဘုရားစာများရွတ်နေကျ၊ အိပ်နေကျ အုတ်ဂူကြီးပေါ်မှာ သွားအိပ်နေတော့သည်။

ညနေစာ ထမင်းလည်းမစား။

သူ့ပုံသဏ္ဌာန်မှာ ပက်လက်လှန်ပြီး ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းနေသလိုမျိုးဖြစ်၍ ဦးပွေးထူကမနှိုးတော့။ နောက်နေ့မိုးလင်းသည့်တိုင် ဦးခြောက်ပေကြီးသည် ဂူကြီးပေါ်မှာ စန့်စန့်ကြီးဖြစ်နေဆဲ . . .။

နေမွန်းတည့် (၁၂)နာရီထိုးသောအခါ ဦးပွေးထူမသင်္ကာတော့သို့ဖြစ်၍ အသာလှုပ်နှိုးကြည့်၏။

အလို . . . အသားအရေများ အေးစက်လို့ပါလား။ ထပ်လှုပ်ကြည့်၏။ ဟယ် . . . တောင့်နေပြီ။ ဒီမှာပဲ ဦးခြောက်ပေ ဂူပေါ်မှာ အသက်မရှိ သေဆုံးနေမှန်းသိလိုက်ရပြီး ဦးပွေးထူ သူ့အမည်တမ်းတခေါ်ကာ အားရပါးရ ငိုကြွေးနေစဉ် . . .

အသက်ကြီးကြီး လူကြီးဆယ်ဦးတို့ သချိုင်းမှိုရာသို့ ရောက်လာကြလေ၏။

သူတို့သည် ဦးခြောက်ပေကြီးသေဆုံးနေသည့် ဂူရှိရာသို့ ရောက်လာကြပြီး ဦးခြောက်ပေရဲ့မျက်နှာကို ဝိုင်းကြည့် ဝုတ်သပ်ကရုဏာသက်နေကြ၏။

ဒီမှာပဲ ဦးပွေးထူက အိမ်ရှင်ပီပီ မေးရ၏။

"ဆရာကြီးတို့က ဦးခြောက်ပေရဲ့ဆွေမျိုးများလား ခင်ဗျာ"

"ဦးခြောက်ပေဆိုတာ ဘယ်သူတုံးဗျ"





"အခုသေနေတဲ့ လူကြီးရဲ့အမည်ပါခင်ဗျ"

"ဪ . . . ဦးခြောက်ပေလို့ ခေါ်ကြသလား"

"သူ့အမည်မှသိလို့ ကျွန်တော်တို့မြို့က သူ့ကို ဦးခြောက်ပေလို့ပဲခေါ်ကြပါတယ်။ ဆရာကြီးတို့က သူနဲ့ . . ."

"မင်းတို့ဦးခြောက်ပေရဲ့ ရောင်းရင်းများပေါ့ကွာ။ သူဒီနေ့သေတော့မယ်လို့ လူကြုံနဲ့အကြောင်းကြားလို့ ရောက်လာကြတာလေ"

"ဗျာ . . . ဦးခြောက်ပေက သူ့ကိုယ်သူ ဒီနေ့သေမှာကို သိနေတယ် ဟုတ်လား"

"အိမ်း . . . ဒါတွေ မောင်ရင်နားလည်မှာ မဟုတ်ပါဘူးလေ။ သူမသေခင် မောင်ရင့်ကို ဘာများမှာသွားသေးလဲ"

ဒီမှာ စဏ္ဍာလဦးပွေးထူက ဦးခြောက်ပေ မနေ့တုန်းကပေးသွားသည့် ငွေစက္ကူထုပ်နှင့် ဘုရားတည်ကျောင်းဆောက်ရာမှာ သုံးပေးဖို့စကားများကို ပြန်ပြောပြလိုက်သောအခါ . . .

လူရည်သန့် အသက်ကြီးကြီးလူဦး (၁၀)ဦးသည် ငွေစက္ကူများကို ရေတွက်ပြီး . . .

"ကိုတွန် . . . ဘဝကူးကောင်းသွားပါပြီဗျာ"

"ဗျာ . . . ဆရာကြီး . . . ကိုတွန်ဆိုတာ . . ."

"အိမ်း . . . ကိုတွန်ဆိုတာ မင်းတို့ပြောနေတဲ့ ဒီလူ ဦးခြောက်ပေပဲ မောင်ရင်"

"ဗျာ . . . ဒါ . . . ဒါဆို သူကဘာလဲဟင်။ ဘာလို့ရူးနေရတာလဲ။ သူဟာ အလွန်စိတ်ကောင်း နှလုံးကောင်းရှိတဲ့လူကြီးပါ ဆရာကြီးတို့ရာ။ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်ကြီးပါ။ ကျွန်တော့်ကို နည်းနည်းလောက်ပြီး ပြောပြကြပါလားဗျာ . . . ဟင်"



www.burmeseclassic.com

www.burmeseclassic.com



လူကြီး (၁၀)ဦးက သူတို့အချင်းချင်း တိုးတိုးတိုင်ပင်ကြပြီး နောက် ...

"ဘယ်သူမှတော့ လျှောက်မပြောပါနဲ့ကွာ။ မင်းကသူ့ကို နေရာ ထိုင်ခင်းပေးပြီး စောင့်ရှောက်နေလို့ နားလည်အောင်ပြောကြရဘာ။သူ့ အမည်က ဦးတွန်း။ ( .... )မြို့သားကွ။ ခေတ်ပညာတတ်တစ်ဦးပါ တို့များနဲ့အတူ သူသာန်မှာ ကမ္ဘဋ္ဌာန်းတရားထိုင်ရင်း အနှောင့်အယှက် အဖျက် ပယောဂတစ်ခုကြောင့် အဆင့်မြင့် အကြားအမြင်ပေါက်စပြ နေချိန်မှာစည်းပေါက်ပြီး စိတ်နောက် စိတ်ဖောက်သွားတာပဲ။ ခုတော့ သူ့စရဏာကုသိုလ်နဲ့ သူ့ဘဝကိုလူ တတ်နိုင်သမျှထိန်းပြီး ဘဝကူးကောင်း သွားပါပြီလေ"

သည့်နောက် လူကြီး (၁၀)ဦးတို့က အရူးကြီးဦးခြောက်ပေ အလောင်းကို စဏ္ဍာလကြီးဦးပွေးထူ အကူအညီနှင့် ရေချိုးသန့်စင် အဝတ်အစားကောင်းသည်များ ဝတ်ပေးပြီး သံဃာတော်(၅)ပါးပင့်ကာ နေ့ချင်းပြီးသရဏဂုံတင် သင်္ဂြိုဟ်မြေမြှုပ်ခဲ့လိုက်ကြလေသည်။

သူတို့ပြန်သွားသောအခါ အရူးသူတော်ကောင်းကြီး ကျေးရူး ဦးခြောက်ပေရဲ့ မြေပုံအနီးမှာ မျက်ရည်စို့ရွှဲနှင့် စဏ္ဍာလကြီး ဦးပွေးထူ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

ဦးပွေးထူ မျက်ရည်စို့ရွှဲနှင့် ရောင်းရင်းကျေးရူးရုပ်ကြီး ဦးခြောက် ပေရဲ့မြေပုံကို ရှိသေလေးစားစွာ ဦးချကန်တော့လိုက်လေသည်။

❖ ❖ ❖

မောင်ညိုမှိုင်း (သန်လျင်)



ကျွန်ုပ် ကော့သောင်းတွင် တာဝန်ထမ်းဆောင်ရစဉ် ကျွန်ုပ်၏ အစ်ကိုကြီး ဦးအောင်သန်းက မြန်မာပြည်မြောက်ဘက်စွန်း နောင်မွန်းမြို့ ပြည်သူ့ဘဏ်တွင် တာဝန်ကျသည်။ ညီအစ်ကိုနှစ်ဦး မြန်မာပြည်တောင်ဖျားနှင့် မြောက်ဖျားတွင် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်သည်။

ကျွန်ုပ်က စော၍ရန်ကုန်ပြန်ရောက်ပြီး အင်းစိန်ထောင်တွင် တာဝန်ထမ်းဆောင်ရရာ (JOINING TIME) အချိန်ကာလအတွင်း ကျန်းမာရေးကိုအကြောင်းပြုပြီး ကျွန်ုပ်ခွင့်တစ်လယူလိုက်သည်။ ကျွန်ုပ်





နောင်မွန်းမြို့မှ အစ်ကိုကြီး ရန်ကုန်သို့ပြန်လည်မပြောင်းရွှေ့မီ မြန်မာပြည်မြောက်ဖျား နောင်မွန်းမြို့သို့လေ့လာရင်း ခရီးထွက်ရန်ဖြစ်ပေသည်။

ခရီးလမ်းက လွယ်ကူသည်တော့မဟုတ်။ ရန်ကုန်မှမြစ်ကြီးနားသို့ လေယာဉ်သို့မဟုတ် မီးရထားစီးရမည်။ မြစ်ကြီးနားမှ ပူတာအိုမြို့သို့ လေယာဉ်စီးရမည်။ ပူတာအိုမှ ကားတစ်တန်၊ ကုန်းကြောင်းတစ်တန်ဖြင့် နောင်မွန်းမြို့သို့ ချီတက်ရမည်ဖြစ်ပေသည်။ တောလမ်းခရီးကြမ်းကြီးဖြစ်၍ အဖော်တော့လိုပေသည်။ သို့သော် ကျွန်ုပ်၏လက်ပေါင်းတသည့်များဖြစ်ကြသော ဖောက်ထွင်းဝိဇ္ဇာကျော်ကြီး၊ သူခိုးမြင့်သိန်းနှင့် ပုဏ္ဏားတင်ဦးတို့က ရန်ကုန်တွင် ဆက်သွယ်၍မရ၊ နယ်ထွက်နေသည်ဟုသာသိရသည်။ ခြေများသော ၎င်းတို့ (၃)ဦးကို ကျွန်ုပ် ဖမ်း၍မလွယ်ပါ။ မန္တလေးမြို့ (သို့မဟုတ်) မြစ်ကြီးနားမြို့သို့ရောက်မှ ရှာဖွေကြည့်ဦးမည်ဖြစ်သည်။ ထို့ကြောင့်လည်း သာယာဝတီမြို့ လှည်းလမ်းကူးရွာတွင် နေထိုင်ကြသော မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့အား ကြေးနန်းရိုက်၍ ခေါ်ယူလိုက်ရတော့သည်။ သူတို့လည်း အဝေးပြေးအားထောင်ထားသဖြင့် အားမအားတော့မသိနိုင်သေးပါ။ အကြောင်းပြန်ကြားခြင်းကို စောင့်ကြည့်ရပေဦးမည်။

ကျွန်ုပ် အအေးပိုင်းဒေသသို့သွားရမည်ဖြစ်၍ အနွေးထည်ကောင်းကောင်း၊ မိုးကာအင်္ကျီ၊ လက်အိတ်၊ ခေါင်းစွပ်နှင့် လိုအပ်သောဆေးဝါးများ၊ စားစရာမုန့်ခြောက်များ လိုအပ်မည်ထင်သည့်လက်ဆောင်ပစ္စည်းများကိုဝယ်ယူရာ သေတ္တာကြီးတစ်လုံး ပြည့်သွားသည်။ ဖိနပ်အနေဖြင့်လည်း ကုတ်အားကောင်းသောစီးနေကျ တောစီးအမဲလိုက်ဖိနပ်ကိုစီးမည်ဟု ကြံရွယ်ထားသော်လည်း တောလမ်းခရီး တောင်တက်



www.burmeseclassic.com

www.burmeseclassic.com



ခရီးကြမ်းကြီးကို မိုင်ပေါင်းများစွာ လမ်းလျှောက်ရမည်ဖြစ်၍ ဖိနပ် မပေါက်စေရန်အတွက် သက်သာပေါ့ပါးသော (WALKING SHOES) ကို ဝယ်ရပြန်သည်။ လမ်းလျှောက်ရင်း ပွင့်ထွက်မသွားစေရန်အတွက် အမျိုးကောင်း (HARA) အမျိုးအစားကိုရှာရသည်။ ထို့နောက် လက်နှိပ် ဓာတ်မီး မီးမွှေးရန်အတွက်တော့ ကော့သောင်းမြို့မှဝယ်လာသော (GAS) မီးခြစ်ကလေးများ အလုံး (၂၀)ခန့်ရှိသည်။ သမအအေးပိုင်းဒေသ တွင် ယမ်းမီးခြစ်နှင့် ဓာတ်ဆီမီးခြစ်များ သုံး၍မရဟုသိထားသောကြောင့် ဖြစ်ပေသည်။ လက်ဆောင်ပေးရန်လည်း များများစားစားယူသွားခြင်း ဖြစ်သည်။

(၂)ရက်ခန့်အကြာ မနက် (၁၀)နာရီခန့်တွင် သာယာဝတီ မြို့မှ တပည့်ကျော်မှုခိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့ အထုပ် အပိုးကိုယ်စီဖြင့် ပေါက်လာကြသည်။

"လာကြဟေ့ ... လာကြ၊ မင်းတို့ကို ငါမျှော်နေတာ"

"ဆရာ နေကောင်းတယ်နော်။ ဝတောင်လာတယ်၊ အခုမှ ဆရာကခန့်လာတာ။ အရင် ကျွန်တော်တို့နဲ့ ရိုးမစခန်းမှာနေတုန်းက ပိန်ပိန်ရှည်ရှည် အသက်ကငယ်တယ်။ အခုမှ ပြည့်ပြည့်ဝဝဖြစ်လာ တာ"

"အေး ... အေး ... မင်းတို့ကတော့ အရင်အတိုင်းပဲ အသားတွေတော့ မည်းသွားသလိုပဲ"

"ဆရာလည်း မည်းသွားတယ်။ ရိုးမတောထဲနေတုန်းကတောင် ဒီလောက်မမည်းဘူး။ ကော့သောင်းမြို့က နေပြင်းလို့လားဆရာ"

"အေးကွ ... ကော့သောင်းမြို့က နေပြင်းတယ်။ ဆောင်းရာသီ မရှိဘူး။ နွေရာသီနဲ့မိုးရာသီပဲရှိတာ။ နွေဘက်လည်း မိုးကရွာချင်





ရွာတာပါပဲကွာ။ မိုးရာသီက အရှည်ဆုံးပဲ၊ မှတ်တာကလည်း ရက်စက် တယ်။ ပဲခူးရိုးမမှာလို သစ်တောအရိပ်အောက်နေရတာ မဟုတ်ဘူးကွ။ ဆိုင်ကယ်တစ်စီးနဲ့ သွားလာနေရတော့ လူကမည်းပြောင်ပြီး ခန္ဓာကိုယ်မှာ ဆားတောင်ပွင့်တယ်။ ပယ်လယ်နဲ့လည်းနီးတော့ ဆားငန်လေတိုက်လို့ ထင်ပါရဲ့၊ ယူနီဖောင်းဆိုရင် တစ်နှစ်လောက်ကြာတာနဲ့ ချွေးစားပြီး ဖတ်ကုန်တာပဲ။ အမဲတော့ ပဲခူးရိုးမထက်ပေါတယ်ဟေ့။ ချေနဲ့တောဝက် အပေါဆုံးပဲ၊ တစ်ရက်ခြားလောက် တစ်ကောင်နှစ်ကောင် ရတတ်တယ်"

"အမဲပေါတယ်ဆိုတော့ ကျွန်တော်တို့တောင် လိုက်ချင်ပါရဲ့ ဆရာရယ်။ သာယာဝတီမှာလည်း ဆရာထောင်ပေးထားတဲ့ အလေးပြေး ကား(၂)စီးနဲ့ ကျွန်တော်တို့ အလုပ်ဖြစ်နေကြတာ။ အားတော့မအားကြ ဘူး ဆရာရေ။ ကားဆိုတာ ကိုယ်တိုင်လုပ်မှ။ တခြားသူသာလွှဲလိုက် ရင် ကားဆိုတဲ့အတိုင်း ကားသွားမှာ။ အခုကျွန်တော်တို့သာယာဝတီ နဲ့ သုံးဆယ်မြို့မှာ ခြံတစ်ကွက်စီဝယ်ပြီးပြီ။ အိမ်လည်း ဆောက်ပြီးပြီ။ ကားကြီး(၂)စီးထားဖို့လည်း ကားဂိုဒေါင်ကြီးပါ ဆောက်ထားတယ်။ လှည်း ယမ်းကူးရွာကို ပြန်မရောက်တာတောင် နှစ်ပေါက်တော့မယ်။ ဆရာ လည်း ရန်ကုန်ပြန်ရောက်ပြီပဲ။ လာလည်ပါဦးဆရာရယ်"

"မင်းတို့ အိမ်ထောင်ကိုယ်စီလည်း ကျပြီဆို"

"ဟုတ်ပါတယ် ဆရာ။ ဆရာအမြန်လမ်းစခန်းက အင်းစိန် ပြန်ရောက်ပြီး ကော့သောင်းစခန်းထွက်သွားတာဆိုတော့ ကျွန်တော် တို့နဲ့ကွဲသွားတာ (၃)နှစ်တောင်ကျော်ပြီလေ။ တင်သောင်းဆိုရင် ကလေး တစ်ယောက်တောင်ရနေပြီဆရာ"

"အေးကွာ ... ဝမ်းသာပါတယ်။ အိုးနဲ့အိမ်နဲ့ အတည်တကျ ဖြစ်သွားတာ ကောင်းတာပေါ့။ ဒါနဲ့အောင်သန်းရေ ... မင်းတို့မိဘ



www.burmeseclassic.com

www.burmeseclassic.com



တွေရော နေကောင်းကြရဲ့လား''

''ကောင်းပါတယ် ဆရာ။ မိဘတွေက မြို့ပေါ်မှာမပျော်တော့ မြို့နဲ့ရွာ ကူးချည်သန်းချည်ပေါ့ ဆရာရယ်။ ဆရာ့ကိုတော့ အလွန် ကျေးဇူးတင်နေကြတယ်။ ကျွန်တော်တို့ တောမှုဆိုးတွေမဟုတ်တော့ဘဲ ကားပိုင်ရှင်တွေ ဖြစ်နေကြလို့လေ။ ကျွန်တော်တို့ဆီကို အနားယူရင်း လာလည်ပါဦး ဆရာရယ်။ အားလုံးက ဆရာ့ကိုတွေ့ချင်လို့ မျှော်နေကြတာပါ''

''အေး ... အေး ... ငါလည်း ရန်ကုန်ပြန်ရောက်ပြီပဲ။ အခု ခရီးထွက်ရာကပြန်လာရင် လာခဲ့ပါ့မယ်''

''ဆရာ ... ဒါနဲ့အခုတစ်ခေါက် ဘယ်ဘက်ထွက်မှာလဲ။ ကျွန်တော်နဲ့တင်သောင်းက တစ်ယောက်ပဲလိုက်လို့ရမှာဆရာ။ ကျွန်တော်က ကိုယ်တိုင်မောင်းနေရတော့ လိုက်လို့မရတော့ဘူး။ တင်သောင်းက သူ့ကားကို သူ့ယောက်ဖကမောင်းတော့ လိုက်လို့ရတယ်''

''အေး ... ငါကတော့ နှစ်ယောက်စလုံးကို ခေါ်ချင်တာပါ။ မြန်မာပြည်မြောက်ပိုင်း နောင်မွန်းအထိသွားရမှာ။ တစ်လလောက် ကြာမယ်လို့ ခန့်မှန်းထားတယ်။ ငါ့အဖော်အဖြစ် တင်သောင်းပဲလိုက်ရင်လည်း ရပါတယ်။ ကိစ္စအကြီးအကျယ် မရှိပါဘူး။ နောင်မွန်းဘက်မှာတာဝန်ကျနေတဲ့ ငါ့အစ်ကိုကြီးဆီကို သွားလည်ရုံသက်သက်ပါ။ ဒေသန္တရ ဗဟုသုတရတာပေါ့ကွာ''

''ကောင်းတာပေါ့ ဆရာရယ်။ ဆရာနဲ့ဆို ဘယ်သွားသွား ကျွန်တော်လိုက်ချင်ပါရဲ့ ဆရာရယ်။ အခုက စီးပွားရေးကိစ္စလုပ်နေတော့ တစ်ယောက်မရှိလို့ မဖြစ်လို့ပါဆရာရယ်။ ဒီမှာ ကျွန်တော်တို့ရွာကထွက်တဲ့ ဆတ်သားခြောက်၊ ချေသားခြောက်နဲ့ ငါးရံ့ခြောက်တွေ





ယူလာတယ်ဆရာ။ ဆရာ့ကို ကန်တော့တာပါဆရာ။ ဆရာခရီးသွားရင်းလည်း စားရအောင်လို့ပါ''

''အေးကွာ ... ကျေးဇူးပဲ။ ကြော်ပြီး လမ်းခရီးစားဖို့ ထည့်သွားမယ်''

တစ်ချိန်လုံးငြိမ်နေသော မျောက်တင်သောင်းက ...

''ဆရာ ... အဲ့ဒါဆို ကျွန်တော်လည်း အနွေးထည်လေး၊ ဘာလေး အင်းစိန်ဈေးမှာ သွားဝယ်လိုက်ဦးမယ်လေဆရာ''

''မဝယ်နဲ့တော့။ မြို့ထဲကျမှဝယ်မယ်။ အခုငါတို့ နေ့လယ်စာစားကြမယ်။ စားပြီးတာနဲ့ထွက်မယ်''

''ဟုတ်ကဲ့ ဆရာ''

ကျွန်ုပ်၏အိမ်တွင် ဆရာတပည့်များ နေ့လယ်စာစားကြသည်။ တွေ့တာကြာပြီဖြစ်၍ စားသောက်ရင်းလည်း စကားပြောကြသည်။ စားပြီးသည်နှင့် ကျွန်ုပ်တို့အိမ်က ထွက်ခဲ့ကြသည်။ ထောင်ထိပ်တွင် Taxi ကားငှားပြီး အောင်သန်းအား စော်ဘွားကြီးကုန်း အဝေးပြေးအားဂိတ်မှာချထားခဲ့ပြီး ကျွန်ုပ်တို့ ရန်ကုန်ဘူတာကြီးသို့ ထွက်ခဲ့ကြသည်။ ဌာနဆိုင်ရာ မှတ်ပုံကတ်ပြ၍ မန္တလေးရထားလက်မှတ်ဝယ်ရာ အထူးတန်းမှ လက်မှတ်(၂)စောင်ရသည်။ ညနေ(၅)နာရီထွက်မည့်ရထားဖြစ်သည်။ မြို့ထဲသို့ထွက်ခဲ့ကြပြီး တင်သောင်းအတွက် ဗိုလ်ချုပ်ဈေးတွင်ဝင်၍ အနွေးထည်များဝယ်သည်။ ပြီးနောက် ရထားပေါ်တွင် စားသောက်ရန် စားသောက်စရာများ ဝယ်သည်။

ကျွန်ုပ်တို့ ရန်ကုန်ဘူတာကြီးသို့ ညနေ(၄)နာရီကျော်ခန့်တွင် ပြန်ရောက်ကြသည်။ လိုအပ်သည်များထပ်မံဝယ်ယူပြီး အသင့်တွဲထိုးထားသော ရထားတွဲပေါ်သို့ တက်ထိုင်ကြသည်။ ထိုစဉ်က အထူးတန်း



www.burmeseclassic.com

www.burmeseclassic.com



တွဲမှာ (၄)ယောက်မျက်နှာချင်းဆိုင်ထိုင်ရပြီး အလယ်တွင် စားသောက်ရန် စားပွဲကလေးပါသည်။ ကျွန်ုပ်တို့က နှစ်ယောက်တွဲထိုင်ခုံကိုယူထားသဖြင့် ကျန်နှစ်ယောက်တွဲထိုင်ခုံသို့ မည်သူများလာမည်ကို မသိရသေးပါ။ မိုးသမားနှင့် ဆေးလိပ်သမားများလာလျှင်တော့ စိတ်ညစ်ရပေဦးမည် ဖြစ်သည်။

(၁၄၄၅)နာရီ ရထားထွက်ရန် ခေါင်းလောင်းတီးမှ သားအမိနှစ်ယောက် အထုပ်အပိုး၊ ဆွဲခြင်းများဖြင့် ကမန်းကတန်း တက်လာကြသည်။ အစွန်တွင်ထိုင်သောတင်သောင်းက အလိုက်သိစွာ ပစ္စည်းများကို ခေါင်မိုးစင်ပေါ်တွင်တင်၍ နေရာချပေးသည်။

အဒေါ်ကြီးက...

"ကျေးဇူးတင်လိုက်တာ မောင်လေးရယ်။ အစ်မကြီးတို့က ရထားဆင်းတာနောက်ကျနေလို့ အပြေးအလွှားလာရတာ။ ဒီက သမီးပေါ့၊ သူ့အကြိုက်မုန့်တွေဝယ်နေလို့ ကံကောင်းလို့ရထားမီတာ"

"မေမေကလည်း၊ ဒီမုန့်တွေမပါရင် သမီးတို့ဘာသွားစားမှာလဲ"

"ဟဲ့... ဆွဲခြင်းထဲမှာ ညည်းအစ်မထည့်ပေးလိုက်တဲ့ ထမင်းချိုင့်ပါတယ်လေ။ အဲဒီ ထမင်းချိုင့်ကြောင့်လည်း နောက်ကျတာ။ သမီးကြီးက ဟင်းစုံအောင်ချက်ပြုတ်နေလို့လည်း ကြာနေတာ"

ကျွန်ုပ်တို့ခရီးသွားဖော်ချင်း တစ်ဦးကိုတစ်ဦး မိတ်ဆက်ကြရင်း ရထားကြီးစထွက်လာတော့ ရင်းနှီးသွားကြသည်။ ညစာစားကြတော့လည်း အတူတူပင်။ ကျွန်ုပ်တို့က အသင့်ဝယ်လာသော ဒံပေါက်ထုပ်များကိုဖွင့်စားတော့ အဒေါ်ကြီးနှင့်သူ့သမီးက သူတို့ထည့်လာသော ဟင်းများကို အတင်းထည့်ပေးသည်။





ကျွန်ုပ် ။ "စားပါ ညီမလေး၊ အစ်ကိုတို့မှာ ပြည့်စုံပါတယ်"

"အားမနာပါနဲ့အစ်ကို၊ ဒီမှာဟင်းတွေက အများကြီးပါ။ ညီမတို့သားအမိ မကုန်ပါဘူး။ ထမင်းလည်းယူကြပါ"

အဒေါ်ကြီးက ...

"မောင်လေးတို့ပဲ ကောင်းပါတယ်ကွယ်၊ ကြုံသလို စားနိုင်ကြတယ်"

"အစ်မကြီးက အပြင်စာစားလို့မရဘူးကွယ့်။ ဒါကြောင့် ထမင်းချိုင့်ကိုစောင့်ယူနေရတာနဲ့ အချိန်နောက်ကျသွားတာ"

သမီး ။ "အမေကရောဂါများတယ် အစ်ကို။ အစားအသောက်လည်း ရွေးတယ်။ အသန့်ကြိုက်လွန်းတော့ ပိုဆိုးတာပေါ့"

"ဟဲ့ ... ဟဲ့ ... ငါ့ဟာငါအသန့်ကြိုက်တာ အပြစ်လား။ ညည်းတို့ ခေတ်လူငယ်တွေဖြစ်ပြီး ကျန်းမာရေးကို ဂရုစိုက်ရကောင်းမှန်း မသိကြဘူး"

ကျွန်ုပ်တို့ သူတို့သားအမိ စကားများနေကြသည်ကို ကြည့်ပြီး ပြုံးမိကြသည်။ အသန့်အလွန်ကြိုက်သော ကျွန်ုပ်၏အိမ်မှဇနီးသည်ကိုလည်း သတိရမိသည်။ အိမ်ကဇနီးသည်က မိသားစုအားလုံး အပြင်ကပြန်လာလျှင် ဆပ်ပြာဖြင့် ခြေဆေးလက်ဆေးပြီးမှ အိမ်ထဲဝင်ခိုင်းသည်။ အပေါ်ယံသာ ဖြစ်သလိုဆေးသည်ဟုထင်ပါက သူကိုယ်တိုင် ကျွန်ုပ်တို့ခြေလက်ကို ဆပ်ပြာဖြင့်ပြောင်စင်အောင် ဆေးပေးလေ့ရှိသည်။ ထို့ကြောင့်ပင် ထင်ပါသည်။ ကျွန်ုပ်တို့မိသားစု ကျန်းမာကြသည်။ ရာသီဥတုပြောင်း၍ မျက်စိနာခြင်း၊ တုပ်ကွေးဖြစ်ခြင်းများ ကျွန်ုပ်တို့မိသားစုတွင် အလွန်ဖြစ်ခဲသည်။

ထိုစဉ် သမီးဖြစ်သူက ညနေစာစားပြီး အချိုတဲရန် ဓာတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ အသင့်ဖျော်လာသော ကော်ဖီများကို တစ်ခါသုံးခွက်ကလေးများ ထဲသို့ထည့်ပြီး ကျွန်ုပ်တို့အားပေးသည်။ အဒေါ်ကြီးက Tissue Paper ကို ထုတ်ပေးသည်။ ကျွန်ုပ်တို့ကလည်း ယူလာခဲ့သော ရှာမီကိတ်မုန့် ဘူးကို ထုတ်ပေးသည်။

"ကဲ ... အစ်မကြီးနဲ့ သမီးတို့စားကြပါ"

"အစ်ကိုတို့လည်း သုံးဆောင်ကြပါ"

စားသောက်ပြီး စကားပြောကြပြန်ရာ အဒေါ်ကြီးအမည်မှာ ဒေါ်စိန်ရွှေဖြစ်ပြီး သမီးအမည်မှာ မနန်းစောဟု သိရသည်။ မြန်မာနှင့် ရှမ်းစပ်များ ဖြစ်ဟန်တူသည်။ စကားတော့မဝဲ။ အသားအရေမှာ ပန်းနုရောင်အဆင်းရှိကြသည်။ မန္တလေးမြို့ ဈေးချိုအတွင်း၌ ရွှေဆိုင် ဖွင့်ထားကြောင်းလည်း သိရပြန်သည်။ ကျွန်ုပ်ငယ်ချစ်ဟောင်း မမကြီး အား သတိရမိသဖြင့် မေးရတော့သည်။

"အစ်မကြီးတို့က ဈေးချိုထဲမှာ ရွှေဆိုင်ဖွင့်ထားတယ်ဆိုတော့ မေးပါရစေ။ မမကြီးရွှေဆိုင်ဆိုတာ ရှိသလား"

"ဪ ... အစ်ကိုမေးတာက မမကြီးတို့သားအမိပိုင်တဲ့ 'ယွန်းပွင့်စံ'ရွှေဆိုင်ကို မေးတာထင်ပါရဲ့။ ရှိတယ်လေ။ ရွှေဆိုင်တန်း အစွန်က ဆိုင်ကြီးပဲ။ သူတို့ဆိုင်က အကြီးကြီးပဲ။ အလွန်လည်း ချမ်းသာကြတယ်။ ရှမ်းအနွယ်တော်တွေလို့ သိရပါတယ်။ ညီမနဲ့ယွန်းပွင့် က ကျောင်းနေဖက်သူငယ်ချင်းတွေလေ။ အစ်ကိုနဲ့ဘာတော်လို့လဲ"

"ဪ ... မမကြီးက သမီးတောင်ရနေပြီကိုး။ အစ်ကိုနဲ့ မမကြီးက ငယ်ပေါင်းတွေပါ။ မမကြီးက အစ်ကိုတို့ထက်တော့ အသက် ကြီးတယ်"

"အသက်ကြီးပေမဲ့ ဒေါ်မမကြီးက ချောတုန်းလှတုန်း အစ်ကို





ရေ။ အစ်ကိုတို့ ဘယ်မှာတွေ့ကြတာလဲ"

"အင်း ... အစ်ကိုက နောက်ဆုံးနှစ်ဖြေပြီး အမရပူရမြို့ နယ်ထဲက ရှမ်းရွာကြီးမှာ အသုံးလုံးဆရာအဖြစ် လုပ်အားပေးခဲ့တယ်။ အဲဒီရွာမှာ မမကြီးနဲ့ဆုံခဲ့တာပါ။ သူက အဲဒီကတည်းက ကျောက် အရောင်းအဝယ်လုပ်နေတာ။ ဈေးချိုထဲမှာ ဆိုင်ဖွင့်မယ်လို့ ပြောခဲ့တာ ကြောင့် မေးကြည့်မိတာပါ"

အဒေါ်ကြီး ။ "မမကြီးက မေမြို့(ပြင်ဦးလွင်)မှာနေတဲ့ ရှမ်းအနွယ် တော်တစ်ယောက်နဲ့အိမ်ထောင်ကျပြီး သမီးကလေးယွန်းပွင့်စံကို မွေး တာကွယ့်။ သူ့ယောက်ျားက သမီးလေးယွန်းပွင့်စံ (၅)နှစ်သမီးလောက် မှာပဲ အမဲလိုက်ရင်း ဝက်ပက်လို့ဆုံးပါးသွားတာ။ အခုသူတို့ ဈေးချို နားကအိမ်မှာပဲ သားအမိနှစ်ယောက်နေကြတယ်ကွယ့်။ အစ်မကြီးတို့ နဲ့က လုပ်ငန်းတူလို့ အင်မတန်ခင်ကြတာကွယ့်။ ဘာပြောပေးရဦးမ လဲ"

"ဟုတ်ကဲ့ ... အစ်မကြီး၊ ရှမ်းရွာကြီးက အသုံးလုံးဆရာ လေးဦးသိန်းဝင်းနဲ့ ရထားပေါ်မှာတွေ့ခဲ့တယ်လို့ပဲ ပြောပေးပါ အစ်မ ကြီး"

"အေးကွယ် ... အေး ... အေး"

မစောနန်းက လက်ဖက်သုပ်ပေးရင်း ...

"အစ်ကိုတို့ တက္ကသိုလ်ကျောင်းသားဘဝက ပျော်စရာအလွန် ကောင်းမှာပဲနော်။ ညီမတို့ခေတ်နဲ့ မတူတော့ဘူး။ အသုံးလုံးလုပ်အား ပေးတာကို ညီမအလွန်ဝါသနာပါတယ်။ ဆရာဦးသုခရဲ့ 'ဘယ်သူ့မြေ လို့ လုပါတော့နိုင်' ဇာတ်ကားကြီးကို ကြည့်ရတော့ အရမ်းပျော်မိ တယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါတယ်ညီမ၊ အသုံးလုံးလုပ်အားပေးရတာ အရမ်း ပျော်ဖို့ ကောင်းပါတယ်။ နောက်ပြီး တစ်ဦးနဲ့တစ်ဦး သံယောဇဉ်တွေ ဖြစ်ကြ၊ စာတွေရေးကြနဲ့ တကယ့်ဆွေမျိုးအရင်းတွေလို ဖြစ်သွားကြတာ”

“ဒါနဲ့အစ်ကို ရှမ်းရွာကြီးဆိုတာက ဘယ်အနားမှာလဲ။ ရှမ်းတွေနေကြတဲ့ ရွာပဲလား”

“ရှေးတုန်းကတော့ ရှမ်းအနွယ်တော်တွေနေတာလို့ သိရသကွယ့်။ ရှမ်းရွာကြီးက ကြက်နဖားတောင်ခြေ ဒုဌဝတီမြစ်ကမ်းဘေး ရွှေစာရံစေတီနားမှာကွယ့်။ အလွန်သာယာတဲ့ နေရာကလေးပဲ။ မေမြို့ (ပြင်ဦးလွင်) သွားတဲ့လမ်းဘေး ကျောက်မီးတာဆုံရွာက ရေပေးမြောင်းကြီးအတိုင်းလိုက်သွားရင် ရောက်တယ်ကွယ့်၊ ကျောက်မီးတာဆုံကနေ တံတိုင်းရှည်ရွာ၊ မိုင်လေးဆယ်ရွာကိုလွန်တာနဲ့ ရှမ်းရွာကြီးကိုရောက်တယ်”

“ရွှေစာရံဘုရားပွဲရင်း အဲဒီဘက်ကို သွားလည်ချင်လိုက်တာ အစ်ကိုရယ်။ တစ်နေ့လောက် ဒေါ်မမကြီးကိုပူဆာဦးမယ်၊ အစ်ကိုတို့ ဒေါ်မမကြီးအိမ်ကို ဝင်ဦးမလား၊ ညီမလိုက်ပို့မယ်လေ။ ညီမတို့နေတဲ့ အိမ်နဲ့နီးပါတယ်”

“မလိုက်သေးဘူး ညီမလေး။ အစ်ကိုတို့က ပူတာအိုကိုကျော်ပြီး မြန်မာပြည်မြောက်ဖျား၊ နောင်မွန်းမြို့အထိ ခရီးဆက်ရဦးမှာ”

အဒေါ်ကြီး ။ “အပြန်ကျ ဝင်လာခဲ့ကြပါကွယ်။ ဈေးချိုထဲက နန်းစော ရွှေဆိုင်ကိုသာ လာခဲ့ကြပါ။ အစ်မကြီးတို့က ထမင်းတစ်နပ်လောက် ကျွေးချင်လို့ပါကွယ်”

“ဟုတ်ကဲ့ အစ်မကြီး။ အချိန်ရရင် ဝင်လာခဲ့ပါ့မယ်”





ည(၉)နာရီထိုးတော့ ကျွန်ုပ်တို့ စကားစပြတ်သွားသည်။ ခရီးပန်းလာကြသဖြင့် ထိုင်ခုံတွင်မှေးစက်ကြသည်။ နောက်တစ်နေ့မနက် (၆)နာရီတွင် မန္တလေးဘူတာကြီးသို့ ရထားဆိုက်သည်။ မနန်းစောတို့ သားအမိ နှုတ်ဆက်ပြီး ပြန်သွားသလို ကျွန်ုပ်တို့ဆရာတပည့်လည်း မြစ်ကြီးနားသို့ဆက်သွားရန်အတွက် ရထားလက်မှတ်ကိစ္စ ကြိုးစားရပြန်သည်။ မနက်(၇)နာရီထွက်မည့် အထက်တန်းရထားလက်မှတ်ရသဖြင့် မနက်စာတကာသုတ်ရိုက်စားပြီး ရထားတွဲပြောင်းစီးရသည်။

ကျွန်ုပ်တို့ရထားကြီး မနက်(၇)နာရီတွင် မန္တလေးဘူတာကြီးမှ ထွက်ခဲ့သည်။ မြို့ဟောင်းဘူတာကို ကျော်ဖြတ်ပြီး မိုးညှင်းကျော်၍ ဟောင်းမြို့သို့ရောက်တော့ မိုးချုပ်ပေပြီ။ ရထားကြီးမှာ တောင်တက်လမ်းဖြစ်၍လားမသိ အလွန်နှေးသည်။ ဘူတာတစ်ခုရပ်လျှင်လည်း အတော်ကြာသည်။ နောက်မှသိရသည်မှာ ပြည်တောင်ဘူတာအနီးတွင် ဆုန့်ရထားလမ်းချော်သဖြင့် တွဲများရှင်းလင်းနေရသောကြောင့်ဟု သိရသည်။ ကျွန်ုပ်တို့ မြစ်ကြီးနားဘူတာရောက်တော့ နောက်တစ်နေ့ မနက်(၄)နာရီပင်ထိုးပြီ ဖြစ်သည်။ ရထားခရီးလမ်းလည်း ဆုံးပါပြီ။ ဆောင်းရာသီဖြစ်သော်လည်း မနက်ခင်းဖြစ်၍ မြစ်ကြီးနားမြို့မှာ နှင်းတွေကျပြီး ချမ်းအေးလှသည်။ ကျွန်ုပ်တို့ဆရာတပည့် ဘူတာအနီးဆိုင်တစ်ဆိုင်ပင် ရှမ်းစာများစားကြသည်။ ပြီးနောက် လက်ဖက်ရည်သောက်ကြသည်။ အချို့ခရီးသည်များက ဒေသခံများဖြစ်ပုံရသည်။ စောစီးစွာ က်သောက်နေကြသည်။

အချိန်စောသေးသဖြင့် ကျွန်ုပ်တို့အေးဆေးစွာ စောင့်ဆိုင်း သောက်ရင်း မနက်(၆)နာရီကျော်မှ ဆိုက်ကားငှား၍ မြစ်ကြီးနား ဆ်သို့ ထွက်ခဲ့သည်။ မြစ်ကြီးနားဘဏ်အပေါ်ထပ်တွင် အစ်ကိုကြီး၏



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ မန်နေဂျာဦးကျော်မြင့်ငြိမ်း နေထိုင်ကြောင်း သူ့ထံတွင်အ
အညီတောင်းရန် အစ်ကိုကြီးက မှာထားပါသည်။ ကျွန်ုပ်တို့ရောက်
ဦးကျော်မြင့်ငြိမ်းက ကျွန်ုပ်နှင့် ရန်ကုန်ကုန်သွယ်မှုဘဏ်ကတည်း
သိသည်။

အလျှောက် ။ "ဟော ... ကိုအောင်သန်းညို ထောင်မှူးပါလာ
ကိုအောင်သန်းဆီသွားဖို့ မဟုတ်လား။ အတော်ပါပဲဗျာ၊ ဒီနေ့ နောင်
ဘဏ်ကို ငွေပို့သွားမယ့်လေယာဉ်ရှိတယ်။ ဒါပေမဲ့ နောင်မွန်းကို တို
ရိုက်မရောက်ဘူးနော်။ ပူတာအိုကနေ မချမ်းဘောဘက်ကူးပြီး လ
လျှောက်ကြရမှာ။ လုံခြုံရေးအစောင့်တွေပါပါတယ်။ ဟိုဘက်ကမ်း
မြည်းတွေနဲ့ ငွေတွေတင်ပြီး သွားကြရမှာပါ"

"ကဲ ... ပစ္စည်းတွေထားခဲ့ပြီး လာကြ။ Breakfast သွ
ဆွဲရအောင်"

"ကျွန်တော်တို့ဘူတာနားမှာ စားလာခဲ့ပြီးပါပြီ ဆရာ"

"မရဘူး၊ ကျွန်တော်တာဝန်မကျေရာ ကျနေမယ်။ ထပ်
ဦး။ နောက်ပြီး ခင်ဗျားအစ်ကိုကြီးက ကျွန်တော့်ကို အပြစ်တင်
မယ်။ ကဲ ... လာပါ"

ကျွန်ုပ်တို့ မြစ်ကြီးနားဈေးအနီးကဆိုင်တွင် စားကြရပြန်သည်
ဤတစ်ခါတော့ ကြက်ဥထမင်းကြော်နှင့် မလိုင်လက်ဖက်ရည်
သည်။

"လေယာဉ်က မနက်(၉)နာရီမှထွက်မှာ။ ဒါတောင် မသေ
ဘူး။ နှင်းကျလို့တိမ်ဖုံးနေရင် စောင့်ရတတ်တယ်။ ဒီမြန်မာပြည်မြော
ပိုင်းကတော့ ဒီလိုပါပဲ။ ပူတာအိုဘက်မှာ ပိုဆိုးတယ်။ နှင်းကျ
တိမ်ဖုံးနေရင် လေယာဉ်ဆင်းမရလို့ မြစ်ကြီးနားကို ပြန်လှည့်လာရ





လည်းရှိတယ်"

"ပြန်လှည့်လာရရင်လည်း မပူပါနဲ့၊ ကျွန်တော့်ဆီမှာပဲ တည်း
ပေါ့။ နောက်တစ်နေ့ ပြန်ထွက်မှာပဲ။ ဒီနေ့ နေ့လယ်စာကိုတော့
ပူတာအိုဘဏ်က ကျွေးလိမ့်မယ်။ လမ်းခရီးကိစ္စကတော့ ကြုံရာစား
ကြရမှာပေါ့။ အနွေးထည်တွေရော ပါရဲ့လား"

"ပါပါတယ် ဆရာ။ ကျွန်တော်တို့ အပြည့်အစုံ ယူလာပါ
တယ်"

စားသောက်ကြပြီးနောက် ဘဏ်ကငှားသယ်သော ဒေါ့ဂျ်ကား
ကြီးဖြင့် လေယာဉ်ကွင်းသို့ ဆင်းကြသည်။ လက်နက်ကိုင် အစောင့်
အရှောက်များနှင့် တာဝန်ခံလည်းပါသည်။ လေယာဉ်ကွင်းရောက်တော့
တွင်အော်တာလေယာဉ်ကလေးမှာ အဆင်သင့်စောင့်နေသည်။ (Char-
ter Plane) ငှားထားခြင်းဖြစ်၍ ကျွန်ုပ်တို့လေယာဉ်ကို အခ မပေးဘဲ
စီးရခြင်း ဖြစ်သည်။ ရာသီဥတုကောင်းမွန်၍ လေယာဉ်တက်နိုင်သည်။
တွင်အော်တာလေယာဉ်မှာ ပန်ကာ(၂)လုံးဖြင့် ဖြစ်သည်။ အသံအတော်
ဆူညံသည်။ ပြေးလမ်းတိုအတွင်းတက်နိုင်၍ သုံးခြင်းဖြစ်ပုံရသည်။
ကျွန်ုပ်တို့စီးဖူးသော Fokker လေယာဉ်နှင့် Fokker Jet လေယာဉ်လို
မငြိမ့်ညောင်းပါ။ တဒီးဒီးအော်မြည်ပြီး တဖြည်းဖြည်းသာ သွားသည်။
အမြင့်ပေ (၉၀၀၀')အထိတက်ပြီး မြောက်ရူးရူးသို့ပျံသန်းသည်။

လေယာဉ်လက်ဝဲဘက်မှန်ပြတင်းမှ ကျွန်ုပ်အောက်သို့ ငုံ့ကြည့်
ရာ မြေလိမ်မြွေကောက်စီးဆင်းနေသော ဧရာဝတီမြစ်ကြီးကို တွေ့ရသည်။
ကြာမိ မေခမေလီခနှင့် ဧရာဝတီမြစ်ကြီး ပေါင်းဆုံနေသော မြစ်ဆုံ
ပေါ်သို့ ရောက်လာသည်။ ငွေသယ်ယူလာသူ တာဝန်ခံက ကိုငွေထွန်း
ဆိုသူဖြစ်သည်။ ကျွန်ုပ်တို့နှင့်မိတ်ဆက်ပြီး ခရီးစဉ်အကြောင်း တစ်ငွေမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံး ရှင်းပြလာခဲ့သည်။

"မြစ်ဆုံက မြစ်ကြီးနားမြို့နဲ့ ကုန်းလမ်းခရီး(၂၈)မိုင်ဝေးတယ်ဗျ။ ရေခဲတောင်တွေပေါ်မှာ မြစ်ဖျားခံခဲ့ကြတဲ့ ထလာဝမ်၊ အဒုံဝမ်၊ ဆန်ခူးဝမ်မြစ်သုံးသွယ်ဟာ မြောက်လတ္တီတွဒ် ၂၈ ဒီဂရီအထက်နားမှာ ပေါင်းဆုံမိကြပြီး နမ့်တမိုင်မြစ်ဖြစ်လာတယ်။ နမ့်တမိုင်မြစ်ဟာ အရှေ့တောင်ဘက်ကို စီးဆင်းခဲ့ပြီး မြောက်ဘက်က စီးဆင်းလာခဲ့ကြတဲ့ ဒပ္ပလူဝမ်၊ တရူဝမ်၊ ထရုန်ဝမ်မြစ်တို့ ပေါင်းဆုံကြပြန်ပြီး မေခမြစ်ဖြစ်ပေါ်လာပြီး အရှေ့တောင်ဘက်ကို စီးဆင်းခဲ့တယ်။ မေခမြစ်အတွင်းကို အချန်းခ၊ မက်ရာမေ၊ မောကျောင်း၊ ဝေါ်ချမ်းခမြစ်ငယ်များနဲ့ ထပ်မံပေါင်းဆုံပြီး စီးဆင်းလာရာ တောင်ဘက်အနောက်ယွန်းယွန်း ရောက်တော့ ကျဖွီခ၊ အင်လီးခ၊ ရှငေါ်ခ၊ ဒွမ်လန်ခမြစ်ငယ်တွေဟာ အရှေ့ဘက်က ထပ်မံစီးဝင်လာပြန်တယ်။

ဒွမ်ဘန်ခုနဲ့တွေ့ဆုံပြီး မေခမြစ်ဟာ အနောက်ဘက်ကို စီးဆင်းလာရာက မေလိခမြစ်နဲ့အရှေ့လောင်ဂျီတွဒ် (၉၇)ဒီဂရီ (၃၀)မိနစ်နဲ့ မြောက်လတ္တီတွဒ် (၂၅)ဒီဂရီ (၄၂)မိနစ်မှာ ပေါင်းဆုံကြပြီး ဧရာဝတီမြစ်ကြီး ဖြစ်လာတာပဲ။ ကျွန်တော်တို့ဒေသခံတွေကတော့ မေခမြစ်ကို အင်မိုင်ခ၊ မေလိခမြစ်ကို မလိခလို့ အမြွတ်တနိုးခေါ်ခဲ့ကြတယ်"

အောက်ဘက်တွင် တောင်တွယ်ကြီးများ သစ်တောကြီးများကြောင့် ရှု၍ မဆုံးနိုင်တော့ပါ။ တိဗက်ကုန်းမြင့်မှပြာဆင်းလာသော တောင်တန်းတောင်စွယ်များမှာ မြောက်ဘက်မှတောင်ဘက်သို့ လက်ငါးချောင်း ဖြန့်ခင်းထားသလို ဒေါင်လိုက်သွယ်တန်းလျက် ရှိသည်။ တောင်ထွတ်များမှာ ပေ(၃၀၀၀')မှ ပေ(၇၀၀၀')၊ ပေ(၁၀၀၀၀') ကျော်အထိမြင့်မားကြကြောင်း သိရသည်။ ကချင်တောင်တန်းကြီးများ၏ အနောက်ဘက်





အင်မိုင်ခနှင့် မလိခမြစ်အကြားတွင်ရှိသော ရှန်ငေါ်တောင်တန်းမှာ မြောက်ပိုင်းမှဆင်းလာသည်။ ငါလောင်ဘွန်တောင်နှင့် တစ်ဆက်တည်းဖြစ်ပြီး ကြိုက်နယ်မြေတစ်ခုလုံးကို တောင်ကုန်းဒေသ ဖြစ်လာစေခဲ့သည်။ နင်ဂွန်ဘွန်တောင်ထိပ်မှာ ပေ(၁၀၇၁၂') မြင့်ပြီး အမြင့်ဆုံးဖြစ်သည်။

ပလောင်လန်ဘွန်တောင်ကမူ ထူးခြားစွာဖြင့် အရှေ့အနောက် သွယ်တန်းလျက် ရှိသည်။ တဝင်းဘွန်တောင်ထွတ်မှာ ပေပေါင်း(၁၀၉၅၉') မြင့်သည်။ တောင်ခြေမှစ၍ သွယ်တန်းနေသော နမ့်ဆင်ဘွန်၊ ဝန်ထွတ်ဘွန်၊ တရီဘွန်၊ နမ်မောဘွန်၊ ဆင်ခွးဘွန်တောင်တန်းများဟာ နယ်နိမိတ်ဆုံတဲ့ [illegible]ထိ သွယ်တန်းနေသည်။

"ဒီမှာဘက်မှာက ပွင့်လင်းရာသီဆိုရင် မြစ်ကြီးနားနဲ့ပူတာအိုကို လေယာဉ်တစ်နေ့(၃)ခေါက်ပျံတယ်။ ဒီမှာက မိုးရာသီနဲ့ဆောင်းရာသီပဲရှိတယ်။ နွေရာသီမရှိဘူး။ အောက်တိုဘာလနဲ့ မေလအထိဟာ ပွင့်လင်းရာသီလို့ ဆိုရမှာပေါ့။ မြစ်ကြီးနားနဲ့ပူတာအိုဟာ (၂၁၈)မိုင်ကွာဝေးတယ် (၄၅)မိနစ်ကြာ ခရီးပဲ။

ဟော့ . . . ဟိုလက်ဝဲဘက်မှာ ဆွမ်ပရာဘွမ်မြို့။ ဘယ်လောက်သာယာလှပသလဲ ကြည့်ကြပါဦး။ မြစ်ကြီးနားနဲ့ ဆွမ်ပရာဘွမ်က (၁၃၂)မိုင်ဝေးတယ်"

ကျွန်ုပ်တို့ ငုံ့ကြည့်ကြသည်။ တောင်ကုန်းထိပ် မြေညီလွင်ပြင်ပေါ်၌ တည်ထားသော ဆွမ်ပရာဘွမ်မြို့အား အမိုးနီနီရဲရဲများဖြင့် မြင်ရသည်။ တောင်တန်းကြီးများသစ်တောများအလယ်မှ တောင်ပေါ်မြို့ကလေး ဖြစ်ပေသည်။ ပူတာအိုနှင့် ဆွမ်ပရာဘွမ်က မိုင်(၈၀)ကျော်ဝေးသည်။

မကြာမီပင် မူလာရှိဒီးရွာနှင့် နာမည်ကျော်မူလာရှိဒီး ကြိုး



www.burmeseclassic.com

www.burmeseclassic.com



တံတားပေါ်သို့ ရောက်လာသည်။ ပူတာအိုနှင့် (၈)မိုင်သာ ဝေးတော့သည်။ မကြာမီ ပြန့်ခေါ် လွင်ပြင်ကျယ်ကြီးတစ်ခုအတွင်းသို့ လေယာဉ်ကလေး တဖြည်းဖြည်း ဆင်းလာသည်။ ပူတာအိုလေယာဉ်ကွင်းသို့ လေယာဉ်ဆင်းပြီ ဖြစ်သည်။ ဤလွင်ပြင်ကျယ်ကြီးအား 'ခမ်းတီးလုံ လွင်ပြင်' ဟုခေါ်ကြောင်း သိရသည်။

လေယာဉ်ပေါ်မှအဆင်းတွင် မြောက်ဘက်၌ ရေခဲတောင်ဖြူဖြူကြီးများကို မြင်နေရသည်။ လုန်ခရမာဒင်နှင့် ပုန်ကန်ရေခဲတောင်ကြီးများဖြစ်ကြောင်း သိရသည်။ လေယာဉ်ကွင်းမှ ပူတာအိုမြို့ထဲသို့ (၂)မိုင်မျှ ဝေးသေးသည်။ သီးသန့်ကား၊ မြင်းလှည်း၊ ဆိုက်ကားမရှိပါ။ တောင်ဆင်း တောင်တက်များသောကြောင့်ဖြစ်သည်။ လေယာဉ်ကွင်းမှ မချမ်းဘောမြို့သို့သွားသည်။ ကုန်းလမ်းပို့ဆောင်ရေးပိုင် ခရီးသည်တင်ကားကြီးတစ်စင်းသာရှိကြောင်း သိရသည်။ စောင့်၍စီးရမည်ဖြစ်သည်။ ကျွန်တော်တို့စီးလာသော တွင်အော်တာလေယာဉ်ကလေးကတော့ (၄၅)မိနစ်ကြာ ခရီးမိုင်(၂၁၈)မိုင်ဝေးသော မြစ်ကြီးနားမြို့သို့ ပျံတက်သွားပြီဖြစ်သည်။

ကျွန်ုပ်တို့ ငွေသေတ္တာများဖြင့် စောင့်ဆိုင်းနေကြစဉ် နာရီဝက်ခန့်ကြာမှ ခရီးသည်တင်ကားကြီး ရောက်လာသည်။ ခရီးသည်မှာ (၉)ဦးသာဖြစ်၍ ကားကြီးမှာချောင်လည်ပါသည်။ ငွေသေတ္တာကလည်း သံသေတ္တာကြီး(၄)လုံးသာ ဖြစ်သည်။ ကားကြီးထွက်လာတော့ ကားလမ်းဘေးမြေပြန့်တွင် ရွှေဝါရောင်စပါးခင်းများကို တစ်လမ်းလုံး တွေ့ရသည်။ နမ်ထုံချောင်းကိုဖြတ်ပြီး ဆောက်လုပ်ထားသည့် သံတံတားကြီးကိုဖြတ်ကျော်ပြီး တောင်ကြောလမ်းနှစ်ကွေ့ကို ဖြတ်ကျော်ပြီးသည်နှင့် ပူတာအိုမြို့သို့ ရောက်ရှိတော့သည်။ ကားကြီးမှာ ပူတာအိုဘဏ်ရှေ့





တွင်ရပ်သည်။ ကျွန်ုပ်တို့ ပူတာအိုဈေးအနီးကဆိုင်တွင် နေ့လယ်စာစားကြသည်။ ပြီးနောက် ကားကြီးက ပူတာအိုမြို့နှင့် (၇)မိုင်ဝေးသော မူလာရှီဒီးကြိုးတံတားထိပ်သို့ လိုက်ပို့သည်။ ကားလမ်းခရီးက ဆုံးပေပြီ။ အထမ်းသမားများငှားလာ၍ ငွေသေတ္တာနှင့်ပစ္စည်းများအား ကြိုးတံတားကိုဖြတ်၍ သယ်ရသည်။ မူလာရှီဒီးကြိုးတံတားမှာ မူလာချောင်းကိုဖြတ်၍ဆောက်လုပ်ထားရာ ကိုက်(၂၀၀)ခန့်ရှည်သည်။ အကျယ်မှာ (၆)ပေခန့်သာ ကျယ်သည်။ အထက်နှင့်အောက် (၅)မူးလုံးခန့်ရှိ သံမဏိကြိုးကြီးနှစ်ချောင်းကို အားပြုပြီး အောက်ခြေတွင် သစ်ဖြင့် ခင်းလုပ်ထားပြီး အပေါ်က ဝါးလေးစိတ်ကွဲရက်၍ ခင်းထားသည်။ တံတားကြီးအား လမ်းလျှောက်ဖြတ်ကျော်တော့ လှုပ်ယမ်းနေသည်။ အတော်သတိထား၍ ဖြတ်ကူးရသည်။ သည်ဘက်ကမ်းရောက်တော့ မူလာရှီဒီးရွာတန်းရှည်ကြီးသို့ ရောက်သည်။ နောက်တွဲပါ ထွန်စက်ကြီးကိုငှားပြီး ပစ္စည်းများတင်သည်။ ထွန်စက်၏နောက်တွဲမှာ သံကိုယ်ထည်မဟုတ်ပါ။ ဒေသထုပ် သစ်သားကိုယ်ထည်သာ ဖြစ်သည်။

ထွန်စက်ကြီးက မြေလမ်းကြမ်းကြီးတွင် တဝုန်းဝုန်း မောင်းနှင်ရင်း မူလာရှီဒီးရွာ၊ ရီကျော်ဒီးရွာ၊ ဇီးဘွန်ရွာစသည့် ရွာတန်းရှည်ကြီးများအား ဖြတ်သန်းပြီးနောက် မလိခကမ်းခြေရှိ နောင်မိုင်ရွာသို့ ရောက်သည်။ နောင်မိုင်ရွာမှ မလိခတစ်ဖက်ကမ်း မချမ်းဘောမြို့သို့ ကူးတို့လှေကြီးဖြင့် ကူးကြရသည်။ ညနေလည်းစောင်းပြီဖြစ်၍ ကျွန်ုပ်တို့အဖွဲ့ မချမ်းဘောတွင် ညအိပ်ကြရမည်ဖြစ်သည်။ ငွေသေတ္တာများအား ရဲစခန်းတွင်အပ်ပြီး ကျွန်ုပ်တို့အဖွဲ့ ဂူဘားရိပ်သာတွင် တည်းခိုကြရသည်။

နောက်တစ်နေ့မနက် ကျွန်ုပ်တို့အဖွဲ့မနက်စာ စားနေကြစဉ်



www.burmeseclassic.com

www.burmeseclassic.com



မှာပင် ရဲစခန်းမှ ဒေါ့ဂျစ်ကားကြီးငှား၍ရကြောင်း သတင်းပို့ပါသည်။ ကားသာငှားမရပါက မချမ်းဘောမှ နောင်မွန်းမြို့သို့ မြည်းဖြင့်လည်းကောင်း၊ အထမ်းသမားများဖြင့်လည်းကောင်း ပစ္စည်းများသယ်ဆောင်ရပြီး (၂)ညအိပ်(၃)ရက် ခရီးရှည်ကြာကြောင်းသိရသည်။ ကျွန်ုပ်တို့ စားသောက်ပြီးသည်နှင့် ခရီးဆက်ကြသည်။ လမ်းမှာ တောင်တက် တောင်ဆင်းလမ်းသာပင်။ ကားအသွားအလာနည်း၍ လမ်းကကြမ်းသည်။ စက်အားကောင်းများသာ သွားလာနိုင်သည့်လမ်း ဖြစ်ပေသည်။

ဒေါ့ဂျစ်ကားကြီးမှာ ကျောက်ခင်းလမ်းကြမ်းကြီးပေါ်တွင် တရွေ့ရွေ့သွားနေသည်။ အလန်ငါးကျေးရွာအုပ်စု၊ ထန်းဂါးကျေးရွာအုပ်စုတို့ကိုကျော်ဖြတ်ပြီး ရှန်ခချောင်းနှင့်ယှဉ်၍လိုက်သွားရာ ရတ်ဘောရွာသို့ရောက်သည်။ ရတ်ဘောရွာမှ ရှေ့ဆက်သွားရာ ရှန်ခချောင်းကိုဖြတ်ကျော်ရသည်။ အနောက်မြောက်ယွန်းယွန်းသို့ ဆက်၍သွားရာ ရှန်ခချောင်း၏အရှေ့ဘက်တွင် တည်ရှိနေသည်။ မြန်မာပြည်မြောက်ဘက်အစွန်အဖျားတွင် တည်ရှိသည့် နောင်မွန်းမြို့သို့ ရောက်လေသည်။ မိုင် (၄၀)ခရီးကို တစ်နေကုန်အောင် မောင်းနှင်ရသည်။ နောင်မွန်းမြို့သို့ရောက်တော့ ကားလည်းပန်းပြီး လူများလည်းကိုင်ရိုက်ထားသလို နုံးချိနေသည်။ နေလည်းဝင်လုပြီဖြစ်၍ အအေးဓာတ်က ခိုက်ခိုက်တုန်အောင် ချမ်းအေးလာသည်။ နောင်မွန်းဘဏ်က အစ်ကိုကြီးက ကျွန်ုပ်တို့အား နွေးထွေးစွာကြိုဆိုပါသည်။

"လာ . . . လာ . . . ညီလေး၊ ဗအောက်ထပ်မှာ မီးလင်းဖိုရှိတယ်။ ခဏနားနေလိုက်။ အနွေးထည်တွေရော ပြည့်စုံအောင်ပါရဲ့လား"

"ပါပါတယ် အစ်ကိုကြီး"





ကျွန်ုပ်တို့ အခန်းထဲရောက်မှ နွေးထွေးသွားသည်။ အစ်ကိုကြီး၏တပည့်တစ်ဦးက ကျွန်ုပ်တို့အား တောင်ပေါ်အရက်တစ်ခွက်စီ လာတိုက်သည်။ ပြင်းလှသောတောင်ပေါ်အရက်ကို ရေခဲသောတောင်ပေါ်ဒေသတွင် ကျွန်ုပ်တို့ရေမရောဘဲ သောက်နိုင်ကြသည်။ အစ်ကိုကြီးမှာ ဘဏ်ငွေများအား ရဲစခန်း(Vault)တွင်အပ်နှံရန် စီစဉ်နေသည်။ နောင်မွန်းဘဏ်မှာ အုတ်တိုက်ကလေး ဖြစ်သည်။ အောက်ထပ်တွင် ရုံးလုပ်ငန်းလုပ်ပြီး အပေါ်ထပ်တွင်လူနေသည်။ တောမြို့ကလေးတစ်မြို့သာဖြစ်သည်။ မြို့အား မြင့်မားလှသော တောင်တန်းများနှင့် ရေခဲတောင်ထွတ်ကြီးများက ဝိုင်းရံနေသည်။

ညဘက်တွင် ညစာစားကြရင်း အစ်ကိုကြီးက . . .

"ညီလေး . . . မင်းလာမယ်ဆိုလို့ ငါမျှော်နေတာကြာပြီ။ ဒီဘက်ခရီးက အလွန်ကြမ်းတယ်။ မင်းရောက်အောင်လာနိုင်တာ ချီးကျူးစရာပဲ။ ရောက်စဆိုတော့ အလွန်အေးလိမ့်မယ်။ နှစ်ရက်သုံးရက်နေပြီးသွားရင်တော့ နေသားကျသွားမှာပါ။ ကဲ . . . စားကြ။ ဒီဟာ တောင်ဆိတ်သားဟင်း၊ ဒါကတော့ ဝက်ဝံသား၊ ဒါက ရှဉ့်သားကြော်၊ ဟင်းရည်ကတော့ မက်လင်ချဉ်သီးချဉ်ရည်ဟင်း။ အားလုံးဆေးဖက်ဝင်တယ်"

"ဟုတ်ကဲ့ . . . အစ်ကိုကြီး"

ဆီနည်းနည်းဖြင့်ချက်ထားသော ဟင်းများဖြစ်သော်လည်း လတ်ဆတ်သောအသားများဖြစ်၍ အလွန်စားကောင်းပါသည်။ မက်လင်ချဉ်သီး ချဉ်ရည်ဟင်းကတော့ ဖန်ချဉ်ကလေးနှင့် ခံတွင်းကိုမြိန်စေပါသည်။

"နောက်ရက်တွေမှာ မင်းတို့ရေခဲကျွန်းမြို့သားနဲ့ ကတိုးကောင်



www.burmeseclassic.com

www.burmeseclassic.com



သားစားရလိမ့်ဦးမယ်။ ကတိုးကောင်သားကတော့ ကတိုးနဲ့မွှေးလွန်းလို့ ငါတော့စားမရဘူးဟေ့။ ရေခဲငှက်သားတွေလည်း ရှိသေးတယ်။ အကောင်ကြီးတော့ အမှုန်ကြီးတယ်။ စားလို့တော့ ကောင်းပါတယ်''

''အစ်ကိုကြီး ... ကတိုးကောင်က ဘယ်လောက်ကြီးသလဲ။ ဘာတွေ အသုံးဝင်သလဲ။ နောက်ပြီး မချစ်ဥနဲ့ ခန်းတောက်မြစ်၊ ရှုံးပတီဥတွေအကြောင်းကိုလည်း သိချင်တယ်''

''အေး ...အေး ... ထမင်းစားပြီး ဖခါးရည်သောက်ရင်း ပြောကြတာပေါ့။ ငါက အကုန်မသိဘူး။ မုဆိုးကြီးဦးအမ်အင်ဆားကို ခေါ်ပေးမယ်။ သူရောက်လာမှ မင်းမေးချင်တာကို အကုန်မေးတော့။ သူက ရေခဲတောင်ပေါ်မှာ ငယ်စဉ်ကတည်းက အမဲလိုက်ရင်း ဆေးမြစ်ရှာလာတာ။ နှံ့စပ်တယ်''

ကျွန်ုပ်တို့ ညစာစားပြီး ဂရိတ်ဖရုသီးနှင့် စတားဖရုသီးများအား စားနေကြစဉ် မုဆိုးကြီး ဦးအမ်အင်ဆားဆိုသူ ရောက်လာသည်။ အသက် (၅၀)ကျော်ခန့်ရှိပြီဖြစ်သော်လည်း သန်မာထွားကျိုင်းပြီး လက်မောင်းလုံးကြီးများမှာ ကျွန်ုပ်တို့ပေါင်လုံးခန့်ရှိသည်။ ရဝမ်အမျိုးသားကြီးတစ်ဦးဟုသိရသည်။ ကုလားအင်္ကျီလို လက်ပြတ်ကျားသားရေအင်္ကျီကို ဝတ်ဆင်ထားသည်။ ဂျပ်နုတ်လုံချည်နှင့် ခြေထောက်တွင် ကိုယ်တိုင်ချုပ်ဟန်တူသော ချေသားရေဖိနပ်ကို ဝတ်ဆင်ထားသည်။

''ဦးအမ်အင်ဆားရေ ... ဒါ ရန်ကုန်က ကျွန်တော့်ညီတွေပဲ။ အမဲလိုက်တာတွေမေးချင်လို့တဲ့။ ပြောပြပေးပါဦး''

''ဟုတ်ဆရာ၊ ဘာအကြောင်းသိချင်တာလဲ''

''ကတိုးကောင်အကြောင်းနဲ့ အမဲလိုက်အတွေ့အကြုံတွေရယ်၊ ခန်းတောက်မြစ်၊ မချစ်ဥနဲ့ ရှုံးပတီဥတွေအကြောင်း သိချင်ပါတယ်





မုဆိုးကြီး''

''အေး ... ငါပြောမယ်နားထောင်။ ကတိုးကောင်ကို ရဝမ်ဘာသာနဲ့ထလား (ခေလား)၊ ကတိုးဆီကို ရာဆွမ်းလို့ခေါ်တယ်။ ကတိုးဟာ ဒရယ်မျိုးနွယ်ဝင်ဖြစ်တယ်။ ဒါပေမဲ့ ဒရယ်လောက်မကြီးဘူး။ ချေလောက်ပဲရှိတယ်၊ ရေခဲတောင်ပေါ်မှာ ကျက်စားတယ်။ အရွယ်က အလျား (၃)ပေ၊ ပခုံးအမြင့် လက်မ (၂၀)ပဲရှိတယ်။ ခွာက ချေခွာနဲ့တူပြီး ချွန်ထက်တယ်။ ရေခဲတောင်ပေါ်မှာသွားလို့ရအောင် သဘာဝက ဖန်ဆင်းပေးထားတာ။ ကိုယ်အပေါ်ပိုင်းက မီးခိုးရောင်နဲ့ အညိုရောင်ရှိပြီး ဝမ်းဗိုက်ကဖြူတယ်။ အမြီးတိုလေးသာရှိပြီး ဦးချိုမရှိဘူး။ အထီးမှာ မေးရိုးအောက်က ထိုးထွက်နေတဲ့ အစွယ်(၂)ချောင်းရှိတယ်။ အလေးချိန် (၅)ပိဿာက (၉)ပိဿာအထိပဲ ရှိတယ်။ ကတိုးအထီးကောင်က ပိုကြီးပြီး ဆေးဖက်အသုံးဝင်တယ်။

ကတိုးကောင်အထီးနဲ့အမ မိတ်လိုက်ပုံက အလွန်ထူးဆန်းတယ်။ ကတိုးအထီးရဲ့အမြီးဖျားဟာ နို့သီးခေါင်းလိုချွန်ပြီး အပေါက်လေးတွေပါတယ်။ အဲဒီအပေါက်ကလေးတွေကနေ ကတိုးထီးရဲ့သုက်ရည်ထွက်တယ်။ မိတ်လိုက်ချိန်မှာ ကတိုးကောင်အမက ကတိုးအထီးရဲ့အမြီးကို လိုက်စုပ်တာနဲ့ သန္ဓေရတယ်။ လဆန်းရက်၊ လပြည့်ရက်၊ လကွယ်ရက်များမှာသာ မိတ်လိုက်ကြတယ်။ တစ်နှစ်ကို (၂)ကြိမ်သားမွေးတယ်။ တစ်ခါမွေးရင် တစ်ကောင်တည်းသာမွေးပြီး နို့တိုက်သတ္တဝါမျိုးဖြစ်တယ်။

တိုင်းရင်းဆေးဖော်ရာမှာ ကတိုးဆီ၊ ကတိုးမှုန့်၊ ကတိုးမွေးနဲ့ နံ့သာခဲဟာ ဆေးဖက်အလွန်အသုံးဝင်တယ်။ နံ့သာခဲကို ကတိုးအထီးရဲ့ချက်အထက်မှာ အိတ်ငယ်ကလေးနဲ့ တည်နေတယ်။ ချက်အိမ်



www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲမှာ နီညိုရောင်ကတိုးမွေး နဲ့သားခဲကိုရတယ်။ ရေခဲပြင်က ကျား ဖြူတွေက ကတိုးကောင်ကိုမိရင် မွေးလွန်းလို့ ကတိုးကောင်ရဲ့ချက် အိမ်နဲ့သားခဲကိုမစားဘဲ ချန်ထားလေ့ရှိတယ်။ မုဆိုးကတွေ့ရင်တော့ အလွန်အဖိုးတန်တဲ့ပစ္စည်းပေါ့။

ကတိုးအိတ်ကို အခြောက်လှမ်းရင် အကောင်အရွယ်အစား အလိုက် အလေးချိန်ငါးမူးသားက ငါးကျပ်သားအထိ ရှိတတ်တယ်။ ကတိုးဆီကို ရဝမ်ဘာသာနဲ့ (၃)မျိုးခွဲထားတယ်။ မန်ညမ်၊ လဆိုင်း၊ လခရောမ်းလို့ခေါ်တယ်။ လခရောမ်းဟာ တန်ဖိုးအကြီးဆုံးပဲ၊ ရွှေထက် တန်ဖိုးကြီးတယ်။ ဖမ်းမိဖို့လည်း အလွန်ခဲယဉ်းတယ်။ အလွန်ဝေးလံ ပြီး မြင့်တဲ့ရေခဲတောင်တွေပေါ်မှာ နေကြတာ။

ကတိုးဆီကို အမျိုးမျိုးအသုံးချလို့ရတယ်။ ကတိုးအမှုန့်ကို အဝတ်နဲ့ထုပ်ပြီး ကလေးတွေလည်ပင်းမှာ ဆွဲထားပေးရင် အန္တရာယ် ကင်းတယ်၊ လူချစ်လူခင်များတယ်။ ကတိုးမွေးကို ခေါင်းအုံးထဲထည့် အိပ်ရင် အမျိုးသမီးတွေ ပဋိသန္ဓေကင်းဝေးတယ်။ ခေါင်းကိုက်ရောဂါ ပျောက်ကင်းတယ်။

နားကိုက်ရင် ကတိုးဆီကို ရေနဲ့ဖျော်ပြီး နားထဲထည့်ရင် ပျောက် တယ်။ ကိုယ်တစ်ခြမ်းသေခြင်း၊ ငန်းဖမ်းခြင်းရောဂါတွေကိုလည်း သောက် ဆေးလိမ်းဆေးအဖြစ် အသုံးပြုနိုင်တယ်။ သူငယ်နာဆေးတွေမှာလည်း အမျိုးမျိုးအသုံးပြုနိုင်တယ်။

နောက် ဆေးဖက်ဝင်တဲ့ တောကောင်ကတော့ တောင်ဆိတ် ပဲ။ သူ့ဦးချိုက နောက်ကိုလန်နေတယ်။ ဦးချိုရော၊ ခွာရော၊ လျှာရော၊ အရိုးရော ဆေးဖက်ဝင်တယ်။ အရိုးကျိုးဒဏ်ရာတွေကို သွေးလိမ်းပြီး ကုသရုံနဲ့ ရက်ပိုင်းအတွင်း ပြန်ကောင်းတယ်။ နောက်တစ်မျိုးက တာကင်





ခေါ် သားမင်းကောင်ပဲ။ သူ့ဦးချိုက ရှေ့ကိုဝန်းကိုက်နေတယ်။ နွား၊ ကျွဲ၊ ပြောင်အုပ်စုဝင်နဲ့တူတယ်။ နီညိုရောင်အဆင်းရှိပြီး လွန်စွာလှပ တယ်။ ရေခဲတောင်ပေါ်မှာ အုပ်စုလိုက်ကျက်စားတတ်တယ်။ အသားက နွားသားလိုပဲ နူးညံ့တယ်။ ဦးချိုကိုအိမ်တွေမှာ အလှအပချိတ်ဆွဲထား တတ်ကြတယ်။ မီးကွင်းတယ်လို့လည်း ယုံကြည်ကြတယ်။ တာကင်ချို ကိုခြစ်ပြီး ရလာတဲ့အမှုန့်ကိုကျွေးရင် လျှာနာ၊ ခွာနာရောဂါ ပျောက် တယ်။

နောက်ပြီး ဆရာလေးတို့ပြောတဲ့ ဆေးဖက်ဝင် သစ်မြစ်၊ သစ်ဥတွေကတော့ ငါတို့ဒေသမှာ အသုံးများပြီး တန်ဖိုးရှိဆေးဖက် ဝင်တာတွေကတော့ ခန်းတောက်မြစ်၊ မချစ်ဥနဲ့ ရှိုးပတီးဥတွေပဲ။ ရေခဲ တောင်တွေပေါ်မှာပေါက်တယ်။ ဆောင်းရာသီအကုန် ရေခဲပျော်ချိန်မှာ တူးယူရတာ။ ခန်းတောက်မြစ်က (၂)မျိုးရှိတယ်။ ခန်းတောက်ရွှေဝါနဲ့ ခန်းတောက်အဖြူမျိုး။ ရွှေဝါက ဆေးဖက်အာနိသင် ပိုကောင်းတယ်။ အဖျားအမျိုးမျိုးကိုနိုင်တယ်။

ငှက်ဖျားရောဂါအတွက် အထူးနိုင်တဲ့ဆေးပဲ။ ခန်းတောက် မြစ်ကို ပါးပါးလှီးပြီး ရေနွေးစိမ်၊ ပျားရည်တစ်ဇွန်း၊ အရက်တစ်ဇွန်း ထည့်စိမ်ပြီး ပူပူလေးသောက်ရတာ။ ဘယ်လောက်ပင် ငှက်ဖျားကြီး ပါစေ။ ဆေး(၃)ခွက်သောက်ရုံနဲ့ ပျောက်တယ်။ သွေးထွက်ဒဏ်ရာရ ရင်လည်း ခန်းတောက်မြစ်ကို ထုထောင်းပြီးအုံ့ရုံနဲ့ ဒဏ်ရာပျောက် တယ်။

မချစ်ဥကတော့ ကြက်သွန်ဖြူဥနဲ့တူတယ်။ ဖော့လိုပွပွ၊ အဖြူ ရောင်ကလေးပါပဲ။ အရသာကခါးတယ်။ အပူဓာတ်ရှိတယ်။ ပျားရည်၊ အရက်တို့နဲ့စိမ်သောက်ရတယ်။ အစွမ်းထက်တဲ့အားဆေးပဲ။ မသေဆေး



www.burmeseclassic.com

www.burmeseclassic.com



လို့လည်းခေါ်ကြတယ်။ နောက်ပြီး နာမည်ကြီးဆေးဖက်ဝင် အပင်ရှိ သေးတယ်။ မရှော့ပင်ဖြစ်တယ်။ အဆိပ်ဖြေဆေးပင်ဖြစ်တယ်။ အရိုးနာ ကျိုးပဲ့ဒဏ်ရာ၊ လေရောဂါ၊ သွေးတိုး၊ ပိုးထိ၊ အစားမှား။ အဆိပ်မိ ရောဂါတွေကို စားရင်၊ လိမ်းရင် ချက်ချင်းပျောက်ကင်းတယ်။

ရှီးပတီးညကတော့ အားဆေးတစ်မျိုးပါပဲ။ အမောလုံတယ်။ သွေးသားလည်ပတ်မှုကောင်းတယ်။ ရှီးပတီးညရဲ့ ထူးဆန်းတာတစ်ခု ကတော့ သူတို့က နေရာရွှေ့သွားတတ်တာပဲ။ ဒီနေ့ဒီနေရာမှာရှိပေမဲ့ နောက်တစ်ပတ်သွားကြည့်ရင် အဲဒီနေရာမှာ မရှိတော့ဘူး။ ဒေသခံ မုဆိုးတွေကတော့ လမ်းလျှောက်အားဆေးပင်လို့ ခေါ်ကြတယ်"

ကျွန်ုပ် ။ "ဟုတ်ကဲ့ . . . ဦးအမ်အင်ဆားအမဲလိုက်တော့ ဘာလက်နက် သုံးသလဲ။ ကျွန်တော်တို့လိုက်လေ့လာလို့ မရဘူးလား"

"ငါတို့သုံးတာ ဆိပ်လှံမြားပဲ။ တွမ်းသေနတ်က ရေခဲတောင် ပေါ်မှာမီးမကူးတော့ စိတ်မချရဘူး။ ဆရာလေးတို့လိုက်ချင်ရင် ခေါ်လို့ ရပါတယ်။ ဒါပေမဲ့ အန္တရာယ်များမယ်၊ ပင်ပန်းမယ်"

ထိုညက ကျွန်ုပ်တို့စားသောက်ပြီး အိပ်ရာဝင်တော့လည်း အတော်နှင့်အိပ်၍မရပါ။ ငွမ်းကပ်စောင်ထူကြီးခြုံ၍ အပေါ်ထပ်တွင် အိပ်ရသဖြင့် မီးလင်းဖိုမရှိပါ။ အရိုးထဲအထိ အေးစိမ့်နေသည်။ ခရီးပန်း လာသောကြောင့် သန်းခေါင်ကျော်မှအိပ်ပျော်သည်။

နောက်တစ်နေ့မနက်တွင် ခေါပုတ်ကင်၊ ကောက်ညှင်းပေါင်း။ အသားခြောက်ကင်ဖြင့် ကျွန်ုပ်တို့ မနက်စာစားကြသည်။ ကော်ဖီ လက်ဖက်ရည်မပါပါ။ ဖခါးရည်ဖြင့်ပင် စားသောက်ကြရသည်။ နှစ်ရက် သုံးရက်ခန့်ကြာမှ နေသားကျလာသည်။ ဘာဏ်ပတ်ဝန်းကျင်မှ ကလေး များနှင့်လည်း မိတ်ဆွေဖြစ်လာသည်။ ရဝမ်၊ လီဆူး၊ ဂျိမ်းဖောကလေး





များ ဖြစ်ကြသည်။ အသက်(၁၀)နှစ်ခန့်ဖြင့် ဒူးလေးကိုင်နိုင်ကြသည်။ လက်ကလည်း အလွန်တည့်သည်။ ရိုးရာကစားနည်းကဲ့သို့ပင် ဒူးလေး ပစ်၍ လက်တည့်စမ်းရင်း ကစားကြသည်။ ကလေးများကိုင်သော ဒူးလေးမှာ သေးငယ်သော်လည်း တောင့်တင်းသည်။ မဟော်ဂနီပင် အသားဖြင့်လုပ်ထားပြီး လေးညှို့ကြိုးအဖြစ် ဆေးခြောက်လျှော်ကိုကျစ်၍ လုပ်ထားသည်။ ညှို့ကြိုးကို ဖိုက်ထောက်တင်၍ အလွယ်တကူလျှင်မြန် စွာ ပစ်နိုင်ကြသည်။ မြားမှာ ဝါးတံကိုလုပ်၍ မြားနောက်မြီးအရွက် မှာလည်း နီးဝါးများသာဖြစ်သည်။

တစ်ပတ်ခန့်ကြာသောညနေတွင် မုဆိုးကြီး ဦးအမ်အင်ဆား က နောက်တစ်နေ့မနက်တွင် ရေခဲတောင်ပေါ်သို့အမဲလိုက်ရန် လာ ခေါ်သည်။ ကျွန်ုပ်တို့က အစ်ကိုကြီးထဲခွင့်တောင်းရာ . . .

"အေး . . . ညီလေး၊ မင်းလည်းမုဆိုးလုပ်ခဲ့တာပဲ။ အတွေ့ အကြုံရှိပါတယ်။ ဒီရောက်တုန်း လိုက်ချင်လည်းလိုက်သွားပေါ့။ ဒါပေမဲ့ အန္တရာယ်အလွန်များတယ်နော်။ တို့ဘာဏ်မှာတော့ နှစ်လုံးပြူးနဲ့ ရိုင်ဖယ် သေနတ်တွေရှိပါတယ်။ လိုရမည်ရယူသွားပေါ့။ အစားအသောက်တော့ ဆင်းရဲလိမ့်မယ်နဲ့တူတယ်။ ငါဆောင်ထားတဲ့ ARMY RUM တစ်လုံး လည်းယူသွားပါ"

ဦးအမ်အင်ဆား ။ "အစားအသောက်အတွက် မပူနဲ့ဆရာ။ ငါအပြည့် အစုံယူလာခဲ့မယ်။ ဘယ်နှစ်ရက်ကြာမလဲလို့တော့မမေးနဲ့။ ငါမကြိုက် ဘူး"

"ဟုတ်ပါပြီ ဦးအမ်အင်ဆားရယ်၊ ခင်ဗျားကိုယုံလို့ ကျွန်တော့် ညီတွေကို အပ်လိုက်ပါပြီ၊ စိတ်ချပါရစေ။ ကောင်းကောင်းစောင့်ရှောက် ပါ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ၊ ငါမသေသရွေ့ ဆရာညီတွေ မသေစေရဘူး။ မနက်ဖြန်မနက်စောစော ငါလာခေါ်မယ်၊ အသင့်ပြင်ထားကြ"

နောက်တစ်နေ့မနက်စောစောတွင်ထ၍ ကျွန်ုပ်တို့ အသင့်ပြင်ထားသည်။ ကျွန်ုပ် အစ်ကိုကြီးတို့ဘက်မှ ဒဿမ ့ ၃၀၃ ရိုင်ဖယ်သေနတ်ကြီးကို မဂ္ဂဇင်းဘောက်စ်ထဲ၌ ကျည်ဆန်အသစ် (၁၀)တောင့်ရွေး၍ထည့်ထားသည်။ ကျွန်ုပ်ဝယ်လာသော FIELD JACKET ကြီးမှာ လေးပြီး မနွေးသောကြောင့် အစ်ကိုကြီးက သားမွေးအနွေးထည်အင်္ကျီအား ထုတ်ပေးသည်။ ဦးထုပ်မှာလည်း နားရွက်ဖုံးသည့် သားမွေးဦးထုပ်ပင်။ တပည့်ကျော် တင်အောင်းအတွက်လည်း ထုတ်ပေးသည်။ တင်အောင်းကတော့ သေနတ်မကိုင်။ ဓားရှည်တစ်လက်နှင့် ပစ္စည်းများ သယ်ရန်သာဖြစ်သည်။ ကျွန်ုပ်တို့စီးလာသော WALKING SHOES မှာ ရေခဲတောင်တက်ရာတွင် အသုံးမတည့်တော့။ အစ်ကိုကြီးကပင် ဗကာပဖိနပ်ဟုခေါ်သော ကုပ်အားကောင်းသည့် တောစီးဖိနပ်များကို ထုတ်ပေးပြန်သည်။ ကျွန်ုပ်တို့ခြေထောက်ဖြင့် အံဝင်ခွင်ကျဖြစ်၍ တော်ပါသေးသည်။ ကျွန်ုပ်တို့ခရီးစထွက်ခဲ့ကြသည်။

"ငါတို့ ဟိုရှေ့က စပ်ဖနွယ်လုံတောင်ကြီးကိုကျော်လိုက်ရင် နမ့်လန်ဆိုတဲ့ချောင်းကိုရောက်မယ်။ ချောင်းကျော်ပြီးတာနဲ့ နမ့်လန်မြေပြန့်လွင်ပြင်ကိုရောက်မယ်။ အဲဒီကနေ နမ့်လန်ရွာကိုကျော်လိုက်တာနဲ့ ရေခဲတောင်ခြေကိုရောက်ပြီ"

ကျွန်ုပ်တို့ နမ့်လန်မြေပြန့်လွင်ပြင်သို့ရောက်သည်နှင့် ရေခဲတောင်ကြီးကို ဖွေးဖွေးကြီးလှမ်းမြင်နေရသည်။ လေမှာလည်း ရေခဲရေတမျှ အေးမြလှသည်။ တောင်ခြေသို့ရောက်တော့ တောင်ပေါ်တွင် ထင်းရှူးပင်နှင့် ဝက်သစ်ချပင်အချို့သာ မြင်ရသည်။ ကျွန်ုပ်တစ်တောင်





လုံး ရေခဲများဖုံးလွှမ်းနေသည်။ တောင်ပေါ်တက်ရန် ခက်ခဲမည်ဟု ထင်ရသော်လည်း မုဆိုးကြီးဦးအမ်အင်ဆားက တောင်ပတ်မှဆိုးလမ်းအတိုင်း ခေါ်သွား၍ အဆင်ပြေပါသည်။ ရေခဲပျော်ချိန်ဖြစ်၍ တောင်ခြေတွင် ပန်းများပွင့်နေသည်မှာ အရောင်အသွေးမျိုးစုံဖြင့် အလွန်လှပသာယာပါသည်။

တောင်လယ်ကြောပေါ်သို့ရောက်တော့ ကျယ်ပြန့်သော ရေခဲပြင်ကြီးကို တစ်မျှော်ကြီး တွေ့ရသည်။ ရေခဲပြင်ကြီးအဆုံးတွင်တော့ ရေခဲဖုံးနေသည့် တောင်ထွတ်ကြီး။ တောင်ထွတ်ကြီးနောက်ဘက်တွင်တော့ ပိုမိုမြင့်မားသော ရေခဲတောင်ကြီးက မိုးထားသည်။

"ဆရာလေး ... ငါတို့တက်လာတာက လုံခရုမာဒင်ရေခဲတောင်နဲ့ ဖုန်ကန်ရေခဲတောင်။ ဟိုအဝေးကအမြင့်ကြီးက ခါကာဘိုရာဇီတောင်ကြီး။ ဒီကကြည့်ရင် နီးတယ်ထင်ရပေမဲ့ အဝေးကြီး။ ကဲ ... ဆရာလေးတို့ တောင်ခြေကလိုဏ်ဂူမှာ နားကြဦး။ ငါသားကောင်ခြေရာ ခြေကြောင်းနဲ့ စားကွင်းစားကျက် လိုက်ကြည့်လိုက်ဦးမယ်"

ကျွန်ုပ်တို့ တောင်ခြေလိုဏ်ဂူဆိုသည်အားကြည့်ရာ မမြင်တွေ့ရ။ ဦးအမ်အင်ဆားက တစ်နေရာတွင် ရေခဲများအားဖယ်ရှား၍ပြမှ ပေါ်လာသည်။ ဂူမှာလည်း အကြီးကြီးမဟုတ်ပါ။ လှုင်းယောက်ခန့် ဆံ့နိုင်သော ဂူကလေးသာဖြစ်သည်။ ဂူထဲ၌ မီးဖိုထင်းခြောက် များ ရုံးက အဆင်သင့်ရှိနေသည်။ ကျွန်ုပ်တို့ နွေးထွေးစွာနားခို ကြရင်း ညီမျောက်တင်အောင်းက ကျွန်ုပ်ထံမှ ဂက်စ်မီးခြစ်တောင်းပြီး မီးဖိုသည်။

မီးကအတော်နှင့်မှို၍မရ။ အနီးက ထင်းရှူးသားချောင်းများ ထည့်မွှေးပါမှ မီးစွဲတော့သည်။ မီးအရှိန်ရသည်နှင့် ဂူထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



နွေးသွားတော့သည်။ မကြာမီ မုဆိုးကြီးဦးအမ်အင်ဆား ပြန်လာသည်။

"ကံကောင်းတယ် ဆရာလေးရေ။ ကျားစားထားတဲ့ ကတိုးဆိ အိတ်တစ်အိတ်ရခဲ့တယ်။ ဒါပေမဲ့ နွင်းကျားက ဒီအနီးအနားမှာတင် ရှိနေနိုင်သေးတော့ သတိထားရမယ်။ ခြေရာက အတော်ကြီးတယ်။ ဟော ... ဆရာလေးတို့က မီးတောင်မွှေးနိုင်ကြပါကလား။ ဘာနဲ့မီးပျို တာလဲ"

ကျွန်ုပ် ဂက်စ်မီးခြစ်ကို ထုတ်ပြလိုက်ရာ မုဆိုးကြီးက ကိုင် ကြည့်ပြီး ခြစ်ကြည့်သည်။ မီးတောက်သဖြင့် အလွန်သဘောကျသွား သည်။

"ဟာ ... ဒီရေခဲတောင်ပေါ်မှာ ဓာတ်ဆီမီးခြစ်၊ ယမ်းမီးခြစ် သုံးလို့မရဘူး။ မီးပျိုးချင်ရင် ကျောက်ခတ်နဲ့ဂွမ်းစကို အကြိမ်များများ ခတ်ပြီးမှမီးရတာ။ ဒီမီးခြစ်ကလေးက အတော်ကောင်းတာပဲ"

"ဦးအမ်အင်ဆား ယူထားလိုက်။ ကျွန်တော်တို့မှာ အများ ကြီးပါတယ်"

"ဟင် ... တကယ်လား။ ဒါဆို ဆရာလေးတပည့်က ရေနွေး အိုးတည်ပြီး အသားခြောက်ကိုပြုတ်ထားပါ။ ငါ့မှာ အသားခြောက်နဲ့ ဆန်နဲ့အိုးတွေပါလာတယ်။ ထမင်းချက်ထား။ ဟင်းကတော့ အသား ခြောက်နူးတာနဲ့ မုန်ညင်းချဉ်ခြောက်ထည့် ဆားခတ်လိုက်ရင်ပြီးတာပဲ ကဲ ... လာ ... ဆရာလေး။ ငါတို့သွားကြမယ်"

ကျွန်ုပ်တို့ ဂူထဲထွက်လိုက်တာနှင့် အေးစိမ့်သွားသည်။ မုဆိုး ကြီးက ရှေ့ကလမ်းပြသွားသဖြင့် ကျွန်ုပ် သူ့ခြေရာအတိုင်း လိုက်ရ နင်းရသည်။ တောင်ခြေပတ်လမ်းရောက်တော့ မုဆိုးကြီးကလက်ထောင် ပြသဖြင့် ရပ်ရသည်။ အောက်ခြေတောင်ခါးပန်းတွင် နီညိုရောင်သား





ခင်းခေါ် တာကင်ကောင်များ အုပ်လိုက်ကိုတွေ့ရသည်။ ရေခဲကြားထဲ မှ ထွက်ပြူလာသော ရေညှိပင်များကို စားနေကြခြင်းဖြစ်သည်။ ပစ်ခတ် ရန် ကျွန်ုပ်တို့နှင့် အတန်ငယ်အလှမ်းဝေးနေသည်။ ကျွန်ုပ်တို့ တရွေ့ရွေ့ တိုးခဲ့ကြသည်။ လက်လှမ်းမီရာအရောက်တွင် မုဆိုးကြီးက လေးညို့ ကိုအတင်၊ ကျွန်ုပ်က မောင်းတင်ပြီးသားသေနတ်ဖြင့် ပစ်ရန်အလုပ် ကျွန်ုပ်၏မသိစိတ်၌ အန္တရာယ်အနံ့ကို ရလိုက်သည်။ ထို့ကြောင့် တောင် ခါးပန်းသို့ သေနတ်ပြောင်းလှည့်၍ မော့အကြည့်နှင့် ကျားကြီးက ခုန် အအုပ်၊ ကျွန်ုပ်နှင့်မုဆိုးကြီးတို့ ခလုတ်ဆွဲလိုက်ကြသည်မှာ ပြိုင်တူ ထင်။

"ဒိုင်း ... ဒေါင် ... ဗုန်း"

ပစ်မှတ်ချင်းက မတူပါ။ ကျွန်ုပ်က ရုတ်တရက်ပေါ်လာသည့် အန္တရာယ်ကောင် နွင်းကျားကြီးကိုပစ်သလို မုဆိုးကြီးက တာကင်ကောင် အား ပစ်ခြင်းဖြစ်သည်။ တော်ပါသေးသည်၊ နွင်းကျားကြီးမှာ ကျွန်ုပ်၏ မှန်ရောက်သောပစ်ချက်ကြောင့် ခုန်အအုပ်တွင် ကျွန်ုပ်ထံမရောက်ဘဲ ကျွန်ုပ်၏ လက်ဝဲဘက်တွင်ရှိသည့် ဦးအမ်အင်ဆား၏အနီးသို့ ကပ်ကျ သည်။ ကျွန်ုပ် ဦးအမ်အင်ဆားအား လျှင်မြန်စွာနောက်သို့ ဆွဲလိုက် ၍ အရေးပေါ်သေနတ်မောင်း တင်လိုက်ရသည်။ သို့သော် နွင်းကျား ကြီးမှာ အာခေါင်အတွင်း ကျည်ဆန်ဝင်ပြီး ဦးနှောက်ပါဖောက်ထွင်း သွားသဖြင့် ငြိမ်သက်သွားပါသည်။

"ဟူး ... တော်ပါသေးရဲ့ ဆရာလေးရယ်။ ဆရာလေးက ငါ့ အသက်ကိုကယ်တာ။ ငါက တာကင်အုပ်ကိုပဲ မဲနေတာ။ ဆရာလေးသာ မရှိရင်တော့ ငါသေပြီ"

ထိုနေ့က ကျွန်ုပ်တို့ တာကင်နှင့် နွင်းကျားကြီးကို ဖျက်နေ



www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် တစ်နေကုန်သွားသောကြောင့် ဂူထဲတွင်မီးမိုးပြီး ညအိပ်ကြရသည်။ ရေခဲတောင်ပေါ်၌ အေးလွန်းသောကြောင့် နိုးတစ်ချက်၊ မှေးတစ်လှည့်ပင်၊ သို့သော် ညက နှင်းကျားသားနှင့် တာကင်သားလတ်လတ်ဆတ်ဆတ်ကိုကင်၍ ထမင်းလွတ်စားခဲ့ရသဖြင့် ကျွန်ုပ်တို့တွင် အင်အားများပြည့်နေပါတော့သတည်း။

■ ■ ■

တောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

❑

"သွားမစလိုက်ကြနဲ့ပေါ့။ ဆယ့်နှစ်ကြိုးကဝေဆိုတာ ကြ
ဖူးကြရဲ့မဟုတ်လား။ သူ့စိတ်ထဲမထင်ရင် မထင်သလိုထ,လုပ်ပစ်တ
တဲ့အမျိုးနော်။ အောက်လမ်းရွာသူမို့သာ 'ကြောင်လက်သည်းဖုက်' အ
ကပ်ပြီး နိုးပုံရိုးလက်နဲ့နေနေတာရယ်။ ကျောက်ဖြူးတို့ 'မိခင်တင့်တ
ကိုခေါ်ပြီး 'ရွာတိုက်'ကြတုန်းက ဒေါ်စောခင်ကြီး ဘယ်လိုလုပ်ရွာသ
မှတ်မိကြလေးရဲ့မဟုတ်လား"

ဒေါ်စောခင်ကြီးကို ရွာကလေးက 'ရွာသူကြီး၊ ပညာသည်
ကြီး၊ အောက်လမ်းစုန်းမကြီး'အဖြစ် ယိုးစွပ်သမှတ်လျက် သူမနှ





အဆက်အဆံကင်းပြတ်ထားခဲ့သည်မှာ ကြာလေပြီ။ ကလေးသူငယ်တွေ ကျောပူ ခေါင်းပူထ၊ နာဖျားမကျန်းရှိ၍ သရိုးသရီဖြစ်လာခါမှပင် 'အစွဲချွတ်ဖို့'၊ 'ခေါ်စာပစ်'ဖို့ ကောင်ကောင်ကာ သတိရတတ်လျက် အပြေးအလွှား မျက်နှာချိုသွေးကာ မေးထူးခေါ်ပြောတွေ လုပ်တတ်ကြစမြဲ။

သူမအား အလေးတမူ အရာသွင်းရမည်ကို ရွာကလေးက တုံ့ဆိုင်းတွေဝေတတ်၏။ ဤသည်မှာ ရွာကလေး၏ ရိုးစွဲခလေ့တစ်ခုလို ဖြစ်နေပေပြီ။

ဒေါ်စောခင်ကြီးကလည်း ဒေါ်စောခင်ပင်။

သူမကကို ရွာကလေးနှင့် အခေါ်အပြော အဆက်အဆံမလုပ်မိအောင်၊ ကင်းအောင် တမင်တစ်ထီးတစ်နန်းနေလားနေတတ်ရဲ့။

တခုတ်တရကြီး အယ်လဲကျောက်ဂျက် လုပ်ချင်ရလောက်အောင်ကလည်း သူမ၏ဥပမိကိုက တော်တော်ကလေးချို့တဲ့သည်ဟု ပြောရမည်ထင်သည်။

နွေနွေ၊ မိုးမိုး၊ ဆောင်းဆောင်း၊ ဥတုရာသီတွေ ဘယ်လိုပင်ပြောင်းပြောင်း ဒေါ်စောခင်ကြီးကျောပေါ်မှာ ဘယ်တော့မှအကျီမကပ်။ မဲနယ်ရောင်နှစ်နံစပ် အညာဖျင်ကြမ်းထည်လုံချည်အဖာတစ်ရာ ရှိရှိရွဲ့ကြီးကိုပင် ဆယ့်နှစ်ရာသီပတ်လုံး ရင်ရှားလျက် တွေ့ရတတ်စမြဲ။ ခင်းပါးစိုးခွင် ပွဲကြီးလမ်းကြီးတွေဆိုလျှင် အမြဲထာဝရ ဝေးရာမထား။ သာမှုနာရေးတွေကိုလည်း ဝေါ်ဝေါ်ကရှေး . . . ဝေးဝေးကရှောင်၊ ကိုယ်တိုင်ခေါင်းကိုက် ဖက်ခဲ နာဖျားမကျန်းရှိသည်ကိုပင် ရွာထဲဝင်ဖို့ဆိုတန်တော့ဆွမ်းပါပဲထဲကဖြစ်၏။ သူ့ဝတ်လဲတော် ဖာတစ်ရာထဘီစုတ်နှင့်ကလည်း မည်သို့မျှ မသင့်မရာပေကိုး။

ဆံပင်တွေက တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူ။ ပြောင်းဖူးမွေး



www.burmeseclassic.com

www.burmeseclassic.com



ကြာဆံတွေးကြီး ခေါင်းပေါ်တင်ထားသလို။

အသားအရေက နက်ကျောကျော၊ ချောက်ကပ်ကပ်၊ မွဲပြာပြာ။

မျက်နှာမှသည် ခန္ဓာကိုယ်ညာဘက်တစ်ခြမ်းနှင့် ညာလက်တစ်ချောင်းလုံး ကြီးမားသည့်အမာရွတ်ကြီးတွေက သူမ၏အသားအရေတွေကို ဆုပ်ဆွဲထားသလိုဖြစ်နေပေရာ မျက်နှာတစ်ခြမ်းက အမြဲရှုံ့မဲ့နေသလိုလို၊ ကိုယ်တစ်ခြမ်းကပဲ ခပ်ဖည်ဖည် လိမ်တိမ်တိမ်ကြီးဖြစ်နေသလိုလိုကြီးဖြစ်၏။

'မီးလောင်ခံရတာ'ဟု တစ်ယောက်နှုတ်ဖျား တစ်ယောက်နားရိုးတိုးရိပ်တိပ် လက်ဆင့်ကမ်းသိထားကြသော်လည်း 'ဘယ်တုန်းကလဲ ဘာကြောင့်လဲ'ဆိုသည်ကိုမူ တိတိကျကျဖြေနိုင်သူ တစ်ဦးမျှမရှိ၊ နယ်ပြီ။

ရေးမိနောက်မီ သက်ကြီးရွယ်အို သူကြီးဟောင်း ဘကြီးဘော် သိလေဟန် တီးတိုးတီးတိုး သဖန်းပိုးလုပ်ချင်တတ်ကြသေးသော်လည်း အဘိုးအိုက သူ့နှုတ်လျှာကိုမဖွင့်ဘဲ၊ စေ့စေ့ပိတ်ထားတတ်လေ၍ ဒေါ်စောခင်ကြီး၏ ဗီရုးဖြစ်နောက်ဖြစ်ကြောင်းကို ရွာကလေးက သိခွင့်မှသာရှိပြန်။

အသားအရေ ခြောက်သွေ့ဖိန့်ညှော်နေရုံမျှမက ပခုံးရိုးတွေပင် ငေါထွက်နေချင်သေးသည်။ ခြေသလုံးကြွက်သားမရှိ၊ အရိုးပေါ်အရေတင် 'ပါးကျည်းခြောက်ကျပ်တင်'ထားသည့်နှယ်။ လက်ချောင်းများက ရှည်လျားသေးသွယ်၊ လက်ဆစ်ရိုးတွေတငေါငေါ။ လက်သည်းခြေသည်းတွေက ရှည်မည်းမည်း၊

သွားတွေက တစ်ချောင်းစ၊ နှစ်ချောင်းစသာကျန်တော့ပြီး ပါးချောင်နားချောင်တွေက ခွက်ကြီးတွေလို ချိုင့်ဝင်ပိန်ကျ။

နေ၊ လေ၊ ရာသီဥတုဒဏ်ကြောင့် သူမ၏ဖာတစ်ရာလုံချည်





ကြီးနှင့်ကင်းရာ ပခုံးတွေ၊ ကျောတွေ၊ ရင်ပြင်တွေမှာ ကွဲပခုံးထလျက်ကြေးကွက်တွေက ပဲ့တစ်ကွက်သည်တစ်ကွက်။ လယ်ပြင်ခရိုးခြောက်သယောင်းထဲက ပတ်ကြားအက်ကြီးတွေလို။

ကဲ ... သည်လိုအမယ်ကြီးမျိုးမှ လူသူနှင့်ကင်းကင်းဝေးဝေး 'ကောတာ'မနေလျှင် မည်သူနေရတော့အံ့နည်း။ ဟုတ်ပ။

သည်လိုနှင့် ...

ရွာကလေးကလည်း သူ့နေရာသူနေ။

'ဘွားစောခင်ကြီး'ကလည်း သူကြိုက်သလို သူနေချင်သလိုနေ။ စာချုပ်စာတမ်းတွေနှင့် စည်းကမ်းကလနားမသတ်တဲ့ ဘဲ့သဘောလဝါ နေလာခဲ့ကြသည်မှာ ကြာလေလှပြီ။

'သူကြီးဘော်'အရွယ်ကောင်းတုန်း လေးဆယ်ပါးနီးကတည်းက ဆိုတော့ ရှိလှ နှစ်လေးငါးဆယ်ကျော်ပ။

www.burmeseclassic.com

## အခန်း (၂)

❑

အနီးသွားစောခင်ကြီးက ရွာကလေးတဦးထိပ်၊ ရွှေမြင်းမိတောင်ခြေ 'ရွှေမြင်တင်'ဘုန်းတော်ကြီးကျောင်းနှင့် မျက်စောင်းထိုး သဲချောင်းကလေးနံဘေး၊ 'ဘုရားနီ'ကျောဘက်၊ သရဲခြောက်လွန်းသည်၊ မြေကြမ်းလှသည်ဟု သည်နယ်တစ်ရိုး၌ အလွန်တရာ နာမည်ကြီးလှသည့် မန်ကျည်းပင် သက်ကျားအိုကြီးသုံးပင် ဖိုနံလောက်ဆိုင်ပေါက်ရောက်နေရာ 'မန်ကျည်းသုံးပင်'အနီး တလင်းဖြူကလေးနှင့် ယာငယ်ကလေး အလယ်၌ နေ၏။

ရွာကလေးနှင့် ဝေးလွန်းလှသည်ဟုလည်း မဆိုသာ။





နီးလွန်းလှသည်လည်း မဟုတ်သေး။ မနီးမဝေးဟုသာ ဆိုတန်ကောင်းသည်။

ယာကလေး၌ ပဲပင်များပွင့်နေသည်။ ဝက်ပျောပင်ကလေးတွေလည်းစိမ်း၍ တောင်လေနှင့် တဖျပ်ဖျပ်လှုပ်ယမ်းနေသည်။ ရေတ်ခင်း၊ ခရမ်းခင်းကလေးများနှင့် အခြား သီးပင်စားပင်ကလေးများကိုလည်း သပ်သပ်ရပ်ရပ် စိမ်းစိမ်းစိုစို စိုက်ထားလိုက်သေးသည်။ အိမ်ရှေ့ဘက်တွင် စည်းရိုးတန်းနှင့် ဝါးတစ်ရိုက်ခန့်အကွာ၌ ဝါးရုံကြီးတစ်ရုံ ထွန်းနေလေရာ ၎င်းအနီး၌ ဝါးကပ်ကွဲပတ်ပတ်လည်ရံထားသည့် ဝါးသိုးလုံးမောင်းတံတပ်ရေတွင်းကလေးကလည်း ရှိပြန်သေး၏။

သက်ငယ်မိုး၊ ဝါးထရံကာ တဲကုပ်ကလေးရှေ့ တလင်းပြင်ကလေးတွင် ဝါးကပ်ကြမ်းခင်း ကွပ်ပျစ်ဟောင်းကလေးတစ်လုံးနှင့် ကွပ်ပျစ်ကလေးကို ခပ်အုပ်အုပ်မိုးထားသည့် ဘူးစင်ခနော်ခနဲ့ကလေးကလည်း အမြဲပင် ဘူးသီးနုနုရင့်ရင့်တွေ တစ်လျှော်ကြီး ချွေးနို့ပြွတ်သလို တွဲလောင်းခိုသီးနေတာတစ်မြဲ။

တန်ရုံနှီးရုံ စားရေသောက်တာ စားခင်းသောက်ခင်းအတွက် ကဖြင့် ကြောင့်ကြဖွယ်မရှိ။ ခြံထွက် အသီးအရွက် စိမ်းစိမ်းစိုစို လတ်လတ်ဆတ်ဆတ်ကလေးတွေနှင့်ပင် ပြည့်စုံသား။

ဆန်၊ ဆီ၊ ဆား အခြောက်အခြမ်းကလေးတွေအတွက်သာ ရွာကလေးကို အားကိုးပြုရ၏။

"ဘယ် . . . ဒီအမယ်အိုကြီး အိုမင်းရွတ်တွက ဘာတွေလုပ်နိုင်လို့ ဝယ်နိုင်ခြမ်းနိုင်ရှိဦးမှာတုံး။ သူနဲ့ကလည်း တတ်နိုင်ရင် ကင်းကင်းပြတ်ပြတ်နေချင်ကြတဲ့ သူချည်းဟာကိုး။ ဟို . . . ဦးလှကျော်တို့ရွာကြီးနားက 'ရွာကြည်'ခံထားရတဲ့ ကျောက်ဖြူးတို့၊ ငွေကြည်တို့၊ ...နှ



www.burmeseclassic.com

www.burmeseclassic.com



ကလေးတို့ မိသားစုတွေလိုပဲ။ ခေါင်းစောကြီးတို့၊ ကျောက်ဖြူးတို့ များဆိုရင် တီကိုဆားနဲ့တို့လိုက်တာထက် ဆိုးသေး။

"အေး ... သို့ပေတဲ့ အမယ်ကြီးနဲ့က ကင်းမရတာတွေရှိ သေးတယ်လေ။ ကလေးပေါက်စနတွေ သနိုးသရိ တအိုအိဖြစ်ပြီဆိုရင် သူ့ဆီပဲပြေးပြီး 'ခေါစာပစ်'ရတာ။ အပျိုပေါက်မကြီးကောင်မတွေ တဗိုဗိုတရယ်ရယ် တောင်တောင်အီအီတွေ ဖြစ်လာတော့ကော ... တွဲ အမယ်ကြီးကပဲ 'အစွဲချွတ်'ပေးရပြန်တာပဲ။

ကဲ ... လူပျောက်၊ နွားပျောက်၊ ပစ္စည်းပျောက်၊ စုန်းတိုက် နတ်တိုက်၊ တစ္ဆေပူး၊ သရဲကပ်၊ ဥစ္စာစောင့် သိုက်ကြီးဖြတ်၊ သိုက်ကြီးဆက်ကအစ နာရေးတွေမှာ လိပ်ပြာခွဲ၊ လိပ်ပြာလွှင့်တာတွေအဆုံး ဒီအမယ်အိုကြီးကိုပဲ ပြေးအပူကပ်နေကြရတဲ့ဥစ္စာ။ ကိုယ့်ဘာသာပဲ ချင့်ကြည့်ပေရော့။ အမယ်ကြီးရဲ့ဝင်ငွေကို။ ကျုပ်အထင်တော့ 'ရေတော် မိုးတော်'လယ်တစ်ပွဲက တစ်နှစ်တစ်ခါ ကောက်ကြီးပြတ်ချိန် ရတဲ့ဝင်း ဖိုးလောက်တော့ အမယ်ကြီးက အပျော့ပဲထင်ရဲ့"

သူ့ဟာက နေ့စဉ်မပျက်တောင် ခုတင်ခု မပြတ်တမ်းဝင်နေ တဲ့ ဝင်ငွေပေါ့။ တစ်ယောက်တစ်ခါ ဆန်တစ်ပြည် ငွေငါးမတ်၊ ငှက်ပျောတစ်ပွဲ၊ လက်ဖက်တစ်ပွဲပဲထားလိုက်ပါဦး။ ပြေးကြည့်မှ ရှေ့မှာ ရင်ဘတ်၊ နောက်မှာကျောပဲရှိတဲ့ သူ့တစ်ကိုယ်စာတော့ဖြင့် မိုက်ရှိုက် စား။ ပူစရာလိုမယ်မထင်ပေါင်။

ရွာကလေးထဲက ဘယ်ရပ်သူရွာသားကို မေးမေး ... သည် အဖြေမျိုးချည်း တစ်ချိုးတည်း တစ်လေတည်း တစ်ဖြတ်တည်းသာ ကြားရမှာမည်မှတ်။

ရွာကလေး၌ 'ဘွားစောခင်ကြီး'အသက်ရှည်ရှည် ခေါင်းဝင်





ကိုယ်ဆုံနေ့,နေနိုင်သည်က သည်သို့ဖြစ်သည်။

ကြာခဲ့မင့်ပကော။

ဟိုး ... ဂျပန်ငပုတွေ ခေါ်းမိုးခဲ့သည့် ဒုတိယကမ္ဘာစစ် ခေတ်ကြီးလွှမ်းကသည်းကဆိုတော့ မရှိဘူးဆိုလျှင်တောင် လေး,ငါးဆယ် နှစ် လေး,ငါးဆယ်နှေ့ အပျော့ပ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

☐

တကယ်တမ်း 'ဘွားစောခင်' နှင့် ရွာကလေးကို သံယောဇဉ် နွယ်မျှင်တန်းလန်းတန်းလန်း မဖြစ်ဖြစ်အောင် ဆက်ပေးနွယ်ပေးနေသူက သူနှင့်အတူနေ တစ်ဦးတည်းသော လူသားဖြစ်သည့် သူ့မြေး 'သာခု'၊

ဘွားစောခင်၏ တစ်ဦးတည်းသော သွေးသား။

သူ့သမီး 'မြရွက်ကလေး' နှင့် သမက်အဖြစ် တရားဝင်မတော် လိုက်ရှာသည့် 'သာခု'၏ဖခင် 'ငတော' ခေါ် လူပျိုကြီး 'ကိုရင်တေလေ' တို့က 'ဘွားစောခင်' တစ်ယောက်၊ လူ့လောကအလယ်မှာ ရှင်သန်ကြွင်းရစ်စေဖို့ အကြောင်းခံအဖြစ် ချန်ထားရစ်ခဲ့သော ပေပေတေတေ စောင့်ပဲနရှုံကောင်ကလေး။





'သာခု' လူဖြစ်လာခဲ့ခြင်းကိုက 'ဘွားစောခင်ကြီး' အား 'ဆယ့်နှစ်ကြိုးကဝေ'၊ 'ဝမ်းတွင်းစုန်း' ဟု ရွာကလေးက တပ်အပ်ကြီးယိုးစွပ်သမုတ်မိဖို့ အုံ့အုံ့အဲအဲ သိသွားစေခဲ့သည့်အကြောင်းဟု ဆိုကြသည်။

သည့်လို . . . သည့်လို။

"မင်း မစောခင်သမီး 'မြရွက်' ကို တကယ်စုံမက်နေသလား တော"

"ဗျာ . . . အရီးလေး"

"ဗျိုတွေ ဗျာတွေ လုပ်မနေနဲ့ဦးဟဲ့။ ငါမေးတာကိုသာ မင်းမှန်မှန်ဖြေစမ်း"

ကိုရင်တေလေမှာ ရှက်အမ်းအမ်းကြီးဖြစ်လျက် အရီးလေးမေယ်မမျက်နှာကိုပင် တည့်တည့်မကြည့်ရဲတော့ဘဲ ခေါင်းကြီးငိုက်စိုက်ဖြစ်နေရှာ၏။ ရွာကလေး၏ ရှယ်ဝယ်ပိုင်ရှင် နှစ်ထပ်ပျဉ်ထောင် 'မိုလ်အိမ်' ညည်းမည်းကြီးနှင့် ချောင်ချောင်လည်လည် စိုစိုပြည်ပြည်နေနိုင်သည့် ဘိုးတရုတ်နှင့် ကြီးတော်မှန်တို့တွင် ကိုရင်တေလေနှင့်မဘိုမ၊ မောင်နှမ နှစ်ဦးတည်းသာ မွေးချင်းရှိသည်။

ဘိုမက ရွာအိုနောက်ကျသား။ လေးဆယ်ကျော်ငါးဆယ်နီးမှ အိမ်ထောင်ကျခဲ့ကြခြင်းဖြစ်၍ ကိုရင်တေလေနှင့် ဆယ်နှစ်သာသာခြားသည်။

အငယ်မ 'ဘိုမ' က ခြေသွက်လက်သွက်၊ ဆိုးဆိုးဆတ်ဆတ် မိန့်နောက်ကားကာ အရင်ကျော်တက်ကာ အစောကြီးအိမ်ထောင်ကျ၍ အိမ်ခွဲဆင်းသွားသည့်တိုင် ကိုရင်တေလေတစ်ယောက်ကမူ လူပျိုဟိုင်းကြီးအဖြစ် ရွာစောင့်နတ်ကြီးလုပ်နေဆဲ။

ယခုမှ မိန်းမကိစ္စမျိုးကို သဲသဲကလေး လေသလပ်ခံကြားလိုက်ခြင်းဖြစ်၍ အရီးလေးမယ်မ မယုံချင်၊ မယုံချင်နိုင်။ ပြီးတော့ 'မစောခင်'



www.burmeseclassic.com

www.burmeseclassic.com



သမီး မြရွက်နဲ့မှတဲ့လား။ ကျားသားမိုးကြိုး ပေါက်ပေါက်ရှာရှာ။

ဘိုးတရုတ်ဘက်က ညီမအငယ်ဆုံး နှုတ်ခွန်းကြမ်းသလောက် ဒေါင်းတည်မောင်းတည် ကိုယ်ကျိုးနှုတ်လွှန် လုပ်ချင်တတ်လွန်းသူမို့ အရီးလေးကို လီဆယ်၍လည်းမပြောရဲ။ အမှန်အတိုင်းပြောပြန်ပါက လည်း မိုးမီးလောင်ပေဦးမည်။

ကိုရင်တေလေ စိတ်ညစ်သည်။

"အင်း ... မြရွက်ကလေးကိုတော့ မြင်တဲ့သူတိုင်း ချစ်ကြ ခင်ကြရှိကြပါရဲ့။ 'မျက်နှာမြင် ချစ်ခင်ပါစေ' ဆုတောင်းလည်း ပြည့်ရှာ ပါရဲ့။ ဒါပေသိ ..."

"ဒါပေသိ ဘာဖြစ်တုံး အရီးလေးရဲ့"

"သင်းအမေကြောင့် ခက်နေတာပေါ့ဟဲ့ ငတေရဲ့"

"သူ့အမေ ... မြရွက်အမေ ... အဲဒါက ..."

"ဟဲ့ ... သူ့အမေ မစောခင်ဟာ 'စုန်း' မှန်း နင်မသိဘူး လား။ မကြားဘူးလားဟဲ့။ နင့်နားဘာနဲ့ဆို့ထားတုံး သေနာလေးရဲ့"

"ဘယ်လို .... ဘယ်လို .... ကြီးတော်မစောခင်ကြီးဟာ 'စုန်းမကြီး' ဟုတ်လား အရီးလေး နေပါဦး ... နေပါဦး ... ကြီးတော် မစောခင်ကြီးဟာ 'စုန်း' ပါပဲလို့ ဘာလို့ အတပ် 'ယိုး' နိုင်ရတာတုံးဗျာ ကဲ"

"ဟဲ့ ... စုန်းမို့စုန်းမှန်းသိတာပေါ့ဟဲ့ လူမိုက်ရဲ့။ နင်တို့ကာလ သားသမီးတွေဟာ ခက်ပဲခက်ချည်းသေးရဲ့ဟယ်။ လူကိုမြင်လို့မှ နှုတ် ရှေ့ရေ 'မျက်စိမိုမျက်ကဲ' အကြောမသိအောင် တတ်ကြပဲကိုး။ မစောခင် ဟာ စုန်းဟဲ့စုန်း။ စုန်းမှဆယ့်နှစ်ကြိုးတတ်တဲ့စုန်း။ ကဲ ... သိပလား"

"အဲ ... ဟုတ်ပြီထားပါတော့။ အဲဒါကို အရီး ဘယ်သူပြော





"ဘယ်သူက ပြောနေဦးမလဲဟဲ့။ တစ်မိုးလုံး တစ်မြေလုံး ...ဒီတစ်ရွာလုံး သိနေကြတာပဲ။ ဖွင့်မပြောကောင်းတဲ့အရာမို့သာ ...စေးထည့်ပြီး နှုတ်ပိတ်နေကြတာကိုး။ 'ငှက်ပျောသင်းကိုက် မိလိုက် ...တဲ့ နင်တို့မကြားဖူးဘူးလား"

"ဟုတ်ပါပြီ။ ကြီးတော် မစောခင်ကြီးဟာ စုန်းပါပဲလို့ ဘယ် ...သိခဲ့ကြတာလဲ။ စုန်း၊စုန်းနဲ့ သမုတ်လိုက်ရတာက လွယ်တာလေ။ ...တပ်အပ်အပ် ဘာကြောင့် ဘယ်လိုဆိုတာ မရှေလည်ဘဲနဲ့ သားပုပ် ...လွှင့်ယိုးစွပ်တာမျိုးဆိုရင်တော့လည်း ဘယ်ကောင်းမတုံး။ တစ်ဖက် ... အားနာစရာဗျာ။ နစ်နာချက်က ကမ်းကုန်ရောပ"

"အမယ်လေးလေး ... ဘုရားသားရယ် 'မိချောင်းမင်း ရေ ...ပြီး ဘုန်းကြီးစာချ' လုပ်နေလိုက်သေးရဲ့။ တယ်လေ ... ငါ ထ, ...လိုက်ရ၊ ဟုတ်ပေ့ရှိရောမယ်"

"လုပ်ခါမှလုပ်ရော့ အရီးလေးရာ ကျုပ်ကတော့ ဘာကြောင့် ...လို 'စုန်း' လို့ 'ယိုး' ရသလဲဆိုတာ လွှတ်သိချင်တာပဲ"

ကိုရင်တေလေက တကယ်သိလိုစိတ်ပြင်းစွာ စိတ်ဝင်တစား ...နေ၏။ အရီးလေး မမယ်မခမျာ သူ့တူကို စေ့စေ့ကြီး တွေကြည့် ...မှု တစ်စုံတစ်ရာကို တွေးနေသည်။

ပြီးမှ ...

"ကိုင်း ... သိလိုသိမှဖြင့် နားထောင်စမ်း ... ဟဲ့ကောင်"

ပြောင်းဖူးဖက် ဆေးလိပ်တစ်တွာတစ်ညှိကို မီးအရင်ညှိရသေး ...ည်။ မီးညီအောင် လက်ညှိုးဖျား၌ တံတွေးဆွတ်၍ တို့ကာဖိကာညှိ ...ာ် သုံး,လေး,ငါးဖွာကို မီးခိုးတွေ မှိုတိုးသလို လုံးခနဲထလာအောင်



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်၍ရှိုက်၍ ဖွာလိုက်သေးအေး။
"နှင့်ညီသာလှတို့၊ ခင်ပေါ်တို့ကို ရှင်ပြုသက်နှင်းဆီးပေး
နှစ်က နှင့်ကောင်မ 'မြရွက်'ရဲ့မအေ 'မစောခင်'နဲ့ငါနဲ့ ဈေးဝယ်
တစ်ယောက်တစ်ခွန်း စကားများကြသဟဲ့။ ဈေးဖိုးအမ်းတဲ့ကိစ္စဟာ
အဲဒီတုန်းက ငါကလည်းစွာတာတာ၊ သင်းကလည်း ဆတ်ဆတ်
ဆတ်ဆတ်လန် 'အထိမခံ ရွှေပန်းကန်' အစားထဲကကို။ တော်
လေးကို သဲသဲမဲမဲ ဖြစ်ခဲ့ကြတာရယ်၊ နောက် ... ပြီးတော့လည်း ပြီး
တာပါပဲ။ တစ်ရွာတည်းသားတွေကိုးနော့။ ဒါပေသိ သူကမပြီးသေး
မောင်ရေ့။ ငါ့ကို 'အေ ... ရှင်မယ်မ နေသေးသပအေရယ် ...
တစ်နေ့နေ့ ညည်းငါ့အကြောင်းကို သိရစေ့မပေါ့'လို့ ကြိမ်းသ
ငါနှယ် ... နှလုံးတွေတုန်၊ အူတွေအသည်းတွေထဲလည်း အေး
လို့ပဟဲ့"

"ပြီးတော့ကော အရီးလေး"

"အေး ... ပြောမလေ။ ဖြစ်ပြီးကြလို့ တစ်ရက်လည်း
ရော၊ ငါ့သားကြီး နှင့်အစ်ကိုတိုးမောင် ဖြန်းဆို ယာခုတ်ရင်းပိုးထိ
တာပဲ။ မြန်ချက်ကတော့ ဆေးကိုမမီလိုက်ဘူး ဆုံးရော။ ဒါပေသိ
ကိုသင်းလက်ချက်လို့ မဥပါဒ်မိသေးပေါင်။ နောက် တစ်ဥပုသ်
ပဲ ကွာသလေ။ တိုးမောင်အောက်ကကောင် 'သာမောင်' ဝိုင်းထဲ
ကျည်းပင်ပေါ်ကလိမ့်ကျပြီး ခါးကြီးထက်ပိုင်းကျိုး သေပြန်ရော။
လည်း မထင်သေးဘူး။ လေထန်တုန်း သစ်ပင်တက်လို့ ခြေမြ
မမြဲ ချော်ကျတယ်ပဲထင်မိသေးတာ။ သူတကာတွေက 'ဒီလိုဒီလို
သတဲ့'လို့ တောင်တောင်အီအီတွေ ပြောလာတာတောင် ငါက မ
ရက်ခဲ့ဘူး။ ကြွလိုကြိုက်လို့ တိုက်ဆိုင်တာပဲရယ်လို့ သဘောပိုက်





လိုက်တော့တာရယ်"

"နောက်ရော ..."

"ဟဲ့ ... ဘယ့်နှာ အနားကပ်ပြီး လောနေရသတုံးငတေ
ရဲ့။ နှင့်မလဲ ပြောမှာပေါ့။ အဲ ... နောက်ဆုံးတော့ မင်းတို့ဘကြီး၊
တိုးမောင်တို့အဘကျတော့မှသာ သင်းလက်ချက်စစ်စစ်ပဲလို့ ငါက
တုံးတုံးချလိုက်ရတော့တာ။ နေရင်းထိုင်ရင်း သွားသွားလာလာ အကောင်း
ကြီးကနေ 'မူးတယ်၊ မူးတယ်'နဲ့ ပစ်လဲပါရောလား။ 'လေသင်တုန်း
ဖြတ်'ဆိုသလိုလို၊ 'ဦးနှောက်ပဲ သွေးကြောပြတ်'ဆိုသလိုလို။ ရမယ်ကို
ရှာလို့မရလိုက်ဘူး။ ဟော ... ရွာနီးချုပ်စပ် ပေါက်ပေါက်ရောက်ရောက်
နဲ့စပ်စပ်ရှိတဲ့ ရွာတောင်ပိုင်းက ဘကြီးဦးဖြိုးသာနဲ့ မင်းတို့ဘကို
ဘုံးတဲ့ 'မင်းရဲ'ထဲက ဓိဋ္ဌာန်ဆရာကြီး ဘကြီးသန့်တို့နှုတ်ကနေ 'ရွာသူ
မှားတယ်၊ တခွေ့ယမ်းစားတယ်'လို့လည်းမြည်ရော ... ဘယ်လောက်
ကိုက်လို့တုန်း 'နှုတ်မရတော့ဘူး'ဆိုပြီး ပစ်လိုက်ရပါရောလား၊ ငတေ
ရယ်။ စောခင်ရဲ့လုပ်ချက်တွေဟဲ့ ... စုန်းမကြီးရဲ့လုပ်ချက်တွေ"

ပြောရင်းပြောရင်းက မျက်ရည်စက်လက်၊ နှပ်ချေးတွက် ချူ၊
ချိုလိုက်ချေသေးတော့။ ဒုက္ခ ... ဒုက္ခ။

"အဲဒါပဲငတေ ... နှင်မယုံရင် နှင့်အမေကိုမေးကြည့်။ ဒါပေသိ
အဘေကြီးကတည်းက ခြေလွှန်လက်လွှန်၊ လွှန်လွှန်ကျွံကျွံတွေမဖြစ်ခင်
ပြီး ဦးခင်အောင် သတိပေးထားလိုက်မနော်။ နှင်ကြိုက်ရင် ရွာထဲ
အသွားမတွေ အဖြီးဖြတ်ယူချင်ယူ၊ အဲဒီ စုန်းမသမီးကိုတော့ ယောင်
တောင် မျက်စောင်းမထိုးနဲ့ဟဲ့။ ဝေးဝေးရှောင်ပါ။ လွတ်လွတ်ကင်း
ကင်းနေ။ ပြီးမှတော့ အရီးလေးအဆိုးမဆိုလေနဲ့။ စောခင်နဲ့ငါနဲ့က
တော့ ဒီတစ်သက် ကျွန်ုပ်ရန်ပဲဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



အဖိုးလေး မမယ်မက 'ရေပိတ်စပါး'၊ ဂိတ်ကုန်ဌာန်ကုန် ပြောချသွားခဲ့ခြင်းဖြစ်သည်။

သည်တော့မှ ကိုရင်တေလေ ရင်ပူရမှန်းသိတော့၏။

"ပစ်ရမှာလည်း အဆီနဲ့ဝင်းဝင်း၊ စားရမှာကျတော့လည်း သဲက တရုပ်ရုပ်။ ရှေ့တိုးထမ်းပိုး၊ နောက်ဆုတ်လှည်းတုတ်။ ခက်ချည်ကွာ ..."

ရှူးမည်ဆို ရှူးဖြစ်လောက်သည့် သောကလုံးကြီးက နှင့်နှင့်စီးစီးဖိပြီ။

## အခန်း (၄)

"ကိုကြီးသန်း ... အဲဒါအမှန်ပဲလား။ ကျုပ်ကို ပြောစမ်းပါ ကိုကြီးသန်းရယ်။ ကျုပ်အမှန်အတိုင်းများလည်း သိစမ်းပါရစေ"

"နေပါဦး ငတေရ၊ ဒီလောက်ကြီး ကိုယ့်ဖင်ကိုတောင် ကိုယ် မကုတ်အားအောင် အလုပ်တွေများနေပါတယ်ဆိုခါမှ မင်းကငါ့ကို ဖွတ်ကြီးရှာမေါ်လာတာဟာ အဲဒီကိစ္စအတွက်လားဟင် ... ဟေ့ကောင်"

"ဟုတ်တယ် ... အဲဒီကိစ္စပဲ။ လုပ်ဗျာ ... ကိုကြီးသန်း ကျုပ် ရင်ပူလွန်းလို့"

"အောင်မလေးဟဲ့ဗျာ ... ဆန်ကြမ်းက လာစေးနေပြန်ပါပြီ ရော။ မြွှက်စိတ်ပူမို့လည်း ချန်ထားပါဦးလူရ၊ ဖက်ကြောင့်ကျိုးတဲ့ဆူး ရယ်လို့ ကြုံဖူးကြားဖူးပေါင်"



www.burmeseclassic.com

www.burmeseclassic.com



"ရော် ... ကိုကြီးသန်းကတစ်မျိုး။ လာ ... ကျုပ်ပြောမယ်"

ကိုရင်တေလေက သူ့မျက်နှာထူလပျစ် နီရဲရဲ ရက်အမ်းအမ်းကြီးကို ရှေ့မျက်နှာနောက်ထားလျက် ကိုကြီးသန်းနှင့် နှစ်ကိုယ်ကြား နှုတ်ခမ်းချင်းလိမ်လိုက်သည်။ ရွာကလေး၏ ကာလသားခေါင်း ကိုကြီးသန်းခမျာ မျက်လုံးကြီးတွေ လင်းကွင်းလောက် ပွစွန်လုံးဝဲဖိထားသလိုမျိုး ပြူးခနဲထွက်လာလေတော့၏။

"ဗုဒ္ဓေါရေ ... ငတေ၊ နင်တို့ဟာ တကယ်"

"နားနဲ့မနာ၊ ဖဝါးနဲ့နာဗျာ။ ကျုပ်ပြောနေတာ တကယ်အမှန်တွေချည့်ပဲ။ ဘုရားစူး မိုးကြိုးပစ်"

"ဟွး ... ခက်ပကောင်ရား။ မင်းတို့ဟာက နှုတ်မရပြုမရ ကျွံနေကြပြီကောကွ။ ပြဿနာတွေကတော့ မိုးလုံးပတ်လည်ပဲပေါ့ .. ငတေရဲ့။ ကျောကော့အောင်ခံဖို့သာ ပြင်ထားပေရော့"

ဟုတ်သည်။

ကိုရင်တေလေနှင့် မြရွက်တို့မှာ 'သမီးရည်စားမကာ၊ လင်မယားမကျ' လွန်လွန်ကျွံကျွံတွေ ဖြစ်နေကြပြီး ဟိုးသင်းဟိုဟာတွေတောင် ရနေပတဲ့။ အင်း ... ကိုယ်ဝန်၊ ကိုယ်ဝန်။

ကိုရင်တေလေက ရွာကလေး၏ ကြေးရတတ်ပိုင်းက ဘိုးတရုတ်၊ ဒေါ်မုန့်တို့၏သွေးသား။ ဆွေကြီးမျိုးကြီး၊ ဆွေအုပ်မျိုးအုပ်ကတောင့်တောင့်တင်းတင်း။ ကျိုးကန်းတွေလို ပိုင်းအာတတ်သည့်အမျိုး။ မြရွက်က ဥတစ်လုံးတစ်ကောင်ကြွက် တစ်မျက်နှာ။ ရွာအကြည်ခံ အပယ်ခံ ဆယ့်နှစ်ကြိုးကခဲ့ စုန်းမယာ တစ်ရွာလုံးကသမုတ်ထားသည့် ဘွားစောခင်၏သမီး။ သို့လျှင်ဖြစ်၍ ရပ်ကျော်ရွာကျော် ပွက်လောလန်ဦးတော့မည်ကား မြေကြီးလက်ခတ်မလွဲ။

---





"အိမ်း"

ကိုကြီးသန်းက ရင်မချောင်လွန်းလှသဖြင့် 'အိမ်း' ရှည်ကြီးခွဲမိလေ၏။

"အရိုးလေးဆီကကြားရတာတွေ မှန်၊ မမှန်သိချင်တာထက် ကြီးတော် မစောခင်ကြီးဟာ သူများတကာပြောသလို စုန်းဟုတ်တယ်၊ ဘုတ်တွေးဆိုတာကိုပဲ ကိုယ်တိုင်လက်ရောက် သိချင်တာကြီးရယ်"

"အိမ်ဖုံ ... ငါ့ပါးစပ်က ပြောလို့သိရတာထက် မင်းဘာသာ ချင့်ချိန်သိရတော့ ပိုမကောင်းဘူးလား ငတေ"

"ကျုပ်က ဘယ့်နှယ်ချင့်ချိန်သိနိုင်မှာတုံးဗျ ကိုကြီးသန်းရ။ ရွက်အမေဟာ 'စုန်း' ပါဆိုတာကိုတောင် အရိုးလေးပြောခါမှ တေ့တေ့တင်တင် သိရတဲ့ဟာကြီးကို"

"သိနိုင်တယ်လေကွာ ... မင်းငါပြောသလိုသာ လိုက်လုပ်ဖို့ဆိုတာပဲ"

"ဟုတ်ပါပြီ၊ ကျုပ်ကဘာတွေကို ဘယ်လိုလုပ်ရမှာတုံး ... ဘဲ"

"နေဦး ... ခု ဘယ်နှရက်နေ့တုံး။ လဆန်းဆယ့်သုံးရက်ဟုတ်လား"

"ဟုတ်ပ"

"ဒီလိုလုပ်ကွာ။ ခုလာမယ့် လပြည့်နေ့ညကျ ငါနဲ့လိုက်ခဲ့။ ဒီကျတော့ မင်းကိုယ်တိုင် မျက်မြင်တွေ့ရလိမ့်မယ်"

"ဘာ ... ဘာကြီးကိုမြင်ရမှာတုံး ကိုကြီးသန်းရ"

"အို ... လကွာ၊ ဘာပဲဖြစ်ဖြစ်ပေါ့။ မင်းမျက်စိနှစ်လုံးနဲ့ အပ်အပ်ကြီးမြင်ပြီးပြီဆိုမှသာ ဒီအကြောင်းတွေကို နောက်ထပ်မမေးနဲ့

---



www.burmeseclassic.com

www.burmeseclassic.com



တော့။ ပြီးတော့ . . . မင်းတို့ကိစ္စကြီးကိုလည်း 'ပဲလှော်ကြားသားညှပ်
လာလာ အလုပ်မနိုင်းနဲ့ . . . ဟုတ်ပလား"

ကိုရင်တေလေ ငြိမ်နေသည်။ စကားပြန့်,စကား မေးမရ
ငုက်ပျောတုံး၊ လက်ပံတုံးကြီး ထောင်ထားသလို အချောင်
သားကြီး ငြိမ်၍ရပ်နေ၏။

"ဘယ်လိုလဲငတေ၊ လိုက်မယ်မဟုတ်လား"

"အင်း"

သူ့ 'အင်း'သံက တယ်အားမရှိချင်လှ။ သံရှိုသံမှန်ထက် ခေါ်
ချိုးမကာ ပျော့ချင်ချင်။

သည်လိုနှင့် . . .

သူတို့တစ်တွေ စည်းဝါးရိုက်ထားသည့် လပြည့်နေ့က ဟုတ်
ခနဲ ချက်တစ်ဖြုတ် ရောက်၍လာသည်။

ကိုရင်ငတေ ရင်တွေလေးလှ၏။

ဘာတွေကို မြင်ရ၊ ကြားရ၊ ကြုံရဦးမည်နည်းဟု တွေးလျက်
နံနက်ဦးကတည်းက စိတ်ထဲတစ်မျိုးကြီးဖြစ်၍ နေခဲ့သည်။

'တစ္ဆေမြှူဆိုင်' ဟု ရွာကလေးကပြောလေ့ရှိသည့် နွားရိုင်းသွင်း
ချိန် နေဝင်ရီတရော ရောက်လာသည်အထိ ကိုကြီးသန်းအား အရိပ်
အယောင် အစအနမမြင်။ 'လမွန်းမတိမ်းခင်ရောက် ပြီးတာပဲလကွာ'

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



ဟု ကြုံတင်စကားထည့်ထားသဖြင့်သာ စိတ်ထဲ လေးလေးလံလံ ပူပူ ပြင်းပြင်းကြီးရှိနေလျက်သားက ကိုကြီးသန်းကို ပေရှုံစောင့်နေမိ၏။

"ငတေ ... လာဟေ့"

ပုဆိုးက အညာဖျင်ကြမ်း၊ မန်ကျည်းစေ့ကွက် မရမ်းစေ့ရောင် အဆင် ခပ်နွမ်းနွမ်းကိုဆီးလျက် ဘေးမတုံတစ်ချောင်း ခါးတွင်ထိုးကာ ကိုယ်အပေါ်ပိုင်းဗလာ၊ ကျောပြောင်ကြီးနှင့် ကိုကြီးသန်းက လေရှူးဖေ့သလို သူတို့နွားစာစဉ်းခုံနား၌ ရုတ်ခြည်းပေါ်လာပြီး ခပ်အုပ်အုပ် အသံပြုသည်။

"ဟေ့ကောင် ... အလင်းလုံမယ့် ခပ်မှောင်မှောင်ဟာမျိုး ရွေးဝတ်ခဲ့ကွ"

"အင်းပါ"

ကိုရင်တေလေလည်း အဘဏ်ဆောင်ဒေါ်းကို စလွယ်သိုင်းလွယ်လျက် အောက်က စစ်စိမ်းရောင်ဖွပ်ကျယ် ကြေးလက်လေးသစ်၊ ဝတ်လက်စသက်ကာယ်ကျင်း၊ ဆီးမိးခံနယ်တွက် နှစ်နံစပ်ဖျင်ကြမ်းပုဆိုး ဟောင်းကိုသာ ခပ်တိုတိုဆီး၍ ထွက်ဖို့ပြင်သည်။ ခါးကြားမှာ 'ကျား ခေါင်း' ခတ်မီးနှစ်တောင့်ထိုးကို ချပ်ထားတ၏။

"ဟဲ့ ... ဒီညီအစ်ကို မိုးကြီးစုပ်စုပ်ချုပ်ခါမှ ဘာတွေတလှုပ်လှုပ် ဖြစ်နေကြပြန်တာတုံး။ ညရေးညတာ ပိုးကောင်မွှားကောင်ကပေါ၊ သူခိုးကပူသနဲ့နော်။ ရွာကျော်ရပ်ခြား လျှောက်သဝေထိုးမနေကြနဲ့ဦး"

အမေ့ထဲ အရာပေါ်၊

ကိုရင်တေလေ၏အမေ ကြီးတော်မှုန်က မြင်ဖြစ်အောင်မြင် လိုက်ရသေးသည်။

"နွားပျောက်လို့ ကြီးတော်ရေ့၊ မောင်ညီတို့ပြောင်းခင်းဝတ်





ထဲ လှန်ထားရင်းက စာညကြီးတစ်ရှဉ်းလုံး ရှာမတွေ့တော့လို့ အရှေ့ နဲ့ဘက်စခန်းနား ခြံရာမြေထဲ လျှောက်ကြည့်မလားလို့ ငတေကို ခေါ် သွားမနော"

"ဟဲ့ ... အဖော်အလျော် ဘယ်သူပါသေးတုံး"

"မြောက်ချောင်က ညာဏ်သိန်းတို့၊ မိုးတင်တို့၊ ကိုရင်သန်းနွံတို့ ပါဦးမှာပါကြီးတော်ရဲ့။ ပြီးတော့ ... သိပ်လည်း မကြာပါဘူး"

"အေး ... အေး ... သတိကလေးများနဲ့လည်း၊ သွားကြ၊ မြွေပါးကင်းပါးလည်း ဂရုစိုက်နော်။ ညရေးညတာမှာ ဟို သဲချောင်းကြီး နဲ့ အိုင်ကြီးတောဘက်အထိတော့ ခြေဦးမကျွံကြစေနဲ့ကွယ် ... နော"

သူ့ကို ဝည့်တောက်ခံပြန်ရှင်းနေက တော်တော်နှင့်ပြီးမည့်ပုံ မပေါ်၊ နှစ်ယောက်သား လက်ကုတ်လျက် အသာလစ်ထွက်ခဲ့ရတော့ သည်။

ရွာကလေး၏ အရှေ့ရွာစည်းခရိုး၊ ရွှေမြင်တင်ဘုန်းတော်ကြီး ကျောင်းဆီသို့ အဝင်အထွက်ပြုရာ ဘတ္တေးမြင့်တို့ဝိုင်းထိပ် မလွယ် ပေါက်က ရွာပြင်ကို အသာလျှို၍ လစ်ထွက်ခဲ့ကြသည်။

အရှေ့ရွာ လထွက်ရာဘက်ဦးတည်လျက် ခပ်သုတ်သုတ် 'ဗိုင်း' ခဲ့ကြရာ တအောင့်အကြာတွင် မြရွက်ကလေးတို့ ယာပြင်အုပ်အုပ် ကလေးရှိရာ ဘုရားနီမှင့်မန်ကျည်းသုံးပင်သို့ ရောက်၏။

"ဟဲ့ကောင် ... ငတေ၊ ညရေးညတာ တောထဲတောင်ထဲ သွားရတာ စိတ်မာရဲ့နော ...။ နို့မဟုတ်ရင် ဒီကလှည့်ပြန်ကြမှပဲ။ ရှေ့ဆို ရွာနယ်နိမိတ်ကုန်ပြီရယ်"

"ကိုကြီးသန်းကလည်းဗျာ ... ပြီးခဲ့တဲ့အခါတွင်းတုန်းက ဆိုကိုလှမောင် (သန်းနွံ)ကြီးနဲ့ 'မွန်းကုလားတစ္ဆေ' ဖမ်းခဲ့တာထက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဆိုး တာ့ရှိ မထင်တော့ပါဘူး။ ကျုပ်လည်း အဲဒီကတည်းက တချွေ ‘ငြိုး’ ရော့ဆိုပါစို့။ စိတ်ရှင်းလက်ရှင်းသာ သွားဗျာ။ ဒီနေ့ညတော့ ဘာပဲဖြစ် ဖြစ်''

''အိမ်း''

တောပြင်ယာစပ်၌ မြူတွေဆိုင်းလျက် ထွက်ဦးစလရောင် အောက်တွင် ဝန်းကျင်က မှုန်မှိုင်းနေတော့သည်။

ညဘက်၌ ‘ရွှေမင်းဆရာတော် ဘုန်းတော်ကြီးသြ’ သီတင်း သုံးသည့် ဘယ်လင်းတောင်မကြီးက မြေအပြင်သို့ စုံ့စုံ့ပုံ့ပုံ့ ထီးထီး မည်းမည်းကြီး ထိုးထွက်နေသကဲ့သို့ ဝဲဘက်တွင် ရွှေမြင်တင်တောင်နိုး ကြီးက ဟိုးအရှေ့ရှမ်းပြည်နယ်အခြေအထိ တစ်မျှော်တစ်ခေါ်ကြီး ဖွင့် ဖွင့်လွှင့်လွှင့်။

ထိုတောင်စွယ်နှင့် တောင်မကြီးအကြားမှ မိုးအခါသာ ရေရှင် စီးသည့် သဲချောင်းကြီးက ဖြူဖြူဖွေးဖွေး မြင်နေရသည်။ ရေမရှိ။ ခြေ မျက်စိမြုပ်လောက်သည့် သဲနုတွေသာ တင်းကျမ်းပြည့်နေ၏။

ချောင်းထိပ်ကိုမေးတင်ထားသည့် ပေတစ်ရာ ပတ်လည်ခန့် လွင်သာကလေး၌ ဘိုးသက်ရှည် နဘဲပင်ကုန်းကုန်းကိုင်းကိုင်း မည်း မည်းကြီးနှင့် ‘ရွာတော်ရှင်နတ်ကွန်း’။ အခြား သုံးဆယ့်ခုနစ်မင်း နတ်ရုပ် မည်းတွေကလည်း အချို့ မိုးတိုးမတ်တတ်။ အချို့ ကုပ်ကုပ်ရုပ်ရုပ်။ ဘယ်ဟာကဘာဟု ခွဲခြားမသိရ။ မည်းမည်းမည်းမည်းကြီးတွေကသာ သူတို့ကို အသည်းမငယ်ငယ်အောင် ဖန်နေသည်ဟုထင်ရ၏။

နတ်စင်ကုန်းကိုကျော်မိမှ သဲချောင်းကြီးအတိုင်း သုတ်ခြေတင် ခဲ့ကြတော့သည်။

''ကိုကြီးသန်း . . . သုတ်သုတ်နော''

---





''စောသေးတယ်ဟ ငါပြောထားသလို လမှန်းမတိမ်းခင်ရောက် ပြီးတာပဲ''

''နို့မို့ . . . ဖိုင်ကြီးတောအထိ လျှောက်ရမှာဆို ခရီးကလှမ်း နေသေးတဲ့ဟာကို''

''ကိုင်းပါ . . . မိချောင်းသားရယ်၊ ဘကြီးလှတို့ ကြီးတော် ဗြိမ်းလှတို့ယာထိပ်၊ ပြောင်းခင်းစပ်က မန်ကျည်းနိုပင်ကြီး ရှိပါကော။ အေး . . . အဲဒီအထိ သွက်သွက်လျှောက်။ အဲဒီနားရောက်မှ ဘယ်ဆက် သွားရမလဲ ငါပြောပါမယ်''

တစ်တောလုံး။ ယာတစ်ပြင်လုံး ပကတိတိတ်ဆိတ်နေသည်။

လ,ထန်းတစ်ဖျား ကျော်ခဲ့ပြီဖြစ်၍ လရောင်အလင်းက ထိန် သည်ထက်ထိန်၊ ဝင်းသည်ထက်ဝင်းလာပေရာ တောတွေချုံတွေမှာ စိမ်း ရည်းမည်းကြီးပင်ဖြစ်လျက် တစ်မျိုးကြီး ချောက်ချားစရာဖြစ်နေတော့ သည်။

''ရောက်လုနီးပပေါ့ ငတေ''

''ဟုတ်''

''အောက်က သစ်ကိုင်းသစ်ရွက်ခြောက်တွေ၊ ပေါင်းတွေမြက် တွေကို အသာကြည့်နင်းကွ။ အသံကိုလုံအောင်ထိန်း။ ညအခါ ချိုးချိုး ချွတ်ချွတ် တောသံတောင်သံကလေးပေမဲ့ အကျယ်ကြီးရယ်''

ပြောင်းခင်းစပ်၊ မန်ကျည်းနိုပင်ကြီးဆီရောက်လျှင် ချောင်း တစ်ယါးပေါ်တက်၊ ကုန်းမော့ခင်းမိုးကလေးအတိုင်း နှစ်ယောက်သား ခပ်ကုပ်ကုပ် တိတ်တိတ်ဆိတ်ဆိတ် ခြေသံဖွက်၍ ချွတ်နင်းလာခဲ့ကြရ သည်။

''ဒီကိုလာပေါ့ . . . ငတေ''

---



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ဖက်ခန့် လျှော်ဖြူပင်ကြီးညီနောင် ခေါင်းချင်းဆိုင်၍ ပေါက်နေသည့် ကမူကလေးဆီသို့ ပြေး၍ကပ်လိုက်ကြရာ သူတို့ရှေ့တည့်တည့်၌ ခပ်စောက်စောက် ချောက်ကမ်းပါးယံကြီးကို မြင်၏။ သူတို့ခိုနေသည့်လျှော်ပင်ဖြူကြီးများမှာ ချောက်အစွန်း၌ စွင့်၍ပေါက်နေခြင်းဖြစ်ပြီး မြစ်ပျဉ်းများက ကမ်းပါးကိုထိုးတွယ်နေကြလျက် ပင်စည်နှင့်သစ်ကိုင်းများက ချောက်ပေါ်သို့ ခပ်ငိုက်ငိုက်ကိုင်းနေသလို ရှိသည်။

"မကြာတော့ဘူးကွ၊ လ,မွန်းတည့်ပြီးရင် လရောင်ထင်းထင်းအောက်မှာ မင်းမြင်ရလိမ့်မယ်မောင်"

ဘာတွေကို မြင်ရမည်ဟုမပြော။

ကိုရင်တေလေကလည်း မမေးမိ။ ရင်ထဲ၌ ဖြောစည်ကြီးတီးနေသလို တဒိန်းဒိန်းမြည်လျှက်သားက ခေါင်းနားပန်းတွေကြီး၊ စိတ်လည်း လေးလံအိုမင်းနေတော့သည်သာ။

လ,က တဖြည်းဖြည်းချင်း ရင့်၍ရင့်၍ လာ၏။

'ဂူး'ခနဲ၊ 'ဝေါ'ခနဲ တစစနီးကပ်၍လာသည့် တစ်မျိုးတစ်မည်အသံများကို ကြားရစပြုပြီ။ အနားနီးနီး ရောက်လာလေအသံမျိုးစုံက အုတ်အုတ်ကျက်ကျက် ဆူညံလာလေ။

ကိုကြီးသန်းက ကိုရင်တေလေကို အသာလက်ကုတ်၍ သတိပေးလိုက်၏။ ကိုရင်တေလေမှာဖြင့် ခေါင်းတွေကြီးလှပြီ။

ပြီးလျှင် ... အသံတွေက တစစ ငြိမ်သက်တိတ်ဆိတ်သွားသည်။ 'တောချောက်တာလားမသိ'ဟုတွေးရင်း ကြက်သီးတွေတစ်ကျောလုံး တစိမ့်စိမ့်တရှရှ ဖြန်းခနဲထလာတော့သည်။

ချောက်အောက် သဲပြင်ဖြူဖြူတစ်ဝိုက်ဆီမှ မီးရောင် လက်ခနဲလင်းလာ၏။ တောင်မကြီးပေါ်မှ တောင်ကျချောင်းတိုက်ကျရာ ချောင်းဦး





တိုသုံးခုက ချောင်းမကြီးဆီပေါင်းဆုံရာဖြစ်၍ ချောင်းပြင်ကျယ် လွင်သာကလေးလိုဖြစ်နေသည်။ ထိုနေရာ၌ လူတစ်စုက မီးပုံတစ်ပုံကို ဖျိုးနေကြခြင်းဖြစ်၏။

"ဟော့ ... မိန်းမကြီးခြောက်ယောက်နဲ့ ယောကျ်ားတစ်ယောက်လကွ။ ကြည့် ... ကြည့်"

မီးတောက်ကြီး ရဲ၍လာသောအခါ မီးပုံအနီး၌ တလှုပ်လှုပ်တရှုရှုဖြင့် တစ်စုံတစ်ရာကိုပြုလုပ်ဖို့ ပြင်ဆင်နေကြသည့် လူစုတွေကိုလူလုံးကွဲအောင် မြင်လာရပြီ။

ကိုရင်တေလေမှာ ရင်တုန်ရင်ခုန် မရှိတော့။ 'ဒီလူတွေ ဒီအချိန်မျိုးကြီးမှာ ဒီတောကြီးတောင်ကြီးထဲကို ပုန်းလျှိုးကွယ်လျှိုးနဲ့ ဘာတွေများ တကူးတက လာလုပ်ကြပါလိမ့်မလဲ'ဟု သိလိုသည့်ဇောကသာ တားမနိုင်ဆီးမရ တောင်ကျဟုန်းရေ ဦးစောက်ထိုးလျှံကျလာသလို ကြီးမြို့ကြီး၍ ထွား၍ထွား၍ လာနေ၏။

"ဟော့ကောင် ... ငတေ၊ ဟိုဘက်ကမီးပုံကို တုတ်နဲ့ဆွနေတဲ့သူဟာ ဘယ်သူလဲဆိုတာ တွေ့ရဲ့မဟုတ်လား"

"ဟာင်"

ကိုရင်တေလေသည် မြင်နေရသည့်အရာကို မျက်တောင်ပင်တစ်ချက်မျှလှုပ်အောင် မခတ်မိတော့ဘဲတွေ၍ စိုက်ကြည့်နေမိလေ၏။

"မင်းအမယ်ကြီး ဘွားစောခင်မဟုတ်လား ငတေ ... ဟာင်ဟော့ကောင်"

ကိုရင်တေလေမှာ မှင်တက်မိနေ၍ လေသံတစ်ချက်မထွက်နိုင်အား။

"သူ့အနားက ဖဲထမိဖဲအင်္ကျီနဲ့ဟာက တောင်ရင်းရွာက ဘွား



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းဟုတ်ဝ။ သူနဲ့စကားပြောနေတဲ့တစ်ယောက်က တောင်ဦးထဲက ပန်းပဲဆရာ ဦးချစ်ကတော် ဘွားပန်းဖုံ။ တောင်ဦးရွာထိပ်က 'မယ်မယ်ကြီးဖွားသီလရှင်ကျောင်း'က ယောသူဒေါ်ရဏဝတီ ဆရာကြီးကို အပင်းသွတ်ပြီးသတ်တယ်လို့ နာမည်ထွက်နေတဲ့ အမယ်ကြီးပေါ့ကွ။ ဟော ဟိုဘက်ကိုလျှောက်သွားနေတာက ကျောင်းကုန်းထဲက ဒေါ်ဖုံကြီး။ သူလည်း လူတကာနှုတ်ဖျားမှာ ဆယ့်နှစ်ကြိုးကဝေမကြီးလို့ ပြောနေကြတာပဲဟ။ ဟော ... ဟော ... မဲပုဆိုးကန့်တော့ထိုး။ တဘက်ခေါင်းပေါင်းထားတာ ဘုရားနိုက ဥပသကာဦးတော်ကြီးကပဲ။ ဒီလူကြီးက ဘယ့်နှယ်ပါလာတာပါလိမ့်မလဲ။ ဟင် ... ဟိုဟာကလည်း အလယ်တောင်ကျောက်မိုင်းက နွားမခြံပိုင်ရှင် ဘိုးအောင်ချမ်းရဲ့အဘွားကြီး ဒေါ်သွဲ့ကြီးဟ။ အိုး ... အဲဒါ အမယ်ကြီးကလည်း ကဝေတွေရဲ့ဆရာ အောက်လမ်းဇော်ဂနီကြီးတဲ့။ သိပ်စွမ်းဆိုပဲ။ တကယ့် 'ခေါင်'တွေ 'ဇော်'တွေချည်း လာစုနေတာပါရော။ ကျန်တာ တွေတော့ ငါလည်းမသိဘူး"

ကိုသန်းကြီးက တတွတ်တွတ် ပေါက်ပေါက်ဖောက်နေမင့်လည်း ကိုရင်တေလေမှာ သူ့'ဘွားစောခင်'မှလွဲ၍ ကျန်သူတွေကို မျက်စိထဲမထည့်။ အမယ်ကြီး 'ဘွားစောခင်'မှာ ကျန်လူစုတွေအပေါ်၌ အတော်အတန်ပင် ဩဇာညောင်းပုံရ၏။ အထူးသဖြင့်ကား ကိုသန်းကြီးက 'အောက်လမ်းဇော်ဂနီကြီး'ဟု တပ်တပ်အပ်အပ်ပြောခဲ့သည့် ဒေါ်သွဲ့ကြီးမှာ 'ဘွားစောခင်'ကို ရိုကျိုးလွန်းလှကြောင်း မြင်နေတွေ့နေရ၏။

"ဒီတော့ ဒီတောင်ကြီးထဲ သူတို့ဘာလာလုပ်ကြတာလဲ ကိုကြီးသန်း"

"ရှိ ... ပေါက်ပေါက်ရှာရှာ မေးပဲမေးတတ်ပ ငတေရာ။ မင်း





မလဲ ... ဘာရှိရှိုးမလဲဟ 'ကြိုး'သင်တာနေမှာပ။ ပညာသင်မှော်သွင်းတာနေမှာပ။ သူတို့အစွမ်းတွေ ထက်သထက်ထက်အောင်၊ စွမ်းသထက်စွမ်းအောင် လုပ်တာနေမှာပလူရာ။ ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လား မေးနေရသေးတယ်လို့ ... ချိုး"

ကိုရင်တေလေမှာ အာမေဋိတ်ထည့်ထားသလို တေမိ။ နကမှတ်၊ တုန်မလှုပ်။ ငေးငေးငိုင်ငိုင်၊ ငူငူငေါင်ငေါင်ကြီး ဖြစ်နေတော့သည်။

"မင်းမျက်စိနှစ်လုံးနဲ့ နှုးတွေ့ဒူးတွေ့ တပ်အပ်ကြီးမြင်သင့်သမျှလည်းမြင်ပြီးပြီ။ ဘယ်သူဘယ်ဝါတွေနဲ့ 'သမထောန ... သမထော၊ ဂေါထောန ... ဂေါထော' ပေါင်းသင်းနေသလဲဆိုတာလည်း သိပြီ။ ကိုင်း တေရေ .. လစ်ကြစို့။ ဒီထက်ပိုပြီး တို့သိသင့်တာ မရှိတော့ဘူးရယ်"

ကိုကြီးသန်းက တွန်းတွန်းထိုးထိုး ဆွဲခေါ်လာခဲ့သည့်တိုင် ဘုရားနီထိပ်နားရောက်လျှင်ပင် ခံနက်လင်းအားကြီး အုန်းမောင်းသံနှစ်ချက်ကြားလိုက်ကြရလေပြီ။ 'မန်ကျည်းသုံးပင်'အရိပ်တွင် မြွှက်ကလေးထွက်မျှော်နေဟန် လူရိပ်ခပ်ဖြူဖြူကိုလည်း တွေ့ရ၏။

ကိုရင်တေလေ ရင်ထဲမချိပြီ။

"ဖြစ်မှဖြစ်ရလေ မြွှက်ရယ်၊ နှင့်ဘာဝနှယ် ... ဟာ"

စကားသံဖြစ်လာခွင့်မရှိတော့သည့် အသံတွေကို လည်ချောင်းဖျားပင် ဇလုံးဇထွေးကြီးဖြစ်၍ မျိုချလိုက်ရတော့သည်။

"တော်သေးရဲ့ ကိုရင်ရေ၊ ကိုကြီးသန်းနွား စာဥကြီးတစ်ရှဉ်းကို ဘကြီးဦးအုန်းမောင်သား 'သာဝိုက်'က သူ့ပဲကြီးခင်းထဲ ဝင်မွှေနေလို့တဲ့။ ဖမ်းပြီးချည်ထားလိုက်တာ သူတော့ပြန်ကာမှ ကိုကြီးသန်းတို့အိမ်သွားပို့ခဲ့သတဲ့။ အဲဒါ ကိုရင်နဲ့ကိုသန်းကြီး နွားပျောက်ရှာသွားရင်း ပြန်မလာသေးလို့ဆိုပြီး တကျိကျိ နားပူနားဆာ လာတိုက်နေတာနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့တွေလူစုပြီး ခြယာပြင်ဘက် ထွက်ရှာကြမလို့၊ နှလို ဒက်ထိကြီး တိုးလို့တော်သေး''

မြောက်ချောင်မှ အစ်ကိုလေး ကိုညာဏ်သိန်းက လေစရှင်နေ သေးဏါ။

သို့သော် . . . ကိုရင်တေလေက ငိုက်စိုက်။

ဖက်ကြီးကျိုးကျနေသလို အရုပ်ကြိုးပြတ်ကြီး။

သူ့ဝမ်းနာ သူသာသိ၊ နွမ်းရိရိကြီး ဖြစ်နေတော့သည် . . . တဲ့။

■ ■ ■

# အခန်း (၅)

❑

'မြရွက်ဆုံးပြီ' . . . တဲ့။

သည်သတင်းက ရွာကလေးကို ကိုင်လှုပ်လိုက်သည်။

ထူးထူးလည်လည် လျှာခံတွင်းတွေ့လောက်ချင်စရာ ပါးရှား ...နှံသည့် ရွာကလေးအတွက် သည်သတင်းသည် ဈေးမစက်ရပ်သတင်း ...ကြီးဖြစ်၏။ ဟိုနားခေါင်းနှစ်လုံးပူးနေလည်း သည်သတင်း။ ဒီနား ကြိတ် ...ကြိတ်ကြိတ်ကြိတ် ပူးတွဲပူးတွဲ စကားဝိုင်းဖွဲ့နေပြီဆိုလျှင်လည်း သည် ...ကိစ္စ။ အရှေ့ချောင်မှာလည်း မြရွက်၊ ရွာအနောက်ပိုင်းမှာလည်း မြရွက်။

ရွာလုံးပတ်ပတ်လည်၌ 'မြရွက်' သတင်းကသာ ကဲကဲလွှန်လွှန် ...သွမ်းနေ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေး သနားစရာပါဟယ်။ သူတို့ယာပြင်ထိပ်နား

ဘုရားနိုက 'မန်ကျည်းသုံးပင်စု' ရှိပါရော။ အဲ . . . အဲဒီ မန်ကျည်း

စုက ရွာဘက်ဦးတော်နေတဲ့ မြောက်ဘက်ဆုံး မန်ကျည်းပင်ကြီး

တက်ပေါင်ကိုင်းမှာ ပုဆိုးပေါင်းကိုကြိုးလုပ်ပြီး 'ဆွဲကြိုးချ' သွား

တဲ့။ ဘုရားနိုထဲက ဖျေပ်မှာနေတဲ့ ဦးတော်ကြီးတွေ့တော့ကို တန်းလ

စန့်စန့်ကြီး လျှာကြီးတစ်လစ်၊ မျက်လုံးတွေပြူးအစ်ပြီး အသက်

တော့ဘူးတဲ့"

ရွာကလေး၏ ဟစ်တစ်လုံးကျာနယ်လစ် မောင်းကွဲကြီး 'ဒေါ်

က သည်နယ်သည်ပုံ ကောင်းဆိုစလိုက်လျှင်ပင် . . . ၆

"ဒီကလေးနှယ် မိုက်ချက်တော့ ကမ်းကုန်ရောတော်။ အ

ငါးရာငါးကမ္ဘာဆိုတာများ မကြောက်ဘူးလား မသိပါဘူး။ ဒါမျိုး

'အထုံ'ပါတတ်သတဲ့။ ကြည့်စမ်း . . . မကြောက်မရွံ့ကြီးဟယ်။ သူ့

သူ့ရေကလေးကြည့်တော့လည်း သနားကမား အေးပုံအေးလက်နဲ့ လ

သွားလိုက်ပုံကြီးက ကျောချမ်းစရာကြီး"

"နေ . . . နေပါဦး ကြီးတော်မိရဲ့ ကောင်မလေးက မပဲ့မ

ကြီးနဲ့ဆို"

"ဟယ် . . . မဟန်ပိုင်းရယ်၊ အဲဒါတော့ လေသံမဟလိုက်

နဲ့တော့။ သေတဲ့သူလည်း သေရှာပါပြီ။ သူ့လမ်းသူဖြောင့်ဖြောင့်သွာ

ပါစေတော့။ လူလည်း သေရ နာမည်ကလေးမှ အဖတ်ဆယ်မရဖြ

ဦးမယ်ဆိုရင် 'ဘွားစောခင်'ကြီးတော့ ရင်ကျိုးရှာရှာရှာမယ်"

"ဒါတော့လည်း ဒါပေါ့ ရှင်လှကြည်ရယ်။ ဒါပေမဲ့ အရွ

ကောင်းကလေးမှာ ပန်းကောင်းအညွန့်ကျိုးဖြစ်ရလောက်အောင် ဘယ်

သင်းကသေပန်းပွင့်တာလဲလို့ ရမယ်ချစရာ၊ ဥပါဒ်စရာအကြောင်းတော





ဦးမှာမဟုတ်လား အမိရဲ့။ ပြီးတော့ 'ဘွားစောခင်'ကြီးအကြောင်း

လည်း သိသိကြီးနဲ့ ဘယ်သူကများ မိုက်မိုက်ကန်းကန်း၊ ကျူးကျူး

ကျော်ကျော် လက်ရဲဖက်ရဲနဲ့ အရဲကိုးလိုက်လေသလဲလို့ သိချင်တာများ

လည်း အူကိုယားလို့ပ"

"ဟဲ့ . . . ကိုရင်တေလေကြီးနဲ့ဆို"

"ရော် . . . ပိုင်းကြည်ရယ် တိုးတိုးလုပ်ပါဟဲ့။ တောထရဲ့ တောင်

ရဲ့တွေက နားရွက်တွေစွင့်နေကြတာရယ်။ မတော် 'ဘွားစောခင်'ကြီး

ရဲ့ အရိုးလေး မမယ်မတို့ဆီများ နားစွန်နားဖျား လေသလပ်လိုက်လို့

တော့ ကောင်မရေ မီးနိုးမဆုံး မိုးမဆုံး တုတ်ဆွဲဓားဆွဲဖြစ်ကြကရော

ပဲ"

ဟုတ်ပါပြီ . . . ကိုယ်ချင်းကိုယ်ချင်း ပြီးပြီးပျောက်ပျောက်

ပြောရတာပါ။ ကိုရင်တေလေကြီးနဲ့ ဟိုနေရာတွေ၊ ဒီနေရာတွေနဲ့

နေကြတာ ကြာပြီဆိုကိုး။ လှချောတို့ လှပေါ်တို့ နွားမခြံက နွားကျောင်း

မြစ်ကြီးတို့နဲ့က ရှောင်မလွှတ် ခထာခထာတိုးဆိုပဲ"

"အေး . . . အေး . . . လုပ်စမ်းပါဦး။ ခုနစ်ချေွရုပ်ချေွ လူပျို

ပုပ်အသိုက်ကြီးနဲ့ ဥတစ်လုံးတစ်ကောင်ကြွက် 'မျက်ပုန်းသီး'တို့ တွေ့

ပြီး ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုးလိုမျိုး ဇာတ်လမ်း

. . ."

"ရှင်ဟန်ပိုင်း . . . ကိုယ့်လျှာကိုယ်ထိန်းစမ်းအေး။ ဘယ့်နှယ်

တားနောက် တရားပါကြီး။ သူတစ်ပါးတွေကို မှိုချိုးမျှစ်ချိုး"

"ကဲ . . . ထားကြစမ်းပါဦးအေ၊ ညည်းတို့နှစ်ယောက်က

တစ်မျိုး။ မတွေ့လိုက်နဲ့ တွေ့လိုက်ရင် တဖောင်းဖေါင်းနဲ့ မျက်ချေး ဖြစ်

ကိုရင်တေလေကြီးနဲ့ မြရွက် မလွတ်မကင်းဖြစ်နေကြတာကို 'ဘွား



www.burmeseclassic.com

www.burmeseclassic.com



စောခင်ကြီးက ရိုပ်မိသတဲ့တော်ရေ။ ငတေကြီးကို ဦးထော်ကြီးနဲ့
နိုင်းပြီး ဘုရားနီထဲမှာ 'ဘွားစောခင်'က ငတေကြီးကို ပြောခဲ့ဆိုခဲ့
ဆိုပဲ''

''အလိုတော် ... ကျားသားမိုးကြိုး ဒီအမယ်အိုကြီးက
ကိုင်း ... ဘာတွေများ ပြောကြသတဲ့တုံး''

''ဟဲ့ ... သူတို့ချင်း နှုတ်ခမ်းချင်းလိမ်ကြတဲ့ကိစ္စကို ဘ
လိုလုပ်ပြီး ကျုပ်က ခရေစေ့တွင်းကျ သိရမလဲတော့။ သူတို့ချင်းပဲ
ကြမှာပေါ့''

''ဦးထော်ကြီးဆီက လေသံတောင် မဟဘူးတဲ့လား''

''ဖြစ်မှဖြစ်ရပလေ ... တစ်နေ့ကုန်လို့ စကားသုံးခွန်းတော
ထွက်ရမှာဝန်လေးတဲ့ လူကြီးဟာကို။ ဒေါ်စောခင်အမယ်ကြီးနဲ့ အလွ
သင့်ပြီး ဇာတ်လိုလို၊ နှုတ်လိုလို မလှုပ်မချောက်နဲ့ဟ။ သူ့ဆီကမျ
ကြားရပါလိမ့်မယ် အားကြီးကြီး။ စောင့်သာနေ ... ကမ္ဘာလဆန်းတ
ရက်နေ့လောက်တော့ ပွင့်လာလေမလား မပြောတတ်ဘူး''

''မြရွက်ကလေး သနားစရာပါဟယ်၊ လူသာဖြစ်လာရ လော
အလယ်မှာ မျက်နှာငယ်ခံရဖို့၊ သူများတံတွေးခွက် ပက်လက်မျော
ဒူးနဲ့မျက်ရည်သုတ်ရဖို့ကိန်းချည်းပဲ ကံကပါလာတယ်နဲ့တူပါရဲ့။
တာကနေ ပိုးစိုးပက်စက် ဆုံးလို့သာဆုံးသွားရော စိတ်လက်ပျော်စ
များ တစ်ကွက်တလေတောင် ရှိခဲ့ပုံမရရှာဘူး''

''ညည်းနှယ် ... သေသူကိုရှင်သူက တံ,ရသတဲ့အေရဲ့။ မြ
သတင်းလည်းကြားရော ကိုရင်တေလေကြီး အရှူးမီးပိုင်းဖြစ်နေလိုက်
များ အိမ်မြှောင်ကြီး အမြီးဖြတ်ထားသလို ဆွေ့ဆွေ့ကိုခုန်လို့တဲ့၊
ခွန်းဆိုတစ်ခွန်း ဟင်ဆိုရင်လှည့်မကြည့်တတ်တဲ့ ဦးကြီးဘိုးတရုတ်





'ဟဲ့ကောင် ... ဟိုအသံဒီအသံ သိုးသိုးသန့်သန့်တွေနဲ့။ မင်းဝိုင်းပြင်
ခြေတစ်လှမ်းမကျွံစေနဲ့'လို့ ဓားကြိမ်းကြိမ်းထားလို့ ခမျာမှာ အပြင်
လည်း မထွက်ရဲ၊ လူးလိမ့်လို့ပါတဲ့ ... အေရယ်။ ငတေကြီး သနား
စရာ''

''ဟုတ်ပဟယ်၊ မတော်လိုက်ရတဲ့ မယားလည်းဆုံး၊ ဝမ်းထဲ
က မမြင်လိုက်ရတဲ့ သားလည်းဆုံးကိုးကွယ့်။ ခေတ်သစ် 'ယောက်ျား
ပဋာစာရီ'ကို နေ့ချင်းညချင်း တန်းခန်းဖြစ်ရော''

''ကျွတ် ... ကျွတ် ... ဘဝကံတွေ ဖန်လာပုံများနှယ်ဟယ်၊
ပြောမပြောလိုက်ချင်ဘူး''

စကားစတွေက ကရွတ်ကင်းလျှောက်။

မိန်းမတွေမှာ သည်အရေးကိုမှ တစ်ခွန်းတစ်ပါဒ ဝင်မဆွေး
နွေးလိုက်ရလျှင် ခေတ်မမီတော့သလိုကြီးကို ဖြစ်နေတော့သည်ဆိုကိုး။

သည်လိုနှင့် ...

မြရွက်ကလေး၏နာရေးကိုး တိုးတိုးတိတ်တိတ် အကျဉ်းချုံး၍
နေ့တွင်းချင်း စီရင်လိုက်ကြရ၏။

ရွာကလေးနှင့် ဒေါ်စောခင်ကြီးတို့ မည်သို့ပင် 'သုံးနှင့်လေး
လို' ကျောချင်းကပ်လျက် မျက်နှာချင်းဆိုင်ဖို့ ခဲယဉ်းနေကြသည်ဆိုဆို
ဘကြီးဘော်အပါအဝင် ဘကြီးသန်းမောင်တို့၊ ဘကြီးဦးထွန်းရွှေတို့၊
ရွာလူကြီးဘိုးချစ်ထွန်းတို့၊ ကျောင်းဆရာကိုအောင်သန်းတို့က ကမကထ
ပြု၍ တစ်ရွာလုံးနီးပါး ဘုရားနီအနားက 'မန်ကျည်းသုံးပင်စု' ဘွား
စောခင်၏ ယာကလေးထဲ အသုဘရှု ရောက်လာကြကာ စာနာမှုပြုခဲ့
ကြသည်။

သို့သော်လည်းတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ရွာခလေ့ရွာတိုးစံမို့ ‘ဘွားစောခင်’သမီး ‘မြရွက်’ကလေး အလောင်းကို ရွာသင်္ချိုင်း၌ သဂြိုဟ်ခွင့်၊ မြေမြှုပ်ခွင့်မပြုခဲ့ကြ။

သူ့အိမ်သူ့ဝိုင်းထောင့် ‘ဆီးသီးပဲလျော်’ပင် အုပ်အုပ်ကလေး အရိပ်၌သာ ကိစ္စပြီးခဲ့ရသည်။

“ဒေါ်စောခင်ကြီးက မျက်ရည်တစ်ပေါက် မကျဘူးဟယ်။ အံ့ရော။ သူ့အရွယ်ကြီးနဲ့ သူ့မျက်လုံးတွေဟာ မှေးမှားထုံထိုင်း ဝေသီနေရမယ့်အစား မီးကျီးခဲကြီး ကြည့်နေရသလိုမျိုး ရဲရဲကိုတောက်လို့ ... တဲ့”

ဤသတင်းက နှာရေးမှပြန်လာသည့် ရွာသူတစ်သိုက်၏ နောက်ဆက်တွဲ ‘စက်ရုပ်သတင်း’ပေတည်း။

အခန်း (၆)

ရက်ကူးလို့မှ သီတင်းတစ်ပတ် မပြည့်ခင်သေး။

မှတ်မှတ်ရရ ‘မြရွက်ကလေး’ကိုစွကျန်ပြီး နှစ်ရက်စွန်းစွန်း သုံးရက်ထဲကူးဝင်စ နေ့ခင်းပိုင်းကြီး။

“တေလေကြီး ရွာတော်ရှင်နတ်ကွန်း နဘဲပင်ကြီးက တစ္စေ ခြောက်လှွတ်လိုက်တာ နလုံးသွေးရပ်ပြီး သေပြန်ပတဲ့”

ကိုင်း ... သတင်းဆိုးက ရွာကလေးကို နွေဦးကာလ ‘မီးကြီးလန့်’သလို ချက်ချင်းကြီး ကောက်ကာငင်ကာ ယောက်ယက်ခတ်အောင် လှန့်လိုက်လေရာ တစ်ရွာလုံး ခြောင်းဆန်သွားပြန်တော့၏။ အုအာသည်းတွေ ခလောက်ဆန်သလို ပြောင်းတိပြောင်းပြန် ဖြစ်ကုန်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှ ဟုတ်ကြသေးရဲ့လား အရပ်ကတို့ရာ။ မနက်စောကပဲ မျက်နှာကြီး သုန်သုန်မှုန်မှုန်နဲ့ လှည်းကပြီး သူတို့ခြံကွက်ရှိရာ ယာစပြင်အိုင်ကြီးတော၊ ကိန္နရာတောင်ဘက်ထွက်သွားတာ တွေ့လိုက်မိသေးသတဲ့။ သေပန်းပွင့်နေလိုက်ပုံများ"

"ဟယ် ... အနိစ္စသဘောဆိုတာ ကျွေးသောလက်မဆန့်မီ ဆန့်သောလက်မကျွေးမီတဲ့။ ဘယ်သူ့အစိုးရတာမှတ်လို့။ နိုကမှ 'မြှုက်ကိစ္စကြောင့် ငိုချင်ရက်လက်တို့ 'ငုံးဆူလူမသိ' ဖြစ်နေတာကြီးကို၊ နှလုံးက ဘယ်ကောင်းကောင်းကန်းကန်း နိုင်နိုင်ခန့်ခန့်ရှိရှာတော့မတုံး"

"အဲဒီနတ်စင်နဲ့ နဘဲပင်က အခြောက်အလှန့် အားကြီးလှတယ်ဆိုပေတဲ့ ဒီလိုနေ့ခင်းကြောင်တောင်ကြီးမှာတောင် 'ကိုရင်တေလေ' လို ယောက်ျားရင့်မာကြီးကို တုံးခနဲပစ်လဲပြီး သေမင်းငင်အောင်လုပ်နိုင်ရသတဲ့လား။ လွန်သဗျာ။ သွေးခပ်ရဲရဲ လူငယ်တွေတုပြီး အခြေအမြစ်ကတူ။ အပိုင်းပိုင်း အနုပ်နုပ်စဉ်း၊ ပြာကျအောင် မီးတိုက်ပစ်လိုက်ဖို့သာ ကောင်းတော့တာပဲ"

"ဟဲ့ ... ဟဲ့ ... ဟဲ့ကောင် ... အလို ဘယ့်နှာတုံး။ နှုတ်ကျူးနှုတ်လွန်။ ဘုရား ... ဘုရား ... တောပိုင်တောင်ပိုင်၊ တောစိုးတောင်စိုး နတ်မင်းကြီးများနဲ့ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါများဗျာ ဘာမသိညာမသိ ပြောမှားဆိုမှား နှုတ်ကျူးနှုတ်လွန်ရှိခဲ့ရင် ဖွေမယူပါနဲ့။ အမိုက်အမဲလေးများမို့ အခွင့်လွှတ်တော်မူပါ ရှင်ကြီးရှင်ကောင်းတို့ခင်ဗျား"

သည်တစ်ခါ 'ကိုရင်တေလေ' သေရပုံကြီးက ဆိုးချက်တော်တော်ကြီးသည်။ ရွာကလေးတစ်ရွာလုံးကို သွက်သွက်လည်အောင် ကိုင်လှုပ်လိုက်သလိုဖြစ်၏။





ကြားကြားသမျှ ယောက်ျား၊ မိန်းမ၊ ကြီးကြီးငယ်ငယ်၊ ပျိုပျိုအိုအိုတွေ သဗ္ဗန့်ပေါင်း၊ အကုန်လုံးအား ရွာလယ်ပိုင်းက 'ဘိုးတရုတ်'၏ 'တိုက်အိမ်' မည်းမည်းကြီးဆီ ဖွတ်အတင်းမောင်းသွင်းလိုက်သလိုပင် ရွာကိုလူကုန်အိမ်ထဲ၌ရော ဝိုင်းကွက်အကျယ်ကြီးထဲမှာပါ ပြည့်နှက်၍နေတော့၏။ ကျွက်စီကျွက်စီ ဆူညံဆူညံ၊ အနီးလေး မမယ်မဦးဆောင်သည့် သူတို့ ဆွေအုပ်မျိုးအုပ် ငိုချင်းသည်တစ်ခု၏ 'ဖြခနဲ၊ ဖြခနဲ' ခုနစ်သံ ချိုင်သံကြီးတွေကလည်း မပြီးနိုင်၊ မစီးနိုင်။ လူသစ်တစ်အုပ် ဝိုင်းထဲဝင်လာလိုက် 'ဝုန်းခနဲ' မောင်းကွဲကြီးလွှတ်ကျလိုက်သလို သူ့ထက်ငါဦး သံကုန်ဟစ်လိုက်ကြနှင့် အများတကာကို မျက်ရည်ရှူနေကြလေ၏။

ကြီးတော်မှန်နှင့် မဘိုမတို့ကား အလူးလူးအလိမ့်လိမ့်။

ငိုနေရင်းကပင် အောင့်လုံးကြီးတွေဆို့၍ တက်သွားမျက်သွားလိုက်သေး။

ဘယ်လိုရယ်၊ ဘယ်အကြောင်းပဲဖြစ်ဖြစ် ကျောက်ကြီးတောင်တောရဆရာတော်ဘုရားကြီး ဦးကိတ္တိ၏ ဘုန်းကြီးပျံပြီးလျှင် ရွာကလေး၏သမိုင်း၌ အစည်ဆုံး အသုဘဟူသည့် မထော်မနမ်းပြောစမှတ်တစ်ခုတော့ တွင်ခဲ့ရသည်ကားမကန်။

'ဘွားစောခင်'၏မြေး 'သာခု'ကလေးအကြောင်း စကားဦးလည်ရင်းက 'ကိုရင်တေလေ'တို့၊ 'မြှုက်ကလေး'တို့ဆီအထိ စကားလက်တံက ဆန့်သွားလိုက်ချေသေး၏။

ရွာကလေး၏အတိတ်ပဝတ္တိကိုက သည်လိုပါဆို။

ဘာပဲပြောပြော အဲသည်ကောင်ကလေး 'သာခု'က ၁၂ နှစ်ပြည့်ခဲ့ပြီ။ လာမည့်အခါလွန်နှစ်ရက်၊ နှစ်ဆန်းသုံးရက်ဆိုလျှင် ၁၃ နှစ်သံဝင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဘယ့်နှယ်လဲ ကိုဟဝါ မြရွက်ကလေးက ကိုယ်ဝန်မပေါ့မပါးကြီးနဲ့ သူ့ဘာသာကြိုးဆွဲကျ လုပ်ကြသေသွားဆို ကိုရင်ရဲ့။ 'သာခု'ကို ဘယ်သူမွေးတုံး။ 'သာခု'က ဘယ်ကပေါ်လာရပြန်တာတုံး။ 'သာခု'နဲ့ ကိုရင်တေလေတို့ မမြရွက်တို့က ဘယ်လိုပတ်သက်လို့တုံး။ လင်းအောင်လည်း ရှင်းဦးကိုရင်"

ဟုတ်ကဲ့ . . . နားစောင့်ကြီး သူတို့က သည်လိုကြီးမေးမည်မှာအမှန်အကန်။ သည်တော့လည်း အမေးရှိတော့ အဖြေရှိ၊ အမေးနွားကျောင်း၊ အဖြေဘုရားလောင်းတဲ့၊

"သာခုက ကိုရင်တေလေနဲ့ မြရွက်တို့ရဲ့ ကျိတ်ပုန်းမွေးတဲ့ သားဦးတဲ့တော်။ အခု မြရွက်နဲ့အတူ ဆုံးရှာတဲ့ကလေးက ဒုတိယရင်သွေးတဲ့။ ဒီတစ်နွေကောက်ကြီးပေါ်ရင် ယူကြရှောမှန်းထားကြတာ။ ကောင်းပြီကောင်းရဲ့နဲ့ တိုင်ပင်ထားကြခါမှ ရုတ်တရက်ကြီး ကိုရင်တေလေက အစိမ်းဖြတ်ဖြတ်လိုက်တော့ ယုံလို့မှုပုံမိတဲ့ ရွက်ပုန်းသီးကလေး ရှေ့စရာတာရှိတော့တုံး။ သင်းကလေးမှာရေးကြခါမှ တောက်တောက်တက်တက် တွတ်တီးတွတ်တာ 'သာခု'ကလေးရဲ့ဇာတ်ကြောင်းက ညောင်မြစ်တူးလို့ ပုတ်သင်ဥပေါ်သလို ဘွားဆနဲ ပေါ်လာခဲ့တော့တာကလား"

ရွာကလေး၏ ဟစ်တစ်လုံး 'ဒေါ်မိကြီး'ပြောသည့်ကိုပင် ရွာကလေးက ခေါင်းညိတ်ခေါင်းခါမပြုဘဲ တုံးအိုတာဝေ လက်ခံလိုက်ကြတော့သည်သာ။

ဘာကြာသေးတုံး။

မိုးလှ ၁၀ နှစ်ပဲ၊ 'သာခုကလေး' နှစ်နှစ်သားကတည်းကပေါ့ကိုး။

အခန်း (၇)

❑

"ဘကြီးဘော်တို့အိမ်မှာ ဂျပန်တွေရောက်နေလို့တဲ့ပေါ့။ ကျောက်ဆည်က ကျောက်မိုင်းအုပ်ကြီး ဆရာဦးချစ်ထွန်းရယ်၊ ဆရာကတော် ဒေါ်အမာရယ်၊ ဆိုက်သူဌေးဦးမောင်ကြီးရယ်၊ ရွာက ကျောင်းအုပ်ဆရာကြီး ဦးဝင်းလွင်ရယ်က ခေါ်လာတာတဲ့"

"ဟဲ့ . . . ဘာလာလုပ်ကြတာတဲ့တုံး"

"သိပေါင်ဗျာ . . . ဒီလောက်လူတွေပြွတ်သိပ်တိုးပြီး အုန်းအုန်းထနေတာကြီးကို၊ တိုးမရခဲ့ပေါင်။ ဒါတောင် သူကြီးပေါင်းဆိုတဲ့ ဘကြီးဘော်ရဲ့အရိုန်အဝါရယ်၊ သူ့သမက်ကျောင်းဆရာကိုအောင်သန်း ဩဇာရယ် ငဲ့နေကြလို့သာ ဝိုင်းကွက်ထဲမဝင်ရဲကြတာရယ်။ မြို့ပေါက်မတော့ ရှုန်းရှုန်းရှုန်းရှုန်းနဲ့ ခြေချင်းကိုလိမ်လို့"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



ရွာကလေး၏ လတ်ကသုံးတောင်ဖော့ ရွာဆော်ကိုမုန်း၏ နှုတ်ထွက်စကားဖြစ်၍ အရေးအရာပါသည်။ မှန်ကောင်း၏။

ကိုမုန်းမှာလည်း ရွာရိုးကိုးပေါက် ပြေးလိုက်ဟား လှားလိုက်ဟ ဖတ်သိကိုကျော်ပင်။ 'ဟဲ့ . . . ရွာလူကြီးမောင်ချစ်ထွန်း ပြေးခေါ်စမ်း'။ 'ဟုတ်ကဲ့' နှင့်ပဲ ပြေးရပြန်ပြီ။ 'ဟဲ့ . . . ဗိုးသန်းမောင်နဲ့ နဂါးနီထွန်းရွှေကြီးခေါ်ချေဦး'။ 'ဟုတ်ကဲ့' ဆို၍ သုတ်ခြေတင်ရပြန်ပြီ။ သိန်းကျော်ဆေးလိပ်ခုံပိုင်ရှင် ဦးမြဒင်တဲ့။ ရွာအရှေ့ပိုင်းက အစ်ကိုလေးကိုဟန်တင်တဲ့၊ တောင်ဦးထဲက ကောင်စီဥက္ကဋ္ဌဘကြီး ဦးထွန်းရွှေတဲ့။ ကိုးကုန်းကိုးကျင်း။ ရွာမျက်နှာဖုံးမှန်သမျှ စုံတကာစေ့ရောဆိုကြပါစို့။

"မေုန်းရေ"

"ခင်ဗျာ . . . ဘကြီး"

ခဏလေးထိုင်ပြီး ဆေးကလေးပင်တစ်ဖွာနှစ်ဖွာ ရှိုက်မိကာရှိသေး၊ ဘကြီးဘော်အသံကြီးက ပေါ်တော်မူလာပြန်ပြီ။ ဒုက္ခ။

"မင်းတစ်ခေါက်တစ်ကျင်းတော့ ပြေးချေဦးမှပဲ"

"ဟုတ်ကဲ့"

"ဘုရားနီနားက မန်ကျည်းပင်မှာ 'ဘွားစောခင်'ကြီး ရှိပါရော"

"ဟုတ်ကဲ့ . . . ဘကြီး၊ ကျုပ်တို့ 'ဘွားစောခင်'ကြီး မဟုတ်လား"

"အေးလကွာ . . . အဲဒါ သွားခေါ်ချေစမ်း။ ဩော် . . . သူ့မြေးဟိုကလေးဘယ်သူ . . . အဲ . . . အဲ . . . အဲဒီအကောင်ကလေးကိုပါ တစ်ပါတည်းခေါ်လာခဲ့။ စောင့်ပြီးဆိုင်းပြီး တွဲပြုများလည်း၊ ခေါ်လာခဲ့ဦးနော်။ အမယ်ကြီးက သန့်ရှာတော့တာ မဟုတ်ဘူးရယ် . . . ကြားလား"





ကိုမုန်းဆိုက စကားပြန်မကြားရ။

ထုံပေနပေ ယောင်လည်လည် မှုန်အအ လုပ်နေ၏။ ဟိုလူ့ကြည့်ကွက်ကြည့်ကွက်၊ သည်လူ့ ကြည့်ကွက်ကြည့်ကွက်။

"ရော် . . . နေ့ခင်းကြောင်တောင် သည်လောက်ထိန်လင်းနေတာကိုများ။ ကဲ . . . မောင်သန်းနဲ့ ဉာဏ်သိန်းတို့ လိုက်သွားကြမေးလကွာ၊ ယောက်ျားသွေးနည်းပြီး သူ့ရဲဘောကြောင်တဲ့အကောင်ပဲ။ အားရင် ကြောက်ချေးပါနေဖို့ပဲ . . ."

ဘကြီးဘော်က ကိုမုန်း၏ရောနှစ္စဝန္ထုလသွေးကို သိပုံရ၏။ အဖော်လော်ဖက် လောက်လောက်လားလားရတော့မှပင် ရောရော့ရှူရှူကြွချီတော်မူပေတော့သည်။

"ဘယ်လိုတယ်လို . . . အစီးကြည်၊ ပြန်ပြီးသေချာအောင်များသည်၊ ပြောပါဦး။ အခု ဘကြီးဘော်အိမ်ကိုရောက်နေကြတာ 'ဘွားစောခင်'ကြီးရဲ့သားတဲ့။ ဟုတ်ကဲ့လား . . . ကျားသားမိုးကြိုး၊ အဲဒီဂျပန်ကြီးကလေ"

"ဟုတ်သတဲ့တော်ရေ . . . ဘကြီးဘော်တို့ လူကြီးတွေနဲ့ ပြောဆိုနေကြတာတွေကို သူ့သမက်ကြီး မောင်ခင်အောင်က နောက်ဖေးချောင်ကနေ လက်ထောက်ချလို့သိရတာပဲ။ 'ဘွားစောခင်'ကြီးက ဂျပန်ခေတ်တုန်းက သူ့ပထမယောက်ျားပျက်စီးတော့ ကင်ပေတိုင်ကတော်ဖြစ်ခဲ့ပြီး ဟောဒီသားတစ်ယောက်ကို ရခဲ့တာတဲ့"

"ရော် . . . အံ့ချက်တော်၊ ကြားရချက်တွေကလည်း ဆန်းပါး နေ့ခင်းကြောင်တောင် အိပ်မက်များမက်နေသလိုချည်း"

"ကင်ပေတိုင်နဲ့ယှဉ်လိုက်တာ မဟုတ်ပါဘူးတဲ့အေရယ်။ ကင်ပေတိုင်က သူ့မယားလိုချင် သူ့လင်လှုံနဲ့ထိုးဆိုသလို ဘွားစောခင်ကနဦး



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကြီးကို ဈေးတပ်ထဲဖမ်းထည့်ပြီး အစမှသိမ်းပိုက်လိုက်တာ တဲ့အေ့''

''ဒီလိုများလည်း လုပ်ကြပါဦးဟယ်။ မိန်းမရေးကျလိုက်တာ''

''အမယ်လေး ... အချိုးမွမ်းမလွန်လေနဲ့ မအငှာ။ လူတင်မီ မှ နွားကျားကိုက်တာရယ်''

''ဟဲ့ ... သိန်းကြည်မရဲ့၊ နင့်မလဲ နားစွန်နားဖျား 'မြောင်း ကြားရုံနဲ့ တရားနာ'ပြီး ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်၊ ဖလီဖားတုံးကို သွားကြားထိုးမယ်တွေ လုပ်နေပြန်ပါပြီ ... ကောင်မ၊ အဲဒီလို 'ဘွား စောခင်' ကင်ပေတိုင်ကတော်ဖြစ်ခါမှ ရွာနီးချုပ်စပ်က ဂျပန်ဖမ်း ထားတဲ့ အများသူတကာ ယောက်ျားသနာတွေ အကုန်လွှတ်ကရော့ ကင်ပေတိုင် နှိပ်စက်ချင်တိုင်း နှိပ်စက်တဲ့ ၁၂ မှု မင်းတိုင်းလည်း လွှတ်ကရော ... တဲ့။ အဲဒါတွေကိုရော ဘာပြောဦးမတုံး။ နို့ပြီး ... အရီးကြည် ... ဟိုကိစ္စကိုပါ သင်းတို့ပြောလိုက်ရမလားတော့။ ကျုပ် ဖြင့် လျှာတွေယားချက်တော်''

''အံမယ်လေးလေး မယ်မင်းကြီးမ၊ ကျုပ်တာသာကျုပ်ပဲ ထိန်း ထိန်းကွပ်ကွပ် ဖောက်သည်ချပါရစေ။ အပြောမတတ်တော့ ဆဲသတ် တောက်ထိုးကြီးတွေလည်း ဖြစ်နေပါ့မယ် မိန်းမရဲ့''

''လုပ်ပါ ... အရီးကြည်၊ လုပ်ပါ ... ဘာတွေတဲ့တုံးတော့ 'ဘွားစောခင်'က ဂျပန်ကင်ပေတိုင် အမေ့ခြေတော်တင်ခံလိုက်ရတဲ့ သူ့ဘဝကိုရော၊ ကင်ပေတိုင်လက်ချက်နဲ့ ဈေးတပ်ထဲမှာ ဆုံးရှာတဲ့ သူ့အိမ်ဦးနတ်အဖြစ်ကိုရော နာကြည်းလွန်းလို့ ကြံရင်လက်စားချေမယ် စိတ်ကူးနဲ့ အခွင့်ချောင်းရင်း ကင်ပေတိုင်ဗိုလ်ကို မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူဆိုသလိုဟာမျိုး ပေါင်းသင်း





နေရှာတာတဲ့ဟဲ့''

''အလို ... မြတ်စွာဘုရား''

''အဲဒါ ... ငပုတွေကို ပြန်ချကြဖို့ဆိုပြီး ရွာကိုတော်လှန်ရေး သမားဆိုလား၊ မဟာမိတ်တပ်ကဆိုလား 'သခင်တင်ရွှေ'ဆိုတာ လျှို့ လျှို့ဝှက်ဝှက်နဲ့ရောက်လာပြီး တပ်တွေဖွဲ့ပါရော့၊ 'သခင်တင်ရွှေ'ကိုတော့ 'ဘကြီးသော်'နဲ့ 'ဦးကြီးလွန်း'တို့က ရွာမြောက်ဘက် ကွာရီကျောက်မိုင်း တွေဘက်မှာ ရွှေ့လိုက်ပြောင်းလိုက် ဝှက်ပေးထားရသတဲ့။ တော်လှန် ရေးတပ်တွေ လက်နက်သင်၊ သိုင်းသင်၊ အစည်းအဝေးလုပ်ကြတာ အဲဒီကျောက်ကျင်းကြီးတွေထဲမှာပဲ ... တဲ့။ တိုတိုဆိုပါစို့ကွယ်။ အဲဒီ 'သခင်တင်ရွှေ'နဲ့ 'ဘွားစောခင်'ကြီးနဲ့ ဆက်မိချိတ်မိသွားကြပါရော''

''ပေါ်တော် ... ဟိုဂျပန်ကြီးနဲ့ကလေး ဘယ့်နှယ်လုပ်ပ''

''ကမ္ဘာမီးလောင် ... သားကောင်ချနင်းပ့ အေရယ်။ ဒီ သောက်တစ်မျိုးသားလုံး တိုင်းပြည်ပျက်နေတဲ့ အရေးကြီးဟာကို၊ ဒါပေ ဒီ 'ဘွားစောခင်'ကလည်း တစ်လုတ်စားမှု သူ့ကျေးဇူးဆိုသလို သူ့လင် ကင်ပေတိုင်ဂျပန်ကြီးနဲ့ သူ့ရင်သွေးကိုတော့ သံယောဇဉ်မကင်းရှာခဲ့ပါ ဘူး။ သူ့လင်အလစ်အလစ်မှာသာ ဂျပန်တပ်အင်အား၊ လက်နက်လှူသူ အင်အား၊ ဟိုသတင်း၊ ဒီသတင်း မေးမြန်းတီးခေါက်လို့ရသမျှတွေကို 'သခင်တင်ရွှေ'တို့ ဆီ မီးနဲ့အချက်ပြပြန်ပြီး လက်ထောက်ချနဲ့တာတဲ့။ ဂျပန်ငပုတွေလည်းမသိအောင်၊ ရပ်ကျွာကလည်း မရိပ်မိအောင် 'ဘွား စောခင်'ကို 'စုန်းမ'လို့ အမည်ဝှက်ခေါ်ခဲ့ကြတာ ဆိုကိုးအေရဲ့''

''ရော ... ဂလိုကိုး။ 'စုန်း'ဆိုတာ ဒီလိုနဲ့ ပြည်တည်ခဲ့တာ ...''

''ဟုတ်ပတော် ... မရှိုးနိုး မလုစုန်းယိုး ... တဲ့၊ ဘွားစော



www.burmeseclassic.com

www.burmeseclassic.com



ခင်ကြီးရဲ့ ခုပုံကြီးကလည်း ပုံပျက်ပန်းပျက်ကြီးကို။ နို့ . . . အဲဒီလို ရုပ်ဆင်းအင်္ဂါတွေ ပျက်ပျက်ယွင်းယွင်းက ဘယ်လိုဖြစ်ကြတာတဲ့တုံး လုပ်ပါဦး . . . အဲဒီအကြောင်းကို''

''ဒီလိုတဲ့တော်ရေ။ ဂျပန်တော်လှန်ရေးကြီးဖြစ်လို့ 'ဘွားစောခင်' လင်ဂျပန်ကြီးနဲ့ သူ့ငပုကောင်တွေကို 'သခင်တင်ရွှေ'တို့က ဆော်ကြတော့မယ်လုပ်တော့ ဘွားစောခင်ကြီးကပဲ ငပုတွေစားတဲ့ သောက်တဲ့ထဲအိပ်ဆေးတွေခပ်။ အရက်သေစာတိုက်တန်တာ မူးရူးအောင်တိုက်ပြီး စီမံခဲ့တာတဲ့။ အစစ အဆင်သင့်ဖြစ်ပြီဆိုတော့မှ ကင်ပေစခန်းကို မီးတင်ရှို့ခဲ့တော့တာတဲ့။ သူ့လင်ဂျပန်ကြီးနဲ့သားတော့ 'ပြေး . . . ပြေးပေါ့။ အဲဒါဓာတ်ဆီတိုင်ကီ ထ,ပေါက်ပြီး သူ့ကိုပါမီးစွဲပါရော။ 'သခင်တင်ရွှေ' တို့အဖွဲ့တွေဦးခင်လို့ အသက်မသေဘဲ ကျန်ခဲ့တာရယ်။ ကိုယ်တစ်ခြမ်းတော့ မီးကျွမ်းထားလိုက်တာများ ကြည့်ရက်စရာတောင် မရှိဘူးဆိုပဲ''

''ကျွတ် . . . ကျွတ် . . . ကျွတ်၊ ဖြစ်မှဖြစ်ရလေ အရီးရယ်''

''နို့နေပါဦး။ ဒီကိုရွှေဂျပန်က အခုအချိန်အခါရောက်မှ ဘာစိတ်ကူးပေါက်ပြီး ခြေဦးလှည့်လာရတာတဲ့လဲ။ မအေမှန်းသိပြီဆိုဖြင့် စောစောစီးစီး ရှာပါဖွေပါ စောင့်ရှောက်ပါတော့လား။ နှစ်ပေါင်းလေးငါးခြောက်ဆယ် ဘယ်သွားသေနေတုံး . . . ဟုတ်ပ''

''အဲဒါပြောတာပေါ့ဟဲ့ . . . ခမျာလည်း သူ့အဖေကင်ပေတိုင်ကြီးက ဆုံးခါနီးမှ ပြောပြလို့သိရရှာတာတဲ့။ သိသိချင်းဒုန်းစိုင်းပြေးလာခဲ့တာဆိုပဲ''

''ဒီအကြောင်းတွေကို ဦးကြီးလွန်းနဲ့ ဘကြီးဘော်က 'ကကြီးကစ အ,အဆုံး' သိနေလျက်နဲ့ နှုတ်ပိတ်ရေငုံကြီးများ နေ,နေနိုင်ခဲ့





တော်။ ခမျာမျှားမယ် လူတောမတိုး သူတောမတိုးနိုင်ဘဲ ခွေးတိုးဝက်ဝင်ဘဝနဲ့ နေလာခဲ့ကြရှာတာ . . . သနားစရာ''

''အဲ . . . ဘကြီးဘော်ပြောတော့လည်း ဟုတ်တုတ်တုတ်ရယ်။ ဘွားစောခင်ကြီးကို 'စုန်းမ'လို့ ယုံနေကြလို့သာ သူ့ထမင်းတစ်လုတ်အတွက် မကြောင့်ကြခဲ့ရတာတဲ့လေ''

''အင်း . . . ဒါတော့လည်း ဟုတ်သား''

''ကိုင်း . . . နို့မို့ဖြင့် ရွာအပြင်အိုင်ကြီးတော သဲချောင်းကြီးထဲမှာ လပြည့်ညတိုင်း ကဝေကြီးသင့်စုန်းတောက်စားတာကတဲ့ရော။ ဘာလုပ်တာတဲ့လဲ''

''ခက်ပါ့ . . . အေရယ်၊ အကြောင်းစုံသိလိုက်ရမှပဲ၊ ငါနှယ်ကိုယ်တွေ့ဉာဏ်အမြင်နဲ့ပြီး အဓွဲကြီးလိုက်ပုံကို စက်ဆုပ်မိရသေး။ ဂျပန်ခေတ်တုန်းက ပျက်စီးသွားကဲ့ သူ့ယောက်ျားနဲ့ တော်လှန်ရေးကြီးအတွင်း ဆုံးပါးခဲ့ရတဲ့ တော်လှန်ရေးသမားတွေ၊ သူ့ပယောဂကြောင့် အသေဆိုးသေပျက်စီးခဲ့ရတဲ့ ဂျပန်တွေကိုရည်စူးပြီး အကျွတ်အလွတ်ဒါန၊ အာဟာရဒါနပြုကြတာတဲ့ဟဲ့။ တောကျောင်းအောက်ကျောင်း ဆရာတော်ကြီး 'ဦးနာရဒ' ဘုန်းကြီးက အစအဆုံး စီမံပေးနေတာတဲ့ . . . ကဲ''

''သေဟဲ့ နန္ဒိယ၊ လွဲမယ့်လွဲတော့ ငါတို့တစ်ရွာလုံးကမှ တစ်သက်လုံးတစ်သောင်လုံး တောက်လျှောက်ကြီး သွက်သွက်ခါအောင်ကို လွဲခဲ့တာပါလားအေ . . . ရှက်မို့ကောင်းသေး''

သူတို့တွေ ကျွက်စီကျွက်စီ ပွည်ပွည်ဖြစ်နေကြနိုက် ကိုမှန်းတို့နှင့်အတူ 'ဘွားစောခင်'နှင့် 'သာခု'ကလေးတို့ တလှုပ်လှုပ်ပါလာသည်ကို တွေ့လိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမင့် . . . 'ဘွားစောခင်' လို တစ်ချိုတည်းကိုမှမပြတ်ကြ။ ဆေးမလိုက်ကြ။ 'ဘွားစောခင်' ကိုယ်တိုင်သည်ပင်လျှင် 'ဆယ့်နှစ်ကြိုး မဟုတ်ဘူးတဲ့ပေါ့' ဆိုသည်ကို ရွာကလေးက သိသည့်နေ့မှစ၍ အာစက် လျှာစက် လက်ဆိပ်တွေ ဘယ်ဆီပျောက်လေသည်မသိ။

အရေးဆို . . . ရွာကလေးမျာလည်း ဘယ်ဆီပြေးရမည်မှန်း မသိ။

■ ■ ■

လေယျှမင်းသျှင်

# အခန်း (၁)

❑

ယခုတော့ဖြင့် ရွာကလေးကတစ်မျိုး။

ဘုရားနီနှင့် ဦးကျော်ခေါင်ဘုရားကြီးနှစ်ဆူ၏ ထီးတော်သစ် ဒါယိကာမကြီး 'ဘွားစောခင်' ၏ 'မန်ကျည်းသုံးပင်စု' နားက နှစ်ဆောင် မြိုင်အိမ်ကြီးဆီ ဥဒဟို ဝင်ကြထွက်ကြမစဲ တသဲသဲ။ ကပ်ဆို၍ မလုံ[illegible] ခက်ပဲခက်ရချည့်။

ကလေးလူငယ်တွေ တအင်အင် တအယ်အယ်ဆို ပြေးရှို ဘကြီးသန့်ဆီ။ နွားပျောက်၊ ကျွဲပျောက်၊ ပစ္စည်းပျောက် စသည်တောင် တောင်အီအီကိစ္စတွေဆိုလည်း ပြေးပေရော . . . ဆေးဆရာ ဦးကျော်လှ ကြီးဆီ။



www.burmeseclassic.com

www.burmeseclassic.com



❑

ဂမ္ဘီရပဟူသည် ဆန်းကြယ်ခြင်းဟူသော အဓိပ္ပာယ်သက်ရောက်၏။ လောကလူ့ဘောင်တွင် လူတို့လိုက်၍ မမီနိုင်သည့် ဆန်းကြယ်သောဖြစ်ရပ်များစွာ ရှိလေ၏။ ထိုအဖြစ်ပျက်များမှာ အမှန်တကယ်ဖြစ်ပျက်ကြုံတွေ့ရသည် ဖြစ်လေသည်။

ဂမ္ဘီရပဟူသည့် ဆန်းကြယ်ဖြစ်ရပ်လေးများကိုအခြေခံကာ ရေးသားလာကြသောကာလတွင် မိမိသည်လည်း ဖြစ်ရပ်ဆန်းကြယ်ဝတ္ထုအချို့ကို မဂ္ဂဇင်းအတော်များများတွင် ရေးသားခဲ့ပြီးဖြစ်ပါသည်။ ထိုအဖြစ်အပျက်အကြောင်းအရာတို့သည် ကိုယ်တိုင်ကြုံတွေ့ရသည်လည်းရှိသလို အမိအဖ အဘိုးအဘွားများနှင့် အပေါင်းအသင်းအချို့၏ ပြောပြလာသည့် အကြောင်းအရာအစုစုတို့ကို တစ်ဆင့်ခံစားရေးဖွဲ့သည်လည်းရှိလေ၏။ မည်သို့ဆိုဆို ...

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရဝတ္ထုတိုလေးများသည် ဆန်းကြယ်သော အကြောင်းအရာလေးများဖြစ်၍ မိမိကိုယ်တိုင်လည်း နှစ်သက်မိလေသည်။

ယခုတင်ပြရေးဖွဲ့မည့် ဝတ္ထုအကြောင်းအရာလေးသည်ကတော့ တစ်ဆင့်ခံစားမွှားများခဲ့သော ဝတ္ထုမဟုတ်၊ မိမိမှာ အစိုးရဝန်ထမ်းတစ်ဦးဖြစ်လေသည့်အားလျော်စွာ မြန်မာပြည်ဒေသ အတော်များများသို့ လှည့်လည်တာဝန်ထမ်းဆောင်ရင်း ကြုံတွေ့ဖြစ်ပျက်ခဲ့ရသော အဖြစ်အပျက်ဆန်းတစ်ခုဖြစ်၏။

ထိုအဖြစ်အပျက်ကိုပင် ဂမ္ဘီရဟုဆိုလေမည်လား . . . ဒါတော့ ကျွန်တော်မသိ။

သို့သော် ယခုထိတိုင် မိမိ၏နှလုံးသားပုံရိပ်ထဲတွင် စွဲထင်ကာ ငြိနေသော လူတစ်ယောက်ရှိ၏။ ထိုသူမှာ ယခုကျွန်တော်ရေးသားတင်ပြမည့် ဇာတ်ကောင်ကိုဗေဒါဆိုသူပင် ဖြစ်လေသည်။

ကျွန်တော်နှင့်ကိုဗေဒါတို့သည် တစ်ကြိမ်မျှ မတွေ့ဆုံခဲ့ဖူးကြ။ ဖြစ်ပျက်ခဲ့သော အဖြစ်လေးများကို ရေတွက်ကြည့်မည်ဆိုလျှင် ကာလအားဖြင့် နှစ်ပေါင်း (၂၀)ခန့်မျှ ရှိခဲ့ပြီဖြစ်လေသည်။

အခန်း (၁)

"အငူသောင်ရွာ . . ."

ထိုရွာလေးက ရခိုင်ပြည်နယ်၏... 

ထိုရွာလေးက ရောဝတီတိုင်းရဲ့ ဒေသတစ်ခုအတွင်းမှာရှိပြီး ပင်လယ်နဲ့ မဝေးကွာလှလေသော နေရာဒေသတစ်ခုဖြစ်၍ အဓိက အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းမှာ ရေလုပ်ငန်းဖြစ်လေသည်။ တစ်ဝက် နေရေးအတွက် လယ်ယာကိုင်းသီးနှံများကို စိုက်ပျိုးကြသော်လည်း အနည်းငယ်မျှသော အရေအတွက်သာလျှင် ရှိလေ၏။

အများစုမှာ ပင်လယ်သို့ထွက်ကာ ငါးဖမ်းကြခြင်းသာ ဖြစ်သည်။ ထိုရွာမှာ ရွာကြီးတစ်ရွာဖြစ်၏။ အိမ်ခြေ (၂၀၀၀)ကျော်မျှ ရှိ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ မြို့မဟုတ်သော်လည်း မြို့နယ်အဆင့်လောက်ရှိ၏။ ကျောင်း ကျေးလက်ဆေးခန်း အုပ်ချုပ်ရေးရုံးများနှင့် အစိုးရဌာနခွဲများရှိလေ၏။

ဤအခါ ... အငူသောင်ရွာသို့ မိမိရောက်ရှိတာဝန်ထမ်းရန် အကြောင်းတစ်ခု ဆိုက်ရောက်လာလေသည်။ အကြောင်းမှာ မိမိအား ရာထူးတိုးဝန်ထမ်းအဖြစ် ဤအငူသောင်ရွာသို့ စေလွှတ်တာဝန်ပေးအပ်လာခြင်းကြောင့် ဖြစ်လေသည်။ တစ်ပတ်အတွင်း သွားရောက်ရမည်မို့ မိမိမှာ လောကွန်ဒါနီးရက်တစ်ရက်တွင် ထွက်လာခဲ့လေသည်။

ရန်ကုန်မြို့မှ မြစ်ကျွန်းပေါ်ဒေသသွားရာ သင်္ဘောကိုစီး၍ ထွက်လာခဲ့၏။ မနက်စောစောထွက်လာသည်မို့ ညနေ(၄)နာရီခန့်တွင် ရောက်၏။ ထိုမှတစ်ဆင့်ဆက်၍ (၁)မိုင်ခန့်မျှဝေးသော ဇရပ်ကိုထက် ကာ ကားမြင်သွားရပြန်လေသည်။ ညနေ(၆)နာရီသာသာ၌မှ မိမိတာဝန်ထမ်းဆောင်ရမည့် အငူသောင်ဟုခေါ်သော မြစ်ကျွန်းပေါ်ဒေသရွာကလေးတစ်ရွာဆီသို့ ရောက်တော့၏။

ကားပေါ်မှ ဆင်းလျှင်ဆင်းချင်း ကားဂိတ်တွင် မေးလိုက်၏။

"ဒီရွာကဆက်သွယ်ရေးရုံး ဘယ်နားလောက်မှာ ရှိသလဲဗျ"

"မိတ်ဆွေက မြို့ကလာတယ်။ ဆက်သွယ်ရေးရုံးကို သွားချင်လို့လား"

"ဟုတ်ပါတယ်။ ကျွန်တော်က ဒီဆက်သွယ်ရေးရုံးကို တာဝန်ထမ်းဆောင်ဖို့ လာခဲ့တာနဲ့ပါ"

"ဪ"

မိမိနှင့် မေးမြန်းပြောဆိုနေသူမှာ ရုပ်ရည်သန့်ပြန့်သော ရွာတစ်ဦးသာလျှင်ဖြစ်လေ၏။





"ဆရာသွားမယ့်ရုံးက နည်းနည်းလှမ်းသေးတယ်ဗျ။ ဟော ဟိုရွာလေးရဲ့အနောက်မှာရှိတယ်။ လမ်းလျှောက်မယ်ဆိုရင်တော့ (၁၅) မိနစ် မိနစ် (၂၀)လောက် လျှောက်ရဦးမယ်။ ဆရာမှာလည်း အထုပ်အပိုးတွေနဲ့ဆိုတော့ ဆိုက်ကားနဲ့သာသွားလိုက်ပါဗျာ"

စကားဆုံးလေတော့ ထိုသူမှ အနီးအနားရှိ ဆိုက်ကားဂိတ်မှ ဆိုက်ကားတစ်စီးကို လှမ်းခေါ်လိုက်သည်။

"ဆိုက်ကားဟေ့"

ဆိုက်ကားတစ်စီး ချက်ချင်းရောက်ရှိလာ၏။

"ဒီမိတ်ဆွေကြီးကို ဆက်သွယ်ရေးရုံးရှေ့အထိ လိုက်ပို့လိုက်ပါကွာ"

ဆိုက်ကားဆရာရဲ့ လိုက်ပို့ပေးမှုနဲ့အတူ အတန်ငယ်ကြာတော့ အငူသောင်ရွာ ဆက်သွယ်ရေးရုံးရှေ့သို့ ရောက်လာ၏။ ရုံးမှာသစ်သားဖြင့် ဆောက်လုပ်ထားသော သွပ်မိုးမျှော်ကာ အဆောက်အအုံလေးဖြစ်၏။ ရုံးရှေ့မြင်းတံခါးကို ပိတ်၍ထား၏။ မိမိရုံးသို့ ရောက်လာခဲ့သော ရက်မှာ ရုံးပိတ်ရက်တစ်ရက် ဖြစ်လေသည်။ ဝင်းတံခါးရှေ့ရောက်လေတော့ ခြေအစုံကိုရပ်လိုက်သည်။

ရုံးဝင်းထဲသို့ ဟိုဟိုသည်သည် အကဲခတ်ကြည့်ရှုမိ၏။ လူမရှိမှုဘဲ၍ တစ်ဖုံတစ်ရာမျှမတွေ့ရ။ ရုံးသည် အဆောင်(၂)ဆောင်ကို မျက်နှာချင်းဆိုင်ကာ ဆောက်လုပ်ထားပြီး၊ အဆောင် (၂)ခု၏ ခေါင်းရင်းဘက်တွင်လည်းကောင်း၊ ခြေရင်းဘက်တွင်လည်းကောင်း အိမ်တစ်လုံးသာသာခန့်ရှိ အဆောက်အအုံတစ်ခုစီကို တွေ့ရ၏။

လူရိပ်လူယောင် မတွေ့ရလေသည့်အဆုံး ရုံးတံခါးတွင်ချိတ်၍ ဆွဲထားသော သော့လောက်ကိုကိုင်ကာ နှစ်ချက်သုံးချက်ခန့်မျှ ခုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ဂျောက် . . . ဂျောက် . . . ဂျောက်"

အသံမဆုံးလိုက်မီမှာပင် နောက်ဘက်ရှိ အဆောက်အအုံဆီမှ အသက် (၃၀)ခန့်အရွယ်ရှိ အမျိုးသမီးတစ်ဦးထွက်၍လာလေသည်။ ရုံးဝင်းတံခါးနားသို့ရောက်လာ၏။

"ဘာကိစ္စရှိလို့ပါလဲရှင်"

"ဪ . . . ကျွန်တော်က ဒီရုံးက စာတိုက်မှူးအဖြစ်နဲ့ တာဝန်ကျလို့လာခဲ့တာပါ"

"ဪ . . . ဟုတ်ကဲ့ပါရှင်"

"ဒါနဲ့ ခင်ဗျားက . . ."

"ကျွန်မ ဒီရုံးက ရုံးစောင့်ဦးစိုးတင့်ရဲ့ဇနီး မလှမြိုင်ပါ။ ကျွန်မတို့က ဒီရုံးဝင်းထဲမှာနေပါတယ်။ ဝင် ဝင်ပါဆရာ"

မလှမြိုင်ရဲ့စကားအဆုံးမှာတော့ တံခါးကိုဖွင့်ရင်း ရုံးဝင်းထဲသို့ ဝင်လာခဲ့တော့သည်။

■ ■ ■

## အခန်း (၂)

❑

မိမိယူဆောင်လာခဲ့သော ပစ္စည်းများမှာ များများစားစားတော့ မဟုတ်။ အဝတ်အစားအချို့ ထည့်သိုလာသည့် ခရီးဆောင်လက်ဆွဲအိတ်တစ်လုံးနှင့် စာရွက်စာတမ်း၊ စာအုပ်အချို့ကို ထည့်သိုလာသည့် ကျောပိုးအိတ်တစ်လုံးမျှသာလျှင် ဖြစ်လေသည်။ မိမိဤရုံးသို့ ရောက်ရှိသွားချိန်တွင် ရုံးဝင်းလေးထဲ၌ မလှမြိုင်တစ်ယောက်ကိုသာ တွေ့ရ၏။

"ဒါနဲ့ ခင်ဗျားယောက်ျားဆိုတာကရော . . ."

"ဪ . . . သူက နေ့လယ်ဘက် အပြင်အလုပ်တစ်ခုခုကို ထွက်လုပ်ပါတယ်ဆရာ။ ညနေရောက်ရင် သူပြန်လာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဒီမှာခဏလေးနေပါဦးနော်။ ကျွန်မရွာထဲကို ရုံးတာဝန်ခံ ဒေါ်နန်းကြင်အေးကို သွားခေါ်လိုက်ပါဦးမယ်"

ခဏကြာလေတော့ မလှမြိုင်မှာ ရွာထဲသို့ထွက်ခွာသွားတော့၏။ မလှမြိုင်ရွာထဲသို့ သွားနေခိုက် မိမိသည်လည်း ရုံးဝင်းထဲသို့ လှည့်လည်ကြည့်ရှုရန် စိတ်ကူးလိုက်၏။ ထို့ကြောင့် ရုံးထဲသို့ ဟိုဟိုသည်သည် လျှောက်၍ကြည့်မိသည်။ ရုံးခေါင်းရင်း အဆောင်(၂)ခု၏ထိပ်တွင် ဝန်ထမ်းများ နားနေဆောင်တစ်ခုကိုတွေ့ရပြီး ထိုအဆောင်နှင့်ကပ်ကာ (၃)ပင်သာသာ အိမ်လေးတစ်လုံးကို တွေ့ရ၏။ အိမ်ကိုမူ ပိတ်၍ထား၏။

အိမ်ပေါ်တွင်တော့ ထိုင်ခုံအပျက်အစီးများ၊ စားပွဲခုံအပျက်အစီးအတိုအစများကို ဖရိုဖရဲဖြစ်သလို တင်၍ထားရင်း အိမ်တံခါးများကိုသော့ခတ်ကာ ပိတ်ထား၏။ ရုံးနောက်ဘက်မှနေကာ အနောက်ဘက်သို့ လျှောက်၍ကြည့်မိပြန်၏။ ဝန်ထမ်းသုံး ရေအိမ်သာလေးတစ်လုံးနှင့် ရေချိုးကန်၊ ရေလှောင်ကန် (၂)လုံးကို ဘေးတိုက်အနေအထားဖြင့် ဆောက်လုပ်ထားသည်ကို တွေ့ရ၏။

အဆောင် (၂)ခု၏အဆုံးတွင်တော့ ရုံးစောင့် ကိုတင်စိုးနှင့် မလှမြိုင်တို့နေထိုင်သည့်အိမ်လေးကို တွေ့ရလေသည်။ ရုံးကိုပတ်၍ ထွက်လာခိုက် . . .

"ဆရာ . . . ဆရာ . . ."

ဟူသော မလှမြိုင်၏ အသံပြုခေါ်သံကို ကြားရ၏။ ထို့ကြောင့်

"ကျွပ် ဒီမှာပါ မလှမြိုင်"

မလှမြိုင်နှင့်အတူ အမျိုးသမီးတစ်ဦး ပါလာသည်။ မလှမြိုင်ကပင် မိတ်ဆက်ပေး၏။

---

စိတ်ကူးသစ်စာပေ



"ဒီအစ်မက ဒေါ်နန်းကြင်အေးပါဆရာ၊ ဒီရုံးရဲ့တာဝန်ခံပါ"

"သြော် . . . ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်။ ကျွန်တော်ကတော့ ဒီရုံးကို တာဝန်ကျလို့ရောက်လာတဲ့ စာတိုက်မှူး ဦးသောင်းဝေပါ"

"ဟုတ်ကဲ့ . . . တွေ့ရတာဝမ်းသာပါတယ်ဆရာ၊ အင်း . . . လောလောဆယ်တော့ ဆရာနေဖို့ထိုင်ဖို့ကို အခန်းတစ်ခု စီစဉ်ပေးပါမယ်။ စားဖို့သောက်ဖို့ကိစ္စကိုတော့ ဒီညကစပြီး မလှမြိုင်တို့လင်မယားက စီစဉ်ပေးကြပါလိမ့်မယ်"

"ကောင်းပါပြီ ဒေါ်နန်းကြင်အေး"

www.burmeseclassic.com

## အခန်း (၃)

❑

မည်သည့်ကာလကတည်းက အသုံးပြုမှုမရှိဘဲ ပိတ်ထားလေသည်မသိသည့် ရုံးခန်းလွတ်လေးတစ်ခုတွင် ဒေါ်နန်းကြင်အေးက နေထိုင်ရန် စီစဉ်ပေးသည်။ အခန်းမှာ ပင့်ကူမျှင်များ၊ ဖုန်များဖြင့် အလိမ်းလိမ်းထပ်ကာနေလေ၏။ ရုံးခန်းကိုဖွင့်၍ မိမိနှင့် ဒေါ်နန်းကြင်အေး၊ မလှမြိုင်တို့သုံးယောက် သန့်ရှင်းရေးပြုလုပ်နေကြစဉ် ကိုစိုးတင့်ဆိုသူမှာ ပြန်ရောက်လာလေ၏။

မလှမြိုင်ကပင် မိတ်ဆက်ပေးပြန်ပါလေသည်။

ထိုနေ့ညတွင်တော့ . . .

မောင်စိုးတင့်နှင့် မလှမြိုင်တို့စီမံမှုဖြင့် သူတို့အိမ်၌ပင် ညစာထမင်းကိုစားသောက်ခဲ့ပြီး စကားစမြည်ပြောဆိုကြကာ ည(၉)နာရီခန့်ရှိသည့်အချိန်တွင်တော့ ခရီးပန်းလာသည်ကတစ်ကြောင်း၊ တစ်နေ့





တာလုံး ညောင်းညာလာခဲ့သည်က တစ်ကြောင်းများကြောင့် အိပ်ရာဝင်ရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် ကိုစိုးတင့်နှင့် မလှမြိုင်တို့အား နှုတ်ဆက်ကာ ပြန်လာခဲ့သည်။

ကိုစိုးတင့်နှင့် မလှမြိုင်တို့မှာလည်း ညရေးညတာ အချိန်မတော် အကြောင်းကြီးငယ်ရှိပါက မိမိတို့အားနှိုးနိုင်ပါကြောင်း ပြောဆိုကြလေ၏။ ထိုညက ခေါင်းအုံးနှင့်ခေါင်းထိ၍ အိပ်ချလိုက်လေသည်နှင့်တစ်ပြိုင်နက် ဘာတစ်ခုမှုပင်မသိတော့။ အိပ်မောကျကာ အိပ်ပျော်သွားတော့၏။

မိုးလင်းသည့်အခါမှသာ တစ်ရေးနိုးတော့၏။

အိပ်ရာထတော့မည်ဟု တွေးတောနေစဉ်မှာပင် ရုံးခန်းတံခါးကို လာခေါက်သည့်အသံကြားလိုက်ရသည်။ တံခါးခေါက်လာသူမှာ အခြားမဟုတ်။ မောင်စိုးတင့်သာလျှင် ဖြစ်လေ၏။

"ဆရာ . . . ဆရာ . . . ဗျို့ဆရာ၊ နိုးပြီလားဗျ"

"အေး . . . နိုးနေပါပြီကွာ၊ ခုပဲ ငါလည်း ထ,တော့မလို့"

မျက်နှာသစ် သွားတိုက်ပြီးလေတော့ မောင်စိုးတင့်တို့အိမ်လေးသို့သွားရောက်ကာ နံနက်သရေစာမုန့်ပဲလေးများကို စားသောက်ခဲ့၏။

ရေနွေးသောက်နေစဉ်၌ မိမိအား မလှမြိုင်က မေးခွန်းတစ်ခုမေးလာလေသည်။

"ညက အိပ်ပျော်ရဲ့လားဆရာ၊ အဆင်ရောပြေရဲ့လား"

"အေး . . . အဆင်လည်းပြေပါတယ်၊ အိပ်လည်း အိပ်ပျော်တယ်ဗျာ။ ပင်ပန်းလာလို့လားတော့ မသိဘူး။ အိပ်ကတည်းက ဘာမှမသိတော့ဘူး။ မိုးလင်းတဲ့အထိ တစ်ရေးပဲဗျာ"

အခန်း (၄)

❑

မိမိ ...။

အင္ဂသောင်ရွာသို့ ရောက်လာခဲ့သည်မှာ တစ်ရက်ကုန်လွန် သွားခဲ့ပြီဖြစ်လေသည်။ ဒုတိယနေ့သို့ပင် ရောက်၍လာ၏။

နေ့လယ်ပိုင်းတွင် ရုံးစောင့် မောင်စိုးတင့်နှင့်အတူ ရုံးထဲ လုပ်ကိုင်စရာလေးများကို တစ်နေ့လုံးပြင်ဆင်လုပ်ကိုင်ကြပြီး ညရေ ပိုင်းများတွင်တော့ မောင်စိုးတင့်အိမ်၌သာ နေ့ညထမင်းစားရန် ဖြတ်ထား၏။

ထိုနေ့ည၌လည်း ဘုရားရှိခိုးဝတ်ပြုကာ ည(၉)နာရီခန့်





သာ၌ အိပ်ရာဝင်ခဲ့ပြန်လေသည်။ တစ်နေ့တာလုံး ရုံးဝင်းထဲ၌ တောက် တိုမည်ရကိစ္စများလည်း လုပ်ကိုင်ခဲ့သည်မို့ ပင်ပန်းကာ အိပ်ပျော်သွား ခဲ့ပြန်၏။ ညဉ့်ဝက်သန်းခေါင်ခန့်ရှိလေတော့ အိပ်မောကျရာမှ တစ်ရေး နိုးကာ လာလေသည်။

အပေါ့အပါးထွက်၍သွားရန် စိတ်ကူးလိုက်သည့်အချိန်တွင်တော့ အမှတ်မထင်ပေါ်၍လာသော ခြေသံတစ်ခုကို ကြားလိုက်ရတော့သည်။

"ဖျတ် ... ဖျတ် ... ဖျတ်"

ခြေသံမှာ ရုံးကော်ရစ်တာတစ်လျှောက်တွင် သွားလာနေသော အသံဖြစ်လေသည်။ အသံမှာတိုးလာလိုက်၊ ကျယ်လာလိုက် တစ်စတစ်စ နှင့် ခြေသံမှာ ရုံးခန်းဝနားဆီသို့ နီးနီး၍ လာနေလေသည်။ မိမိမှာ ထို ခြေသံကို အိပ်ရာပေါ်လှဲလျက်မှပင် ကြားနေရ၏။ ရုံးခန်းရှေ့သို့ရောက် သွင် ခြေသံမှာရှေ့သို့ဆက်မလာဘဲ အသံမှာပျောက်၍သွား၏။ ထို့ကြောင့် မိမိမှာ အိပ်ရာမှထ၍ရပ်လိုက်၏။ ထို့နောက် အသံပြုလိုက်၏။

"ဟော့ ... ဘယ်သူလဲကွ၊ မောင်စိုးတင့်လား"

အသံပြုသော်လည်း တုံ့ပြန်ဖြေကြားလာသောအသံကိုမူ ပြန် မကြားရ။ ထို့ကြောင့် ပိတ်ထားသောတံခါးကိုဖွင့်ကာ ဓာတ်မီးဖြင့်ထိုး အပြင်သို့ကြည့်လိုက်၏။ သို့သော် ဘာကိုမျှမတွေ့ရ။

ထို့ကြောင့် ...

ရုံးခန်းတံခါးကို ပြန်ကာပိတ်လိုက်သည်။ ကော်ရစ်တာတွင် ချည်လာချည် လျှောက်နေလေသောခြေသံသည် မည်သူဖြစ်လေ သနည်း။

မောင်စိုးတင့်သိုပါလေလျှင်လည်း မိမိမေးမြန်းမှုကို ပြန်လည် ဖြေကြားလာမည်ပင် ဖြစ်လေ၏။ ဒါဆိုလျှင် ရုံးထဲကာပစ္စည်းတစ်ခုခုကို



www.burmeseclassic.com

www.burmeseclassic.com



နိုးယူလို့လာသည့် သူနိုးသူဝှက်တစ်ယောက်ယောက်များလား။ ဤသည်က ပို၍ဖြစ်နိုင်လေသည်။ သူနိုးသူဝှက်ဖြစ်ပါလေလျှင် မိမိမေးမြန်းသည်ကို ပြန်လည်ဖြေကြားမည်မဟုတ်။ ငြိမ်၍နေမည်သာ ဖြစ်၏။ ထိုသို့တွေးနေစဉ်အတွင်း မိမိနှင့် တစ်လံနှစ်လံသာသာတွင်ရှိသော သောက်ရေအိုးပေါ်မှ မှောက်၍တင်ထားသော ရေခွက်မှာ တစ်စုံတစ်ဦးကကိုင်၍လိုက်သည်သို့ အောက်သို့ပြုတ်ကာ ကျသွားတော့၏။

"ဂ လွမ် လွမ် လွမ်"

ရေအိုးဆီသို့ ဓာတ်မီးဖြင့်ထိုးကာ ကြည့်လိုက်၏။ သို့သော်ဘာကိုမျှမတွေ့ရ။ အောက်သို့ကျသွားသော ရေခွက်အားကောက်ယူလိုက်ပြီး ရေများဖြင့် ဆေးကြောကာ ပြန်၍ထားလိုက်သည်။

ထို့နောက်တွင်တော့ မိမိအိပ်ရာပေါ်တွင် လဲလျောင်းနေလိုက်ရင်း အတန်ငယ်ကြာလေတော့ အိပ်ပျော်ကာသွားလေတော့သည်။ မနက်အကော်နေမြင့်သည့်အခါမှ အိပ်ရာမှာနိုး၍လာ၏။ မိမိမျက်နှာသစ်ပြုလုပ်နေစဉ်၌ မောင်စိုးတင့်ရုံးဘက်ဆီသို့ လှမ်းလာနေသည်ကို မြင်ရသည်။

"ဆရာ နိုးနေပြီလား"

"အေးကွာ ခုပဲနိုးတယ်"

"ကျွန်တော်လည်း ဒီနေ့အိပ်ရာထ နောက်ကျသွားလို့ ဆရာကိုတောင် လာပြီးမနှိုးဖြစ်တော့ဘူး"

ရပါတယ်ကွာ၊ ကိစ္စမရှိပါဘူး"

မောင်စိုးတင့် မိမိနားသို့ရောက်လာနိုက် ညက ကော်ရစ်တွင် လမ်းလျှောက်နေသောခြေသံသည် မည်သူဖြစ်သည်ကိုသိလို၍ မေးလိုက်သည်။

---

စိတ်ကူးသစ်စာပေ



"မောင်စိုးတင့် ညက မင်းဆရာရုံးခန်းဘက်ကို လာသေးလား"

"မလာပါဘူး ဆရာ"

ဘာဖြစ်လို့လဲဆရာဟူ၍ မောင်စိုးတင့် မေးမြန်းရန်ပြုလိုက်သော်မှာပင် မောင်စိုးတင့်၏နီး မလှမ်းမြင်၏ ခေါ်ငင်လိုက်သောအသံကြောင့် အတွေးစတို့သည် လွင့်ပြယ်ပေးပျောက်သွား၏။

"ကိုစိုးတင့်ရေ .. ဆရာနိုးရင် ခေါ်ခဲ့တော့"

www.burmeseclassic.com

# အခန်း (၅)

□

ညကဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များအတွက် မိမိမှာ ... လေးနက်နက် မတွေးတော့ပါသလို သံသယတစ်စုံတစ်ရာလည်း ဖြစ်... ခဲ့ခြင်းမျိုး မရှိခဲ့ပေ။ တိုက်ဆိုင်မှုတစ်ခုဟူ၍သာ ကောက်ချက်ချမှတ်... လိုက်ရင်း အရာအားလုံးသည် ပေါ့ပါးလန်းဆန်းသွားလေ၏။

ဤညများမှအစပြု၍ (၃) (၄) ရက်ခန့်အထိတိုင် စိုးစဉ်း... တစ်စုံတစ်ရာဟူ၍ မကြားမတွေ့ရ။

ဤသို့ဖြင့် ရုံးဖွင့်သည့် ရက်တစ်ရက်သို့ ရောက်လာလေသည်။ ဤနေ့သည် လစာထုတ်မည့် ရက်တစ်ရက်လည်း ဖြစ်သော၏။ ထို့ကြော...





ညနေ(၃)နာရီသာသာရှိတော့ ရုံးသူရုံးသားများကို လစာထုတ် အစည်းအဝေးတစ်ခု ပြုလုပ်ရန် ဆင့်ခေါ်လိုက်၏။

ဤနေ့သည် မိတ်ဆက်ပွဲလေးတစ်ခုဟု ဆိုပါလျှင်လည်း မငြင်းနိုင်ပေ။ အကြောင်းမှာ ဤရုံးသို့ တာဝန်ကျမှုအဖြစ်နှင့် ရောက်ရှိလာသောမိမိမှာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး မတွေ့ဆုံရသေးပေ။ လစာထုတ် အစည်းအဝေးပွဲတွင် မိမိကပင်စ၍ ကိုယ့်ကိုယ်ကိုယ်မိတ်ဆက်ရင်း တစ်ဦးနှင့်တစ်ဦး ညီအစ်ကိုမောင်နှမများသဖွယ် ရှိုင်းပင်းကူညီလုပ်ကိုင်သွားကြဖို့မှာကြားရင်း ပွဲလေးကိုရုပ်သိမ်းလိုက်သည်။

ရုံးဆင်းသွားသည့်တိုင် အလုပ်က အပြီးသတ်၍မရ။

မောင်စိုးတင့်နှင့်အတူ လိုအပ်သည့်ကိစ္စလေးများကို အတူလုပ်ကိုင်ကြရင်း ညရောက်တော့ ဘုရားရှိခိုးဝတ်ပြုကာ စောစောအိပ်ရာဝင်ဖြစ်ခဲ့လေသည်။ မည်မျှအိပ်မာကျနေလေခဲ့သည်မသိ။

"ခေါက် ... ခေါက် ... ခေါက် ...

ခေါက် ... ခေါက် ... ခေါက်"

ဟူသည့် အဆက်မပြတ် ထွက်ပေါ်လာနေပေသည့် တံခါးခေါက်သံကြောင့် နိုး၍လာ၏။ တံခါးခေါက်သံမှာ ရပ်၍မသွား။ ဆက်၍ခေါက်နေပြီသာဖြစ်လေ၏။ လက်နှိပ်ဓာတ်မီးလေးကိုယူကာ တံခါးဝနားဆီသို့ တဖြည်းဖြည်းကပ်လာ၏။ တံခါးကိုမဖွင့်ဘဲ အသံပေးလိုက်၏။

"ဟေ့ ... ဘယ်သူလဲကွ။ မောင်စိုးတင့်လား။ ဘာကိစ္စရှိလို့ထဲ"

"ဝုန်း"

သို့သော် အပြင်တွင် ဘာကိုမျှမတွေ့။

"ဟင် ... ဘယ်သူမျှလည်း မရှိပါလား။ ဒါဆို တံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ခေါက်နေတာ ဘယ်သူလဲ"

ခပ်လှမ်းလှမ်းရှိ မောင်စိုးတင့်တို့ အိမ်ကလေးဆီသို့ တစ်ချက် လှမ်းကြည့်လိုက်၏။ မောင်စိုးတင့်တို့အိမ်တွင်လည်း မီးရောင်အစအန ကိုမတွေ့ရ။ ငြိမ်သက် တိတ်ဆိတ်နေ၏။ မောင်စိုးတင့်တို့ လင်မယားလည်း အိပ်ကုန်ကြလေပြီ။ ထိုစဉ် လေပြည်တစ်ချက် ဆော့သွေးတိုက်ခတ် တိုက်၏။

"ဖြန်း ... ဖြန်း ... ဖြန်း"

အဆောက်အအုံနံဘေးရှိ သစ်ပင်ကြီးမှ သစ်ရွက်များ ပွတ် တိုက်လှုပ်ရှားသွားသံများကို ကြားလိုက်ရ၏။ ထိုလေပြည်နှင့်အတူ ဆိုးဆိုးဝါးဝါးနိုင်လှသော အနံ့အသက်တစ်ခုက လွင့်မျောပါလာ၏။

"ဟော ... ဘယ်က အပုပ်နံ့ကြီးလည်း မသိဘူး။ နံလိုက် တာကွာ မွန်နေတာပဲ"

ရေရွတ်မှုစကားအဆုံး မိမိအိပ်သည့် အိပ်ခန်းဘေးမှ ဖြတ် လျှောက်သွားသည့် လူတစ်ယောက်၏ခြေသံကို ကြားလိုက်တော့၏။

"ဖျတ် ... ဖျတ် ... ဖျတ်"

ထို့ကြောင့် အခန်းခေါက်ရင်ဘက်ဆီသို့ ပတ်၍လာခဲ့၏။ ခေါင်း ရင်းဘက်သို့ ရောက်ရန်အကွေ့တစ်ခုကို ကွေ့လိုက်စဉ်မှာပင် လူရိပ် တစ်ခုကို ရိပ်ခနဲ တွေ့လိုက်ရသလိုရှိ၏။ တစ်စုံတစ်ခုကို တွေ့ရတော့ မည်ဟု တွေးလိုက်မိ၏။ ထို့ကြောင့် ဓာတ်မီး၏ခလုတ်ကိုနှိပ်ကာ ထိုး လိုက်၏။ ထိုအခါ ...

အတွေးနဲ့လက်တွေ့သည် လုံးဝကွာဟသွား၏။ မီးရောင် အောက်တွင် မတုန်မလှုပ် ငြိမ်သက်နေသော စတိုခန်းဟောင်း အဆောက် အအုံမည်းမည်းကြီးမှတစ်ပါး အခြားမည်သည့်အရာဝတ္ထုတစ်ခုကိုမျှ





မတွေ့ရ။ ထို့ကြောင့် သက်ပြင်းမောတစ်စကို ချလိုက်သည်။

"ဟင်း"

မကြာမီအချိန်မှာတော့ မိမိအခန်းလေးထဲသို့ ပြန်ဝင်ရင်း အိပ် ရာပေါ်သို့ လှဲချလိုက်တော့သည်။

■ ■ ■

## အခန်း (၆)

❑

သည်နေ့ ရုံးဆင်းချိန်တွင် ရုံးတာဝန်ခံ ဒေါ်နန်းကြင်အေးက ညဘက်တွင် သူ့အိမ်သို့ ရေနွေးကြမ်းသောက်ရန် အလည်ဖိတ်ခေါ် သွား၏။ ရုံးစောင့်မောင်စိုးတင့်နှင့်အတူ လာခဲ့ပါမည်အကြောင်း ကတိ ပေးလိုက်၏။ ညနေ ထမင်းစားရေမိုးချိုးပြီးတော့ ဒေါ်နန်းကြင်အေးတို့ အိမ်ဆီသို့ အလည်သွားရန် မောင်စိုးတင့် ခေါ်ဝင်ဖို့ထွက်လာ၏။ ထို အခါ ...

"ဆရာ ... ကိုစိုးတင့်ရွာထဲကို ကိစ္စရှိလို့ ခဏသွားပါတယ်ခင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာလာရင် ပြောလိုက်ပါတဲ့။ သူ့ဒေါ်နန်းကြင်အေးတို့အိမ်ကို လိုက်လာခဲ့ပါမယ်တဲ့"

မလှမြိုင်ရဲ့ အဖြေစကားနဲ့အတူ ဒေါ်နန်းကြင်အေးတို့အိမ်သို့ မိမိတစ်ယောက်တည်း ထွက်လာခဲ့၏။ ဒေါ်နန်းကြင်အေးတို့အိမ်မှာ ရွာလယ်ပိုင်းလောက်တွင်ရှိသည်မို့ ရုံးနှင့်မဝေးလှ။

တစ်ခဏမျှ လျှောက်လာမိတော့ ရောက်လာ၏။

"ဗျို့ ... ဒေါ်နန်းကြင်အေး ..."

"ဩော် ... ဆရာ၊ လာ ... လာ ... ခုပဲ ပြောနေရသေးတယ်။ လာတောင်လာပါ့မလားလို့"

အိမ်ပေါ်ရောက်တော့ ဒေါ်နန်းကြင်အေးက သူ၏ခင်ပွန်း သားသမီးများနှင့် မိတ်ဆက်ကာပေးလေ၏။ ဒေါ်နန်းကြင်အေး၏ ခင်ပွန်းသည်လည်း ဝန်းထမ်းတစ်ဦးပင်ဖြစ်လေသည်။ သို့သော် ဤရွာတွင်တော့မဟုတ်။ အေသတစ်ခုတွင် သွားရောက်အမှုထမ်းနေသည် ဖြစ်၏။ မကြာမီရက်ပိုင်းလေးများမှ ခွေ့ခဏ ပြန်ရောက်လာခဲ့သည်ဆိုလေသည်။

ဟိုအကြောင်း သည်အကြောင်းလေးများဖြင့် ပြောဆိုကြရင်းအချိန်မှာလင့်လာ၏။ ထိုအခါ မောင်စိုးတင့်ကို သတိရလာ၏။

"မောင်စိုးတင့် လာမလားလို့စောင့်နေတာ အချိန်တော်မနည်းတော့ဘူး။ ကျွပ်ပြန်ပါဦးမယ် ဒေါ်နန်းကြင်အေး။ ကဲ .. မိသားအားလုံး နွင့်ပြူကြပါဦးခင်ဗျာ"

"ဟုတ်ကဲ့ ... ကောင်းပါပြီ ခင်ဗျာ"

မိသားစုများကိုနှုတ်ဆက်ကာ ပြန်လာခဲ့၏။

နယ်မြို့လေးဖြစ်လေသည်မို့ ဝါကြွန်ကြွန့်မီးရောင်က လမ်းဘေးတစ်လျှောက်မီးတိုင်များဆီမှ လင်း၍နေ၏။

---

စိတ်ကူးသစ်စာပေ



တဖြည်းဖြည်းလျှောက်၍ ပြန်လာခဲ့သည်။

ရုံးနားသို့ပင် နီးကပ်လာနေ၏။ ထိုအခါ ရုံးရှေ့တံခါးဝတွင် အရပ်ခပ်ပျပ်ပျပ်လူတစ်ဦး တံခါးပိတ်ရန် ပြုနေ၏။ ထိုသူနှင့်မိမိသည် တစ်ခေါ်သာသာကွာဝေး၏။ မောင်စိုးတင့်ဟု ထင်လိုက်သည်။

"ဟေ့ ... မောင် ... မောင်စိုးတင့် နေဦး နေဦး၊ ဆရာဝင်ဦးမယ်ကွ"

မိမိမှာပြောဆိုရင်းက ရုံးဝင်းတံခါးနားသို့ ခပ်သွက်သွက်လျှောက်လာ၏။ အနားရောက်တော့ ထိုသူကို မတွေ့ရလေတော့။

"ဟင် ... ဟို ... ဟိုလူ ဘယ်ရောက်သွားပါလိမ့်။ ငါလှမ်းကြည့်တာတော့ မောင်စိုးတင့်လို့ ထင်မိတာပဲ"

တံခါးကိုကြည့်တော့ တံခါးမှာစေ့၍ထား၏။ သော့ခလောက်ကိုမူ မပိတ်ရသေး။ စေ့ထားသောတံခါးကိုဖွင့်ကာ ရုံးဝင်းထဲသို့ ဝင်လာခဲ့သည်။ ထိုအချိန်တွင် ရုံးဝင်းခြံထောင့်တွင်နေသော မောင်စိုးတင့်မှာ ဓာတ်မီးတစ်လက်လက်ဖြင့်ထိုးကာ ထွက်လာသည်ကိုတွေ့ရ၏။

မိမိကပင်အစပြု၍ အသံပေးလိုက်၏။

"မောင်စိုးတင့်လား"

"ဟုတ်ပါတယ်ဆရာ၊ ဆရာပြန်လာပြီလား။ ခုပဲ ကျွန်တော်လည်း လိုက်လာမလို့"

"ဟင် ... ဒါဆို ခုန ငါပြန်လာတုန်းက ခြံတံခါးကိုပိတ်ဖို့လုပ်နေတဲ့သူဟာ မောင်စိုးတင့်မဟုတ်ဘူးလား"

"ဗျာ ... ကျွန်တော်မဟုတ်ပါဘူး။ ကျွန်တော်က ခုမှ အိမ်ကထွက်လာတာ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

□

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေခဲ့ရာမှ ...

"ဖျန်း ... ဖျန်း ... ဖျန်း"

ဟူသော အိမ်ခေါင်မိုးသွပ်များပေါ်သို့ ပေါက်ပေါက်များသွန်ကြဲချလိုက်သလို အဆက်မပြတ်ရွာလာသော မိုးများကြောင့် နံဘေးတွင်ချထားသော စောင်ကိုဆွဲ၍ ခြုံလိုက်၏။ မိုးသံလေသံများသည် တဝေါဝေါဆူညံနေသည်။ အနားရှိပြတင်းဆီမှ လေနှင့်မိုးတို့က တိုးဝင်ပက်ဖျန်းလာကြ၏။ အေးစိမ့်စိမ့်ဖြစ်၍ လာသည်။

ထို့ကြောင့် ထ၍ ပြတင်းတံခါးကိုပိတ်ရန် ပြင်လိုက်သည်။





ထိုအခါ ပြတင်းတံခါးတွင်ရပ်နေသော လူတစ်ယောက်ကို မိုးလေနှင့်လျှပ်စီးရောင်များကြားမှ တွေ့လိုက်ရသည်။

ရုတ်တရက်တွင် မိမိမှာ မောင်စိုးတင့်ဟုထင်လိုက်၍ မေးမြန်းမည်ဟု အတွေးဝင်ခဲ့မိသော်လည်း ချက်ချင်းအသိစိတ်တစ်ခုက ဝင်၍သွား၏။ မနေ့ညက ခေါင်းရင်းဘက်တွင် ခြေသံများကိုကြားရပြီး လူသူကို ရှာဖွေမိသည်တွင် တစ်စုံတစ်ရာကိုမျှ မတွေ့ရ။

ထိုခြေသံပိုင်ရှင်သည် မည်သူဖြစ်လေမည်နည်း။ ဤအခေါက်အအံ့နားကို တိတ်တဆိတ်ကပ်လာသူသည် သူခိုးသူဝှက်တစ်ယောက်မှလွဲ၍ အခြားအကြောင်းမရှိနိုင်။ ထို့ကြောင့် မည်သူမည်ဝါ မသိရလေသော သူအား ဖမ်းဆီးရန်အတွက် အသာငြိမ်၍ နေလိုက်တော့၏။

ပြတင်းတံခါးဝတွင် ရပ်နေသောသူသည် အရပ်ပုပုပျပ်ပျပ်နှင့် ကိုယ်လုံးကိုယ်ထည်မှာ ခပ်ပြားပြားဖြစ်သည်။ တစ်ချက်တစ်ချက်လင်းလိုက်သော လျှပ်စီးရောင်အောက်တွင် သူ၏အသားက မည်းမှောင်ဖြူသောအသားအရေဖြစ်ကြောင်း သတိပြုမိ၏။ ဆံပင်များက အနည်းငယ် ကောက်သလိုရှိ၏။

မိမိအိပ်နေသော အိပ်ရာလေးအား စူးစူးစိုက်စိုက်ကြည့်ကာနေလေသည်။ အင်္ကျီအဖြူရောင် ကော်လံလည်ကတုံးကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားပြီး ပုဆိုးမှာမူ အရှည်လိုက်ထောင့်စင်းလေးများအဖြစ် သတိထားမိပြန်လေသည်။

ထိုသူ မည်သို့လှုပ်ရှားမည်ကို သိလို၍ မိမိမှာလည်း မှောင်ထဲမှပင် ထ၍ထိုင်နေကာ စောင့်ကြည့်နေမိသည်။ ထိုသူ မိမိကို မြင်နိုင်တော့မသိ၊ မိမိကတော့ ပြတင်းပေါက်၏ အလင်းရောင်အောက်တွင် ရပ်နေသောသူ့အား အထင်းသားမြင်တွေ့နေရ၏။ မိနစ်အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



ကြာမြင့်လာသည့်တိုင် ရပ်၍နေသောသူမှာ တစ်စုံတစ်ရာလှုပ်ရှားသည်ကို မတွေ့ရ။ ထို့ကြောင့် မိမိကပင်စတင်ကာ လှုပ်ရှားရန်အစ ပြုလိုက်၏။

လက်ထဲတွင်လည်း ဓာတ်မီးကို အသင့်ကိုင်လိုက်၏။

ထို့နောက် ပြတင်းဝသို့ ထိုးကာကြည့်ရင်း တစ်ဆက်တည်းလည်း မေးမြန်းလိုက်သည်။

"ဟေ့ . . . အခန်းဝမှာရပ်နေတာ ဘယ်သူလဲကွ။ ဟင် . . . ဘယ်သူမှလည်း မရှိပါလား။ ဟို ခုနကရပ်နေတဲ့လူ ဘယ် . . . ဘယ်ရောက်သွားလဲ"

"ဝုန်း"

အိပ်ရာမှထ၍ ပြတင်းဝဆီသို့ ပြေးသွားလိုက်သည်။ ဓာတ်မီးဖြင့်ထိုး၍ ကြည့်၏။ တစ်စုံတစ်ဦးကိုမျှ မတွေ့ရ။

"အလို ဘယ်လိုပါလိမ့်၊ ငါသေသေချာချာမြင်တာပါ။ ငါ့ကို အကြာကြီး မတ်တပ်ရပ်ပြီး စောင့်ကြည့်နေတာပဲ။ သေချာပါတယ်။ ငါအမြင်မှားတာ မဟုတ်ပါဘူး"

အတွေးတစ်ခုကို အစီအစဉ်တကျ ဆက်စပ်နေစဉ်မှာပင် . .

"ဗုန်း . . . ဂလွမ် ဂလွမ် ဂလွမ်"

ဟူသော ခေါင်းရင်းဘက် စတိုးခန်းဟောင်းကြီးဆီမှ တစ်စုံတစ်ရာပြုတ်ကျလိုက်သော အသံများကို ကြားလိုက်ရတော့၏။

■ ■ ■

အခန်း (၈)

❑

"ဂျစ် . . . ဂျစ် . . . ဂျစ်"

ဟူသည့် စားပွဲကုလားထိုင်တစ်ခုခုကို ဆွဲလိုက်သလို ကြားလိုက်ရသည်မို့ ထ၍ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ထိုအသံများသည် မိမိအိပ်နေသည့် အခန်းထဲမှပင်ဖြစ်ပေသည်။

မိမိအခန်းလေးထဲတွင် ခုတင်တစ်လုံးနှင့် နံဘေးတွင်တော့ စာရေးစာဖတ်ရန် စားပွဲတစ်လုံး၊ ကုလားထိုင်များကို ချ၍ထား၏။ ယခု ကြားနေရသောအသံများသည် မိမိဘေးရှိ စားပွဲကုလားထိုင်များကို ရွှေ့နေသည့်အသံများ ဖြစ်တော့၏။

အတင်းအားယူ၍ ထ လိုက်၏။

---

www.burmeseclassic.com



သို့သော် ထင်မှုမရ။ တစ်စုံတစ်ဦးဦးက အပေါ်မှပိတ်ထားလေသည်သို့ ခံစားနေရသည်။ အသက်ရှူပင် ကျပ်၍လာ၏။

ထိုစဉ် မိမိခြေရင်းဘက်မှ ပြတင်းတံခါးတစ်ချပ်မှာ ပွင့်လျက်ရှိနေသည်ကို တွေ့ရ၏။ ထိုတံခါးသည် မိမိညက အိပ်မည်ပြုစဉ် ပိတ်ခဲ့လေသည်လား။ မပိတ်ဘဲထားခဲ့လေသည်လား မမှတ်မိတော့။ မိမိကိုယ်တိုင်ပင်လျှင် ဝေဝေဝါးဝါးဖြစ်၍နေ၏။

ထိုပြတင်းဝသို့ ကြည့်လိုက်၏။

ဟင် . . . လူတစ်ယောက် ငါ့ကိုရပ်ကြည့်နေပါလား။ သူ သူက ဘယ်သူလဲ။ ခုန ငါ့ကိုရပ်ကြည့်နေတာ ဒီလူမှ ဒီလူအစစ်ပဲ။ မောင်စိုးတင့်များလား။ ဟင် . . . မောင်စိုးတင့်လည်း မဟုတ်ပါဘူး။ မောင်စိုးတင့်က အရပ်ရှည်တယ်။ ဒီလူက အရပ်ပုပု ခပ်ပျပ်ပျပ် မျက်နှာမွဲကောင်းကောင်းနဲ့ အသားကလည်းဖြူတယ်။ ဟေ့လူ . . . ခင်ဗျား ဘယ်သူလဲလို့ မေးမြန်းကြည့်ရန် စိတ်ကူးလိုက်ရင်း ပါးစပ်ကိုဖွင့်ကြည့်၏။ မရ။

အိပ်မက်လိုလို တကယ်လိုလို ဖြစ်ပျက်မြင်တွေ့နေရသော ထိုသူ၏ပုံသဏ္ဌာန်ကို ကောက်ချက်ဆွဲပုံပေါ်နေမိခိုက် ထိုလူဆီမှ အသံတစ်ခု ထွက်လာသည်။

"ဟေ့လူ . . . ခင်ဗျားကဘယ်သူလဲ။ ဒီရုံးကို ဘာလာလုပ်တာလဲ။ ဒီနေရာက ကျုပ်နေရာဗျ"

အိပ်မက်ထဲကလူသည် မိမိအားကြည့်၍ အတော် မကျေမနပ်ဖြစ်နေပုံရသည်။ နက်မှောင်သော မျက်လုံးတို့ကိုမူ တင်း၍ထား၏။ မိမိအား စူးစူးစိုက်စိုက်ပြုကာ ကြည့်နေ၏။

မိမိမှာမနေသာလေတော့ ပက်လက်အနေအထားတစ်ခုမှ





အတင်းအားယူ၍ ထ,လိုက်သည်။ ဤတွင် မိမိမှာ လန့်၍နိုးသွားတော့၏။ နိုးလျှင်နိုးချင်း ခြေရင်းဘက်ရှိ ပြတင်းဝဆီသို့ ခေါင်းမော့ထိုးကာ ကြည့်လိုက်သည်။

"ဟင် . . . တံခါးလည်း မပွင့်ပါဘူး။ ပိတ်ထားတဲ့အတိုင်းပဲ။ ဒါအိပ်မက် မက်နေတာထင်တယ်။ အိပ်မက်ထဲမှာတော့ ငါ့ကိုလှမ်းကြည့်ပြီး မကျေမနပ်တဲ့မျက်နှာနဲ့ မေးနေတဲ့သူကတော့ ဘယ်သူလဲ။ မောင်စိုးတင့် မဟုတ်ဘူးဆိုတာတော့ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

❑

ထိုနေ့ညမှ ပြန်၍အစပြုကာ ညစဥ်ညတိုင်၊ အဖြစ်အပျက်
လေးများ တစ်ခုပြီးတစ်ခု ဖြစ်ပျက်လာနေပြန်လေ၏။ တစ်ညတွင်တော့
မိမိနေထိုင်သော ရုံးခန်းလေးကိုပိတ်ကာ မနီးမဝေးရှိ မောင်စိုးတင့်
တို့အိမ်သို့သွား၍ လက်ဖက်ရည်ကြမ်းသောက်ကာ စကားစမြည် ပြော
ဆိုနေမိ၏။

ည (၉)နာရီအချိန်သို့ တိုင်လာ၏။

ငိုက်မြည်းလာခဲ့၍ မောင်စိုးတင့်တို့လင်မယားအား နှုတ်ဆက်
ခါ မိမိရုံးခန်းဆီသို့ အိပ်ရန်ပြန်လာခဲ့လေ၏။

"မောင်စိုးတင့်ရေ ဆရာပြန်တော့မယ်ကွာ။ အိပ်ချင်လာပြီ"

"ဟုတ်ကဲ့ . . . ကောင်းပါပြီဆရာ"





ထိုစဥ် ရုံးနံ့ဘေးအရောက် ကပ်လျက်ဆောက်လုပ်ထားသည့်
ဝတ္တိခန်းဘေးမှဖြတ်ကာ စက်သီးတစ်စီးကို တွန်း၍သွားလေသော အသံ
များကိုကြားလိုက်ရ၏။ အသံမှာ ရုံးဝင်းတံခါးမကြီးဆီသို့ ဦးတည်သွား
နေ၏။ ခဏမျှကြာလျှင် . . .

"ကျွီ . . ."

ဟူသော တံခါးဖွင့်သံနှင့်အတူ တစ်ဆက်တည်း 'ကျွိုင်' ဟူသည့်
ဝင်းတံခါးကြီးကိုပြန်၍ပိတ်လိုက်သော အသံများကို ဆက်ကာဆက်ကာ
ကြားလိုက်ရတော့၏။

ထို့ကြောင့် တစ်စုံတစ်ယောက်ယောက် တံခါးကိုလာဖွင့်လေ
သလားဟူသောအတွေးဖြင့် သွား၍ကြည့်ရန်တွေးမိ၍ လှမ်းလာခဲ့သည်။

အစကနဦးတွင် မောင်စိုးတင့်ကိုပင် ခေါ်ဦးမည်ဟု စိတ်ကူး
မိလေသော်လည်း အားနာတတ်လေသည့် မိမိ၏အကျင့်ကြောင့် နောက်
ဆုံးမခေါ်တော့ဘဲ မိမိတစ်ဦးတည်းသာလျှင် ရုံးဝင်းတံခါးဝဆီသို့ ထွက်
လာခဲ့၏။

တံခါးဝသို့ရောက်၍ကြည့်လျှင် တံခါးမှာ မောင်စိုးတင့်ပိတ်
ထားခဲ့လေသည့်အတိုင်း သော့ခလောက်တန်းလန်းနှင့်ပင် ပိတ်လျက်
သားတွေ့ရ၏။ ရုံးခန်းဆီသို့ ပြန်လာ၏။ ဤအကြောင်းအရာ အဖြစ်
အပျက်လေးများကို အလျဥ်းသင့်လျှင် မောင်စိုးတင့်တို့လင်မယားအား
မေးမြန်းကြည့်ရဦးမည်ဟု တွေးတောလျက် ထိုညက အိပ်ရာဝင်ခဲ့မိ
ပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

❑

ဤရုံးသို့ရောက်စ ကနဦးတွင် စားရေးသောက်ရေးကိစ္စများကို ရုံးစောင့်မောင်စိုးတင့်တို့လင်မယားက မေတ္တာဖြင့် ကူညီကျွေးမွေးခဲ့ကြသော်လည်း ရေရှည်တွင်တော့ ဤသို့စားသောက်နေ၍မဖြစ်။ မောင်စိုးတင့်တို့မှာလည်း ပြေလည်ကြသူများမဟုတ်။ မိမိသည် အလိုက်သိရပေမည်။ ထို့ကြောင့် ထမင်းလခပေး၍စားရန် စိတ်ကူးမိ၏။ ဤအစီအစဉ်ကို ပြောပြသည့်တွင်လည်း မောင်စိုးတင့်တို့က လက်ခံခဲ့၏။

သည်နေ့ညဘက် ထမင်းစား၍ပြီးလေတော့ ခပ်ပျင်းပျင်းရှိလေသည်နှင့် ရုံးထောင့်တစ်နေရာရှိ မောင်စိုးတင့်တို့အိမ်လေးသို့ ရေနွေးကြမ်းသောက်ရင်း အလည်အပတ်အဖြစ် ထွက်လာခဲ့သည်။ မောင်စိုးတင့်တို့ကို အသင့်တွေ့ရ၏။





"လာ . . . ဆရာ၊ ရေနွေးကြမ်းတွေရှိတယ်"

လက်ဖက်ရည်ကြမ်းဝိုင်းတွင်ထိုင်မိရင်း ဟိုရောက်သည်ရောက်စကားများပြောဆိုကြရာမှ ရင်ထဲတွင် မတင်မကျဖြစ်နေသော အဖြစ်လေးများကို မေးမြန်းလိုက်သည်။

"အင်း . . . ဆရာ မောင်စိုးတင့်တို့လင်မယားကို မေးမယ်မေးမယ်နဲ့ အကြောင်းကြောင်းကြောင့် မမေးဖြစ်ခဲ့တာ။ ဒီရုံးဝင်းထဲမှာ တစ်စုံတစ်ဦးဦးများ အရင်တုန်းက နေခဲ့ထိုင်ခဲ့ဖူးသလားလို့"

မိမိအမေးကိုတော့ မောင်စိုးတင့်က . . .

"ဘာဖြစ်လို့လဲ ဆရာ"

မောင်စိုးတင့်မေးလာသည့်မေးခွန်းကိုတော့ မိမိဤရုံးသို့ တင်ရောက်ရှိသည့် ညမှစ၍ မနေ့ညက အိပ်မက်ထဲတွင် လူတစ်ယောက် မိမိအား ပြတင်းပေါက်မှ ရပ်၍ကြည့်နေခဲ့ကြောင်း၊ ထိုလူ၏မျက်နှာသည် မိမိအား မကျေမနပ်ဖြစ်နေခဲ့ကြောင်းနှင့် မိမိအား မည်သူလဲ၊ ဤနေရာသည် သူ၏နေရာဖြစ်ကြောင်း ပြောဆိုခဲ့ပုံများကို အစမှအဆုံးထိုင် ပြောပြလိုက်၏။

မိမိစကားဆုံးသည်နှင့် စိတ်ဝင်တစားနားထောင်နေသော မောင်စိုးတင့်တို့လင်မယားမှာ ပြိုင်တူ အာမေဋိတ်သံများ ထွက်၍သွားတော့၏။

"ဗျာ"

"ရှင်"

"ဒါ . . . ဒါဆို သေ . . . သေချာပါပြီ"

မောင်စိုးတင့်တို့လင်မယား၏ တစ်ပြိုင်နက်တည်း တညီတညာ ဆိုက်သော ကောက်ချက်ချသံများကို မိမိမှာ နားမလည်သလိုရှိနေ၏



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ သေချာနေတာလဲ မောင်စိုးတင့်ရဲ့။ ဆရာ့ကိုလည်း ရှင်းအောင်ပြောပြကြပါဦး"

ထိုအခါမှ မောင်စိုးတင့်က ပြောပြလာလေ၏။

"ဒီလို ဆရာရေ ... ကျွန်တော်လည်း ဆရာ့ကိုပြောပြထားဖို့ မေ့သွားပါတယ်။ အဲဒါကတော့ ဒီရုံးထဲမှာ ဆရာရောက်မလာခင်တုန်းက တာဝန်ထမ်းဆောင်သွားခဲ့တဲ့ သူတစ်ဦးရှိပါတယ်။ အဲဒါကတော့ စာတိုက်မှူးကြီး ဦးဗေဒါပါ။ ဦးဗေဒါက ဒီနယ်သားတစ်ဦးပါ။ ဟိုရွာလယ်ပိုင်းမှာနေပါတယ်။ အဲဒီစာတိုက်မှူးကြီး ဦးဗေဒါဟာ ရုံးကိုအလွန်သံယောဇဉ်ကြီးပါတယ်။ ရုံးကိစ္စတွေ နေ့ညမလပ် လုပ်ကိုင်နိုင်ဖို့ ဒီရုံးဝင်းထဲမှာ အိမ်တစ်လုံးဆောက်ပြီး နေထိုင်ခဲ့ပါတယ်။

ဟောဟိုရုံးခန်းဘေးက စတိုခန်းလုပ်ထားတဲ့ အိမ်လေးဟာ ဆရာဦးဗေဒါနေသွားခဲ့တဲ့ အိမ်လေးပါ။ ဒီလိုနဲ့နေထိုင်လာရင်း တစ်နေ့တော့ ဦးဗေဒါဟာ ကျန်းမာရေးယိုယွင်းလာတယ်။ ဆေးရုံတက်ကုသပေမဲ့ ရောဂါက မသက်သာဘဲ အခြေအနေမကောင်းတဲ့အချိန်ကို ရောက်လာတယ်။ အဲဒီအခါမှာ သူ့ကိုလိုက်စောင့်နေတဲ့ သူ့ဇနီးကိုပြောတယ်။

မိန်းမရေ ငါအိမ်ပြန်ချင်တယ်ကွာ။ ရုံးမှာလည်း လုပ်စရာတွေက အများကြီးရှိတယ်။ ဘယ်အိမ်ကိုပြန်မှာလဲလို့မေးတော့ ရုံးထဲကအိမ်ကို ပြန်ချင်တယ်လို့ပြောတယ်။ ဒီလိုနဲ့ တစ်ရက်မှာတော့ ဦးဗေဒါဟာ ဆုံးသွားတော့တယ်။ ဒါကြောင့် ရုံးကိုစိတ်မချဖြစ်ရင်း ဖွဲလမ်းသွားတယ်။ အဲဒီစိတ်ကြောင့်လားမသိဘူး ဦးဗေဒါကို ဒီရုံးဝင်းထဲမှာ ဟိုနားမှာလိုလို ဒီနားမှာလိုလို ဖျိုးခနဲဖျတ်ခနဲ တွေ့တွေ့နေရတယ်။ ကျွန်တော်တို့ကတော့ ဒီရုံးထဲမှာ အမြဲနေထိုင်တာမို့ သိနေတယ်"

မောင်စိုးတင့်၏ ရှည်လျားသောရှင်းပြမှုစကားများ အဆုံးတွင်





တော့ ...

"သြော် ... ဒါကြောင့် ကျုပ်ရောက်စက မလှမြိုင်က အဆင်ပြေရဲ့လားဆရာလို့မေးတာ ဒါကြောင့်ကိုး။ အင်း ... ခုလို ရှင်းရှင်းလင်းလင်းပြောပြတော့လည်း ရှင်းသွားတာပေါ့လေ။ ကျုပ်က မကြောက်တတ်ပါဘူး။ သြော် ... ဒါနဲ့ ကျုပ်တစ်ခု ထပ်ပြီးမေးဦးမယ်။ ဦးဗေဒါရဲ့ပုံပန်းသဏ္ဌာန်ဟာ ကျုပ်အိပ်မက်ထဲမှာ မြင်မက်ခဲ့သလို အရပ်ပုပုအသားဖြူဖြူ မျက်နှာကောင်းကောင်းနဲ့လား"

"ဟုတ်ပါတယ်ဆရာ၊ ဆရာပြောတဲ့အတိုင်းပါပဲ"

"ဗျာ"

သည်တစ်ခါ အံ့သြသွားသူမှာ မောင်စိုးတင့်မဟုတ်။ ကျွန်ုပ်သာလျှင် ဖြစ်လေတော့သည်။

"ဦးဗေဒါဟာ စက်ဘီးတစ်စီးနဲ့ အမြဲဆိုသလို ဝင်လိုက်ထွက်လိုက်နဲ့ သွားလာနေတဲ့သူပါ"

"အင်း ... ဟုတ်ပါပြီ။ ဒါကြောင့် ဟိုတစ်နေ့ညက စက်ဘီးတစ်စီးကိုတွန်းပြီး ထွက်သွားတဲ့အသံကို ကြားရတာပဲ။ ကဲ ... ကဲ အစ်ကိုကြီးကိုဗေဒါကို ကျုပ် တစ်ခါတစ်ရံမှ မတွေ့မမြင်ဖူးပေမဲ့ ဒီည အိပ်ရင်တော့ သူ့ကို ကောင်းရာမွန်ရာ ဘုံဘဝတစ်ခုမှာ ကျွတ်လွတ်နိုင်ဖို့ ကျုပ်ဆုတောင်းမေတ္တာပို့ပေးပါ့မယ်"

ထိုနေ့ည အိပ်ရာဝင်သည့်အခါတွင်တော့ ဤရုံးလေးတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော စာတိုက်မှူးကြီး ဦးဗေဒါအား ရည်မှန်း၍ ...

"ကဲ ... အစ်ကိုကြီး ကိုဗေဒါရေ ကျုပ်ကိုလည်း အနှောင့်အယှက်မပေးပါနဲ့။ ကျုပ်က တာဝန်အရ လာရောက်အမှုထမ်းဆောင်ရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူပါ။ အစ်ကိုကြီးရဲ့ ကိစ္စတာဝန်တွေကို ကျေကျေပွန်ပွန်နဲ့ ကျုပ် တတ်စွမ်းသမျှ ဆောင်ရွက်ပါ့မယ်။ အစ်ကိုကြီးလည်း ဘာမျှအလုပ် အပေါ်မှာ နောက်ဆံမတင်းပါနဲ့၊ အစ်ကိုကြီး သွားရမယ့်လမ်းကိုသာ အနှောင်အဖွဲ့ကင်းကင်းနဲ့သွားပါ။ အစ်ကိုကြီးအတွက် ကျုပ်အမျှပေး ဝေပါတယ်။ ရောက်ရာဌာနရာက အစ်ကိုကြီး သာဓုခေါ်ပါ။ အမျှ ... အမျှ ... အမျှ''

မေတ္တာပို့အမျှဝေရင်း သာဓု (၃)ကြိမ်ခေါ်ဆိုလိုက်၏။ ထိုအခါ ရုံးထောင့်တစ်နေရာတွင်ရှိ ကုက္ကိုပင်ကြီးမှာ လေမတိုက် မိုးမတိုက်ပါ ဘဲ သစ်ရွက်သစ်ကိုင်းများက တသဲသဲ လှုပ်ခတ်လိုက်သော အသံများ ကို ကြားလိုက်ရတော့၏။

## အခန်း (၁၁)

❑

ဤနေ့ကျင်းပပြုလုပ်သည့် ရုံးတွင်းဝါဆိုသင်္ကန်းကပ် လှူဒါန ပွဲလေးတွင် မကြာမြင့်မီကာလတစ်ခုက ကွယ်လွန်ခဲ့လေသည့် စာတိုက် မှူးကြီး ဦးဗေဒါအားရည်မှန်းကာ ရုံးရှိဝန်ထမ်းများအားလုံးက သင်္ကန်း တစ်စုံအား သီးခြားကပ်လှူပူဇော်ခြင်းအမှုအား ပြုကြပေသည်။

စွဲလမ်းမှုများ၍ တွယ်ငင်နေသော ဘဝတစ်ခုမှ ကျွတ်လွတ် လွန်မြောက်နိုင်ရန် ဖြစ်လေသည်။

သံယောဇဉ်ဟူသည် ဖြတ်နိုင်ဖို့ခက်ခဲလေစွ။ အယူတိမ်းသော အများတစ်ခု၏နောက်ကွယ်၌ သံယောဇဉ်ဟူသည် တွယ်တွယ်ငင်ငင် ရှိနေတတ်ကြောင်း အငူသောင်ရွာ စာတိုက်မှူးကြီး ဦးဗေဒါ၏ ရင်နင့် ရာအဖြစ်လေးများက ချင့်ချိန်တရားပြ သတိတရားရစရာ သာဓက တစ်ခုအဖြစ် တည်ရှိနေပါလေတော့သည်။

ပဥ္စမမြွန်းဆိုပြလျက် ...
မင်းအောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

❑

သည်နေရာကလေးတွင် စခန်းချရန် 'သူတို့' ဆုံးဖြတ်သည်။ နောက်ကျောဘက်တွင် ရေသွင်သွင်စီးနေသော စမ်းချောင်းကလေးရှိသည်။ ရိုးမတောနက်ကြီးထဲရှိ ရေတံခွန်တစ်ခုမှ စီးဆင်းလာသည်ဖြစ်၍ စမ်းချောင်းကလေးသည် ရေခမ်းသည်ဟူ၍မရှိ။ နွေရင့်ကာလများမှာပင် စမ်းရေသည် ရေခဲရေမျှ အေးစိမ့်နေတတ်သည်။

စမ်းချောင်းကလေး၏တစ်ဖက်တွင် တောညို့ညို့၊ တောမှိုင်းမှိုင်းတို့ အပြိုင်းအရိုင်း။ သည်မှာဘက်တွင်ကား မြေပြန့်လွင်ပြင်ကလေး။ မြေပြန့်တွင် မြက်ပင်နုနုလေးများ စိမ်းလန်းလျက်။ ကုက္ကိုပင်တစ်ခု ထီးဝန်းကြီးများသဖွယ် အုပ်မိုးထား၏။ ရှေ့ဘက်တွင် ချုံပင်ပုလေးများ



www.burmeseclassic.com

www.burmeseclassic.com



သာပေါက်နေသော တောင်ကုန်းလေးများကို မြင်ရသည်။ ထိုမှ မလှမ်းမကမ်းတွင်ကား သစ်ပင်ကြီးများ ထူထပ်သိပ်သည်းစွာဖြင့် စိမ်းညို့မှိုင်းမှောင်နေသည့် 'မိုးကောင်းတော'။

သူတို့သည် မိုးကောင်းတောထဲသို့ ဝင်ကြမည့်သူတွေ ဖြစ်သည်။ ထို့ကြောင့် ဤနေရာကို အထိုင်ချစခန်းအဖြစ် သူတို့ရွေးချယ်လိုက်ကြ၏။ 'သူတို့' ဆိုသော်လည်း လူများများစားစားတော့ မဟုတ်။ သုံးယောက်တည်းသာ ဖြစ်သည်။ တစ်ယောက်က ဆန်စက်ပိုင်ရှင် ဦးဘတူ။ လူသုံးယောက်အနက် သူက ဦးဆောင်သူဖြစ်သည်။ ဦးဘတူကပင် သွားလာစရိတ်နှင့် စားသောက်ဖို့ တာဝန်ယူလာခဲ့သည်။ ပြီးတော့ သူက သည်နယ်သား။ သူ့ဇာတိ 'ကုက္ကိုစု' ရွာနှင့် မိုးကောင်းတောသည် တစ်နံနက်ခရီးမျှ သာဝေးသည်။

နောက်တစ်ယောက်မှာ ကျောင်းဆရာ ကိုမောင်အေး။ သူက ဆရာကြီးရွှေဥဒေါင်းနှင့် ဆရာကြီး ဒဂုန်ရွှေမျှားတို့ရေးသည့် ဝတ္ထုများကိုဖတ်ထားပြီး စွန့်စားသွားလာချင်သူ။ နောက်ဆုံးလူမှာ ကိုတေနောင်ဖြစ်၏။ သူကား ဂီတသမားလိုလို စာသမား ကဗျာသမားယောင်ယောင် တစ်ခါတစ်ခါကျတော့လည်း သုတေသီပုဂ္ဂိုလ်ကြီးတစ်ယောက်နှယ် ဟန်ထည့်၍နေတတ်ပြန်၏။

သူတို့သုံးယောက်သည် မိုးကောင်းတောကြီးထဲသို့ ဝင်ရန်သဘောတူဆုံးဖြတ်ခဲ့ကြလေသည်။

❖ ❖ ❖

အခန်း (၂)

မိုးကောင်းတော . . .

တောနာမည်က ကဗျာဆန်သယောင်ရှိသော်လည်း သည်နာ ညီ တွင်လာခဲ့သည့် အကြောင်းဖြစ်ရပ်မှာ ကဗျာမဆန်ခဲ့ပါချေ။

မြန်မာပြည်အား နယ်ချဲ့အင်္ဂလိပ်တို့ ကျွန်ပြုထားစဉ်ကာလ တ ဤနယ်မြေတွင် 'မိုးကောင်း' အမည်ရှိ ဓားပြတစ်ဦး ပေါ်ပေါက်ခဲ့ သည်။ မိုးကောင်းသည် အစပိုင်းတွင် လူသုံးလေးယောက်စုပြီး တော တက်ကျေးရွာအစွန်အဖျားနေ လယ်သမားချောင်းသမားများအိမ်သို့ ချရောက်လုယက်ရာမှ တစ်စတစ်စ လူအင်အားများလာသည်။ ကျေးရွာ

www.burmeseclassic.com



ကြီးများသို့ဝင်၍ လူချမ်းသာများအိမ်ကို ဓားပြတိုက်သည်။ ခုခံလျှင် သတ်ပစ်သည်။ ရွာသူကြီးအိမ်များကို ဝင်တိုက်ပြီး၊ သူကြီးများထံမှ သေနတ်များကို သိမ်းယူသည်။ အခွန်တော်ငွေများကို သိမ်းသည်။ အင်္ဂလိပ်အစိုးရအား အခွန်တော်သွားသွင်းလျှင် သတ်ပစ်မည်ဟု ခြိမ်းခြောက်သည်။

'သူခိုးကြီးတော့ ဓားပြ၊ ဓားပြကြီးတော့ သူပုန်' ဆိုစကားနှယ် မိုးကောင်း၏ဓားပြအဖွဲ့သည် အင်အားကြီးမားလာသည်။ မြို့ပေါ်သို့ တက်၍ လုယက်တိုက်ခိုက်သည့်အဆင့်သို့ ရောက်လာသည်။ ဓားပြခေါင်းဆောင်မိုးကောင်းနှင့် သူ့နောက်လိုက်များခိုအောင်းသည့် တောသည်လည်း 'မိုးကောင်းတော' အမည်တွင်ခဲ့လေတော့သည်။

နယ်မြေအတွင်းရှိ မြို့ရွာအသီးသီးသည် 'ဓားပြကြီးမိုးကောင်း' ၏ရန်ကို အမြဲစိုးရိမ်ထိတ်လန့်နေကြရသည်။ သူဌေးသူကြွယ်များသာမက အတော်အသင့်မျှ ငွေကြေးချောင်လည်သူများပါ ခရိုင်မြို့ကြီးသို့ ထွက်ပြေးပြောင်းရွှေ့သွားကြသည်။ ထိုအထဲတွင် ဦးဘတူ၏မိဘများလည်း ပါဝင်လေသည်။

"ပုလိပ်အဖွဲ့က မိုးကောင်းတောကြီးထဲကို ခြေရာထပ်အောင် ဝင်ရှာပေမယ့် မိုးကောင်းနဲ့သူ့လူတွေ အရိပ်ကိုတောင် မတွေ့ကြရဘူး တဲ့ကွ။ ခရိုင်က ပုလိပ်ရာဇဝတ်ဝန် မျက်နှာဖြူကြီးကိုယ်တိုင် ဆင်းလာတာ။ အဲဒီကောင်ကြီး ဒေါသတွေထွက်ပြီး မျက်နှာကြီးနီနေတာ သဘောကျလွန်းလို့ တို့တွေ ကွယ်ရာသွား။ ဟားတိုက်ရယ်ခဲ့ကြတာပေါ့ကွာ"

ဦးဘတူက ပြန်ပြောရင်း ရယ်နေပြန်သည်။

"တို့က ငယ်သေးတော့ အင်္ဂလိပ်အစိုးရကို ဒုက္ခပေးနိုင်တဲ့ ဓားပြမိုးကောင်းကို လူစွမ်းကောင်းကြီးတစ်ယောက်လို အထင်ကြီး





ခဲ့တာကွ။ မိုးကောင်းကလည်း တကယ်စွမ်းတယ် ထင်လောက်စရာပဲ" မြို့ပေါ်ရွာပေါ် ဓားပြဝင်တိုက်လို့ တစ်ကြိမ်တစ်ခါမှ ပုလိပ်နဲ့မတွေ့ဖူးဘူး။ ပိပိရိရိနဲ့ လွတ်လွတ်ကျွတ်ကျွတ်ကြီးကို အောင်မြင်သွားတာချည်းပါပဲ"

"နောက်တော့လည်း ဖမ်းမိသွားတာပဲ မဟုတ်လား"

ဟု ကိုတေနောင်က ကြားဖောက်ဝင်၍ မေးသည်။

ဦးဘတူက အသာလက်ကာပြ၏။

"နေဦး ... ပြောဦးမယ်။ ဓားပြကြီး မိုးကောင်းနဲ့အဖွဲ့ဟာ ခရိုင်မြို့ကြီးအထိတက်ပြီး တိုက်တယ်။ သူ့မှာ လူအင်အား ငါးဆယ်နီးပါးရှိတယ် ... လို့ဆိုတယ်။ ခရိုင်မြို့ကြီးကို တိုက်တဲ့အခါ တစ်ညတည်းအုပ်စုခွဲပြီး သူဌေးအိမ်ငါးအိမ်ကို တိုက်သွားတာတဲ့။ မနက်လင်းတော့ အရေးပိုင်ကြီးက ရာဇဝတ်ဝန်ကြီးကို ဆူ၊ ရာဇဝတ်ဝန်ကြီးက ဌာနာအုပ်ကို ဆောင့်နဲ့ ပွက်လောညံကုန်ရော ... တဲ့ကွ။ ဌာနာအုပ်လည်း ရှိသမျှပုလိပ်တွေ သိမ်းကျုံးစုပြီးလိုက်ရတော့တာပေါ့။ မိုးကောင်းတောအဝင်မှာ ဓားပြအဖွဲ့က ဆီးပြီးပစ်လိုက်တာ ကုလားပုလိပ်တစ်ယောက်သေပြီး နှစ်ယောက်ဒဏ်ရာနဲ့ ပြန်ဆုတ်ပြေးလာရရော။ အဲဒီတာလမှာ လူတွေဟာ အင်္ဂလိပ်အစိုးရကို အသ,မတန် မုန်းတီးနေချိန်ဆိုတော့ မိုးကောင်းဓားပြတိုက်တာက တိုက်တာတစ်ကြောင်းပေါ့လေ အင်္ဂလိပ်အစိုးရကို အံတုဖက်ပြိုင်နေတဲ့အတွက် အတွင်းကျိတ်ပြီး ချီးကျူးနေကြတာ။ မိုးကောင်းကို အထင်ကြီး အားကျနေကြတာ"

သူတို့သုံးယောက်သည် ကုက္ကိုပင်ရိပ်မြက်ခင်းပြင်ပေါ်တွင် ဝိုင်းထိုင်ကာ စကားပြောနေကြခြင်းဖြစ်သည်။

အချိန်ကား နေညိုစောင်းစ ...



www.burmeseclassic.com

www.burmeseclassic.com



ညင်းလေသုန်သုန် မြူးလာနေပြီ။ တောရိပ်တောင်ရိပ်ကြောင့် အေးစိမ့်စိမ့်ဖြစ်လာ၏။

ကိုတေနောင်သည် နံဘေးတွင်ချထားသော လွယ်အိတ်ထဲသို့ လက်နှိုက်၍ ပုလင်းတစ်လုံးကို ထုတ်ယူလိုက်၏။

ဦးဘတူသည် ပြုံးတုံ့တုံ့ဖြစ်သွားပြီးမှ ကိုတေနောင်အား လက်ဝါးကာပြသည်။ ပြီးလျှင် မလှမ်းမကမ်းရှိ လူရွယ်တစ်စုမြင်သာအောင် သူ့လက်ကို မြှောက်ပြလိုက်သည်။ ထိုလူရွယ်များကား ကျေးရွာမှ ဦးဘတူ၏ ခွေမျိုးသားချင်းတွေဖြစ်သည်။ ညီဝမ်းကွဲတော်သူ၊ တူတော်သူ၊ မြေးတော်သူတွေချည်း ဖြစ်၏။ ဦးဘတူက အကူအညီရအောင် ခေါ်လာခဲ့ခြင်းဖြစ်သည်။ ယာနုသူတို့သည် အနီးအနားဝါးရုံတောမှ ဝါးခုတ်၍ တဲဆောက်သူဆောက်၊ ညနေစာချက်သူချက်၊ ဇမ်းချောင်းထဲဆင်းပြီး ငါးဖမ်းသူဖမ်းဖြင့် တာဝန်ကိုယ်စီယူနေကြသည်။

လူရွယ်တစ်ယောက် ဦးဘတူတို့စကားဝိုင်းအနား လာရပ်၏။

"မောင်သိန်း . . . ဦးလေးရဲ့လက်ဆွဲအိတ်ကြီးထဲမှာ အရက်ပုလင်းရှိတယ်ကွ . . . အဲဒါ ယူခဲ့စမ်းပါ။ ,ဖန်ခွက်နဲ့ရေလည်း ယူခဲ့ဦးနော်"

ဦးဘတူက သူ့တူမောင်သိန်းအား အရက်ယူခိုင်းနေသည်ကို ကိုမောင်အေးနှင့် ကိုတေနောင်တို့ အံ့အားသင့်နေကြ၏။

"ကျုပ် မသောက်ပါဘူး။ မောင်ရင်တို့အတွက် တမင်ထည့်လာခဲ့တာပါ"

ဆိုတော့မှ သူတို့ ဖင်သက်ချလိုက်ကြသည်။ သူတို့က ဦးဘတူသည် အရက်မသောက်တတ်သူတစ်ယောက်ဟု တစ်လျှောက်လုံး သိထားခဲ့ကြသည်မဟုတ်လား။





ခဏအကြာတွင် ကိုမောင်အေးနှင့်ကိုတေနောင်တို့ အရက်ခွက်ကိုယ်စီဖြင့် ဖြစ်သွားကြ၏။ ဦးဘတူကမူ ခါတ်ဘူးထဲကလက်ဖက်ရည်ကြမ်းကို ငှဲ့သောက်သည်။

"ဓားပြကြီး မိုးကောင်းအကြောင်း ဆက်ပါဦး . . . ဦးလေးရဲ့"

ဟု ကျောင်းဆရာကိုမောင်အေး လောဆော်သည်။

"အင်း . . . အဲဒီကာလလူတွေ တစ်စ,တစ်စနဲ့ မိုးကောင်းတိုက်ပြီး လေးစားလာနေကြရာက မိုးကောင်းအကြောင်းကို ပုံပြင်တစ်ခုလို စကားစပ်တိုင်း ပြောလာနေကြတယ်ကွယ် . . .။ မိုးကောင်းတိုက်လာခဲ့တဲ့ ဓားပြမှုပေါင်းဟာ မနည်းတော့ဘူး။ သူတို့အဖွဲ့စခန်းချတဲ့တောကိုလည်း သိရက်သားနဲ့ သူ့ကိုရှာလို့မတွေ့ဘူး။ သူဓားပြတိုက်တိုင်း ဘယ်တော့မှ ပုလိပ်နဲ့ ပက်ပင်းတွေ့တာမျိုးတို့၊ ပုလိပ်က ကြိုတင်သတင်းရပြီး တိုက်ခိုက်ခံရတာမျိုးတို့ မရှိခဲ့ဘူး။ သတင်းရလို့လိုက်ရင်လဲ မိုးကောင်းတို့အဖွဲ့က တောထဲရောက်ပြီး ပျောက်သွားပြီဆိုတော့ မိုးကောင်းကို ဒီတောထဲက ရက္ခစိုးကြီးက ကူညီစောင့်ရှောက်နေတာလို့ လူတွေကပြောကြတယ်"

"ရက္ခစိုးဆိုတာ နတ်မဟုတ်လား . . . ဦးလေးရဲ့။ နတ်က ဓားပြတိုက်နေတဲ့ လူကို ကူညီပံ့မလား။ ဓားပြတိုက်တယ်ဆိုတာ အဒိန္နဒါနာမဟုတ်လား . . . . ဦးလေး။ ဒါမကောင်းမှုပဲ"

ကိုတေနောင်က စောဒကတက်နေသည်။

ဦးဘတူ ပြုံးလိုက်၏။

"အေး . . . ရက္ခစိုးကို နတ်လို့ဆိုကြပေမယ့် နတ်ပြည်မြောက်ထပ်စာရင်းဝင် အထက်နတ်မျိုးမဟုတ်ဘူးကွယ့်။ လူပြည်နဲ့ တစ်ပြင်



www.burmeseclassic.com

www.burmeseclassic.com



တည်းမှာနေရတဲ့ ပေတော်သားတွေပါကွာ။ ဝေဟာနိကပြိတ္တာလို့ ခေါ်ကြတာပေါ့။ မင်းမေးခွန်းမှာ ပြောပြရမှာတစ်ခုတွေ့ရတယ်။ မင်း နတ်ဆိုတိုင်း မကောင်းမှုရှောင်၊ ကောင်းမှုဆောင်တဲ့ အမျိုးအနွယ် ထင်နေပုံရတယ်။ မဟုတ်ဘူးကွယ်။ နတ်မှာလဲ လူတွေလိုပေါ့ကွာ လူဆိုးနဲ့လူကောင်းရှိသလို နတ်ဆိုးနဲ့နတ်ကောင်းလည်း ရှိတာပါပဲ။ နတ် ဆိုတိုင်း အကောင်းချည်းမဟုတ်ဘူး။ တို့ဗုဒ္ဓရှင်တော်မြတ်ကို ထောက် လျှောက်လို့ လိုက်ပြီးနှောင့်ယှက်နေခဲ့တာ နတ်ပြည်ခြောက်ထပ်ရဲ့ အမြင့်ဆုံး ပရနိမ္မိတဝသဝတ္တီဘုံက မာရ်နတ်လေ။ ကဲ ... ကောင်း ရောလား"

ဦးဘတူ၏စကားကြောင့် ကိုတေဇနောင် ခေါင်းငုံ့သွား သည်။

ဦးဘတူက ဆက်ပြောသည်။

"ခမည်းကြီးမိုးကောင်းဟာ သူတိုက်လို့ရတဲ့ ရွှေငွေကာအစ အဖိုး တန်ရတနာတွေကို ဒီတောကြီးထဲမှာ မြှုပ်ထားခဲ့တယ်တဲ့ကွ။ အဲ မိုးကောင်းရဲ့ ပစ္စည်းဥစ္စာရတနာတွေကို ရွာဦးနက်ကြီးက စောင့်ရှောက် ပေးထားတယ်ဆိုပဲ။ အဲ ... မိုးကောင်းတို့ မိုးမကောင်းနိုင်တော့တဲ့ အချိန်ကို ရောက်လာပါလေရော။ မြန်မာ့လွတ်လပ်ရေးတော်ပဲတော် (အ ဂိုင်အေ) ဟာ ဂျပန်တပ်မဲ့တွေနဲ့အတူ နိုင်ငံကိုတက်လာပြီး အင်္ဂလိပ် တော်လှန်ရေးဆောင်းဆွတ်ပစ်လိုက်တဲ့အချိန်ပေါ့။ အုပ်ချုပ်ရေးမတည်ငြိမ် သေးတဲ့ကာလ ... ဆိုးရွားပြစ်နေတဲ့ တောင်မျက်ကြီးမှာ မိုးကောင်း ဟာ ခေါင်းပြုကြီးကိုဝင်တိုက်ပြီး ပုလိပ်ဌာနက လက်နက်တွေကိုသိမ်း ငွေတိုက်ဖောက်ပြီးငွေတွေကို ယူသွားသေးသတဲ့လေ။ အဲ ... ဘိလပ် အရေးရောက်လာတော့ တာဝန်ရှိတဲ့ပုလိပ်တွေက မိုးကောင်းကို လက်





နက်ချင်း ဆက်သွယ်ကာဖမ်းနိုင်ခဲ့သေးတယ်။ ဒါကို မိုးကောင်းက ထောက် မခံခဲ့ဘူး။ တစ်နေ့ မိုးကောင်းရုပ်ဖျက်ပြီး မြို့ပေါ်တက်လာတော့မှာ ဖမ်းမိ သွားတယ်။ စစ်ဦးတော့လူ၊ ကာလကြီးပဲကွာ။ အကျဉ်းရည်နဲ့စစ်ပြီး သေနတ်နဲ့ပစ်သတ် အဆုံးစီရင်လိုက်တယ်။ မိုးကောင်းဇာတ် ဒီမှာပဲ သိမ်းရောပေါ့ကွာ"

ဦးဘတူသည် မောသွားဟန်ဖြင့် ရေနွေးကြမ်းမှု တစ်ခွက်ကို ထည့်ကာ တမြည်းမြည်း မှုတ်သောက်နေ၏။

ကိုမောင်အေးသည် ဦးဘတူရေနွေးကြမ်းသောက်အပြီးတွင်–

"ဒီလိုဆို ... ဦးလေး။ မိုးကောင်းရဲ့ ပစ္စည်းဥစ္စာတွေကို ဘယ် သူတွေ ရသွားသလဲ"

ဟုမေးသည်။

ဦးဘတူက ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြသည်။

"ဘယ်သူမှ ရမသွားဘူးတဲ့ကွ။ သူဝှက်ထားတဲ့နေရာကို သူ့ နောက်လိုက်တွေတောင် မသိဘူး။ ရွာဦးနက်ကြီးက ဒီနေ့ထိစောင့်ရှောက် ပေးနေတယ်လို့ ဆိုတယ်။ ရွာဦးနက်ကြီးခွင့်မပြုဘဲ မိုးကောင်းရဲ့ပစ္စည်း ကို ရှာလို့မတွေ့နိုင်ဘူးတဲ့။ မိုးကောင်းသေသွားပြီးတဲ့နောက် လူတော် တော်များများ မိုးကောင်းတောထဲ ဝင်ရှာကြသေးတယ်။ ဒါပေမဲ့ မတွေ့ ကြဘူးတဲ့ကွ။ နောင်လည်း ဘယ်သူမှဝင်မရှာကြတော့တာ ဒီနေ့ထိ ပဲ။ နှစ်ပေါင်းသုံးဆယ်အတွင်း တို့ဟာ ပထမဆုံးဝင်ရှာကြတာပဲ ဆိုပါ တော့"

"ဗျာ ... ကျွန်တော်တို့ ဝင်ရှာကြမယ်၊ ဟုတ်လား ... ဦးလေး"

ကိုမောင်အေးနှင့် ကိုတေဇနောင်တို့နှစ်ယောက်စလုံး မြင်း



www.burmeseclassic.com

www.burmeseclassic.com



များများ ဖြစ်ကုန်ကြသည်။

"ဟုတ်တယ် ... တို့မိုးကောင်းရဲ့ပစ္စည်းကို ဝင်ရှာကြမယ်။ မင်းတို့နှစ်ယောက်ကို သစ်ခွပန်းရှာမယ်လို့ ငါလိမ်ညာပြီး ခေါ်လာခဲ့တာကို ခွင့်လွှတ်ကြကွာ။ မြို့ပေါ်မှာတုန်းက အမှန်အတိုင်းပြောခဲ့ရင် မင်းတို့က ပါးစပ်လုံချင်မှလုံမယ်။ တစ်ယောက်စကား တစ်ယောက် နားသတင်းတွေ ပြန့်ကားသွားမှာ စိုးရိမ်ရတယ်ကွ။ အဲဒီလိုသတင်း ပြန့်သွားရင်တို့ အသက်အန္တရာယ်ရှိလာနိုင်တယ်"

"နို့ ... ရက္ခစိုးကြီးကခွင့်မပြုရင် ဒီပစ္စည်းတွေကို ဘယ်သူမှ ရှာမတွေ့နိုင်ဘူးဆို ..."

"အဲဒီရက္ခစိုးကြီးကို ပူဇော်ပသပြီး ခွင့်ပြုချက်တောင်းရမှာ ပေါ့ကွာ။ ဒါကြောင့် ရက္ခစိုးကြီးကိုပူဇော်ဖို့ဆိုပြီး ငါ အရက်သုံးပုလင်း ဝယ်လာခဲ့တယ်။ မင်းတို့အတွက်က တစ်လုံးသတ်သတ်"

"နေပါဦး ... ဦးလေးရဲ့၊ ရက္ခစိုးကြီးက အရက်ကော ကြိုက်ပါ့မလား။ ဦးလေးက သူ့အကြောင်းသိနေလို့လား"

"သိတော့ မသိဘူးပေါ့ကွာ။ တို့တောကမုဆိုးတွေ အမဲလိုက်ဖို့တောဝင်ရင် ဒီလိုပဲ သစ်ပင်ကြီးကြီးတစ်ပင်မှာ အရက်နဲ့အမြည်း ဆေးလိပ်ပါမကျန် တင်မြှောက်ပသကြတာတွေ တွေ့ဖူးမြင်ဖူးနေတာမို့ပါကွာ"

"ဒါကတော့ ဟုတ်ပါပြီ။ ဦးလေးရဲ့ရက္ခစိုးကြီး ... အဲဒီ မိုးကောင်းရဲ့ရက္ခစိုးကြီး ဘယ်သစ်ပင်မှာနေတယ်ဆိုတာ ဦးလေးသိလို့လား။ ဒီတောထဲမှာ သစ်ပင်ကြီးကြီးမြင့်တိုင်း ပသနေရရင် ဦးလေး မွဲသွားနိုင်တယ်"

ကိုတေနောင်၏ အပြောကြောင့် ကိုမောင်အေး ပြုံးဖြီးဖြီး





သွားသည်။

ဦးဘတူသည် အင်္ကျီအိတ်ထဲမှာ လက်တစ်ဝါးသာသာအရွယ် မှတ်စုစာအုပ်ကလေးကို နှိုက်ယူ၏။ စာအုပ်ကြားတွင်ညှပ်ထားသော ဖဲရော်ရော် စာရွက်ခေါက်ကလေးကို ဖြန့်ပြလိုက်သည်။ စာရွက်ကလေးမှာ ခေါက်ရိုးနေရာအချို့ စုတ်ပြတ်စပြုနေပြီ။ မိုးကောင်းတောကြီး၏ မြေပုံဖြစ်၏။ မြေပုံ၏အလယ်တစ်နေရာတွင် 'ညောင်မှတ်ဆိတ်ပင်'ဟု စာရေးထားသည်။ သွားလမ်းများလည်း ညွှန်ပြထားသည်။ တောကြီးထဲသို့ အရှေ့၊ အနောက်နှင့် တောင်ဘက်အရပ်တို့မှ ဝင်လမ်းသုံးသွယ် ပြထားပြီး ညောင်မှတ်ဆိတ်ပင်ကြီးကို မြှားဦးသုံးခုဖြင့် ညွှန်ထားသည်။

"ရက္ခစိုးကြီးနေတာ ဒီညောင်မှတ်ဆိတ်ပင်ပဲ ဖြစ်ရမယ်ကွ။ မိုးကောင်းရဲ့ပစ္စည်းတွေဟာလည်း ဒီအပင်ကြီးအနီးအနားမှာ ရှိနေနိုင်တယ်"

"ဦးလေးပြောတာ ဖြစ်နိုင်တယ်ပဲဆိုပါတော့။ နှစ်ပေါင်းများစွာ လူသူအရောက်အပေါက်မရှိတဲ့ ဒီတောကြီးထဲမှာ တောတိရစ္ဆာန်တွေရဲ့အန္တရာယ်ကော မရှိနိုင်ဘူးလား"

ဟု ကျောင်းဆရာက မေးသည်။

ဦးဘတူ ခေါင်းညိတ်သည်။

"ရှိချင်လည်း ရှိမယ်လေ၊ ဒါပေမဲ့ ဒီညနေမှာ ရွာက ငါ့သူငယ်ချင်း မုဆိုးဖိုးတွား လိုက်လာလိမ့်မယ်။ သူနဲ့သူ့တပည့်နှစ်ယောက် လက်နက်ကိုယ်စီနဲ့ လာကြမှာ"

ကိုတေနောင်သည် ဦးဘတူလက်ထဲမှ မြေပုံစာရွက်ကိုလှမ်းယူပြီး မျက်တောင်မခတ် စူးစိုက်ကြည့်နေ၏။ အတန်ကြာသောအခါ ခေါင်းမော့လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မြေပုံအညွှန်းအတိုင်းဆိုရင် အခု ကျွန်တော်တို့စခန်းချနေတဲ့နေရာဟာ ညောင်မှတ်ဆိတ်ပင်နဲ့ သိပ်မဝေးဘူး ဦးလေးရဲ့"

ဟုပြောသည်။

ထိုစဉ် နှစ်လုံးပြူးသေနတ် ကိုယ်စီထမ်းလျက် ကုက္ကိုရွာမှ မုဆိုးကြီးဦးဖိုးထွားနှင့် တပည့်နှစ်ယောက် ရောက်လာကြသည်။

"ဘတူရာ ... မင်းမကြီးမငယ်နဲ့ မိုးကောင်းတောထဲဝင်ပြီး သစ်ခွပန်းရှာမယ်ဆို ... မလုပ်ပါနဲ့ကွာ။ ဒီတောက အန္တရာယ်ကြီးတယ်ကွ။ ဒီတောအကြောင်း မင်းလည်းအသိသားပဲ။ မင်းတယ်မိုက်တဲ့အကောင်ပဲ"

ဟု ဦးဖိုးထွားက အပြစ်တင်စကားဆိုသည်။

ဦးဘတူကမူ သူငယ်သူငယ်ချင်း ဦးဖိုးထွား အပြစ်တင်သည်ကို အလေးအနက်ထားပုံမရ။ လေသံမှန်မှန်ဖြင့် ပြန်ပြောသည်။

"သစ်ခွပန်းရှာမယ်ဆိုတာက ဟန်ပြပြောထားရတာကွ။ ငါတကယ်ဝင်ရှာမှာက ဓားပြကြီးမိုးကောင်းရဲ့ ရတနာတွေပဲ"

"ဟာ ... အဲဒါက ပိုအန္တရာယ်ကြီးတာပေါ့ သူငယ်ချင်းရာ။ မကြံကောင်း မစည်ရာကွာ။ မင်း ဒီတောအကြောင်းသိတယ်ဆို ..."

"အေးလေ ... သိသားပဲ။ သိလို့ပဲ ဟောဒီက ငါ့ရဲ့မိတ်ဆွေလေး နှစ်ယောက်ကို ပြောပြနေခဲ့သေးတယ်။ ရက္ခစိုးနတ်ကြီးက ခွင့်မပြုရင် ဓားပြကြီးမိုးကောင်းရဲ့ ပစ္စည်းတစ်ပြားတစ်ချပ်မှ မရနိုင်ဘူး မဟုတ်လား။ အေး ... ငါက နတ်ကြီးနေတဲ့ ညောင်ပင်လို့ယူဆရတဲ့ ညောင်မှတ်ဆိတ်ပင်ရဲ့ မြေပုံအညွှန်းကို ရထားပြီးပြီ။ နတ်ကြီးမနေရင်တောင် ဒီညောင်ပင်ခြေရင်းမှာ မြှုပ်ထားခဲ့တာပဲ ဖြစ်ရမယ်။ ဘာမှမဟုတ်ဘဲ ညောင်ပင်တစ်ပင်တည်နေရာကို လက်ညောင်းခံပြီး မြေပုံ





ဆွဲထားမှာတော့ မဟုတ်ပါဘူး"

"အေး ... မင်းပြောတဲ့မြေပုံထဲက ညောင်ပင်မှာ နတ်ကြီးနေတယ်ပဲ ထားပါဦး။ မင်းက ဘာလုပ်မလဲ"

"ငါ့မှာပါလာတဲ့အရက်နဲ့ စားစရာသောက်စရာတွေနဲ့ ပူဇော်သ,မယ်ကွာ။ ပြီးတော့ ဓားပြကြီးမိုးကောင်းရဲ့ ပစ္စည်းတွေကိုပေးဖို့ တောင်းပန်မယ်ကွာ။ တောင်းပန်လို့မှမရရင် ညောင်ပင်ကိုခုတ်လှဲပြီး မီးရှို့ပစ်မယ်ကွာ"

"ဟယ် ... မိုက်မဲလိုက်တဲ့ ဘတူရယ်"

ဦးဖိုးထွားမှာ ပါးစပ်ဟောင်းလောင်းဟ,လျက် ကြက်သေသေသွားလေသည်။ အတန်ကြာတော့မှ ဦးခေါင်းကို လေးလေးတွဲ့တွဲ့ ညိတ်ဆိုက်ပြီး ...

"အေးလေ ... မင်းက ဒီတောအကြောင်းကို သေသေချာချာမသိသေးလို့ ဒီစကားကိုပြောတာပဲလို့ ငါယုံကြည်တယ်။ မင်းက ဆယ်ကျော်သက်ကတည်းက မိဘတွေနဲ့ မြို့ကိုရောက်သွားတော့ တို့ရွာမှာကျန်နေခဲ့တဲ့လူတွေလောက် စေ့စေ့စပ်စပ်မသိတာတော့ အမှန်ပဲ။ ဒီမှာ ... ငါပြောမယ်။ ဒီတောထဲက ဓားပြကြီးမိုးကောင်းရဲ့ ပစ္စည်းအချို့ကိုရတဲ့လူတစ်ယောက် ရှိခဲ့ဖူးတယ်။ အဲဒါ ... မင်းသိသလား"

"ဘာ ... ရဖူးတဲ့လူရှိတယ် ... ဟုတ်လား။ ငါမကြားဖူးဘူးကွ ..."

"အေး ... တို့ရွာရဲ့တစ်ဖက်ကမ်း သမြွှာအိုင်ရွာက လူတစ်ယောက်ရခဲ့ဖူးတယ်ကွ။ သူ့နာမည်က တေနောင် ... တဲ့"

"ဗျာ ..."

ကိုတေနောင် အလန့်တကြား ထ,အော်သည်။ ဦးဘတူနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်အေးတို့ ကြောင်တက်တက်ဖြစ်နေကြ၏။

“နေပါဦး . . . မောင်ရင်တို့က ဘယ်လိုဖြစ်သွားရတာတုန်း”

ဟု ဦးဖိုးထွားက ကိုတေနောင်အား မေးသည်။ ကိုတေနောင် ဘာမျှမဖြေနိုင်မီ ကိုမောင်အေးကဝင်၍ ရှင်းပြသည်။

“သူ့နာမည်ကလည်း တေနောင် . . . ပဲဖြစ်နေလို့ပါ ဦးလေး နာမည်တွေကလည်း တယ်လှသကိုး”

ကိုမောင်အေးသည် သူ့အပြောနှင့်သူ ရယ်ချင်လာကာ ပြုံး ဖြစ်သွားသည်။

“အင်း . . . လူတူမရှား နာမည်တူမရှားဆိုပါတော့။ ထား တော့ အဲဒီမိုးကောင်းရဲ့ပစ္စည်းအချို့ရသွားတဲ့ တေနောင်ရဲ့ကံကြမ္မာ ဘယ်လိုဖြစ်သွားခဲ့တယ်ဆိုတာ ပြောပြမယ် ဘတူ။ မင်းသေသေချာ ချာနားထောင်”

ဦးဖိုးထွားသည် ဆေးအထပ်ထပ်ဖြင့် လက်ခုရော်ပေါက် သည့် ဆေးလွယ်အိတ်ထဲမှ ဆေးပြင်းလိပ်တစ်လိပ်နှိုက်ယူကာ မီး နေလိုက်၏။ ဆေးလိပ်နှစ်ဖွာသုံးဖွာ ရှိုက်ပြီးတော့မှ စကားဆက်သည်။

သမြူအိုင်ရွာသား ‘တေနောင်’သည် ချောင်းများသို့ ကလေးဖြင့် ဆန်တက်လာပြီး မိုးကောင်းတောကြီးထဲဝင်ကာ ဝါးခုတ် သည်။ ကြိမ်ခုတ်သည်။ ဝါးဖြင့် တောင်းပလုံး၊ ဆန်ကော၊ ဆန် ခမောက်စသည်တို့ ရက်သည်။ ကြိမ်ဖြင့် ဆွဲခြင်းများရက်သည်။ ကုလား ထိုင်လုပ်သော လက်သမားများနှင့်ဆက်သွယ်၍ ကြိမ်ထိုးပေးသည်။ ကျဉ်းကျဉ်းလေးတစ်တာရှိသော်လည်း ပင်ပင်ပန်းပန်းအလုပ်မျိုး မလုပ်ချင်သဖြင့် ထက်ဝက်စားဖြင့် သူတစ်ပါးကို လုပ်ခွင့်ပေးထား သည်။ သူက လက်မှုအလုပ်ကိုသာ နှစ်သက်သည်။ မိဘများထံမှ အမွေရ





သော ဝါးကြမ်းခင်း၊ ဝါးထရံကာအိမ်ကလေးတွင် တစ်ယောက်တည်း မကြောင့်မကြနေနိုင်ခဲ့သည်။

တေနောင်သည် မိုးကောင်းတောကြီးထဲသို့ဝင်တိုင်း ကုလား မုတ်ဆိတ်မွေးကဲ့သို့ အမွေးအမှင်တွေ ဖားလျားတွဲကျနေသည့် ညောင် ပင်ကြီး၏အရိပ်တွင် ဝင်ရောက်နားနေလေ့ရှိသည်။ ပါလာသည့် ထမင်း ထုပ်ကို ဖြေ၍စားသောက်မည်ပြုတိုင်း၊ စားဦးစာများကို ညောင်ပင်ခွကြား သို့တင်ပြီး ပူဇော်ပသလေ့ရှိသည်။ ဤညောင်ပင်တွင် ရုက္ခစိုးနေသည် မနေသည်ကို သူမသိ။ မည်သည့်အခွင့်အရေးကိုမျှလည်း မမျှော်ကိုး။ မိဘရိုးရာ ပူဇော်ပသအပ်သည်ဟူသော ယုံကြည်ချက်ဖြင့် သူ ဤသို့ ပြုနေခြင်းဖြစ်သည်။ သူ ဤသို့ ပြုမူနေခဲ့သည်မှာ ကာလအတန်ကြာ ခဲ့ပြီ။

တစ်နေ့ နေ့လယ်တွင် သူသည် ညောင်ပင်ရိပ်၌ မြစ်ပါးပျဉ် တစ်ခုကိုခေါင်းအုံးပြီး အိပ်ပျော်သွားခဲ့၏။ ထိုစဉ် အိပ်ပျော်ရာမှ နိုးလာ သလိုလို၊ အိပ်မက်ထဲမှာလိုလို လူနှင့်တူသော ဖြူဖျော့ဖျော့သဏ္ဌာန် တစ်ခုကို မြင်ရသည်။ သဏ္ဌာန်သည် ဝေးရာမှနီးလာသယောင် မှုန်ဝါးရာ ထင်ရှားလာသယောင်ထင်ရ၏။ သို့သော် ပီပီသသကား မမြင်ရ။ ကြည် လင့်ပီသသောအသံကို ကြားလိုက်ရသည်။

“တေနောင် . . . ငါဟာ ဒီညောင်ပင်မှာနေတဲ့ ရုက္ခစိုးပဲ။ နင် ငါ့ကို အမြဲပူဇော်ပသနေခဲ့တဲ့အတွက် ဆုချီးမြှင့်မယ်။ နင် ခေါင်းအုံး ပြီးအိပ်နေတဲ့ အမြစ်အောက်တည့်တည့်ကို တူးယူလေ။ ကောင်းရောင်း ကောင်းဝယ်လုပ်စားချေတော့”

စကားသံအဆုံးတွင် သဏ္ဌာန်လည်း ကွယ်ပျောက်သွား၏။ အိပ်ရာမှနိုးလာသောအခါ တေနောင် ဇဝေဇဝါဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်လား၊ တကယ်လား။ ခွဲခြား၍မရ။ ဘာပဲဖြစ်ဖြစ် တူးကြည့်တာ မများဟုဆုံးဖြတ်ကာ ပါလာသောဓားဦးဖြင့် တူးဆွကြည့်လိုက်သည်။ များများမတူးရ။ တစ်ထွာကျော်ကျော်လောက်တွင် မာကျောသော အရာကို ဓားဦးထိုးမိသည်။ ချဲ့၍တူးဖော်လိုက်ရာ ထိုစဉ်က အလွန်လှသိမ့်သော 'ကရင်းကရက်ကာ' မုန့်ပုံးအရွယ် သံသေတ္တာတစ်လုံးကို တွေ့ရသည်။ အတွင်း၌ကား ဆွဲကြိုး၊ ပုတီး၊ လက်ကောက်၊ ခြေကျင်း စသည့် ရွှေလက်ဝတ်ရတနာများချည်း ဖြစ်နေသည်။ တေနောင်ဝမ်းသာလုံးကြီး ဆို့တက်သွား၏။ ညောင်ပင်ကို ဝေးငါးပတ်ပတ်ကာ ကိုယ့်ပါးစပ်ဆိုင်းဖြင့်ကိုယ် က,ပစ်လိုက်သေးသည်။

တေနောင်သည် ရတနာသေတ္တာကို လူမမြင်အောင်ဖုံးဝှက်၍ ယူလာခဲ့သည်။

သည်ရတနာတွေဖြင့် သူဘာလုပ်ရမလဲ။ စဉ်းစားမရဖြစ်နေသည်။ ရွာမိုးကြီးကတော့ 'ကောင်းရောင်းကောင်းဝယ်လုပ်စား' ဟု မှာလိုက်သည်။ အရောင်းအဝယ်အလုပ်လည်း သူမလုပ်တတ်။ သူတတ်သည့်အလုပ်ကို စဉ်းစားကြည့်သည်။ သူသည် ငယ်စဉ်က ချစ်တီးကုလားထံတွင် အလုပ်လုပ်ခဲ့ဖူးသည်။ ချစ်တီးအလုပ်က ငွေချေးသည်။ အပေါင်ခံသည်။ သူက ငွေချေးစာချုပ်နှင့် လယ်ပေါင်၊ မြေပေါင်၊ အိမ်ပေါင် စာချုပ်များရေးရသည်။ သည်အလုပ်ကိုတော့ သူ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ခဲ့၏။

သည်လိုဖြင့် ... တေနောင်သည် ရွာတွင် ငွေချေးစားသူ အပေါင်ခံသူတစ်ဦး ဖြစ်လာသည်။ အရင်းအနှီးကို မြို့မှာနေသည့် ဦးလေးတော်သူတစ်ယောက်ကထုတ်ပေးသည်ဟု သတင်းလွှင့်ထားရသည်။

ထိုစဉ်ကာလက တောင်သူလယ်သမားများမှ စပ်ဘားစပ်ဘတ်





ကြောင့် စီးပွားရေးအကြပ်ဆိုက်နေချိန်ဖြစ်သည်။ စိုက်ပျိုးရေးအတွက် ငွေကြေးအပူတပြင်း လိုအပ်နေချိန်ဖြစ်သည်။ တေနောင့်ထံမှ အလွယ်တကူချေး၍ရသောအခါ သူတို့သည် တေနောင့်ထံသို့ ဝိုင်းလာကြ၏။ လယ်ပေါင်သူ၊ ယာမြေပေါင်သူ၊ အိမ်ပေါင်သူ၊ ယုတ်စွအဆုံး ကျွဲ၊ နွားပေါင်သူတွေပင် ရှိလာခဲ့သည်။ တေနောင်ကလည်း သူတို့လိုအပ်သမျှ ရောရောရှူရှူထုတ်ချေးသဖြင့် တေနောင့်ကို ကျေးဇူးတင်မဆုံးနိုင်အောင် ရှိကြသည်။

သို့သော် ...

တစ်စတစ်စဖြင့် ကာလကြာသောအခါ ကျေးဇူးတင်စိတ်တွေ တုန်ခမ်းပျက်ပြယ်ကာ မုန်းတီးစိတ်၊ ရွံရှာစိတ်တွေသာ ဖြစ်ပေါ်လာကြလေသည်။ တေနောင်ကား ချစ်တီးလက်ထွက် တပည့်တစ်ဦးဖြစ်၍ 'ချစ်တီးကျင့် ချစ်တီးကြံ' ကြံသည်။ တောင်သူလယ်သမားတို့၏ လယ်ယာအိုးအိမ်များသည် တဖြည်းဖြည်းနှင့် တေနောင်၏လက်သို့ ရောက်သွားရလေသည်။ ရွာတွင် တေနောင်၏ဝါးအိမ်ကလေးနေရာ၌ တိုက်ခံနှစ်ထပ်အိမ်ကြီး ပေါ်ပေါက်လာသည်။ တပည့်လက်သား လူရမ်းကားအခြံအရံများဖြင့် မြေပိုင်ရှင်သူဌေးကြီး 'ဦးတေနောင်'ဖြစ်လာခဲ့သည်။ သို့သော် တောင်သူလယ်သမားများကမူ သူ့အား 'ချစ်တီးနောင်' ဟု သူ့ကွယ်ရာတွင် ခေါ်ဝေါ်နေကြလေ၏။

တစ်နေ့တွင် လယ်သမားတစ်ယောက်က သူ့လယ်ကိုမသိမ်းရန် တေနောင့်ထံတွင် လာရောက်တောင်းပန်သည်။ တေနောင်က လက်မခံ။ စာချုပ်အတိုင်းသိမ်းရမည်ဟု ဆိုသည်။

လယ်သမားက ...

"တစ်မိုးတော့ ညှာပါရစေဦး ... ဦးတေနောင်ရယ်။ ဝေး



www.burmeseclassic.com

ရောင်းပြီးရင် အရင်းရောအတိုးပါ ဆပ်ပါ့မယ်''

ဟု တောင်းတောင်းပန်ပန် ပြောသည်။

''မရဘူး ... မရဘူး။ တေနောင် ဒါမျိုးလက်မခံဘူး။ မိုးကုန်တော့လည်း စပါးအထွက်နည်းလို့ တစ်နှစ်တော့သည်းခံပါဦးလို့ ... ခင်ဗျားပြောဦးမယ်''

''စဉ်းစားပါဦး ဦးတေနောင်ရယ်၊ ကျွန်တော် နှစ်စဉ်အတိုးပေးလာခဲ့တာ ကျွန်တော်ယူတဲ့ငွေမျှမက ရှိနေပါပြီ''

''ဘာကွ ... မင်းက ဘာလုပ်ပါးဝကားပြောတာလဲ။ မင်းဘယ်တုန်းက အတိုးပေးဖူးလို့လဲ။ ငါ မင်းဆီက ပိုက်ဆံတစ်ပြားတစ်ချပ်မှ မယူဖူးဘူး။ မင်းပေးတဲ့အတိုးကို ငါယူခဲ့လို့ရှိရင် ငါ့ကို ရှကွန်းနတ်ကြီးဖမ်းစားပါစေရဲ့''

လွှတ်ခနဲ ကျိန်စာစကားဆိုလိုက်ခြင်းသည် တေနောင်၏ဘဝနိဂုံးကန့်လန့်ကာ ချလိုက်ခြင်းပင် ဖြစ်လေသည်။

''တေနောင် ... ဟော့ ... တေနောင် ...''

ကျယ်လောင်မာကျောသော ခေါ်သံကြီးကို ကြားလိုက်ရသဖြင့် တေနောင်သည် အိမ်ရှေ့သို့ ကသောကမျော ပြေးထွက်သွား၏။ ခြံဝတွင် မြင်းနက်ကြီးတစ်ကောင်ကိုဆွဲလျက် ရပ်နေသော ရှကွန်းကြီးကို တွေ့လိုက်ရသည်။

ရှကွန်းကြီးသည် တေနောင့်ကို လည်ကုပ်မှဆွဲကိုင်ကာ မြင်းပေါ်သို့တင်ပေးပြီး မြင်းကို လက်ဝါးဖြင့် တစ်ချက်ရိုက်လိုက်၏။ မြင်းကြီးသည် ဝုန်းခနဲခုန်ပေါက်ကာ မြားတစ်စင်းလို ပြေးထွက်သွားလေသည်။ တေနောင်မှာ မြင်းပေါ်၌ ကိုးရိုးကားရားဖြစ်ကာ မြင်းလည်ပင်းကိုဖက်လျက်သား ပါသွားလေ၏။





''ဘယ်လိုဖြစ်မှန်း မသိပါဘူးဗျာ။ ကျွန်တော်နဲ့စကားပြောနေရင်းက ကသောကမျော အိမ်ရှေ့ဘက် ပြေးထွက်သွားတယ်ဗျ။ ကျွန်တော်ကြည့်လိုက်တော့ ခြံဝမှာ မြင်းနက်ကြီးတစ်ကောင်ပဲ ရပ်နေတာတွေ့ရတယ်။ ရုတ်တရက် တေနောင်ရဲ့ကိုယ်ဟာ မြောက်တက်သွားပြီး မြင်းကျောပေါ်ပြန့်အကျမှာ မြင်းကြီးက ကဆုန်ပေါက် ပြေးထွက်သွားပါလေရော။ တေနောင်က မြင်းကျောပေါ်က လိမ့်မကျအောင် ကြိုးစားရင်း ကိုးရိုးကားရားနဲ့ ပါသွားလေရဲ့''

ဟု လယ်သမားက နောင်အခါ ပြန်ပြောပြသည်။

လယ်တောကပြန်လာသော လယ်သမားကြီးတစ်ယောက်က

ရ ...

''မြင်းနက်ကြီးတစ်ကောင်ကွာ ... ရိုင်းနေသလား ရူးနေသလားတော့မသိဘူး။ ကဆုန်စိုင်းပြေးသွားလိုက်တာ ငှက်ပျံတာထက်တောင် မြန်သေး။ ကျောပေါ်မှာလည်း လူတစ်ယောက်။ သူလည်း ရူးနေသလားမပြောတတ်ပါဘူး။ မြင်းလည်ပင်းကို ပုနေအောင်ဖက်ပြီး ပုံပျက်ပန်းမကျ ပါသွားတာပဲကွ။ မိုးကောင်းတောကြီးထဲ စွတ်ဝင်သွားတာ မြင်လိုက်ရတယ်''

ဟု သူ့အတွေ့အကြုံကို ဖောက်သည်ချသည်။

''အဲဒီကတည်းက တေနောင်ဟာ ပြန်ပေါ်မလာခဲ့တာ ခုတိုင်အောင်ပဲ။ သူနေခဲ့တဲ့ အိမ်ကြီးဟာလည်း သူပျောက်သွားတဲ့ညမှာပဲ မီးဟုန်းဟုန်းတောက်လောင်ကျွမ်းသွားခဲ့တာ ဘာပစ္စည်းမှကို မကျန်ဘူး။ ပြာလုံးပြာကျသွားခဲ့တယ်။ အဲဒါ တေနောင်ရဲ့ကံကြမ္မာပဲကွ''

ဦးဖိုးထွားစကားကို အဆုံးသတ်လိုက်သည်။

မည်သူမျှ စကားမဆိုနိုင်ကြ။ ငြိမ်သက်တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့မှ ဦးဘတူထံမှ တိုးသဲ့သဲ့အသံထွက်လာ၏။

"အင်း . . . အတော်တော့ ကြောက်စရာကောင်းတာပဲ"

"အေး . . . ဟုတ်တယ်။ တေနောင်ဟာ ဒီတောကိုစောင့်ရှောက်နေတယ်လို့ဆိုတယ်။ တောထဲကို ပစ္စည်းရှာဖို့ရည်ရွယ်ချက်နဲ့ ဝင်သွားတဲ့ လူအချို့ရှိဖူးတယ်။ ဘယ်လိုကံကြမ္မာဆိုးနဲ့ ကြုံတွေ့သွားကြတယ်ဆိုတာတော့ မပြောနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ဘယ်တော့မှ ပြန်ထွက်မလာကြတော့တာကိုးကွ"

ဟု ဦးဖိုးထွားက ပြောနေသည်။

"အဲဒီတေနောင်ဆိုတဲ့လူက သေသွားတာလား ဦးလေး"

ဟု ကျောင်းဆရာ ကိုမောင်အေးက မေးသည်။

"မသိဘူး။ ဘယ်သူမှ တေနောင်ရဲ့ကံကြမ္မာကို ခန့်မှန်းလို့မရဘူး။ တချို့ကတော့ တေနောင့်အသံကို ကြားဖူးတယ်လို့ပြောတယ်။ အချို့ကတော့ တေနောင့်ကို မြင်ဖူးတယ်တောင် ပြောနေကြတယ် . . . ဟော . . ."

စကားမဆုံးမီ ဦးဖိုးထွား၏ခေါင်းသည် မော်သွား၏။ မိုးကောင်းတောဘက်မှ ဆူဆူညံညံအသံများ ကြားလိုက်ရသောကြောင့် ဖြစ်သည်။

"ဝေး . . . ဟေး . . . ဝေး ဟေး ဟေး . . . တေ . . . နောင် တေ . . . နောင် . . . တေ . . . နောင် . . . ဝေး ဟေး ဟေး . . . တေ . . . . နောင် . . ."

အားလုံး ကြက်သေသေသွားရာမှ ထ,ရပ်လိုက်မိကြသည်။ တောဘက်သို့ ငေးကြည့်နေမိကြ၏။ တောတွင်းမှအော်သံသည် တစ်စတစ်စ နီးကပ်လာသည်။

"ဝေး . . . ဟေး . . . ဟေး . . . တေ . . . နောင် . . . တေ





နောင် . . ."

"ဟာ . . ."

ရပ်ကြည့်နေသူအားလုံး ပါးစပ်ဟောင်းလောင်းဟ,ကာ ထိတ်လန့်တုန်လှုပ်သွားကြရသည်။ တောထဲမှ မြင်းနက်ကြီးတစ်ကောင် အရှိန်ပြင်းစွာ ပြေးထွက်လာ၏။ မြင်းကျောပေါ်တွင် လူတစ်ယောက်။ ဖရိုဖရဲ ကိုးရိုးကားရားအသွင်ဖြင့်။ မြင်းသည် တောစပ်အတိုင်း ကွေ့ပတ်ပြေးလွှားပြီး တဖြည်းဖြည်း ဆည်းဆာအမှောင်ထုထဲသို့ ဝင်ပျောက်ကွယ်သွားလေသည်။

"တို့ . . . ပြန်ကြပါစို့ကွာ"

ဦးဘတူ၏ အဆုံးအဖြတ်စကား ဖြစ်သည်။

www.burmeseclassic.com

အခန်း (၃)

❑

‘ကုကြိုစု’ ရွာသို့ လင်းအားကြီးအချိန်ကျမှ ပြန်ရောက်သည်။

သည့်တော့မှပင် ကိုတေနောင်တစ်ယောက် ညက ပြန်လိုက် ပါမလာသည်ကို သတိထားမိကြတော့သည်။

“တေနောင်က ဗိုလ်ဆီကမြေပုံစာရွက်ကိုလည်း ယူသွားတယ် ကွ”

ဟု ဦးဘတူက ပြောသည်။

သူတို့သည် ကိုတေနောင်ကို နှစ်ရက်သုံးရက် စောင့်ကြသေး၏။ ကိုတေနောင်ကား ပေါ်မလာ။

နောင်လည်း၊ ဘယ်သောအခါမျှ ပေါ်မလာတော့။

■ ■ ■

အောင်သာမိုး



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ မိတ်ဆွေဖြစ်သူ ဦးအောင်မြင့်သည် လူရွယ်တစ်ယောက်နှင့်အတူ ရောက်ရှိလာလေ၏။

"လာပျို့ . . . ဦးအောင်မြင့် မတွေ့ရတာတောင် အတော်ကြာပြီ၊ မဟုတ်မှလွဲရော အကြောင်းကိစ္စတစ်ခုတစ်ရာ ပေါ်လာပြီထင်တယ်"

ကျွန်ုပ်က စတင်စကားဆိုလိုက်လေရာ ဦးအောင်မြင့်က . . .

"ဟုတ်ပါတယ် ဆရာ၊ အကြောင်းကိစ္စတစ်ခုပေါ်လာလို့ ဆရာ့ဆီ အကူအညီတောင်းဖို့ ရောက်လာရတာပါ"

ဟုဆိုလေ၏။ ကျွန်ုပ်က . . .





"ထိုင်ပါ . . . ထိုင်ပါ . . . အေးအေးဆေးဆေး စကားပြောကြတာပေါ့"

ဟု ဧည့်ဝတ်ပြုလိုက်ရာ ဦးအောင်မြင့်နှင့်အတူ လူရွယ်သည် ကျွန်ုပ်၏ရှေ့သို့ ကုလားထိုင်များ၌ အသီးသီး ဝင်ရောက်ထိုင်လိုက်ကြလေ၏။

ထို့နောက် ဦးအောင်မြင့်က . . .

"ဒီကလူရွယ်ကလေးနာမည်က မောင်ဝင်းနိုင်ပါဆရာ။ သူက ကျွန်တော့်တူပါ။ သူ့ကိစ္စအတွက် ဆရာ့ဆီ အကူအညီတောင်းဖို့ ရောက်လာရတာပါ"

ဟုဆိုလေရာ ကျွန်ုပ်က . . .

"ဦးအောင်မြင့်က မောင်ဝင်းနိုင်ဆိုတဲ့ လူရွယ်ကလေးကိုခေါ်ပြီး ကျုပ်ဆီ အကူအညီတောင်းဖို့ ရောက်လာတာကိုး။ အင်း . . . ဟုတ်မှလွဲရော မောင်ဝင်းနိုင်ရဲ့ အိမ်တွင်းရေးမှာ ရန်ပေါ်နေပြီထင်တယ်"

ဟုပြောလိုက်လေရာ မောင်ဝင်းနိုင်ဆိုသော လူရွယ်က . . .

"မှန်ပါတယ် ဆရာ။ ကျွန်တော်တို့အိမ်တွင်းရေးမှာ ရန်ပေါ်နေပါတယ်"

ဟုဆိုလေ၏။ ထိုအခါ ဦးအောင်မြင့်က ကျွန်ုပ်အား အံ့သြသော အမူအရာနှင့်ကြည့်ကာ . . .

"ဆရာ . . . ဘယ်လိုလုပ်သိတာလဲ ဆရာ"

ဟုမေးလေ၏။ ထိုအခါ ကျွန်ုပ်က . . .

"ခင်ဗျားက တနင်္ဂနွေသားမဟုတ်လား။ ပြီးတော့ မောင်ဝင်းနိုင်က ဗုဒ္ဓဟူးသားမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာ"

"တနင်္ဂနွေသားနဲ့ ဗုဒ္ဓဟူးဟာ ဗေဒင်ပညာအရ အတွင်းရန် သဘောကို ဆောင်တယ်။ (မွေ-သောက-အင်းဝ-ရာဇ)တဲ့။ (ဝေနေ နဲ့ကြာသပတေး)၊ (သောကြာနဲ့ တနင်္လာ)၊ (တနင်္ဂနွေနဲ့ဗုဒ္ဓဟူး)၊ (ရာဟု နဲ့ အင်္ဂါ) ဒါတွေဟာ အတွင်းရန်ဓာတ်တွေပဲ မဟုတ်လား။ ပြီးတော့ မောင်ဝင်းနိုင်က ကျွန်ုပ်ဆီက အကူအညီတောင်းဖို့ ရောက်လာရတာ ပါလို့ဆိုတယ်။

အကူအညီတောင်းတယ်ဆိုတာ ဒုက္ခရောက်နေလို့ပဲပေါ့။ ဒုက္ခ မရောက်ပဲ ဘယ်သူမှ အကူအညီမတောင်းဘူး။ အဲဒီတော့ မောင်ဝင်း နိုင်ဟာ ဒုက္ခရောက်နေတဲ့သူဖြစ်ရမယ်။ ဘာဒုက္ခဖြစ်နိုင်သလဲဆိုတာ ကြည့်လိုက်တော့ ခေါ်လာတဲ့လူက ဦးအောင်မြင့် တနင်္ဂနွေသားဖြစ် နေတယ်။ လိုက်လာတဲ့သူက မောင်ဝင်းနိုင် ဗုဒ္ဓဟူးသားဖြစ်နေတယ်။

အဲဒီတော့ (တနင်္ဂနွေနဲ့ ဗုဒ္ဓဟူး) အင်းဝဓာတ်ဖြစ်နေတယ် အတွင်းရန်ဓာတ်ပေါ့။ ဒါကြောင့် မောင်ဝင်းနိုင်တောင်းတဲ့အကူအညီ ဟာ အတွင်းရန်ဓာတ်နဲ့ ပတ်သက်နေရမယ်။ အဲဒီတော့ အိမ်တွင်းရေး ပေါ့။ ဟောဒီက မောင်ဝင်းနိုင်ရဲ့ အိမ်တွင်းရေး ရန်ပေါ်နေတဲ့ကိစ္စ လွဲလို့ ဘာများဖြစ်နိုင်ဦးမှာလဲ ဦးအောင်မြင့်"

ဟုဆိုလိုက်ရာ ဦးအောင်မြင့်က . . .

"မှန်ပါတယ် ဆရာ"

ဟု ဆိုလေ၏။ ထိုအချိန်မှာပင် အိမ်ရှေ့လမ်းမပေါ်မှ ဇော် ဘီးနှင့် ထိရောင်းသူ၏ကောက်ဆက်မှ ဖွင့်လိုက်သော အောင်ခြင်းရှစ်ခ သီချင်းသံကို ကြားလိုက်ရလေ၏။ ထို့ကြောင့် ကျွန်ုပ်က . . .

"မောင်ဝင်းနိုင်တို့အိမ်တွင်းရေး အဆင်ပြေမှာ သေချာသွား





ပြီ"

ဟု ပြောလိုက်လေ၏။ ဤနည်းမှာ နိမိတ်ကောက်နည်းအရ ကျွန်ုပ်ပြောလိုက်ခြင်း ဖြစ်လေ၏။

အိမ်တွင်းရေး ရန်ပေါ်နေသည့်ကိစ္စပြောနေစဉ် အောင်ခြင်း ရှစ်ပါးသီချင်းသံကို ကြားလိုက်ရခြင်းသည် တိုက်ဆိုင်ခြင်းဟုဆိုနိုင်သော် လည်း ထူးထူးခြားခြား တိုက်ဆိုင်ခြင်းပင်ဖြစ်ပါသည်။ ထိုကဲ့သို့ ထူးထူး ခြားခြားတိုက်ဆိုင်ခြင်း၊ ဝိသေသဖြစ်ခြင်းတို့ကို နိမိတ်ကောက်နိုင်ပါ သည်။

နိမိတ်ကောက်ခြင်းသည် အယူတော်မင်္ဂလာ ပညာရပ်အတွင်း ပါဝင်သော ပညာရပ်တစ်ခုပင်ဖြစ်၏။ အယူတော်မင်္ဂလာပညာရပ်ဟူ သည် လျှို့ဝှက်နက်နဲခဲယဉ်းကြွယ်သော ဂမ္ဘီရပညာရပ်တစ်ခုဖြစ်၏။

အယူတော်မင်္ဂလာပညာရပ်အတွင်း ပါဝင်သော ပညာရပ်ခွဲ များကို လေ့လာကြည့်သောအခါ . . .

(၁) အတိတ်ပညာ၊ (၂) နိမိတ်ပညာ၊ (၃) ဆန်းနည်းပညာ၊
(၄) တဘောင်ပညာ၊ (၅) ကိတ်ပညာ၊ (၆) ဘဝေါပညာ၊
(၇) တစ္ဆေပညာ၊ (၈) ကြွင်းပညာ၊ (၉) သိုက်ပညာ၊
(၁၀) နိဒါန်းပညာဟူ၍ ပညာရပ်ခွဲများ ပါဝင်နေသည်ကို တွေ့ ရပါသည်။

သို့သော် အထက်ပါပညာရပ်ခွဲများသည် တစ်ခုနှင့်တစ်ခု တသီး တသန့်စီ ရှိနေကြသည်မဟုတ်ပဲ တစ်ခုနှင့်တစ်ခု ဆက်စပ်ပတ်သက် ဆက်နွယ်၍ နေကြပေသည်။

ဥပမာ - အတိတ်နှင့်နိမိတ်သည် ဒင်္ဂါးပြားတစ်ပြား၏ ခေါင်း နှင့်ပန်းသဖွယ် ဖြစ်သည်။ အတိတ်က ခေါင်းဖြစ်လျှင် နိမိတ်ကပန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။ တစ်ခုနှင့်တစ်ခု သီးသန့်ခွဲခြား၍မရဘဲ ကျော့ချိတ်ကာ နေသည်။ ထို့ကြောင့် အတိတ်နိမိတ်ဟူ၍ အတိတ်နှင့်နိမိတ်ကို ရော တွဲ၍ သုံးစွဲနေကြခြင်းဖြစ်သည်။

ထို့အပြင် (အတိတ်ကြီးလျှင် ကိတ်၊ နိမိတ်ကြီးလျှင် ဘဝေ) ဟု ခေါ်သည်။ အဓိပ္ပာယ်မှာ ကြီးကြီးမားမား အတိတ်များကို ကိတ် ဟုခေါ်၍ ကြီးကြီးမားမား နိမိတ်များကို ဘဝေဟုခေါ်ခြင်း ဖြစ်သည်။

ဂေါတမဘုရားရှင် သိဒ္ဓတ္ထမင်းသားဖြစ်စဉ် သူအို၊ သူနာ၊ သူသေ၊ ရဟန်း စသည့် နိမိတ်ကြီးလေးပါးကို မြင်သည်ဟုဆိုရာ၌ အများသောကာလ၌ သာမန်မြင်ခြင်းမျိုးမဟုတ်ဘဲ ထူးထူးခြားခြားမြင်ခြင်း ဖြစ်သောကြောင့် နိမိတ်ကြီးလေးပါးဟု ခေါ်ခြင်းဖြစ်သည်။

ထို့ကြောင့် 'ထိုနိမိတ်ကြီး'ကို 'ဘဝေ'ဟု ခေါ်နိုင်ပေသည်။ တစ်နည်းအားဖြင့် 'ထိုနိမိတ်ကြီးလေးပါး' ကို 'ဘဝေလေးပါး'ဟု ခေါ် နိုင်လေသည်။

အတိတ်နှင့် ကိတ်သည်လည်းကောင်း၊ နိမိတ်နှင့်ဘဝေသည် လည်း ဆက်သွယ်ပတ်သက်၍နေပါသည်။

ထို့ကြောင့် အတိတ်၊ နိမိတ်၊ ကိတ်၊ ဘဝေတို့သည် တစ်ခု နှင့်တစ်ခု အပြန်အလှန် ဆက်နွယ်ပတ်သက်နေသဖြင့် တစ်ခုတည်း ဟုပင် ဆိုနိုင်ပေသည်။ စင်စစ် ထိုကဲ့သို့ဆိုနိုင်ပါသော်လည်း ကွဲပြား ခြားနား၍ နေပြန်ပါသည်။

ဤသည်မှာပင် အယူတော်မင်္ဂလာပညာ၏ လျှို့ဝှက်နက်နဲ သောသဘော ကျယ်ပြန့်နက်ရှိုင်းသောသဘော လွယ်မယောင်နှင့်ခက် ထိမ်မယောင်နှင့်နက်သော သဘောတို့ကို ဖော်ညွှန်းနေခြင်း ဖြစ်ပေသည်။

အယူတော်မင်္ဂလာပညာ၏ နက်ရှိုင်းပုံကို ဥပမာတစ်ခု ပြပါ





မည်။ နိမိတ်ပညာကိုကြည့်ပါ။ နိမိတ်ကာသတို့ ပိုင်းခြားရာ၌ ဒိဗ္ဗ နိမိတ် (ကောင်းကင်နိမိတ်)၊ အန္တရနိမိတ် (ကောင်းကင်နှင့် မြေကြား နိမိတ်)၊ ဘုမ္မိနိမိတ် (မြေပြင်နိမိတ်) ဟူ၍ အသေးစိတ်ခွဲခြားထား သည်။

ယေဘုယျဆိုရလျှင် ကောင်းကင်ရှိ ကြယ်တာရာ ဂြိုဟ်နက္ခတ် များ ဖောက်ပြန်ခြင်းတို့သည် ဒိဗ္ဗနိမိတ် ဖြစ်ပေသည်။ တော်လဲခြင်း၊ မကောင်းသတ္တဝါ မကောင်းဆိုးရွား ကျေးငှက်တို့ဝင်ခြင်း၊ တန်ဆောင်း မြသာမ်ဆောင်ပုဆိုး၊ မိမိအိမ်နတ်ကွန်းတို့၌ နိမိတ်ပြခြင်းသည် အန္တရ နိမိတ်ဖြစ်သည်။

မြေလှုပ်ခြင်း၊ တောတောင်ရေမြေဖောက်ပြန်ခြင်း၊ သစ်ပင် သီးနှံဖောက်ပြန်ခြင်း၊ ခြေကျွန်၌ နိမိတ်ပြခြင်းတို့သည် ဘုမ္မိနိမိတ် ဖြစ်သည်။ ထို့အပြင် နိမိတ်များကို အသေးစိတ်ထပ်မံခွဲပါက အသင် နိမိတ်၊ အမြင်နိမိတ်၊ အကြားနိမိတ်၊ ကောနိမိတ်၊ အနံ့နိမိတ်၊ အိပ်မက် နိမိတ်စသည်ဖြင့် နိမိတ်ပေါင်းများပြားစွာ ထွက်ပေါ်လာမည်ဖြစ်ပေ သည်။

နိမိတ်ပညာတစ်ခုတည်းကပင်လျှင် ဤမျှ နက်ရှိုင်းကျယ်ဝန်း နေလျှင် အယူတော်မင်္ဂလာပညာရပ်ကြီး မည်မျှနက်ရှိုင်းကျယ်ဝန်းမည် ကို ခန့်မှန်းနိုင်ကြပါလိမ့်မည်။ အယူတော်မင်္ဂလာပညာရပ်နှင့် ပတ် သက်သော 'ဇာတ်ဝတ္ထု'များကို ဆက်လက်ရေးသားပါမည်။

ထို့နောက် ကျွန်ုပ်က ...

"ကဲ ... မောင်ဝင်းနိုင်ရဲ့အိမ်တွင်းရေး ဇရာတဘာအကူအညီ ပေးရမလဲ"

ဟုပြောလိုက်ရာ မောင်ဝင်းနိုင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဇနီးပေါ့ ဆရာရယ်၊ စိတ်ဆိုးပြီး အိမ်ကဆင်းသွားတာ တစ်ပတ်လောက်ရှိပါပြီ။ သူ့အစ်မအိမ်မှာ သွားပြီးနေနေတယ်။ အဲဒါ ..."

"အဲဒါ မောင်ဝင်းနိုင်က ပြန်ခေါ်ချင်တယ်ပေါ့"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော် သွားခေါ်ပြီးပါပြီ၊ သူမလိုက်ဘူးဆရာ။ စိတ်ဆိုးနေတုန်းပါပဲ။ ကျွန်တော်ခေါ်တာကို ခါးခါးသီးသီး ငြင်းနေတယ်။ ဖြစ်ရတဲ့ကိစ္စကလည်း ဘာမှမဟုတ်ပါဘူးဆရာ။ သူ့ဘက်ကိုယ့်ဘက် နယ်လုကြတဲ့ကိစ္စမျိုးပါ။ ကျွန်တော့်ဘက်ကလည်း အလျှော့မပေးမိတာ မှားသွားတယ်ဆရာ"

"ဒီလိုပါပဲလေ၊ အိမ်ထောင်တစ်ခုမှာ ဒီလိုပဲ ဖြစ်လေ့ဖြစ်ထရှိတတ်ပါတယ်။ လင်နဲ့မယား လျှာနဲ့သွားလို ကိုက်မိကြတဲ့အခါလည်း ကိုက်မိကြမှာပေါ့။

ဘာမှုတော့သိပ်ပြီး စိတ်ပူမနေပါနဲ့ မောင်ဝင်းနိုင်။ မောင်ဝင်းနိုင်ဇနီး မကြာခင် ပြန်လာပါလိမ့်မယ်။ ဆရာပြောတဲ့အတိုင်း ပြုလုပ်ဆောင်ရွက်ပေးပါ"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် ဆရာပြောတဲ့အတိုင်း လုပ်ပါ့မယ်"

"အင်း ... မောင်ဝင်းနိုင်က ဇနီးကို တော်တော်ချစ်ပုံရတယ်"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်တို့က လူကြီးတွေပေးစားလို့ ယူခဲ့ကြတာ မဟုတ်ပါဘူး။ တစ်ဦးနဲ့တစ်ဦး မေတ္တာသက်ဝင်ချစ်ခင်ပြီး ယူခဲ့ကြတာပါ။ သမီးရည်းစားဘဝ သုံးနှစ်သုံးမိုး ကြာခဲ့ပါတယ်"

"အင် ... သုံးနှစ်သုံးမိုးကြာခဲ့တဲ့ အချစ်တောင် အခန့်မသင့်ရင် ဒီလိုမျိုး ဖြစ်တတ်ကြတယ်ဆိုတော့ ခုတွေ့၊ ခုချစ်၊ ခုကြိုက်၊ ခုယူ





အိမ်ထောင်မျိုးတွေဆိုရင် ဘယ်လိုနေမလဲမပြောတတ်ဘူး"

ဟု ကျွန်ုပ်က မှတ်ချက်ပြု ပြောဆိုလိုက်လေ၏။

ထို့နောက် မောင်ဝင်းနိုင်က ...

"ကျွန်တော့်ဇနီးနာမည်က နေခြည်ပါဆရာ။ နေခြည်နဲ့ ကျွန်တော် တွေ့ဆုံခဲ့ရပုံကလည်း အင်မတန် ထူးခြားလှပါတယ်။ ပြောရရင်တော့ ဂမ္ဘီရဆန်တယ်ပေါ့ ဆရာရယ်"

ဟုဆိုလေရာ ကျွန်ုပ်က ...

"ဘယ်လို ဂမ္ဘီရဆန်တာလဲ ပြောပြပါဦး မောင်ဝင်းနိုင်"

ဟု စိတ်ဝင်တစား မေးလိုက်မိလေ၏။ ထိုအခါ မောင်ဝင်းနိုင်က ...

"နေခြည်နဲ့ကျွန်တော်က တမလွန်လောကရဲ့ နယ်စပ်တစ်နေရာမှာ တွေ့ဆုံမိကြတာပါဆရာ"

ဟုဆိုလေရာ ကျွန်ုပ်မှာ နားမလည်နိုင်အောင် ဖြစ်သွားမိလေတော့၏။ ထို့ကြောင့် ...

"ဘယ်လို တမလွန်လောကရဲ့ နယ်စပ်တစ်နေရာမှာ တွေ့ဆုံခဲ့မိကြတာလဲ မောင်ဝင်းနိုင်ရဲ့"

ဟုမေးလိုက်မိလေရာ မောင်ဝင်းနိုင်က ...

"ဒီလိုဆရာရဲ့ ... ကျွန်တော်ကလည်း သေခါနီးဆဲဆဲ၊ သူကလည်း သေခါနီးဆဲဆဲ အဲဒီအချိန်မှာ သူနဲ့ကျွန်တော် တွေ့ခဲ့ကြရတာ"

ဟုဆိုလေရာ ကျွန်ုပ်မှာ ပို၍ အံ့ဩရလေတော့၏။ ကျွန်ုပ်က ...

"မင်းတို့အဖြစ်ကလည်း သေခါနီးဆဲဆဲမှာ တွေ့ခဲ့ကြတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ အံ့ဩမကုန်နိုင်စရာပါပဲလား မောင်ဝင်းနိုင်ရာ။ ဒါပေမဲ့ မင်းတို့နှစ်ယောက်စလုံးတော့ မသေခဲ့ကြဘူးပေါ့ . . . ဟုတ်လား"

ဟု ခပ်ရွှတ်ရွှတ်ပြောလိုက်လေရာ မောင်ဝင်းနိုင်က . . .

"မသေခဲ့ကြလို့ သူနဲ့ကျွန်တော် ချစ်သူတွေဖြစ်ခဲ့ကြတာပေါ့ ဆရာရယ်"

ဟု ပြောလေ၏။ ထိုစဉ် ဦးအောင်မြင့်က . . .

"သူတို့အချစ်၊ သူတို့ဖူးစာက တမလွန်အချစ်၊ တမလွန်ဖူးစာ ဆရာရဲ့၊ တမလွန်နယ်စပ်တစ်နေရာမှာ ဆုံခဲ့ကြတဲ့ဖူးစာပေါ့ ဆရာရယ်"

ဟု ဝင်ရောက်ပြောဆိုလေ၏။

ကျွန်ုပ်မှာ ဦးအောင်မြင့်စကားကြောင့် ပို၍ စိတ်ဝင်စားမိလေတော့၏။ ကျွန်ုပ် စိတ်ဝင်စားနေမှန်းကိုသိသော မောင်ဝင်းနိုင်က . . .

"ကျွန်တော်နဲ့ နေခြည်တို့ ဆုံခဲ့ကြတဲ့အဖြစ်က ဒီလိုဆရာရဲ့ . . ."

ဟုဆိုကာ အောက်ပါအတိုင်း ပြောပြလေတော့၏။

■ ■ ■

## အခန်း (၂)

□

တစ်နေ့ . . .

အဲဒီနေ့ဟာ ကျွန်တော့်ဘဝကို အပြောင်းလဲကြီး ပြောင်းလဲပေးမယ့်နေ့ဆိုတာ ကျွန်တော် မသိခဲ့ပါဘူး။ အဲဒီနေ့က ကျွန်တော်အိမ်ကထွက်တော့ မျက်နှာတွေ နည်းနည်းလှုပ်နေမိတယ်။

ပြီးတော့ ကျွန်တော်အိမ်ကထွက်မယ့်ဆဲဆဲမှာ ဘယ်ကပေါ်လာမှန်းမသိတဲ့ ကြောင်နက်ကြီးတစ်ကောင်ဟာ ကျွန်တော့်ရှေ့က ဖြတ်ပြေးသွားပြီး ခြံတိုင်ပေါ်မှာနားနေတဲ့ ကျီးကန်းတစ်ကောင်ကို ခုန်ဆွဲလိုက်တာ ကျီးကန်းမပျံနိုင်တော့ပဲ ကြောင်နက်ကြီးရဲ့ပါးစပ်ထဲ ပါသွားတယ်"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရတဲ့မြင်ကွင်းက အံ့သြစရာကောင်းတယ်။ ကြောင်နက်ကြီးဟာ ကျီးကန်းကြီးကို ကိုက်စားဝါးမြိုပစ်လိုက်တဲ့ မြင်ကွင်းပါပဲ။ ကြောင်ကြီးကလည်း ကြောင်နက်၊ ကျီးကန်းကလည်း အနက်၊ အနက်ကို အနက်ကစားလိုက်တဲ့ မြင်ကွင်းမို့ သိပ်တော့မကောင်းလှပါဘူး။

ဒါကြောင့် ကျွန်တော့်စိတ်ထဲ ထင့်ခနဲဖြစ်သွားတယ်။ ဒါပေမဲ့ ခဏပါပဲ။ နောက်တော့ ကျွန်တော်ဒါတွေကို မေ့သွားတယ်။ ဆိုင်ကယ်စီးပြီး ကုမ္ပဏီကိုထွက်ခဲ့တယ်။

မြို့ထဲအဝင် လမ်းမကြီးတစ်နေရာရောက်တော့ ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ ဒုန်းခနဲအသံကြီးနဲ့အတူ ကျွန်တော် လေထဲကိုလွင့်သွားတော့တယ်။ ခဏမှ တကယ့်ခဏကလေးပဲ။ ကျွန်တော် မှေးခနဲ တစ်ချက်အိပ်ပျော်သွားတယ် ထင်တာပဲ။

သတိရလို့ကြည့်လိုက်တော့ ကျွန်တော့်မှာ ဆိုင်ကယ်မရှိတော့ဘူး။ ဆိုင်ကယ် ဘယ်ရောက်သွားသလဲ မသိဘူး။

စီးနေရင်းတန်းလန်းက ဆိုင်ကယ်က ပျောက်သွားတယ်၊ အံ့သြစရာပဲ၊ ဘယ်လိုဖြစ်သွားတာလဲ။ ကျွန်တော် စဉ်းစားလို့မရဘူး။ ဒါနဲ့ ကျွန်တော်လည်း ခြေလျင်ပဲလျှောက်သွားလိုက်တာ သိပ်မလျှောက်လိုက်ရဘူး။ ခပ်လှမ်းလှမ်းရောက်တော့ လူတွေအုံနေတာ တွေ့လိုက်ရတယ်။

လမ်းဘေးမျက်လှည့်ပွဲလား၊ မြွေအလမ္ပာယ်ပွဲလား၊ ဒါမှ မဟုတ် ဆေးကြော်ငြာပြီး ရောင်းနေတာလား။ ကျွန်တော်က လမ်းဘေးမှာ အဲဒီလို လူအုံနေတာတွေ့ရင် အင်မတန်ကြည့်ခဲ့ပါတယ်။ မကြည့်တတ်ပါဘူး။

ဒါပေမဲ့ အခုတော့ ဘာကြောင့်မှန်းမသိဘူး။ အဲဒီလူအုံနေတဲ့





နေရာကို သွားကြည့်ချင်တဲ့စိတ်တွေ အလိုလိုပေါ်လာတယ်။ ဒါနဲ့ အဲဒီနေရာကို လျှောက်သွားလိုက်မိတယ်။

အဲဒီလူတွေဝိုင်းအုံနေတဲ့ အနားရောက်တော့ ကျွန်တော့်ရှေ့နားက လူတစ်ယောက်ကို လှမ်းမေးလိုက်မိတယ်။

"အဲဒါ ဘာကြည့်နေကြတာလဲ၊ မျက်လှည့်ပြနေတာလား"

အဲဒီလူက လှည့်တောင်မကြည့်ဘူး။ ရှေ့မှာ အာရုံဝင်စားနေတာနဲ့ ကျွန်တော်မေးတာကို မကြားဘူးထင်ပါရဲ့။ ဒါနဲ့ ကျွန်တော်က ထပ်ပြီးမေးလိုက်မိတယ်။

"အဲဒါ ဘာကြည့်နေကြတာလဲဗျ"

ဒီလူက ကျွန်တော့်ကို လှည့်တောင်မကြည့်ဘူး။ ရှေ့ကိုပဲ အာရုံရောက်နေတယ်။ ဒါနဲ့ ကျွန်တော်လည်း စိတ်မရှည်တော့ပဲ အဲဒီလူ့ရဲ့ပခုံးကို ခပ်ဆတ်ဆတ်ကလေး ပုတ်လိုက်တယ်။

အဲဒီအခါကျမှ သူက မျက်ခနဲလှည့်ကြည့်တယ်၊ သူ့အကြည့်က ကျွန်တော့်ကို မြင်ပုံမပေါ်ဘူး။ သူ ကြက်သီးတစ်ချက် ဖြန်းခနဲထသွားတာကို မြင်ရတယ်။

ပြီးတော့ သူ ဟိုဘက်ပြန်လှည့်သွားတယ်။ အဲဒီလူက ကျွန်တော့်အသံကိုလည်း မကြားဘူး။ ကျွန်တော့်ကိုလည်း မမြင်ဘူး။ ဘယ်လိုဖြစ်တာပါလိမ့်"

ဒါနဲ့ ကျွန်တော်လည်း နောက်တစ်ယောက်ကို မေးကြည့်မယ်ဆိုပြီး ရပ်ကြည့်နေတဲ့ လူတစ်ယောက်ကို လှမ်းမေးလိုက်မိတယ်။

"ဒီမှာခင်ဗျား . . . ခင်ဗျားတို့ရှေ့မှာ ဘာကိုကြည့်နေကြတာလဲ"

ကျွန်တော်က အသံကျယ်ကျယ်နဲ့ မေးလိုက်မိတယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီလူက ကြားပုံမရဘူး။ ဒါနဲ့ နောက်တစ်ယောက်ကို ထပ်ခေါ်ကြည့်လိုက်တယ်။ လှည့်တောင်မကြည့်ဘူး။ ဒါကြောင့် ကျွန်တော် အဲဒီလူရဲ့ ပခုံးကို လှမ်းပုတ်လိုက်တယ်။ အဲဒီလူ လှည့်မကြည့်ဘူး။

ဒါနဲ့ ကျွန်တော် သူ့ပခုံးကိုထပ်ပြီး လှမ်းပုတ်လိုက်တယ်။ သူ လှည့်မကြည့်ဘူး။ ကျွန်တော် စိတ်မရှည်တော့ ခပ်ဆတ်ဆတ်လေး ပုတ်လိုက်တယ်။ အဲဒီအခါကျမှ သူလှည့်ကြည့်တယ်။

"ခင်ဗျားတို့ ဘာတွေကြည့်နေကြတာလဲ"

ကျွန်တော်မေးတာကို သူကြားပုံမပေါ်ဘူး။ သူက အတန်ကြာ ငိုင်နေပြီး မြန်မြန်နဲ့ ကြက်သီးထသွားဟန်နဲ့ ဟိုဘက်ကို ပြန်လှည့်သွားတယ်။ ပြီးတော့ ကျွန်တော့်ကိုလည်း မြင်ပုံမရဘူး။

ကျွန်တော် ရုတ်တရက် အံ့ဩသွားမိတယ်။ လူတွေ ဘယ်လိုဖြစ်ကုန်ကြပါလိမ့်။ ကျွန်တော့်ကို အရေးမလုပ်တော့ဘူးလား။ အို သူတို့ကြည့်ရတာ ကျွန်တော့်ကိုလည်း မြင်ပုံမရပါဘူး။ ကျွန်တော့်အသံကိုလည်း ကြားပုံမရပါဘူး။

ကျွန်တော် တွေးမရအောင်ဖြစ်နေမိတယ်။ ကျွန်တော်လည်း ရှေ့လူတွေကို မေးမရတာနဲ့ အဲဒီလူတွေကြားထဲ တိုးဝင်သွားမိတယ်။ ကျွန်တော်ဟာ လူတွေကြားထဲကနေ ရှေ့ကို လျှောလျှောလျူလျူ ရောက်ရှိသွားတယ်။

လူတွေ ကျွန်တော့်ကို ဘေးမတယ်ပေးပေးမယ့် သူတို့ကြားထဲကနေ ရှေ့ကိုရောက်သွားပုံက အံ့ဩစရာပါပဲ။ ကျွန်တော် လူတွေရှေ့ကို ရောက်သွားတာနဲ့ သူတို့စိတ်ဝင်တစားကြည့်နေတဲ့ မြင်ကွင်းကို ကြည့်လိုက်မိတယ်"

"ဘုရားရေ ..."





ကျွန်တော် တော်တော်ပဲ ထိတ်လန့်တုန်လှုပ်သွားတယ်။ လဲလျောင်းနေတဲ့သူဟာ ကျွန်တော်ကိုယ်တိုင် ဖြစ်နေပါရောလား။

ကျွန်တော် မယုံကြည်နိုင်အောင် ဖြစ်သွားတယ်။ ကျွန်တော် ဒီမှာရှိနေတယ်လေ။ ဒါပေမဲ့ ဟိုမှာလည်း ကျွန်တော်တစ်ယောက်ပါလား။ ဘယ်လိုတွေများ ဖြစ်ကုန်ကြပါလိမ့်။ တစ်ချိန်တည်းမှာ ကျွန်တော်က နှစ်ယောက်ဖြစ်နေတယ်။

ဟိုမှာလဲကျနေတဲ့သူဟာ ကျွန်တော်နဲ့ ရုပ်ချွတ်ကိုတူနေတယ်။ အဝတ်အစားတွေကလည်း ကျွန်တော်ဝတ်ထားတဲ့အတိုင်းပဲ။ တစ်ခု ထူးခြားတာက သူက အိပ်ပျော်နေတာလား။ ဒါမှမဟုတ် မေ့မျောနေတာလား မသိဘူး။

ကျွန်တော့်လို လှုပ်ရှားမနေပဲ ကျွန်တော်ကတော့ လှုပ်ရှားသွားလာလို့ရနေတယ်။

ဒါပေမဲ့ အဲဒီလူက ကျွန်တော်ပဲဆိုတာ ကျွန်တော့်ကိုကျွန်တော် သိနေတယ်။ သူဟာ ဒဏ်ရာရပြီး လဲကျနေတာပဲ။ ဒါကို လူတွေက အုံပြီး ကြည့်ရှုနေကြတယ်။

"သေသွားပြီ ထင်တယ်"

"သနားပါတယ်။ ရုပ်ကလေးက ချောချောကလေးရယ်"

"ဆိုင်ကယ်ကို အရမ်းစီးတာကိုး"

"မဟုတ်ဘူး ... ကားက မှားတာ။ အရမ်းမောင်းလာတဲ့ ကားက ဘရိတ်ပေါက်ပြီး နောက်ကနေဝင်တိုက်လိုက်တာတဲ့"

"သူ့အိမ်ကတော့ မသိသေးဘူးထင်တယ်"

တစ်ယောက်တစ်ပေါက် ပြောသံတွေကို ကျွန်တော်ကြားနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ . . . ကျွန်တော့်ဆိုင်ကယ်ကို နောက်ကနေ ကားက ဝင်တိုက်သွားတယ်ဆိုပါလား။ ကျွန်တော်တောင် မသိလိုက်ပါလား။ ဒါကြောင့်ထင်ပါရဲ့ ဟိုမှာကျွန်တော်က ဒဏ်ရာတွေနဲ့ လမ်းပေါ်မှာ လဲကျနေတာ။

ဒါပေမဲ့ ဒီမှာကလည်း ကျွန်တော်ရှိနေတယ်။ ဒီမှာကတော့ ကျွန်တော် ဘာဒဏ်ရာမှမရဘူး။ ဘယ်လိုဖြစ်တာပါလိမ့်။ ကျွန်တော် နှစ်ကိုယ်ခွဲဖြစ်သွားတာများလား။ လူတစ်ယောက်ဟာ နှစ်ကိုယ်ခွဲနိုင်တယ်လို့ ကျွန်တော်တစ်ခါမှ မကြားဖူးဘူး။

ပလက်ဖောင်းပေါ်မှာ မလှုပ်မယှက်လဲကျနေတဲ့ ကျွန်တော့်ကိုယ်ကျွန်တော်ကြည့်ပြီး ဟိုတစ်ကိုယ်ကတော့ သေပြီထင်ပါရဲ့လို့ တွေးလိုက်မိတယ်။

ဟိုတစ်ကိုယ်သေပြီဖြစ်ပေမယ့် ဒီမှာကျန်ခဲ့တဲ့ တစ်ကိုယ်ကတော့ မသေသေးဘူး။ အို . . . ဘာတွေဖြစ်ကုန်ပြီလဲ။

ကျွန်တော် အားလုံးကို မြင်တွေ့နေရတယ်။ ဒါပေမဲ့ လူတွေကတော့ ကျွန်တော့်ကို မမြင်မတွေ့ကြဘူး။ ဟိုလမ်းပေါ်မှာလဲကျနေတဲ့ တစ်ကိုယ်ကိုပဲ မြင်တွေ့နေကြတယ်။

ဒါဟာ အင်မတန်ထူးဆန်းနေတယ်။ မသေတဲ့တစ်ကိုယ်ကို မမြင်ကြပဲ သေနေတဲ့တစ်ကိုယ်ကိုပဲ သူတို့မြင်နေကြတယ်။

နောက်တော့ လဲကျနေတဲ့ ကျွန်တော့်တစ်ကိုယ်ကို မ,ယူပြီး ကားတစ်စီးပေါ် တင်လိုက်ကြတယ်။ အဲဒါနဲ့ ကျွန်တော်လည်း အဲဒီကားပေါ် တက်ထိုင်လိုက်တယ်။ ကျွန်တော့်ကိုယ်ဟာ အခါတိုင်းနဲ့ မတူပဲ ပေါ့ပါးနေလို့ ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြနေမိတယ်။

ကားပေါ်မှာ ဒဏ်ရာရမေ့မျောနေတဲ့ ကျွန်တော့်ကို လူတစ်





ယောက်က ပွေ့ထားတယ်။ နောက်တော့ ကားက ဆေးရုံတစ်ရုံကို မောင်းသွားတယ်။ ဆေးရုံကိုရောက်တော့ ကျွန်တော့်ကို အရေးပေါ်အခန်းထဲခေါ်သွားပြီး ချက်ချင်းပဲ လိုအပ်တာတွေကို လုပ်ဆောင်ကြတယ်"

ဆရာဝန်တွေ၊ နာ့စ်တွေ၊ ဆေးရုံဝန်ထမ်းအားလုံး ရှုပ်ယှက်ခတ်နေကြတယ်။ ကျွန်တော်က ဒီမှာရှိနေတယ်။ ဘာမှမဖြစ်ဘူး။ အေးအေးဆေးဆေးပဲ။ ဒါပေမဲ့ သူတို့ကတော့ ဟိုမှာ ကျွန်တော့်အတွက် မျာမျာနေကြတယ်။

သူတို့ကျွန်တော့်ကို ခွဲစိတ်ခန်းတစ်ခုထဲကို သယ်ယူသွားကြတယ်။ ဒါနဲ့ ကျွန်တော်လည်း နောက်ကလိုက်သွားမိတယ်။ ခွဲခန်းထဲရောက်တော့ အခန်းအလယ်က ခုတင်ကြီးပေါ် ကျွန်တော့်ကိုတင်လိုက်ကြတယ်။ မျက်နှာကြက်က မီးမောင်းကြီးတွေကလည်း လင်းထိန်နေတာပဲ။

ဆရာဝန်၊ ဆရာမတွေအားလုံး အရေးတကြီး လှုပ်ရှားနေကြတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ ဒီမှာ အေးအေးဆေးဆေးပဲ။ ကျွန်တော်ဒီမှာ အေးအေးဆေးဆေး ဖြစ်နေပုံကိုသာတွေ့ရင် သူတို့ ဒီလို အရေးတကြီးလုပ်ကြမယ် မထင်ဘူး။

ဒါနဲ့ ကျွန်တော်က ကျွန်တော့်ရှေ့နားက ဆရာဝန်တစ်ယောက်ရဲ့ ပခုံးကို ခပ်ဆတ်ဆတ်ကလေး လှမ်းပုတ်လိုက်တယ်။ ကျွန်တော့်လက်နဲ့ပုတ်လိုက်တာကို သိသွားတယ်ထင်တယ်။ နောက်ကို ဖျတ်ခနဲလှည့်ကြည့်တယ်။ သူ လှည့်ကြည့်ကြည့်ချင်း ကျွန်တော်က . . .

"ဒီမှာဒေါက်တာ . . . ဒေါက်တာတို့ ဖြည်းဖြည်းဆေးဆေး လုပ်ကြပါ။ ကျွန်တော် မသေပါဘူး။ ဒီမှာ ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်မိတယ်။ ဒါပေမဲ့ အဲဒီဆရာဝန်က ကျွန်တော့်ကိုလည်း မမြင်၊ ကျွန်တော်ပြောတာကိုလည်း မကြားဘူးထင်ပါရဲ့။ ဟိုဘက်ကို ပြန်လှည့်သွားတယ်။ ကျွန်တော်လည်း စိတ်ပျက်သွားတယ်။ သူတို့ဟာ ကျွန်တော့်ရဲ့ ကိုယ်တစ်ကိုယ်ကိုပဲ အရေးစိုက်နေကြတယ်။

မကြာခင်မှာပဲ သူတို့ဟာ ကျွန်တော့်ကို အပြင်းအထန် ခွဲစိတ်ကုသကြပါတော့တယ်။ ကျွန်တော် သူတို့အသည်းအသန် ခွဲစိပ်နေတာကိုကြည့်ပြီး ရယ်ချင်လာတယ်။

ဒါနဲ့ ကျွန်တော်က ကျွန်တော့်ကို အာရုံစိုက်ပြီး ခွဲစိတ်နေကြတဲ့ ဆရာဝန်တွေရဲ့နောက်မှာရပ်ပြီး အကူအညီပေးနေတဲ့ နာ့စ်တစ်ယောက်ရဲ့အနားကိုကပ်သွားပြီး သူ့ရဲ့ကျောကို အသာလှမ်းပုတ်လိုက်မိတယ်။ သူက နောက်ကို ဖျတ်ခနဲလှည့်ပြီး ကြည့်လိုက်တယ်။

ဒါပေမဲ့ သူ ကျွန်တော့်ကို မမြင်ပါဘူး။ ချက်ချင်းပဲ ဟိုဘက်ကို ပြန်လှည့်သွားတယ်။ သေချာပါပြီလေ။ ကျွန်တော့်ကို ဘယ်သူမှ မမြင်ကြဘူးဆိုတာ သေချာပါပြီ။

ဒါနဲ့ ခွဲစိတ်ခန်းထဲမှာနေရတာကြာတော့ စိတ်အိုက်လာမိတယ်။ ဟိုခွဲစိတ်ခုတင်ပေါ်မှာ ကျွန်တော့်ကိုခွဲစိတ်နေပေမဲ့ ကျွန်တော်နဲ့ ဘာမှ မဆိုင်သလို ဖြစ်နေတယ်။ သူတို့က ကျွန်တော့်ကိုခွဲစိပ်နေကြပေမယ့် ကျွန်တော့်ကိုယ်က သူတို့နောက်မှာရပ်နေတာကို သူတို့မသိကြဘူး။ ကြာတော့ အဲဒီအခန်းထဲနေရတာ ငြီးငွေ့လာတယ်။

ဒါနဲ့ ကျွန်တော် အခန်းအပြင်ကိုထွက်ဖို့ စိတ်ကူးပေါက်လာတယ်။ သူတို့က ခွဲစိတ်ခန်းတံခါးကို ပိတ်ထားကြတယ်။ ကျွန်တော်ဟာ တံခါးရှေ့ကိုလျှောက်သွားပြီး တံခါးကိုဖွင့်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ ဖွင့်လို့မရဘူး။

စိတ်ကူးသစ်တခေ



ဘုရားရေ . . . ခက်ပြီပါပဲ။ ဒါတော့ ထွက်လို့မရတော့ဘူး။ ကျွန်တော် စိတ်အိုက်လာတယ်။ ကျွန်တော်အပြင်ဘက်ကို ထွက်ချင်တယ်။ ကျွန်တော့်စိတ်ထဲမှာ ခွဲစိတ်ခန်းကနေ ချက်ချင်း ထွက်သွားချင်တဲ့စိတ်တွေ ပြင်းပြင်းထန်ထန်ပေါ်လာတယ်။

အဲဒီအချိန်မှာပဲ ကျွန်တော့်ကိုယ်ဟာ ရပ်နေရာကနေ ရွေ့လျားသွားပြီး ပိတ်ထားတဲ့တံခါးကို ဖောက်ထွင်းဖြတ်သန်းသွားပါတော့တယ်။ ချက်ချင်းပဲ အပြင်ဘက်ကို ရောက်သွားပါတယ်။

ကျွန်တော် အံ့သြနေမိပါတယ်။ ဒါနဲ့ လှည့်ကြည့်လိုက်မိတော့ ခွဲစိတ်ခန်းတံခါးဟာ ပိတ်မြဲပိတ်နေတာ တွေ့ရပါတယ်။ တံခါးမဖွင့်ပဲ ကျွန်တော်အပြင်ကိုရောက်လာတယ်။ တစ်စုံတစ်ခုခုတော့ ကျွန်တော့်အနေအထား ပြောင်းလဲနေပြီလို့ သိလိုက်မိတယ်။

ပြင်ဘက်ရောက်တော့ . . .

''ဟာ . . .''

ကျွန်တော် အရမ်းဝမ်းသာသွားတယ်။ ခုံတန်းတစ်ခုပေါ်မှာ ထိုင်နေတဲ့ ကျွန်တော့်အဖေ၊ အမေနဲ့ ညီမလေးတို့ကို တွေ့လိုက်ရလို့ပါပဲ။

အမေနဲ့ညီမလေးကတော့ ငိုထားကြပုံပေါ်တယ်။ မျက်လုံးတွေ နီရဲနေတယ်။ အဖေကတော့ တော်တော်မျက်နှာပျက်နေတယ်။ သူတို့အားလုံးရဲ့မျက်နှာပေါ်မှာ ကျွန်တော့်အတွက် စိုးရိမ်ပူပန်သောကတွေ ရောက်နေတာကို တွေ့ရတယ်။

ကျွန်တော် သူတို့ဆီမှာသွားပြီး ရပ်နေလိုက်မိတယ်။ သူတို့အားလုံး ငိုင်နေကြတယ်။ ကျွန်တော်က ရုတ်တရက် အမေ့ကို လှမ်းဆော်လိုက်တယ်။

စိတ်ကူးသစ်တခေ

www.burmeseclassic.com

www.burmeseclassic.com



"အမေ . . . အမေ . . . အမေတို့အားလုံး ကျွန်တော့်အတွက် စိုးရိမ်သောကတွေ ရောက်မနေကြပါနဲ့။ ကျွန်တော် မသေပါဘူး။ ကျွန်တော် အမေတို့အနားမှာ ရှိနေပါတယ်"

လို့ ထပ်ခါတလဲလဲ ပြောနေမိတယ်။

ကျွန်တော် လှမ်းဖက်လိုက်တဲ့အချိန်မှာ အမေ တစ်ချက်တွန့်သွားတယ်။ ကျွန်တော့်နှုတ်က တတွတ်တွတ်ပြောနေတဲ့အချိန်မှာပဲ စောစောက ညှိုးရော်နေတဲ့ အမေ့မျက်နှာဟာ လန်းဆွင်လာတာတွေ့လိုက်ရတယ်။

အမေက ဟိုဟိုဒီဒီ လိုက်ကြည့်တယ်။ ကျွန်တော်က အမေ့ကိုဖက်ထားရာကနေပြီး အမေ့ဘေးမှာထိုင်နေတဲ့ ညီမလေးရဲ့ပခုံးကို လှမ်းဖက်လိုက်တယ်။ ညီမလေး တွန့်ခနဲဖြစ်သွားတယ်။ ကျွန်တော်က . . .

"ညီမလေးရေ . . . ကိုကြီးအတွက် စိတ်မကောင်းဖြစ်မနေပါနဲ့။ ကိုကြီးမသေပါဘူး။ ညီမလေးအနားမှာ ရှိနေပါတယ်။ ညီမလေး ကိုကြီးကို မတွေ့လို့ပါ"

ကျွန်တော်က အဲဒီလို တတွတ်တွတ်ပြောနေလိုက်တာ ငေးနေတဲ့ ညီမလေးရဲ့မျက်နှာဟာ ပန်းကလေးလို လန်းလာတယ်။

အဖေ့ကိုကြည့်တော့ အဖေ့မျက်နှာကလည်း စောစောကလို မှိုင်းမနေတော့ပဲ ကြည်လင်နေတာကို တွေ့လိုက်ရတယ်။

နောက်တော့ ကျွန်တော် သူတို့အားကထပြီး ထွက်လာခဲ့တယ်။ သူတို့ ကျွန်တော်သွားတဲ့ဘက်ကို လိုက်ကြည့်ကြတယ်။ ဒါပေမဲ့ သူတို့ ကျွန်တော့်ကို မြင်ပုံမရဘူး။ ဒါနဲ့ ကျွန်တော်လည်း သူတို့အနားက ပြတ်ထွက်လာခဲ့ပြီး ဆေးရုံအပြင်ဘက်ကို ထွက်လာခဲ့တယ်။

အပြင်ရောက်တော့ ကားတွေ၊ လူတွေ မမြင်ရပဲ အဆောင်





တိတ်ဆိတ်နေတာကို တွေ့ရတယ်။ ကြည်လင်အေးမြတဲ့ အလင်းရောင်ဟာ အပြင်ဘက်မှာထွန်းလင်းနေတယ်။ အဲဒီအလင်းရောင်ဟာ နေရောင်လရောင်နဲ့လည်း မတူဘူး။ လျှပ်စစ်မီးရောင်နဲ့လည်း မတူဘူး။ ထူးခြားတဲ့အလင်းရောင်လို့ မြင်မိတယ်။

ဒါနဲ့ ကျွန်တော်လည်း အဲဒီအလင်းရောင်ထဲကို တိုးဝင်လာခဲ့တယ်။ ကျွန်တော့်တစ်ကိုယ်လုံး ကြည်နူးချမ်းမြေ့နေတယ်။ ဘယ်တုန်းကမှ မခံစားဖူးတဲ့ ခံစားမှုမျိုးကို ခံစားလိုက်ရတယ်။ အဲဒီအချိန်မှာပဲ အလင်းရောင်ထဲကို ကျွန်တော့်လိုပဲ တိုးဝင်လာနေတဲ့ သူတစ်ယောက်ကို မြင်လိုက်ရတယ်။ ကျွန်တော်က သူ့ကိုမြင်သလို သူကလည်း ကျွန်တော့်ကို မြင်တယ်။ သူက 'မိန်းမပျိုကလေးတစ်ယောက်ပါပဲ'။ ကျွန်တော့်ထက် နည်းနည်းတော့ အသက်ငယ်ပုံရတယ်။

ကျွန်တော် အံ့သြသွားတယ်။ ဟိုမှာ လူတွေအားလုံးက ဘယ်သူမှ ကျွန်တော့်ကို မမြင်ကြဘူး။ ဟော . . . ဒီမိန်းကလေးကတော့ ကျွန်တော့်ကို မြင်နေတယ်။ ဒါဆိုရင် သူလည်း ကျွန်တော့်လို နှစ်ကိုယ်ခွဲထွက်လာတဲ့သူလားလို့ တွေးလိုက်မိတယ်။

သူက ကျွန်တော့်နားရောက်လာတော့ ကျွန်တော်က ပြုံးပြလိုက်မိတယ်။ သူကလည်း ပြန်ပြီး ပြုံးပြတယ်။

"ကျွန်တော့်နာမည် ဝင်းနိုင်ပါ"

ကျွန်တော်ကပြောလိုက်တော့ သူက . . .

"ကျွန်မနာမည် နေခြည်ပါ"

လို့ ပြန်ပြောတယ်။

"ကျွန်တော်ပြောမယ်နော်၊ နေခြည်လည်း ကျွန်တော့်လိုဖြစ်နေတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မေးတာကို သူက ချက်ချင်းပဲ ပြန်ဖြေတယ်။

''ဟုတ်တယ် . . . အစ်ကိုနဲ့နေခြည်က ဘဝတူတွေပဲ''

သူနားလည်နေတယ်။ ကျွန်တော် အံ့ဩဝမ်းသာသွားတယ်။

''အစ်ကိုက ဘယ်လိုဖြစ်လာတာလဲ''

ကျွန်တော်က ကျွန်တော်ဆိုင်ကယ်စီးလာတုန်း နောက်ကနေပြီး ဘရိတ်ပေါက်လာတဲ့ကားက ဝင်တိုက်မိသွားတဲ့အကြောင်းကစပြီး ပြောပြလိုက်တယ်။ ကျွန်တော့်စကားဆုံးတော့ နေခြည်က . . .

''ကျွန်မလည်း ပထမတော့ နားမလည်ဘူး။ ကျွန်မနေမကောင်းဖြစ်၊ အဖျားကြီးပြီး သတိလစ်သွားတယ်လို့ ထင်တယ်။ အဲဒီနောက်တော့ ကျွန်မခန္ဓာကိုယ်ဟာ နှစ်ခုဖြစ်သွားတယ်။ တစ်ကိုယ်က ဘေးခုံပေါ်မှာ ကျန်ခဲ့တယ်''

လို့ ပြောတယ်။

နောက်တော့ ကျွန်တော်နဲ့နေခြည် စကားတွေ အပြန်အလှန်ပြောမိကြတယ်။

''ကျွန်တော်အံ့ဩမိတယ် နေခြည်။ ကျွန်တော်တို့မှာ ခန္ဓာကိုယ်နှစ်ခုရှိနေတာကို အရင်က ကျွန်တော်မသိခဲ့ဘူး''

''ဟုတ်တယ် အစ်ကို၊ ကျွန်မလည်း အစ်ကို့လိုပါပဲ''

နောက်တော့ သူက သူနေတဲ့နေရာကို ပြောတယ်။ ကျွန်တော်ကလည်း ကျွန်တော့်လိပ်စာကို သူ့ကို ပြောလိုက်မိတယ်။

ဒီလိုနဲ့ သူနဲ့ကျွန်တော် စကားတွေပြောရင်း လာလိုက်ကြတာ မြုန်းခနဲဆို ရှေ့မှာ အုတ်ဂူတွေ၊ မှတ်တိုင်တွေကို တွေ့လိုက်ရတယ်။ ဟာ . . . ဒါဟာ သင်္ချိုင်းမြေတစ်ခုပဲ။

သူရော၊ ကျွန်တော်ရော ရုတ်တရက် အံ့ဩထိတ်လန့်သွား





တယ်။

''အင်း . . . လူတွေဟာ သေပြီးရင် ဒီနေရာကို ရောက်ကြတာပဲ။ ဟိုဘေးခုံပေါ်မှာ ကျန်ရစ်ခဲ့တဲ့ ကျွန်တော်နဲ့ နေခြည်ရဲ့တိုယ်ခွဲတွေဟာ သေများသေသွားကြပြီလား မသိဘူးနော်။ သူတို့ သေသွားကြလို့ ကျွန်တော်တို့ဒီနေရာကို ရောက်လာကြတာလား''

''မသိပါဘူး အစ်ကိုရယ်''

အဲဒီအချိန်မှာပဲ ကျွန်တော်တို့ရှေ့က သင်္ချိုင်းမြင်ကွင်းဟာ ရုတ်တရက် ပျောက်ကွယ်သွားတယ်။ ကြည့်လိုက်တော့ ကျွန်တော်ဟာ ဆေးရုံရှေ့ကိုရောက်တာ တွေ့လိုက်ရတယ်။ ကျွန်တော့်ဘေးမှာ နေခြည်ဆိုတဲ့ မိန်းကလေးကိုလည်း မတွေ့ရတော့ဘူး။

ဒါနဲ့ ကျွန်တော်လည်း ဆေးရုံထဲကို ဝင်လိုက်မိတယ်။ ကျွန်တော့်ခန္ဓာကိုယ်ဟာ ခွဲစိတ်ခန်းအပြင်ဘက်ကို ရောက်နေပါပြီ။

နောက်တော့ ဘယ်လိုဖြစ်သွားတယ် မပြောတတ်ဘူး။ ကျွန်တော်ဟာ ပြန်ပြီးသတိရလာတယ်။ ကြည့်လိုက်တော့ ကျွန်တော့်ခန္ဓာကိုယ်ဟာ ဆေးရုံခုတင်ပေါ်မှာရောက်နေပြီး ကျွန်တော်ဟာ နှစ်ကိုယ်မဟုတ်တော့ပဲ တစ်ကိုယ်တည်းဖြစ်နေတာကို တွေ့လိုက်ရတယ်။

မကြာခင်မှာ ကျွန်တော် ဆေးရုံကဆင်းပြီး အိမ်ကိုပြန်လာခဲ့ရတယ်။ အိမ်မှာ တစ်လလောက်နေလိုက်တော့ ကျွန်တော် ထူထူထောင်ထောင်ဖြစ်လာတယ်။ အဲဒီလိုနေရင်းနဲ့ ကျွန်တော် နေခြည်ကို သတိရလာတယ်။ နေခြည် . . . ဟုတ်တယ်။

သူနဲ့ကျွန်တော်ဟာ တမလွန်နယ်စပ်တစ်နေရာမှာ တွေ့ခဲ့ကြတာပဲ။ ခန္ဓာကိုယ်ထဲကနေပြီး ထွက်ခွာလွင့်မျောသွားခဲ့တဲ့ ကျွန်တော့်လိပ်ပြာနဲ့ သူ့လိပ်ပြာဟာ လိပ်ပြာတို့တစ်နေရာမှာ တွေ့ဆုံကြတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ့ရဲ့ရုပ်ပုံလွှာကို ကျွန်တော် ကောင်းကောင်းမှတ်မိနေတယ်။ အဲဒီလိုပဲ သူလည်း ကျွန်တော့်ရဲ့ရုပ်ပုံလွှာကို ကောင်းကောင်းမှတ်မိနေမှာပဲလို့ ထင်တယ်။

ဒါနဲ့ သူပေးခဲ့တဲ့လိပ်စာအတိုင်း ကျွန်တော်လိုက်သွားခဲ့တယ်။ သူ့ကိုတွေ့လိုက်ရတော့ ကျွန်တော်ပျော်သွားတယ်။ သူလည်း ပျော်သွားတယ်။ ကျွန်တော်က သူ့ကိုမှတ်မိနေသလို သူကလည်း ကျွန်တော့်ကို မှတ်မိနေတယ်။

သူ့အိမ်ကတော့ ကျွန်တော့်ကို သူတက္ကသိုလ်ကျောင်းတက်တုန်းကသိခဲ့ကြတဲ့ သူငယ်ချင်းတွေလို့ပဲ ထင်နေတယ်။ နောက်တော့မှ ကျွန်တော်တို့နှစ်ယောက် တွေ့ဆုံခဲ့ကြတဲ့အကြောင်းကို ပြောပြလိုက်တော့ အားလုံး အံ့ဩနေကြတယ်။

အဲဒီတော့ ပြောရရင် သူနဲ့ကျွန်တော်နဲ့တွေ့ဆုံပြီး ပူးတွဲဆုံခဲ့ကြတဲ့ချစ်သူမျိုး ဒီကမ္ဘာမှာမရှိဘူးလို့ ထင်ပါတယ်"

ဟုပြောကာ စကားကို အဆုံးသတ်လိုက်လေသည်။

■ ■ ■

အခန်း (၃)

❑

"လိပ်ပြာဖူးစာပေါ့ကွယ်"

ဟု ကျွန်ုပ်က ပြောလိုက်မိလေသည်။ ထိုအခါ မောင်ဝင်းနိုင်က ...

"အဲဒါ ဆရာကူညီပေးပါ ဆရာရယ်"

ဟု ဆိုလေ၏။ ထိုအခါ ကျွန်ုပ်က ...

"ဒါနဲ့ စကားစပ်လို့ ပြောရဦးမယ်။ ဟိုတလောကတောင် ကျော်ဆို အမျိုးသမီးနှစ်ယောက်ရောက်လာပြီး အကူအညီတောင်းသွားကြတယ်"

"ဟုတ်ကဲ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အမျိုးသမီးတစ်ယောက်ကတော့ အဖော်လိုက်လာတာပါ။ တစ်ယောက်က အကူအညီလာတောင်းတာ။ အဲဒီအမျိုးသမီးရဲ့ ခင်ပွန်းဖြစ်သူ အိမ်ပြန်မလာတာကြာပြီ။ သူက အိမ်ပြန်လာစေချင်တယ်။ အဲဒါ အိမ်ပြန်လာအောင် အကူအညီလာတောင်းတာ။ အဲဒါနဲ့ကျုပ်လည်း အကူအညီပေးလိုက်ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"နောက် သိပ်မကြာဘူး၊ အဲဒီအမျိုးသမီး ကျုပ်ဆီရောက်လာပြီး သူ့ခင်ပွန်းသည် အိမ်ပြန်ရောက်လာပြီဖြစ်ကြောင်းနဲ့ အိမ်ပြန်ကပ်နေပြီဖြစ်ကြောင်း ပြောတယ်။ ပြီးတော့ ကျုပ်ကို ကျေးဇူးတင်ပါတယ်ဆိုပြီး ကန်တော့တော့တာပဲ"

"အဲဒါဆိုရင် ဆရာ့ရဲ့ စီစဉ်ဆောင်ရွက်ပေးမှုက သိပ်ပြီး အစွမ်းထက်နေတာပေါ့ ဆရာ"

ဦးအောင်မြင့်က ဝင်ရောက်ပြောဆိုရာ ကျွန်ုပ်က ...

"ဒါက ကျုပ်ရဲ့နည်း မဟုတ်ပါဘူး။ ရှေးက ဆရာ့ဆရာကြီးများ မိန့်ကြားခဲ့တဲ့နည်းကို ကျုပ်တို့က ဆက်လက်မှတ်သားနာယူ သိုမှီးလာခဲ့ရတာပါ။ အဲဒီလို မှတ်သားနာယူသိုမှီးထားပြီး အခက်အခဲကြုံတွေ့နေကြရတဲ့ ခုနစ်ရက်သားသမီးတွေ စိတ်ချမ်းသာမှုရအောင် ကူညီဆောင်ရွက်ပေးနေရတာပါ။ ဖိရမိဖြည့်တဲ့ သဘောပေါ့လေ။

(သူများကိုဖြည့် ကိုယ့်မှာပြည့်) တဲ့။ သူများကိုဖြည့်ပေးရင် ကိုယ့်မှာလည်း ပြည့်လာတတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ကဲ ... မောင်ဝင်းနိုင်ရဲ့ဇနီးက စနေသမီးဆိုတော့ ဒီလို လုပ်ပါကွယ်။





ဗုဒ္ဓဟူးနေ့ နေဝင်ချိန်မှာ နေအိမ်ရဲ့လှေကားရင်း၊ ဒါမှမဟုတ် နေအိမ်ရဲ့တံခါးဝမှာ ရှောက်ကိုင်းကလေးတစ်ခုကို စိုက်ထောင်ထားပြီး ....

(စနေသမီးနေခြည် ပြန်လာပါစေ။ အမြန်ဆုံးပြန်လာပါစေ။ ကျန်းမာချမ်းသာပါစေ။ ဘေးရန်အပေါင်း ကင်းဝေးပါစေ။)

လို့ ညနေနေဝင်ချိန်မှာ (၁၅)မိနစ်၊ နာရီဝက်ခန့် လေးလေးနက်နက် မေတ္တာပို့ပေးရမယ်။ မေတ္တာပို့စဉ်မှာ သူ့မျက်နှာကို အာရုံထဲမြင်လာအောင်ကြည့်ပြီး ပို့ရတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ထူးခြားတဲ့မေတ္တာဓာတ် အစီအရင်ကြောင့် မကြာခင်မှာ မောင်ဝင်းနိုင်ရဲ့ဇနီးဟာ မောင်ဝင်းနိုင်ရဲ့အိမ်ကို ပြန်လည်ရောက်ရှိပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒီနည်းဟာ ရှေးဆရာကြီးများထားရစ်ခဲ့တဲ့ မေတ္တာဓာတ်သားနဲ့ မေတ္တာဓာတ်ပွား အစီအရင်ပါပဲ။ အင်မတန် အကျိုးရှိစေပါတယ်"

ဟုဆိုလိုက်ရာ ဦးအောင်မြင့်က ...

"ဟုတ်ကဲ့ပါ ... ဆရာ။ ဒါဆိုရင် ကျန်တဲ့နေ့သားသမီးတွေအတွက်ကရော ဘယ်လိုမေတ္တာဓာတ်သား စီရင်ရမှာလဲ"

ဟုမေးလေရာ ကျွန်ုပ်က ...

"အင်း ... ခင်ဗျားက ဆရာစားမကျန်အောင် မေးနေမှတော့ ကျုပ်ကလည်း ဆရာစားမချန်ပဲ ပြောကြရတော့မှာပေါ့။ ပညာဆိုတာ ယူသူရှိရင် မတွန့်တိုရဘူး။ ပေးရတယ်။ ဒါမှ ပညာရပ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မတိမ်ကော မပျောက်ပဲ အမြဲရှင်သန်နေတော့မှာပေါ့။ ကဲ . . . ပြောပြပါ့မယ်။ သေသေချာချာလိုက်ပြီး မှတ်သားထားပါ။

နောက် အဲဒီလို အခက်အခဲကြုံတွေ့နေရတဲ့ လူတွေတွေ့ရင် ကူညီလို့ရတာပေါ့"

"ဟုတ်ကဲ့ . . . မှတ်သားထားပါ့မယ် ဆရာ"

"တနင်္ဂနွေသားသမီး ပြန်လာစေချင်ရင် ကြာသပတေးနေ့ နေဝင်ချိန်မှာ ပျဉ်းမကိုင်း။ ဒါမှမဟုတ် ပေါက်ကိုင်းတစ်ခုခုကို နေအိမ်ရဲ့လှေကားရင်း၊ ဒါမှမဟုတ် တံခါးဝမှာ စိုက်ထောင်ထားပြီး . . .

တနင်္ဂနွေသားသမီး (မောင်/မ) ဘယ်သူဘယ်ဝါ ပြန်လာပါစေ။ အမြန်ဆုံး ပြန်လာပါစေ။ ကျန်းမာချမ်းသာပါစေ၊ ဘေးရန်အပေါင်း ကင်းဝေးပါစေဆိုပြီး လေးလေးနက်နက် မေတ္တာပို့ရမယ်။ စောစောက ပြောတဲ့ အတိုင်းပါပဲ။

တနင်္လာသားသမီးဆိုရင် ဗုဒ္ဓဟူးနေ့ နေဝင်ချိန်မှာ ဝါးကိုင်း ဝါးသားကို အဲဒီအတိုင်း စိုက်ထောင်ပြီး မေတ္တာပို့ရမယ်။

အင်္ဂါသားသမီးဆိုရရင် သောကြာနေ့ နေဝင်ချိန်မှာ သီဟိုဠ်ကိုင်းကို စိုက်ထောင်ပြီး မေတ္တာပို့ရမယ်။ စောစောက ပြောခဲ့တဲ့အတိုင်း မေတ္တာပို့ပေါ့။

ဗုဒ္ဓဟူးသားသမီးဆိုရင်တော့ တနင်္လာနေ့ နေဝင်ချိန်မှာ ကံ့ကော်ကိုင်း။ သို့မဟုတ် ကုက္ကိုကိုင်းတစ်ခုခုကို စိုက်ထောင်ပြီး မေတ္တာပို့ပေါ့။

ကြာသပတေးသားသမီးဆိုရင်တော့ တနင်္ဂနွေနေ့ နေဝင်ချိန်မှာ အင်ကိုင်း။ သို့မဟုတ် အုန်းကိုင်းတစ်ခုခုကို စိုက်ထောင်ပြီး မေတ္တာပို့ရပါမယ်။





သောကြာသားသမီးဆိုရင်တော့ အင်္ဂါနေ့ နေဝင်ချိန်မှာ ဆီးကိုင်းကိုစိုက်ထောင်ပြီး မေတ္တာပို့ပေါ့။

စနေသားသမီးဆိုရင်တော့ ဗုဒ္ဓဟူးနေ့ နေဝင်ချိန်မှာ ရှောက်ကိုင်းကိုစိုက်ထောင်ပြီး မေတ္တာပို့ရပါမယ်"

ထိုအခါ မောင်ဝင်းနိုင်က . . .

"ကျွန်တော် တစ်ခုမေးပါရစေ ဆရာ။ ရှောက်ကိုင်းကို စိုက်ထောင်ထားရမယ်ဆိုတော့ ဘယ်လိုစိုက်ထောင်ထားရမှာလဲ ဆရာ"

"ရှောက်ပင်က ရှောက်ကိုင်းတစ်ခုကို ဖြတ်ယူပြီး အရွက်တွေကို သင်ပစ်လိုက်။ ပြီးရင် အဲဒီရှောက်ကိုင်းကို အိမ်ရဲ့တံခါးဝ၊ ဒါမှမဟုတ် လှေကားရင်းမှာ စိုက်ထောင်ထားလိုက်ရုံပါပဲ။ မြေကြီးထဲဝင်ရုံ စိုက်ထောင်ထားလိုက်ပေါ့။ အပေါ်ထပ်တိုက်ခန်းတွေဆိုရင်တော့ အိုးတစ်လုံးထဲ မြေကြီးထည့် စိုက်ထောင်ထားလိုက်ပြီး အိုးကို အိမ်တံခါးဝင်းချထားလိုက်ရုံပါပဲ။

ပထဝီမြေဓာတ်ထဲကို အဲဒီအပင်သားဓာတ်တွေ စိမ့်ဝင်သွားတဲ့သဘောပေါ့။ ပထဝီမြေဓာတ်ဆိုတာ နိုင်မာတဲ့သဘောမဟုတ်လား။

အဲဒီလို နိုင်မာတဲ့သဘောကိုရအောင် မေတ္တာဓာတ်သားနဲ့ မေတ္တာဓာတ်ပွားပြီး စိုက်ထောင်လိုက်တာပါပဲ"

"ဟုတ်ကဲ့ပါ ဆရာ"

"ပြီးတော့ တနင်္ဂနွေသားသမီးအတွက် ကြာသပတေးနေ့မှာ အစီအရင်လုပ်ရတာဟာ တနင်္ဂနွေနဲ့ ကြာသပတေးဟာ အောင်ဓာတ်လို့ခေါ်တဲ့ အပြင်မိတ်ဖြစ်နေလို့ပဲ။ ဒါကြောင့် တနင်္ဂနွေသားသမီး ပြန်လာစေဖို့အတွက် ကြာသပတေးနေ့မှာ ကြာသပတေးနံဖြစ်တဲ့ ပျဉ်းမသားကို စိုက်ထောင်ထားရတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့နေ့ သားသမီးတွေအတွက်လည်း အဲဒီ အပြင်မိတ်ဓာတ်သဘောနဲ့ စီရင်ထားတာပါပဲ။ တနင်္လာသားသမီးဆိုရင် တနင်္လာနဲ့ ဗုဒ္ဓဟူး ကုလားဓာတ်ဆိုတဲ့ အပြင်မိတ်ပေါ့။

အင်္ဂါသားသမီးဆိုရင် အင်္ဂါနဲ့သောကြာဟာ ဆွေသားဓာတ်ဆိုတဲ့ အပြင်မိတ်ပေါ့။

ဗုဒ္ဓဟူးသားသမီးဆိုရင် ဗုဒ္ဓဟူးနဲ့တနင်္လာ ကုလားဓာတ်ဆိုတဲ့ အပြင်မိတ်ပေါ့။

ကြာသပတေးသားသမီးဆိုရင် ကြာသပတေးနဲ့ တနင်္ဂနွေဟာ အောင်ပဓာတ်ဆိုတဲ့ အပြင်မိတ်ပေါ့။

သောကြာသားသမီးဆိုရင် သောကြာနဲ့အင်္ဂါ ဆွေသားဓာတ်ဆိုတဲ့ အပြင်မိတ်ပေါ့။

စနေသားသမီးဆိုရင် စနေနဲ့ရာဟု (ဗုဒ္ဓဟူးနေ့ မွန်းတည့် ၁၂ နာရီနောက်ပိုင်းအချိန်) ဟာ ဝေါ်ရင်းဓာတ်ဆိုတဲ့ အပြင်မိတ်ပေါ့။

အဲဒီလို အပြင်မိတ်ဓာတ်တွေအတိုင်း ပေတ္တာနဲ့စီရင်ထားတဲ့အတွက် ဒီအစီအရင် ယတြာဟာ အင်မတန်ထူးခြားထိရောက်တဲ့ အစီအရင်ယတြာလို့ ဆိုနိုင်ပါတယ်''

''ဟုတ်ကဲ့ပါ ဆရာ''

''ဝေးကွာနေတဲ့ အိမ်ထောင်ရှင်တွေသာမကပဲ ဝေးကွာနေတဲ့ ချစ်သူတွေပါ ပြန်ဆုံနိုင်ဖို့အတွက် ဒီအစီအရင်ယတြာကို ပြုလုပ်ဆောင်ရွက်နိုင်ပါတယ်။

ဒါ့အပြင် မိဘသားသမီး၊ မိဘဆွေမျိုးသားချင်းနဲ့ မိမိနဲ့သက်ဆိုင်တဲ့လူတွေအားလုံး မိမိနဲ့အကြောင်းအမျိုးမျိုးကြောင့် ဝေးကွာနေ





ရင် အခု ဆရာပြောခဲ့တဲ့ အစီအရင်ယတြာကို ပြုလုပ်ဆောင်ရွက်ပြီး ပြန်လည်နီးရအောင် ပြုလုပ်နိုင်ကြပါတယ်''

''ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် ဆရာပြောတဲ့အတိုင်း ပြုလုပ်ဆောင်ရွက်ပါ့မယ်။ ကျေးဇူးပါပဲ ဆရာ''

ဟု မောင်ဝင်းနိုင်သည် ကျွန်တော့်အား နှုတ်ဆက်ကန်တော့ကာ ဦးအောင်မြင့်နှင့်အတူ ပြန်သွားလေတော့၏။

နောက်တစ်ပတ်ခန့်အကြာတွင် ကျွန်ုပ်ထံသို့ မောင်ဝင်းနိုင်တို့ဇနီးမောင်နှံ ပြုံးရွှင်စွာရောက်ရှိလာကြပြီး မုန့်ပုံးများ၊ လက်ဆောင်ပစ္စည်းများနှင့် ကန်တော့ကြလေ၏။ ကျွန်ုပ်မှာ ပျော်ရွှင်ချမ်းမြေ့နေကြသော သူတို့ဇနီးမောင်နှံကိုကြည့်ကာ လွန်စွာ ဝမ်းသာပီတိဖြစ်မိရပါလေတော့သတည်း။

သူတို့ဇနီးမောင်နှံကား ထူးထူးခြားခြား လိပ်ပြာဘုံမှာ လိပ်ပြာချင်းချင်း ပူးစာဆုံခဲ့ကြရသော လိပ်ပြာချစ်သူများပေတကား။

မြသန်းထက်